www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀ ၂၄၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၈ ၂၀၁၀၈
ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂၂
ရွှန်း(၁)လမ်း မင်္ဂလာတောင် ညွန့်မြို့နယ်၊
ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
အတွင်းပုံနှိပ်သူ ဇော်ပုံနှိပ်တိုက်
(၃၈၆) အင်းကြွင်းမြိုင်လမ်း
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊
မတ်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ် (၂၂၃) စီ-မှ ၃၁လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
☎ - 095163764

## (တစ်)

သည်နေ့ဖြင့် ဒွေးမြင့်လတ်တစ်ယောက် စက်ရုံဆော့ဆီသို့ သွားကြည့်သည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး တစ်နေ့ရာသို့သွားကြည့် လိုက်လျှင် ဒွေးမြင့်လတ်အတွက် လုပ်စရာတွေ၊ ပြောဆိုမှာကြားစရာ တွေက ပေါ်လာ၍ အချိန်တွေက ကြာသွားတတ်သည်မျှသာ။ ယခုလည်း မနက်ကတည်းက ကုမ္ပဏီတစ်ချက်ဝင်ပြီး စက်ရုံများသို့ သွားရောက်ကြည့်လိုက်သည်မှာ ယခုပင် ဒွေးမြင့်လတ်သည် ပြန်ခဲ့ရ ပါတော့၏။ ဒွေးမြင့်လတ်စက်ရုံမှပြန်လာချိန်တွင် ညနေစောင်းနေရီခဲ့ တော့မည်ဖြစ်၏။

ဟူး.. အိမ်ပဲပြန်ရတော့မယ်၊ ခုလေး ကဲဆိုရင် ကိုအေး လည်း ကုမ္ပဏီမှာရှိတော့မှာမဟုတ်ဘူး၊ အိမ်ရောက်မှပဲ မနက်က အစည်းအဝေးအကြောင်း သူ့ကိုပြမေးရဲတော့မှာပဲ. . .။

စိတ်ကူးနှင့် ဒွေးမြင့်လတ်သည် ကားကိုမောင်းနှင်ခဲ့သည်။ သူမောင်းလာသည့်ကားလေးသည် သုဝဏ္ဏကိုလွန်ကာ လမ်းကြီး အတိုင်း ဆက်၍မောင်းနှင်လာဆဲကပင် ဒွေးမြင့်လတ်သည် တစ်ချက်

www.burmeseclassic.com

မျှမျက်လုံးပြူးသွားဖြစ်ရင်းက. . .

"ဟာ ဟာ. .ဘယ်လို ကျွိ. .ကျွိ. . ."

ရုတ်တရက်ကြီး လမ်းဘေးတွင်လျှောက်နေသည့် သဏ္ဍာန်တစ်ခုသည် လမ်းမပေါ်သို့ယိုင်နဲ့ကာ ထိုးထွက်လာလေ၍ အူသည် ကားကို ရုတ်ချည်းအလန့်တကြား ရပ်ပစ်လိုက်ရပါတော့၏။ သို့သော် သွဲ့သွဲ့ပြောင်းပြောင်းသဏ္ဍာန်လေးသည်က သူ့ကားရှေ့နားတွင် လဲကျသွားလိုက်ရပြီဖြစ်သတည်း။

"ဟာ ဒုက္ခပဲ. . ."

သူ ဒုက္ခကိုခေါ်ရင်း ကားပေါ်မှပြေးဆင်းပြီး လဲကျနေသည့် သူကို ငုံ့ကြည့်သည်။ ပြီးတော့ မရဲတရဲဖေးမကာ ခေါ်ကြည့်လိုက်သည်။

"ဟေ့ ဟေ့ ချာတိတ်. .ချာတိတ်၊ ဟေ့ ဟေ့. .မင်းကို ကိုယ့်ကားနဲ့တိုက်တာမဟုတ်ဘူးနော်၊ မင်းဟာမင်း လဲကျတာ၊ ကိုယ့်ကားနဲ့မင်းနဲ့က နှစ်ကိုက်လောက်တောင် ကွာနေသေးတာ၊ ဟေ့ ဟေ့ ချာတိတ်. .ချာတိတ်. . ."

ဖျော့တော့ကာ နုနယ်လွန်းသည့် ချာတိတ်မျက်နှာလေးကို မေးမှကိုင်ကာ သူလှုပ်ရမ်းခေါ်သည်။ ချာတိတ်လေးက လှုပ်ရမလှုပ်၊ သူလည်း ဟိုဒီကြည့်ပြီး လူတွေအထင်လွဲမည်ကို စိုးရိမ်ကြောက်ရွံ့လာလေ၍ မထူးတော့ပြီမို့ သူသည် ချာတိတ်လေးကိုပွေ့ချီကာ ကားပေါ်တင်ခေါ်ခဲ့လိုက်ရပါတော့သတည်း။

"ဟင်း ဒုက္ခပါပဲကွာ၊ အလုပ်ကများရတဲ့ကြားထဲ ငါ့ကားရှေ့မှ မင်းကလာကျလဲရတယ်လို့ကွာ၊ တော်သေးတာပေါ့၊ လူတွေမအုံလာလို့၊ ဟူး ငါတော့ အမှုထုပ်ကိုကောက်ခဲ့မိပြီ၊ ဘယ်တာတ်





နိုင်တော့မလဲ. . ."

ဆံပင်လေးတွေက မျက်နှာထက်ကျနေ၍ မျက်နှာကို ကောင်းကောင်းမတွေ့ရ၊ စောစောကလည်း ထူပူ၍ သူကောင်းကောင်းမကြည့်ဖြစ်၊ မျက်နှာနှင့် နှုတ်ခမ်းလေးတွေ ဖြူလျော်နေသည်ကိုတော့ သူ သတိထားမိသည်။ ကားမောင်းရင်း နောက်ကြည့်မှန်မှ မကြာခဏ လှမ်းကြည့်ရင်း ငွေမြင့်လတ်တစ်ယောက် စိတ်ပျက်ကာ မရိုးမရွဖြစ်နေရဆဲအချိန်များ၌ သာကေတဘက်ရှိ အိမ်လေးတစ်ဆောင်ထဲတွင် ကား. . .

"ကိုသောင်းရေ. .ကောက်ရတစ်ယောက်လည်း ခုထိပြန်မရောက်သေးပါလား၊ မိုးပဲချုပ်တော့မယ်. . ."

"ဟင် ဟဲ့ မိမိုး. .နင်က ကောက်ရကို ဘယ်ခိုင်းလိုက်လို့လဲ. . ."

"ဟို ညီမကခိုင်းတာမဟုတ်ပါဘူး၊ ကောက်ရက သူ့ပဲသွားပေးမယ်ပြောလို့ လက်ချုပ်လိုက်ထားတဲ့အကျီတွေ စက်ချုပ်ဆိုင်ကို သွားပေးခိုင်းလိုက်တာ၊ လမ်းများမှားနေလို့လား. . ."

"နင်တော့လုပ်ပြီ မိမိုး၊ ကောက်ရကိုသွားခိုင်းရတယ်လို့ နဂိုကတည်းကမှ ကျန်းမာရေးမကောင်းရတဲ့အထဲ သူ လမ်းမှာတစ်ခုခု ဖြစ်ရင် ဘယ်လိုလုပ်မလဲ. . ."

"ကိုသောင်းပြောမှ ညီမစိတ်ပူလာပြီ၊ သူတစ်ခုခုဖြစ်ရင်တော့ အကျီတွေတော့ ဒုက္ခပဲ. . ."

"ငါ ထကန်လိုက်ရလို့လေ၊ လူကိုစိတ်မပူဘဲ သူ့အကျီတွေကို စိတ်ပူနေသေးတယ်. . ."

"လူကိုလည်း စိတ်ပူပါတယ် ကိုသောင်းရယ်၊ ညီမတို့မှာလည်း ကောက်ရလေးပဲအဖော်ရှိတာမဟုတ်လား၊ မိုးတောင်ချုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ လာ ကိုသောင်း..ညီမတို့အပ်ချုပ်ဆိုင်ကိုသွားပြီး မေးကြ‌ည့် အောင် . . ."

"အေး လာ လာ သွားမယ်၊ မိမိုး..နင်လုပ်ကတည်းကိုက မဟုတ်တာ၊ ကလေးကို တစ်ယောက်တည်း ဒီလိုလွှတ်လိုက်ရလား ဟဲ့. . ."

"သူကလည်း ညီမနဲ့သုံးလေးခါလောက် အဲဒီဆိုင်ကိုရောက်ဖူးနေတော့ သူပဲသွားလိုက်မယ်ပြောလို့ပါ၊ ညီမပဲမှားပါတယ်၊ ညီမအပြစ်ပါ၊ ကောက်ရလေးသနားပါတယ်. . ."

"ကဲ ကဲ လုပ် လုပ်..အိမ်တံခါးတွေပိတ်၊ သွားကြမယ်၊ ပြန်လာမှထမင်းချက်မယ်၊ စောသေးတယ်မဟုတ်လား၊ ငါ စက်ရုံက စောစောပြန်လာမိလို့ပဲ. . ."

မောင်နှမနှစ်ယောက်ပြောဆိုရင်း အိမ်တံခါးတွေကို လိုက်ပိတ်သည်။ ပြီးတော့ ကောက်ရကိုရှာရန် မောင်နှမနှစ်ယောက်ထွက်ခဲ့လိုက်လေ၏။ မှန်သည်။ ကိုသောင်းနှင့်မိမိုးတို့မောင်နှမနှစ်ယောက် အိမ်မှထွက်ကာ ကောက်ရကိုလိုက်ရှာနေဆဲအချိန်များ၌ ပြည်လမ်းမကြီးပေါ်ရှိ ခြံအမှတ်(x x)ထဲသို့ ငွေမြင့်လတ်မောင်းလာသော ကားသည် အလျင်စလိုပင် မောင်းဝင်ခဲ့ပြီး ဆင်ဝင်အောက်၌ထိုးရပ်လိုက်၏။ ဆင်ဝင်အောက်၌ ကားထိုးရပ်လိုက်သည်နှင့် သူသည် ကားပေါ်မှ လျင်မြန်စွာဆင်းလိုက်ပြီ. . .

"ဒေါ်ချစ်..ဒေါ်ချစ်၊ မတူး..မတူး. . ."

အိမ်ထဲမှလူတွေကို သူခေါ်ရင်း ကားထဲမှချာတိတ်ကို သူထမ်းချီပြီးတိုက်ထဲဝင်ခဲ့လိုက်သည်။

"အို. . ."

"ဟင်..မောင်ငွေ. . ."





"ဟာ ကိုကို..ဒါဘယ်လိုဖြစ်လာတာလဲ. . ."

ညီဖြစ်သူ အေးမြင့်လတ်လည်း အိမ်ပြန်ရောက်နေပြီမို့ သူ တိုက်ထဲဝင်လာသည်ကို အားလုံးကတွေ့သည်တွင် အံ့သြရင်း၊ လန့်ဖြန့်ရင်းမေးဖြစ်လိုက်ကြခြင်းပါ။ ငွေမြင့်လတ်သည်က စိတ်မော ကိုယ်မောဖြစ်နေရ၍ ဘာမှမပြောနိုင်သေး။ ဆိုဖာကြီးထက်၌ ချာတိတ်လေးကို ညင်သာစွာချထားလိုက်ပြီးမှ. . .

"ဘယ်လိုဖြစ်လာလဲဆိုတာ ကိုကိုလည်း ဘယ်လိုပြောရတော့မလဲမသိတော့ဘူး ကိုအေးရေ. . ."

"ကိုကို့ကားနဲ့တိုက်ခဲ့တာလား. . ."

"မတိုက်ရပါဘူးကွာ၊ သူ့ဟာသူ ငါ့ကားရှေ့မှလာပြီး လဲကျနေတာ၊ ငါ့ကားနဲ့သူနဲ့က အဝေးကြီး. . ."

"ဒါဆို ကိုကိုက ဘာဖြစ်လို့ ဒီချာတိတ်ကိုခေါ်ခဲ့ရတာလဲ"

"မခေါ်လို့လည်းမဖြစ်ဘူး၊ သူက ကိုကို့ကားရှေ့မှာလဲနေတာ၊ လူတစ်ချို့ကလှမ်းကြည့်နေကြပြီ၊ တော်ကြာ လူတွေဝိုင်းလာပြီး အကျယ်အကျယ်မဖြစ်ခင် ကိုကိုလည်း သူ့ကိုကားပေါ်တင်ပြီး ခေါ်ခဲ့လိုက်တာပဲ. . ."

"အခု သူကဘာဖြစ်နေလဲ. . ."

"မသိဘူးလေ. . ."

"ဗျာ..ဒါဆို အသက်မှရှုသေးရဲ့လားလို့ စမ်းကြည့်ပါဦး၊ ကိုကိုကတော့လေ အလကားနေရင်း အမှုထုပ်ကိုဝယ်စားလာပြန်ပြီ"

ညီဖြစ်သူအေးမြင့်လတ်က ညီးညူ[illegible]ွာဆိုနေတော့ ငွေမြင့်လတ်သည်ကလည်း ရှုံ့ချင်လောက်အောင် စိတ်တွေညစ်ရင်း ချာတိတ်လေးအသက်ရှူ မရှူကို နှာခေါင်း၊ လည်ပင်းနှင့်လက်မှ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ခုန်တယ်၊ ခုန်တယ်၊ ဒီကောင်လေး အသက်ရှင်နေသေးတယ်၊ မယုံရင်လာစမ်းကြည့် . . ."

"ကျွန်တော် မစမ်းဘူး . . ."

"ဒေါ်ချစ် လာစမ်းကြည့်၊ မတူးလည်း စမ်းကြည့် . . ."

အေးမြင့်လတ်ကငြင်းတော့ ဒေါ်ချစ်နှင့်မတူးတို့ကို သူစမ်းခိုင်းသည်။ ဒေါ်ချစ်နှင့်မတူးတို့က တစ်လှည့်စီစမ်းလိုက်ကြပြီးမှ…

"ဟုတ်တယ်၊ အသက်ရှူနေတယ်၊ ဒါဆို အဒေါ် ရှူဆေးသွားယူပြီး သတိရရင်သောက်ဖို့ သံပုရာရည်လေးပါဖျော်ခဲ့မယ်၊ ဟဲ့ မတူး… နင်ကကောင်လေးကို ခြေမ,ချီးပြီး သတိရအောင်လုပ်ထား . . ."

"အဒေါ်… ကျွန်တော့်အတွက်ပါ သံပုရာရည်ဖျော်ခဲ့ပေးပါ၊ ကျွန်တော်လည်း နှလုံးတွေတုန်နေတယ် . . ."

"အေး အေး . . ."

ဒေါ်ချစ်ဆိုရင်း အခန်းထဲဝင်သွားသည်။ မကြာလိုက်၊ ပြန်ထွက်လာပြီး မတူးကို ရှူဆေးဘူးလေးပေးသွားသည်။ ပြီးတော့ ဒေါ်ချစ် မီးဖိုထဲပြန်ဝင်သွား၏။ မတူးက ချာတိတ်လေးသတိရအောင် ခြေမချီးပြီး နှာခေါင်းနားတွင် ရှူဆေးဘူးလေးကပ်ကာ ပေးရှူထား၏။ မတူးလုပ်ပေးနေသမျှ သူတို့ညီအစ်ကိုနှစ်ယောက်က ဆိုဖာတွင်ထိုင်ကာ ငြိမ်၍ကြည့်နေကြ၏။ မတူးက ချာတိတ်လေးကို ရှူဆေးပေးရှူရင်း ချာတိတ်လေးမျက်နှာဆီ စေ့စေ့ကြည့်ဖြစ်ရင်းက . . .

"ကောင်လေးက ချောလိုက်တာ၊ မျက်နှာလေးက တကယ့်မိန်းမချောရုပ်လေးပဲ၊ ကြည့်ပါဦး၊ သူ့ရဲ့မျက်ခုံးမျက်လုံး နှာငံ့နဲ့ နှုတ်ခမ်းလေးတွေက အရုပ်ကလေးအတိုင်းပဲ၊ မျက်တောင်ကြီးတွေကလည်း ရှည်ပြီးကော့ပျံနေတာပဲ၊ ကောင်လေးရဲ့လက်ကလေးတွေကလည်း မိန်းကလေးကျနေတာပဲ သွယ်သွယ်လေး၊ အသားလေးကလည်း ဖြူနုဝင်းပနေတာပဲ . . ."





"ကဲ မတူးရယ် နားညီးတယ်၊ သူ့ကိုသတိရအောင်သာ မြန်မြန်လုပ်ပါ . . ."

အေးမြင့်လတ်ကဆိုသည်။ သူကတော့ လက်နှစ်ဘက်ကို ဒူးပေါ်တင်ထောက်ကာ ဆုပ်ကိုင်ထားပြီး စိတ်တွေပူပ်ရှားနေသယောင် နှုတ်ခမ်းတွင်ဖိကပ်ထောက်ကာ ဆိတ်ဆိတ်ပင်နေဖြစ်လေ၏။

"အား ဟင်း… ကျွတ် ကျွတ် . . ."

"ဟာ အစ်ကိုကြီး၊ အစ်ကိုလေး… သူသတိရပြီ . . ."

ချာတိတ်၏ညီးတွားသံလေးနှင့်အတူ မတူးအော်လိုက်သည်တွင် ညီအစ်ကိုနှစ်ယောက်စလုံး ခါးတွေမတ်သွားလိုက်ကြ၏။ ထိုအချိန်များ၌ပင် ဒေါ်ချစ်သည်လည်း ဖျော်ရည်ဖန်ခွက်တွေနှင့် ထွက်လာပြီး . . .

"ကဲ ကဲ မောင်ရွှေရေ… သံပုရာရည်လေးသောက်လိုက်ဦးကွယ် . . ."

"ဟုတ်ကဲ့… အဒေါ် . . ."

သူဆိုရင်း သံပုရာရည်ကို သောက်ချပစ်လိုက်တော့သည်။ ထိုအခါကျမှပင် သူသည်လည်း ရင်ထဲပေါ့ပါးသွားရသလိုပါတည်းဟု မှန်သည်။ ချာတိတ်လေးသတိရလာပြီမို့ သူ့ရင်ထဲပေါ့ပါးသွားရချိန်များ၌ ရက်ချုပ်အိမ်မှပြန်လာကြပြီး လမ်းမကြီးပေါ်တွင် တောင်မြောက်လေးပါးကြည့်ကာ လျှောက်လှမ်းနေကြသည့် ကိုသောင်းနှင့် မိမိုးတို့ မောင်နှမနှစ်ယောက်သည်ကား . . .

"စက်ချုပ်ဆိုင်ကိုတော့ရောက်သွားတယ်ဆိုတော့ အကောင်ရ



www.burmeseclassic.com

www.burmeseclassic.com



က ခုဆိုရင် အိမ်ပြန်ရောက်နေလောက်ပြီပေါ့. . ."

"ဟုတ်တယ် ကိုသောင်း၊ အပ်ချုပ်ဆိုင်ကလည်း အဝတ်တွေမပြီးသေးလို့ ထပ်မပေးလိုက်သေးဘူးဆိုတော့ ကောက်ရလည်း နည်းနည်းပါးပါးလျှော့ကျသွားပြီး ခုဆိုအိမ်ပြန်ရောက်နေလောက်ပြီ၊ သေချာတယ်. . ."

မောင်နှမနှစ်ယောက်ဆိုရင်း အိမ်သို့ပြန်ခဲ့ကြသည်။ တစ်အောင့်ကြာအိမ်သို့ရောက်သည်တွင် အိမ်တံခါးသော့ကြီးကပင် သူတို့ကိုကြိုလင့်နေလေ၍ မောင်နှမနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ဖြစ်လိုက်ပြီး ကိုသောင်းက ဘေးမှအိမ်နီးချင်းတွေကိုမေးနေဆဲ မမိုးကအိမ်တံခါးသော့ဖွင့်ပြီး အိမ်ထဲဝင်ရှာနေ၏။ ပြီးတော့ မောင်နှမနှစ်ယောက် အိမ်ထဲတွင်ဆုံပြီး ငေးငိုင်နေဖြစ်ကြသည်။

"တို့ဆီကနေ ကောက်ရ ပျော့ က်သွားပြန်ပြီထင်တယ် ညီမလေး. . ."

"ညီမအပြစ်ပါပဲ ကိုသောင်းရယ်၊ သူ့တစ်ယောက်တည်း လွှတ်မိတယ်. . ."

"ပြောမနေပါနဲ့တော့လေ၊ သူဟာ ခဏခဏမူးဝေနေတတ်တော့ တစ်နေရာရာမှာများ ဟင်း ,ကောက်ရလေး ပုကောင်းနဲ့တွေ့ပါစေ၊ လူလေးက နုနုဖတ်ဖတ်၊ ချောချောလှလှလေး၊ ဘယ်မှာနေပြီး ဘယ်လိုတွေဖြစ်လာမှန်းလဲမသိ၊ ဘယ်ကလာလို့ လာမှန်းလဲမသိ၊ သူ့နာမည်လည်း သူမသိ၊ သူ့အကြောင်းလည်း သူမသိဘဲနဲ့ ငါစဉ်းစားရင်း ရင်လေးလိုက်တာ၊ အန္တရာယ်ကင်းပါစေ၊ လူကောင်းနဲ့တွေ့ပါစေကွယ်. . ."

"ဟုတ်တယ် ကိုသောင်း၊ ညီမလေးလည်း အဲဒါပဲ





ဆုတောင်းပေးပါတယ်၊ ညီမတို့ဆီမှာ သူနေသွားတာ တစ်လခွဲလောက်ရှိမယ်နော်၊ ခုတော့ သူပျောက်သွားပြန်ပြီ၊ သူ့အိမ် သူ့ယာ သူ့အကြောင်းတွေပဲ သူပြန်သိလို့ သူ ပြန်သွားတာလားမသိဘူး"

"အဲသလိုဆိုရင်တော့ ဘာပူစရာရှိလဲ၊ ကောင်းတာပေါ့ ညီမရယ်၊ ငါတို့ကို သူသတိရချင်ရ မရချင်နေ၊ ကိစ္စမရှိပါဘူး၊ သူ့ဘဝကောင်းဖို့ပဲအရေးကြီးပါတယ်ကွာ. . ."

မောင်နှမနှစ်ယောက် စကားတွေဆိုရင်း စိတ်ထိခိုက်နေကြသည်။ သူတို့မှာစားဖို့လည်း သတိမရ၊ အိမ်ရှေ့လေးတွင်ထိုင်ရင်း ကောက်ရကိုသာသတိရကာ ငေးငိုင်နေဖြစ်ကြလေ၏။ တစ်ချိန်တည်းပင် ပြည်လမ်းမကြီးရှိ ရွှေမြင့်လတ်၏တိုက်ကြီးတွင်မူလည်း ရှိသမျှလူအားလုံးသည် တူရူတွင်ရှိနေသည့် ခပ်ချောချောချာတိတ်လေးကိုသာ ထိုင်ကြည့်နေဖြစ်ကြလေ၏။ ချာတိတ်လေးကလည်း သူတို့အားလုံးကို ဖြူလျော်ဖျော့တော့နေသော မျက်နှာလှလှလေးနှင့် ကြည့်နေလေ၏။

"ကရင်း ရင်း ရင်း. . ."

ထိုအခိုက် အေးမြင့်လတ်ထံမှ ဟဲန်းဖုန်းလေးမြည်လာလေ၍ အေးမြင့်လတ်သည် နေရာမှထကာ မလှမ်းမကမ်းတွင် သွားရောက်စကားပြောသည်။ ဧည့်ခန်းထဲတွင်မူတော့ ရွှေမြင့်လတ်သည် ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီးမှ. . .

"ကဲ ငါ့ညီ. မင်း ရိုးရိုးသားသားပြောပါကွာ၊ မင်းက ဘယ်သူလဲ၊ ဘယ်ကလဲ. . ."

"ကျွန်တော်မသိဘူး၊ ကျွန်တော့်ကိုအဲဒီလိုပဲ မေးကြတာပါပဲ၊ ကျွန်တော်ကတော့ တကယ်မသိတာပါ အစ်ကို. . ."

"သြော် အေး မှာထားတဲ့ချာလီရေမွှေးလား၊ ရတယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ အဲဒါလက်ဆောင်ပေးဖို့ပါကွာ. . ."

ဖုန်းပြောနေသည့် အေးမြင့်လတ်စကားသံက တစ်ချက်တစ်ချက် သူတို့ထံလွင့်လာသည်။ ငွေးမြင့်လတ်သည် သက်မချကာ ချာတိတ်လေးထံ မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ကြည့်ရင်း. . .

"ကဲ ဒါဖြင့် မင်းနာမည်ဘယ်လိုခေါ်လဲ. . ."

"ချာလီ. . ."

"ဪ မင်းနာမည်ကျတော့ မှတ်မိတယ်လား. . ."

"အဟင်း. .ချာလီရေမွှေးလေ၊ ကျွန်တော့်ကို ကိုသောင်းကို့ကတော့ ကောက်ရလို့ခေါ်တာပဲ. . ."

"ကိုသောင်းဆိုတာ ဘယ်သူလဲ. . ."

"ကျွန်တော်လည်းမသိဘူး၊ ဒါပေမယ့် ကျွန်တော် သူတို့နဲ့တော့ အတူနေနေတယ်၊ သူတို့မောင်နှမနှစ်ယောက်ကလည်း ကျွန်တော့်ကိုခင်တယ်၊ သနားတယ်. . ."

"အဲဒီ ကိုသောင်းကဘယ်မှာနေလဲ၊ ဘာလုပ်လဲ. . ."

"သူတို့က သာကေတမှာနေတယ်၊ ကိုသောင်းကတော့ စက်ရုံမှာအလုပ်လုပ်တယ်၊ ကိုသောင်းညီမ မမိုးကတော့ အကျီတွေလက်ချုပ်ချုပ်တယ်၊ ကျွန်တော်က အကျီတွေကိုဆိုင်ကိုသွားပို့တယ်၊ ပြီးတော့ ကျွန်တော်ခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်၊ ခုတော့ ဒီအိမ်ကိုရောက်နေတယ်၊ ကျွန်တော့်ကိုစိတ်ပူနေတော့မယ်၊ ကျွန်တော်ပြန်တော့မယ်၊ အစစ ကျေးဇူးတင်ပါတယ် အစ်ကို. . ."

ဆိုရင်း ချာတိတ်လေးထပြန်တော့မည်ပြင်တော့ ငွေးမြင့်လတ်သည် စဉ်းစားရင်း ချာတိတ်လေးဆီကြည့်ရင်းက ချာတိတ်လေး၏ လက်နုနုလေးဆီ လှမ်းဆွဲထားလိုက်ရင်းက. . .

"ခနဦး ချာလီ. . ."





"ဟင်. . ."

ထိတ်လန့်သွားသလို မျက်လုံးလေးဝိုင်းရင်းက ချာတိတ်သူ့ကိုကြည့်သည်။ ငွေးမြင့်လတ်သည် ငြိမ်သောအပြုံးနှင့်ရှိရင်း. .

"ချာလီ. .ဒီညတော့ မင်းဒီမှာပဲအိပ်လိုက်တော့၊ မနက်မှ အစ်ကို မင်းကိုလိုက်ပို့မယ်၊ အစ်ကို့မှာလည်း ညီတစ်ယောက်ရှိတာ မင်းအမြင်ပဲ၊ အစ်ကို့ညီလေးနဲ့ မင်းအတူအိပ်လိုက်. . ."

"ဟာ မအိပ်ဘူး၊ ဟို ကျွန်တော်က နှစ်ယောက်မအိပ်တတ်လို့ပါ အစ်ကို၊ ကျွန်တော်ပြန်တော့မယ်. . ."

"ချာလီ. .အစ်ကို့စကားနားထောင်ပါ၊ အစ်ကိုမနက်ဖြန်ကျရင် မင်းကိုပြန်ပို့ပေးပါမယ်၊ အစ်ကို့ညီလေးနဲ့ မအိပ်ချင်ရင်လည်း မင်းအတွက် သီးသန့်တစ်ခန်းလုပ်ပေးပါမယ်၊ အခန်းတွေအများကြီးပါ၊ မင်းစိမ်းနေမှာစိုးလို့ အစ်ကို့ညီနဲ့သိပ်တာပါ၊ ကဲ ဒီညတော့ မင်းအေးအေးဆေးဆေးနေပါတော့၊ ရေချိုးချင်လည်းချိုး၊ ပြီးရင် အစ်ကိုတို့ ညစာစားကြမယ်. . .ကဲ မတူးရေ. . ."

"ရှင် အစ်ကိုငွေး. . ."

"ချာလီ့အတွက် အခန်းတစ်ခန်းပြင်ပေးပြီး ခေါ်သွားလိုက်ပါ"

"ဟုတ်ကဲ့ အစ်ကိုငွေး. . ."

အဲပေါ်ထပ်သို့ မတူးနှင့်အတူ ချာလီလိုက်သွားသည်တွင်မူ ငွေးမြင့်လတ်သည် ချာလီထံတစ်ချက်လှမ်းကြည့်ပြီး စဉ်းစားသလိုရှိရင်းမှ သက်မမောအား ချနေဖြစ်ရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## (နှစ်)

အေးမြင့်လတ်တစ်ယောက် အလုပ်ကိစ္စဖိုင်တွေကိုသယ်ပြီး ခြံထဲဆင်းခဲ့သည်။ ဆင်ဝင်အောက်အရောက် ကစ်ဘက်ခြံဘက်သို့ ဘာရယ်မဟုတ် သူတစ်ချက်ကြည့်ဖြစ်သည်။ တစ်ဘက်ခြံက ခြံရှင်မိသားစုတွေက နိုင်ငံခြားသို့အပြီးထွက်သွားကြပြီမို့ ခြံကိုရောင်းခဲ့သည်ကို သိသည်။ ထို့အတွက် တစ်ဘက်ခြံတွင် လူမနေသည်မှာ တစ်နှစ်နီးပါးခန့်ရှိပြီဖြစ်၏။ လွန်ခဲ့သည့်တစ်ပတ်ကဖြင့် ထိုခြံသို့ လူသစ်တွေ ပြောင်းရွှေ့နေထိုင်လာကြပြီကို သူ သတိထားဖြစ်လိုက်သည်။ သို့သော်လည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ ခေါင်းထဲသိပ်မထည့်ထားဖြစ်။

အေးမြင့်လတ်သည် တစ်ဘက်ခြံအကြောင်း ခေါင်းထဲ တစ်ချက်ရောက်ဖြစ်ပြီးမှ သူသည်ခြံဘေးတစ်နေရာရှိ စားပွဲ ကုလားထိုင်တွင်သွားရောက်ထိုင်ကာ အစ်ကိုဖြစ်သူခိုင်းထားသည့် ကုမ္ပဏီ





ကိစ္စတွေကို လုပ်ကိုင်နေဖြစ်လေ၏။ အေးမြင့်လတ်တစ်ယောက် ကုမ္ပဏီကိစ္စတွေကို စိတ်ပါလက်ပါဖြင့် တစ်ကိုယ်တည်းအေးဆေးစွာ လုပ်ကိုင်နေဆဲ တစ်ဘက်ခြံထဲတွင်ကား မေဇင်ကိုသည် မိမိချစ်လှသည့် ဖြူမလေးပျောက်နေ၍ အိမ်ထဲအနှံ့လိုက်ရှာနေဖြစ်သည်။

"မိ. မိ. . မိ. . ဖြူမရေ ဖြူမရေ ဘယ်ရောက်နေလဲကွယ်၊ မိ မိ မိ: . ၊ ဒေါ်သိန်းရေ . ဒေါ်သိန်း: . ဖြူမကိုတွေ့မိလားဟင်၊ ဘယ်ရောက်နေလဲမသိဘူး . . ."

"မတွေ့ဘူးကလေးရဲ့၊ မနေ့ညကတည်းက မတွေ့မိတာ၊ ခြံထဲမှာများလား၊ ဆင်းကြည့်ပါဦး ကလေးရယ်၊ ဒေါ်သိန်းက မအားသေးလို့ပါ. . ."

"ဟုတ်ကဲ့ ဒေါ်သိန်း၊ ဟင်း ဖြူမကြောင့်ရလေ စိတ်မောလိုက်တာ . . ."

မေဇင်ကိုဆိုရင်း ခြံထဲသို့ဆင်းခဲ့သည်။ ခြံနောက် ခြံရှေ့ မေဇင်ကိုလိုက်ရှာသည်။ သစ်ပင်တွေပေါ်များတက်နေမလားဟုလည်း အတွေးနှင့် မေဇင်ကိုမော့ကြည့်သည်။ ခြံနောက်တွင် သေချာရှာသည်။ မတွေ့တော့ မေဇင်ကို ခြံရှေ့သို့ပြန်ထွက်ခဲ့သည်။ ခြံရှေ့တွင်လည်း မေဇင်ကိုသည် အပေါ် အောက် ဘေးဘီသို့ နေရာအနှံ့ရှာဖွေရင်း ဖြူမကိုခေါ်၏။

"မိ မိ မိ. . ဖြူမရေ ဖြူမရေ. . မိ မိ မိ. . ."

မေဇင်ကို့ခေါ်သံလေးက အလုပ်လုပ်နေသည့် အေးမြင့်လတ် အာရုံထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ အစတွင် အေးမြင့်လတ်သည် ရှုပ်ပါစေဟူသောအတွေးနှင့် ကိုယ့်အလုပ်တွေသာ ကိုင်ဆက်လုပ်သည်။

"မိ မိ. . ဖြူမရေ၊ ဟယ် တွေ့ပြီ၊ ကြည့်စမ်းကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူမရယ်. .အဲဒီလိုအမြင့်ကြီးမှာတက်နေရလား၊ မတော်လို့ သူများခြံထဲ ကျသွားရင် မခက်ဘူးလား၊ ဒုက္ခပဲ ဟိုဘက်ခြံမှာ ခွေးတွေဘာတွေရှိရင် တော့ မတွေးရဲဘူး၊ ဘယ်လိုလုပ်ရမလဲမသိဘူး၊ အုတ်တံတိုင်းကလည်း မြင့်လိုက်တာ၊ ဟင်း. .အိမ်ထဲမှာခုံပြန်ဝင်ယူဦးမှပါ. . ."

"ညောင် ညောင် ညောင်. . ."

သခင်အသံကိုကြားမှပင် ဖြူမကလည်း ခုမှတညောင်ညောင် နှင့် အသံထွက်လာတော့သည်။

"ဖြူမ. .ခုမကြောက်မနေနဲ့၊ ခဏနေဦးနော်၊ ခုံသွားယူဦး မယ်. . ."

မေဇင်ကိုဆိုရင်း တိုက်ထဲပြန်ပြေးဝင်သွားလိုက်သည်။ ကြား နေရသည့် မေဇင်ကိုစကားသံလေးတွေကို အေးမြင့်လတ်ကား စိတ် မဝင်စားဘဲမနေနိုင်တော့ပါ။ ကြောင်ကလေးအော်သံကြားရာဆီ အေးမြင့်လတ်လှမ်းကြည့်လိုက်သည်။ ပြီးတော့ သူသည် ထိုင်ရာမှ ထခဲ့၏။ အုတ်တံတိုင်းနားအရောက် အုတ်တံတိုင်းထက်မှ ဖြူမကို မော့ကြည့်ပြီး ခြံအလုပ်သမား ပန်းပင်ညှပ်လျှင်အသုံးပြုသည့် လှေကား ကို ဆွဲယူကာ အေးမြင့်လတ်သည် လှေကားမှတက်လိုက်သည်နှင့်...

"အား. . ."

"အမလေး. . ."

တစ်ဘက်မှလည်း ခုံပေါ်တက်လိုက်သည့် မေဇင်ကိုနှင့် အေးမြင့်လတ်တို့မှာ တစ်ယောက်ကိုတစ်ယောက်တွေ့ပြီး ပြိုင်တူ လန့်အော်ဖြစ်လိုက်ကြသည်။ ပြီးမှ သူတို့တစ်ယောက်ကိုတစ်ယောက် အားနာစွာကြည့်လိုက်ကြပြီး. . .

"ဟို ရုတ်တရက်ဆိုတော့လေ. . ."

"ဟုတ်ကဲ့ မေဇင်လည်းလန့်သွားလို့ပါ၊ ဟို ဒါ မေဇင့်ရဲ့





ကြောင်လေးပါ. . ."

"ကျွန်တော်ယူပေးပါမယ်. . ."

အေးမြင့်လတ်ဆိုရင်း ကြောင်လေးကိုယူပြီး မေဇင်ကို လက်ထဲထည့်ပေးလိုက်သည်။ အေးမြင့်လတ်သည် မေဇင်ကို၏ နှုတ်ခမ်းလုပသည့်အသွင်လေးဆီကြည့်ဖြီး. . .

"ဒါနဲ့ ဒီခြံကိုပြောင်းလာတာပေါ့နော်. . ."

"ဟုတ်ပါတယ်. . ."

"ပြောင်းလာစက သတိထားမိလိုက်တယ်၊ နောက်ပိုင်းတော့ လူသိပ်မတွေ့လို့. . ."

"ဟုတ်ကဲ့ မေဇင်တို့မှာက လူနည်းတယ်လေ၊ မေဇင်ရယ်၊ မေမေရယ်၊ မေမေ့ယောကျ်ားရယ်၊ ပြီးတော့ အိမ်အလုပ်သမား တစ်ယောက်ရယ်ပဲရှိတာပါ. . ."

"မေမေ့ယောကျ်ားဆိုတာ. . ."

"ဟိုလေ မေမေရဲ့နောက်အိမ်ထောင်ကိုပြောတာပါရှင်. . ."

"နာမည်က မေဇင်တဲ့လား. . ."

"အပြည့်အစုံကတော့ မေဇင်ကိုပါ၊ ဖေဖေ့နာမည်က ဦးကိုကိုပါ. . ."

"ခုလိုတွေ့ရသိရတာ ဝမ်းသာပါတယ် မေဇင်၊ တရင်းတနှီး မေဇင်လို့ပဲခေါ်မယ်နော်၊ ကိုယ့်နာမည်ကတော့ အေးမြင့်လတ်ပါ၊ ကိုယ်တို့က ညီအစ်ကိုနှစ်ယောက်ရှိပါတယ်၊ ကိုယ်ကအငယ်ပါ၊ ကိုကိုကတော့ လုပ်ငန်းတွေဦးစီးပြီးလုပ်ကိုင်ပါတယ်၊ ကိုယ်ကတော့ နောက်လိုက်ပါ၊ အိမ်မှာအလုပ်သမားနှစ်ယောက်ရှိတယ်၊ ကိုယ်တို့မှာ တော့ မိဘတွေမရှိကြတော့ပါဘူး၊ အကူအညီလိုအပ်ရင် ကိုယ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေးပြောပါနော်၊ ကိုယ်တို့ဆီလည်း လာလည်နိုင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ မေဇင့်မှာလည်း ပေါင်းသင်းရမယ့် မိတ်ဆွေမရှိသလောက်ပါပဲ၊ မေဇင်တို့ဆီလည်း လာလည်ပါရှင်၊ မေမေနဲ့လည်း မေဇင်ပြောပြထားပါ့မယ်. . ."

ခြံစည်းရိုးနားတွင် အေးမြင့်လက်နှင့်မေဇင်တို့ စကားတွေ မိတ်ဖွဲ့ဆိုနေကြဆဲ မေဇင်ကိုတို့၏တိုက်ကြီးအပေါ်ထပ်ရှိ ပြူတင်းအကွယ်တစ်ခုတွင်ကား ပထွေးဖြစ်သူဦးအောင်မြိုင်သည် အတွင်းစိတ်များပေါ်ထွက်နေသည့် မျက်နှာမကျေမချမ်းအကြည့်တွေနှင့် လှမ်းကြည့်နေသည်မဟုတ်ပါတကား။ မှန်သည်။ ဦးအောင်မြိုင်သည် ဒေါ်ခင်မာအား မေတ္တာသက်ဝင်ချစ်ခင်လွန်း၍ အရယူနိုင်ခဲ့သော်လည်း ဒေါ်ခင်မာတွင် မိမိနှင့်မဟုတ်ခဲ့သော ကိုယ်ဝန်ပါလာခဲ့သည်ကို သိလိုက်ရသည်ပါ။ ဒေါ်ခင်မာကလည်း ပွင့်လင်းစွာပင် ဖွင့်ပြောခဲ့ပါသည်။

ဘာဖြစ်ဖြစ် ဦးအောင်မြိုင်သည် ချစ်မောလှပသည့် ဒေါ်ခင်မာကိုလည်းရသည်။ ပြီးတော့ ဒေါ်ခင်မာဘက်မှပါလာသည့် စည်းစိမ်တွေကိုလည်း ခံစားရသည်ဆိုတော့ ဒေါ်ခင်မာတွင်ပါလာသည့် ကိုယ်ဝန်အား ကြည်ဖြူပြီးသားပါတည်း။ သို့သော် ယခုဖြင့် ဦးအောင်မြိုင်သည် အကြံသမား သိုက်တူးသမားသည့် ကျားစဉ်းလဲလည်း ဖြစ်သည်။ ပထွေးပီပီ ဇာတိရုပ်ကလည်း မေဇင်ကိုအရွယ်လေးရလာကတည်းက ပေါ်လွင်လာ၏။ သို့သော် ဦးအောင်မြိုင်က သိုက်သမားပီပီ ဟန်ကောင်းသည်။ ပိရိသည်။

ဒေါ်ခင်မာသည် ခင်ပွန်းသည် ကျားစဉ်းလဲ၏အကြံတွေနှင့် လုပ်ရပ်တွေကိုမသိ၊ နည်းနည်းလေးမှလည်း ခင်ပွန်းသည်အပေါ်





သံသယမရှိ၊ မိမိသမီးလေးအား သမီးရင်းလေးကဲ့သို့ ချစ်သည်ဟုသာ ထင်သည်၊ ယုံကြည်သည်။ တကယ်တော့ ဦးအောင်မြိုင်ကဖြင့် ဘယ်နေ့ အောင်သေအောင်သားစားလိုက်ရမလဲဟုသာ အစဉ်ကြိုးစားနေသူပါတည်း။ မှန်သည်။ တကယ်တော့ ဦးအောင်မြိုင်သည် ဒေါ်ခင်မာအား လွန်စွာနှစ်သက်သဘောကျသူဖြစ်သည်မှာ မှန်သည်။ သို့သော် မိမိအား ဒေါ်ခင်မာကမချစ်မနှစ်သက်ကြောင်းနှင့် ခိုင်ကောင်း၍သာ မတတ်သာ၍ နောက်ဆုံးလင်လုပ်လိုက်ရကြောင်းတွေကို သိသည်။ ထို့အတွက် ဦးအောင်မြိုင် ရင်နာသည်၊ မကျေမနပ်ဖြစ်ရသည်။ ဒေါ်ခင်မာ အလွန်တရာမှစွဲလန်းချစ်ရသည့် ယောက်ျားကို ကလဲ့စားချေချင်၏။

ဦးအောင်မြိုင်သည် ခြံထဲမှမြင်ကွင်းအား နှုတ်ခမ်းကိုစေ့ကာ အတွင်းသွားတို့စေ့ပြီး မကျေမနပ်လှမ်းကြည့်နေဆဲ နောက်ဘက်မှ ခြေသံကြားသည်တွင် ဦးအောင်မြိုင်သည် ပြူတင်းမှရုတ်ခနဲခွာလိုက်ပြီး မျက်မှန်ကြီးနှင့် စာစောင်ဖတ်သလို ဧည့်ခန်းရှိရာသို့ လှမ်းထွက်ခဲ့၏။ ဒေါ်ခင်မာအရိပ်ကိုမြင်လျှင် မိန်းမကိုအလေးထားသလိုအသွင်နှင့် ကြည့်လာရင်းက. . .

"ဩော် မိန်းမ. .အပြင်ထွက်မလို့လား. . ."

"မထွက်ပါဘူး၊ အိမ်မှာလုပ်စရာတွေရှိနေသေးတာ၊ ဒါနဲ့ သမီးရော. . ."

"မသိဘူးလေ၊ ကိုယ်လည်းသတင်းစာဖတ်နေတာ၊ ခြံထဲမှာ ရှိမှာပေါ့၊ ဝရံတာက တစ်ချက်ထွက်ကြည့်လိုက်ပါလား. . ."

ဦးအောင်မြိုင်ဆိုတော့ ဒေါ်ခင်မာတစ်ယောက် ဝရံတာမှ ထွက်ကြည့်သည်။

"ဟင် သမီးက ဟိုဘက်ခြံက ကောင်လေးတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေပါလား. . ."

"ဟုတ်လား. .အင်း ကိုယ်ကသမီးရှင်နော်၊ မင်း့သမီးကို သိပ်လည်းမလွှတ်ထားနဲ့၊ သတိထားဦး. . ."

"အမလေး ကိုအောင်မြိုင်ရယ်၊ ရှင့်သမီးအတွက် မပူစမ်းပါနဲ့၊ သမီးလေးက သူ့အဖေလိုအေးဆေးတဲ့သမီးပါ. . ."

ထိုစကားအတွက် ဦးအောင်မြိုင်သည် မေးကြောကြီးတစ်ချက် တင်းခနဲမြစ်သွားရသည်။

"ကျွန်မသိတယ်၊ ခင်မှာသမီးကို ခင်မာကိုင်တွယ်တတ်တယ်၊ ခင်မာက သမီးကို ဒါ့ဆိုဒါပဲ၊ တစ်ခုတော့ရှိတော့ပေ့၊ ဟိုဘက်ခြံက လူတွေအကြောင်းလည်း သိထားရမယ်၊ ခုဆိုသမီးကသိလောက်ပါပြီ၊ သမီးကိုမေးလိုက်ရင်ရပြီ၊ ချမ်းသာတယ်၊ ရုပ်ရည်လည်းမဆိုးဘူး၊ လုပ်ငန်းရှင် လူတော်လူကောင်းတွေဆိုရင် သမီးနဲ့အဆင်ပြေလည်း ဘာမှမဖြစ်ဘူး၊ အရေးကြီးတာ ခင်မှာသမီးလေး လင်ကောင်းသား ကောင်းရဖို့ပဲ. . ."

"အေးပါကွာ၊ မင်း့သမီးကတော့ မင်းထက်တော်မှာသေချာပါတယ်၊ မင်းလိုတော့ ဖယောက်ျားတွေကို အလုတစ်ခုနဲ့ဘန်းပြပြီး အဏာပေးခိုင်းစားမှာမဟုတ်ဘူးဆိုတာ ငါယုံပါတယ်. . ."

"အံမယ် ကိုအောင်မြိုင်. .ရှင့်စကားကဘာလဲ၊ ခင်မာ ရှင့်ကိုယူခဲ့တာ မဟုတ်လား၊ ရှင့်ကို ခင်မှ ဘာတစ်ခုဖုံးကွယ်ထားတာ ရှိခဲ့လဲ၊ ရှင်ပဲ သားတစ်ဖြာဆိုလည်း ခင်မာ့ကိုယူမှာပဲဆို၊ ကိုအောင်မြိုင် နော် ကျွန်မမာနကိုတော့ ရှင်မထိနဲ့၊ ကျွန်မက ခံမယ့်အစားမဟုတ် ဘူး၊ ရှင်မပေါင်းချင်ရင် အခုဆင်းသွားလို့ရတယ်၊ ဥပဒေအရ ကျွန်မ ပိုင်ဆိုင်ပေမယ့် ရှင့်ကိုတစ်ဝက်ခွဲပေးလိုက်ပါဦးမယ်၊ ရှောရှောရှူရှူပဲ လုပ်ပေးမှာပါ. . ."





"မိန်းမကလည်းကွာ ကိုယ်က မချင့်မရဲဖြစ်လို့ပြောတဲ့စကား ပါ. . ."

"ဘာမှ ရှင် မချင့်မရဲဖြစ်စရာမရှိဘူး၊ ရှင်နဲ့ကျွန်မကိစ္စတွေက ရှင်းတယ်၊ ကျွန်မက ရှင့်ကိုခိုင်းခဲ့တယ်၊ ရှင်က ကျွန်မကို အစ ကတည်းက စိတ်ဝင်စားနေတော့ ရအောင်ကြံခဲ့တယ်၊ ရှင့်ကိုယူတော့ လည်း ပွင့်ပွင့်လင်းလင်းပဲဖွင့်ပြောပြီး ယူခဲ့တာ၊ ရှင်နဲ့ယူပြီးတဲ့နောက် မှာလည်း ကျွန်မဟာပျော်ပျော်ရွှင်ရွှင်ပဲနေတယ်၊ နောက်ဆက်တွဲ အရှုပ် အရှင်းဆိုတာတွေ မရှိဘူး၊ ဒါရှင်အသိဆုံး. . ."

"အေးပါကွာ၊ မိန်းမကလည်း စိတ်မကောက်ပါနဲ့၊ ဟိုမှာ သမီးလာနေပြီ၊ သမီးကြားရင် မကောင်းဘူး၊ ကဲ ကဲ ကိုယ်ဘာဝိုင်းကူ လုပ်ရမလဲ. . ."

"လုပ်စရာမလိုပါဘူး. . ."

"မိန်းမကလည်းကွာ၊ စိတ်မကောက်ပါနဲ့. . ."

ဦးအောင်မြိုင်ဆိုရင်း ဇနီးသည်ပုခုံးကိုသိုင်းဖက်ထားလိုက်ပြီး ပါးတစ်ဘက်ကိုနမ်းလိုက်သည်။ ထိုမြင်ကွင်းအား မေဇင်ကိုကမြင်၏။ မေဇင်ကိုမှာ သက်မလေးကိုချပြီး အိမ်ထဲဆက်ဝင်ခဲ့သည်။ ဦးအောင် မြိုင်သည် ဇနီးသည်မမြင်အောင် မေဇင်ကိုထံတစ်ချက်စွေကြည့်လိုက် သည်။၊ မေဇင်ကိုမှာ အေ့ွဲလုံးနာရပါ၏။ မှန်သည်။ အဘယ်ကြောင့် ဆိုသော် ဦးအောင်မြိုင်သည် သိုက်သမား၊ ကျားငစဉ်းလဲပီပီ မိမိ၏ မိခင်ကိုအယုံသွင်းကာ ချစ်ဟန် အလေးထားဟန်တွေပြပြီး မိမိ မိခင်လစ်သည်နှင့်နောက်ကွယ်တွင် မိမိအား ဦးအောင်မြိုင်တစ်ယောက် အမျိုးမျိုး အလစ်ချောင်းကြံစည်နေသည်မို့ မေဇင်သည် မိမိအတွက် အနီးကပ်အန္တရာယ်အား လွန်စွာသတိထား၍ ရှောင်ရှားနေရသည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါတကား။

ထိုကိစ္စတွေကို မေမေကဖြင့် မသိ၊ မရိပ်မိ။ မေဇင်ကပြောပြလျှင်လည်း မေမေက သူ့အားဒီလောက်ဂရုစိုက်သည့်လင်မို့ ယုံကြည်မှုရှိမည်မဟုတ်၊ ပြီးတော့ မေဇင်ကိုယ်၌တလည်း လွန်စွာမှအရှက်အကြောက်ကြီးသူလေးမို့ မည်သူ့ကိုမျှဖွင့်မပြောပြဖြစ်ပါ။ ပထွေးဖြစ်သူကျူးစေခဲ့လဲအား မိမိဘာသာမိမိပင် သတိထား၍ရှောင်ရှားပါ၏။

"အို ဟိုမှာ သမီးမြင်သွားပြီ၊ ရှင်ကလည်း ဖယ်စမ်းပါ၊ ခြေသံ သမီးရေ လာပါဦးကွယ်. . ."

ခင်ပွန်းသည်ကိုတွန်းထုတ်ပြီး သမီးချောလေးကို ဒေါ်ခင်မာ လှမ်းခေါ်လိုက်သည်။ မေဇင်ကိုသည် မီးခင်ရှိရာမသွားချင်သော်လည်း ဟန်မပျက်ပင် အေးဆေးစွာလှည့်ကြည့်ဖြစ်ရင်း. . .

"ရှင် မေမေ. . ."

"သမီးကို ခုနဟိုဘက်ခြံကကောင်လေးတစ်ယောက်နဲ့ စကားပြောတာတွေ့လိုက်တယ်၊ ဟိုဘက်ခြံက ဘယ်သူတွေနေတာတဲ့လဲ၊ လူကောင်းသူမွန်တွေမှ ဟုတ်ရဲ့လား၊ လူကောင်းတွေဆိုရင်တော့ မဆိုးဘူးပေါ့ သမီးရယ်၊ သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာလို့ရတာပေါ့၊ အလကားလူတွေဆိုရင်တော့ သမီးရေ ဝေးဝေးကရှောင်နော်၊ သမီးကို မေမေအမြဲပြောဆိုသင်ကြားထားတာတွေ သိတယ်မဟုတ်လား. . ."

"ဟုတ်ကဲ့ပါ မေမေ၊ သူတို့တွေက လူတော်လူကောင်းတွေပါ၊ သမီးကို သူတို့ကုမ္ပဏီလိပ်စာနဲ့ ဖုန်းနံပါတ်တွေလည်း ပေးလိုက်ပါတယ်၊ သူတို့ဆီလည်းဝင်ပါ ဘွက်ပါတဲ့၊ လိုအပ်တဲ့အကူအညီရှိရင်





လည်း အချိန်မရွေးပြောပါတဲ့. . ."

သမီးချောလေးပြောပြသည့် တစ်ဘက်ခြံမှ ညီအစ်ကိုအကြောင်းတွေကို ဒေါ်ခင်မာတစ်ယောက် သဘောကျစွာဖြင့် ပြုံး၍နားထောင်နေဖြစ်သည်။ မေဇင်ကိုကလည်း ပထွေးဦးအောင်မြင့်ရှေ့တွင် ငြိမ်သောအသွင်လေးနှင့် အားရပါးရပြောပြဖြစ်လေ၏။ ဒေါ်ခင်မာကား သေချာနားထောင်ရင်း စဉ်းစားတွေးတောဟန်ဖြင့် ပြုံးနေဖြစ်လေ၏။

× × × × ×

"ဟာ ကောက်ရ – ညီလေး. . ."

"ဟယ် ကောက်ရပြန်လာပြီ. . ."

အိမ်လေးထဲသို့ ချာလီနှင့်အတူ ကိုဋ္ဌေးမြင့်လတ်ပါ လိုက်ဝင်ခဲ့သည်။ အိမ်ထဲအရောက် ချာလီပြောပြသည့် မောင်နှမနှစ်ယောက်မှာ ချာလီကိုတွေ့သည်နှင့် ဝမ်းသာအားရခေါ်ရင်း အနားသို့ရောက်လာကြသည်။ ပြီးတော့ ယောက်ျားပီသစွာ ချောမောခန့်ညားသည့် ဋ္ဌေးမြင့်လတ်အသွင်နှင့် အိမ်လေးရှေ့တွင်ရပ်ထားသည့် နောက်ဆုံးပေါ်ကားကြီးဆီတစ်ချက်လှမ်းကြည့်ဖြစ်ရင်း ကိုသောင်းက. . .

"ထိုင်ပါ အစ်ကို၊ ဒါနဲ့ အစ်ကိုက. . ."

"ကျွန်တော်က ချာလီ့ကို ပြန်လာပို့တာပါ. . ."

"ချာလီ. . ."

"အဟွန်း ကျွန်တော်တို့ဆီမှာတော့ ချာလီ၊ ခင်ဗျားတို့ဆီမှာတော့ ကောက်ရပေါ့ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ချာလီ. .ဟား ဟား၊ အစ်ကို ချာလီပဲခေါ်တာကောင်းပါတယ်၊ ကောက်ရကတော့ သိပ်မနိပ်ပါဘူး၊ ခုကစပြီး ကျွန်တော်တို့လည်း ချာလီပဲခေါ်တော့မယ်ဗျာ' ဟား ဟား. . ."

ကိုသောင်းက အားရပါးရဆိုရင်း ရယ်သည်။ အိမ်လေးထဲတွင်မတော့ ချာလီနှင့်မမိုးတို့နှစ်ယောက် တီးတိုးပြောနေပုံဆီ ငွေးမြင့်လတ်သည် တစ်ချက်လှမ်းကြည့်ပြီး သူ့အတွေးနှင့်သူပြုံး၏။

"ဪ အစ်ကို. .ကောက်ရ အဲလေ ချာလီနဲ့အစ်ကိုတို့တယ်မှာတွေ့ကြတာလဲ၊ မနေ့ကတော့ ကျွန်တော်တို့မောင်နှမလည်း မအိပ်နိုင် မစားနိုင်အောင် စိတ်ပူလိုက်ကြရတာ၊ ခုလည်း ထမင်းစားပြီး ကျွန်တော်က ထွက်ရှာမလို့လုပ်နေတာ၊ စက်ရုံမှာတောင် ခွင့်ယူထားတယ်. . ."

"အင်း စိုးရိမ်စရာပဲပေါ့ဗျာ၊ မနေ့က ကျွန်တော်နဲ့စတွေ့ပုံက"

ကိုသောင်းအား အဖြစ်အပျက်တွေအားလုံး ငွေးမြင့်လတ်ပြောပြလိုက်သည်။ ကိုသောင်းမှာ စိုးရိမ်စွာနားထောင်နေပြီးမှ. .

"ကျွန်တော်တို့မောင်နှမ စိတ်ပူရတာလည်း ကောက်ရအဲလေ ချာလီက အဲဒီလိုမှူးမှူးပြီးလဲကျသွားတတ်လို့ပါ. . ."

"ချာလီ အဲဒီလိုမြစ်တာ ဘာကြောင့်လဲ ကိုသောင်း. ."

"ကျွန်တော်တို့လည်းမသိဘူး အစ်ကို၊ ချာလီအကြောင်းကိုစိတ်ဝင်စားရင် ကျွန်တော်လည်း ပြောပြချင်ပါတယ်၊ ကျွန်တော်တို့မောင်နှမကိုယ်တိုင်လည်း ချာလီအကြောင်းကို စိတ်ဝင်စားတယ်"

"ဟင်. . ."

ကိုသောင်းပြောမှပင် ငွေးမြင့်လတ်သည်လည်း ချာလီအကြောင်းအားပို၍စိတ်ဝင်စားသွားလိုက်ရလေ၏။

"အစ်ကိုစိတ်ဝင်စားရင် ကျွန်တော်တို့ အပြင်ထွက်ပြောကြ





ရအောင်. . ."

"အင်း သွားလေ. . ."

"ကိုသောင်း ဘယ်လဲ၊ ခဏလေးလာဦး. . ."

သူတို့အပြင်ထွက်မည်ပြုတော့ မမိုးကလှမ်းခေါ်လိုက်သည်။ ပြီးတော့ ငွေးမြင့်လတ်ထံတစ်ချက်ကြည့်သည်။ ငွေးမြင့်လတ်ကလည်း ရပ်နေကြသည့် ချာလီနှင့်မမိုးတို့ဆီ တစ်ချက်လှမ်းကြည့်ပြီး မသိမသာလေး ပုခုံးတွန့်ဖြစ်ရ၏။ မမိုးနှင့် ချာလီတို့မှာ ကိုသောင်းကိုဘာတွေတီးတိုးပြောနေသည်မသိ၊ ကိုသောင်းမှာ ခေါင်းတညိတ်ညိတ်ရှိရင်း သူ့ထံတစ်ချက်လှမ်းကြည့်သည်။ တစ်အောင့်ကြာမှ ကိုသောင်းသည် သူရှိရာသို့လှမ်းထွက်လာခဲ့လေ၏။

ကိုသောင်းကိုခေါ်ပြီး ငွေးမြင့်လတ်သည် ကားကိုမောင်းထွက်ခဲ့လိုက်သည်။

"အစ်ကို. .ကျွန်တော်ကြီးထဲပဲ သွားရအောင်. . ."

"အင်း. . ."

ကိုသောင်းသဘောအတိုင်း သူ ကန်တော်ကြီးဘက် ကားကိုမောင်းခဲ့သည်။ မကြာလိုက်၊ ကန်တော်ကြီးထဲ သူတို့ရောက်ခဲ့သည်။ တစ်နေရာတွင် ကားကိုရပ်ခဲ့ပြီး သူတို့လမ်းလျှောက်ခဲ့သည်။ ပြီးတော့ ရေစပ်လေးနားတစ်နေရာတွင် သူတို့အေးဆေးစွာထိုင်ဖြစ်လိုက်ကြ၏။ ပြီးမှ ကိုသောင်းက စကားစဆိုသည်။

"အစ်ကို. .အခုကျွန်တော်ပြောမယ့်စကားတွေက ကောက်ရအဲလေ. .ချာလီအကြောင်းကို သိစေချင်သလို ချာလီကိုလည်း ကူညီစေချင်တဲ့ဆန္ဒနဲ့ပါ အစ်ကို၊ ကျွန်တော်တို့အခြေအနေကတော့ အစ်ကိုမြင်တဲ့အတိုင်းပဲ၊ ချာလီကိုဒီထက်ပိုပြီး မကူညီနိုင်ပါဘူး၊ တစ်ခါယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ချာလီရဲ့အကြောင်းတွေကို ကျွန်တော်တို့မသိတာအမှန်ပါ. . ."

"ဟင် ဒါဆို. . ."

"ဟုတ်တယ်၊ ချာလီက ကျွန်တော်တို့နဲ့ ဘာမှသွေးမတော် သားမစပ်တဲ့လူတစ်ယောက်ပါ. . ."

"ဒီလိုဆို သူ့ကိုဘယ်လို. . ."

"သူ့ကိုကျွန်တော်တို့လည်း လမ်းပေါ်မှာပဲ တွေ့တာပါ၊ သူသတိလစ်ပြီးလဲနေတယ်၊ သူ့ကိုလမ်းပေါ်တာခေါ်လာလို့ ကောက်ရလို့ပဲခေါ်တာ၊ သူ့ကို ဒီနေ့အထိ ဘာမှမေးလို့မရဘူး၊ ဆိုးတာက သူဟာမကြာခဏဆိုသလို ကြက်သေသေသလိုဖြစ်ပြီး ခေါင်းကိုဖိရင်း သတိလစ်လဲကျသွားတတ်တယ်၊ ပြီးတော့ ချာလီဟာ စဉ်းစဉ်းစားစား လို ငေးဝေဝေလိုဖြစ်နေတတ်တယ်. . ."

"ဒါဆို သူ အတိတ်မျှားမေ့နေတာလား. . ."

"ဒါတော့ ကျွန်တော်တို့လည်း မပြောပြတတ်ပါဘူး/အစ်ကို၊ သူ့ကိုဆရာဝန်နဲ့ပြကြည့်ရင် ကောင်းမလားပဲ၊ သူ့မှာရောဂါရှိနေတယ် ဆိုရင်ပေါ့၊ အဲဒီလိုလုပ်ဖို့ ကျွန်တော်တို့ကတော့ မတတ်နိုင်လို့ပါ၊ ပြီးတော့ ချာလီ့ကိုအထင်လည်းမသေးပါနဲ့၊ ချာလီက အင်္ဂလိပ်စာ တွေလည်း ဖတ်တတ်တယ် အစ်ကိုရဲ့၊ ချာလီကတော့ ခဏခဏပြော တယ်၊ သူ့ကိုအလုပ်ရှာပေးပါတဲ့၊ သူက ခဏခဏသတိလစ်နေတော့ ဘယ်လိုလုပ်မလဲ. . ."

"ဟင်း. .၊ အင်း ထူးတော့ထူးဆန်းသား၊ ပြီးတော့ သူ့ရုပ် ကလေးကလည်း မိန်းကလေးတစ်ယောက်လို နုနုနယ်နယ်နဲ့ သနား ကမားလေး၊ ကြည့်ရတာ ဖျော့ဖျော့ဖျော့နဲ့ အလုပ်ကြမ်းလည်း လုပ်နိုင် မယ်မထင်ဘူး. . ."





"ဟုတ် ဟုတ်တယ် အစ်ကို၊ ကောက်ရ အဲလေ ချာလီက နုနယ်တဲ့ချာတိတ်လေးပါ၊ သူ့ကို အစ်ကိုကူညီပါလားနော်၊ သူ့ကို ကျွန်တော်တို့က သနားလို့ပါ အစ်ကိုရယ်၊ သူ့ကို လူကောင်းနဲ့ တွေ့စေချင်တယ်၊ အစ်ကိုပြောသလို သူ့မှာရောဂါရှိနေတယ်ဆိုရင် လည်း ဆေးကုသလို့ရတာပေါ့. . ."

"ဟင်း အင်းလေ၊ ကျွန်တော်ပြန်စဉ်းစားလိုက်ပါဦးမယ်၊ ကျွန်တော့်အတွက်ကတော့ အပန်းမကြီးပါဘူး၊ ကျွန်တော့်မှာလည်း ညီတစ်ယောက်ရှိတယ်၊ ကျွန်တော့်သူငယ်ချင်းဆရာဝန်နဲ့လည်း နည်း နည်းတိုင်ပင်ကြည့်လိုက်ပါဦးမယ်. . ."

"ဟုတ်ကဲ့ အစ်ကို၊ သူ့ကိုကျန်းမာရေးကောင်းရင် အလုပ် လုပ်နိုင်းလို့ရပါတယ်. . ."

"အင်း သူ ဘွဲ့ရတစ်ယောက်ဆိုရင်တော့ သူ့ကို ကိုယ့်ရဲ့ ကုမ္ပဏီမှာပဲ အလုပ်သွင်းပေးလို့ရပါတယ်. . ."

"ဝမ်းသာလိုက်တာ အစ်ကိုရာ၊ ဟို ချာ ချာလီသိရင်လည်း ဝမ်းသာရှာမှာပါပဲ၊ သူ့ခမျာ ကျွန်တော်တို့နဲ့နေရတာ အားနာနေပုံ ရတယ်. . ."

ကိုသောင်းစကားတွေနားထောင်ရင်း ချာလီ့အသွင်ကို မြင် ယောင်ရင်းက ဒွေးမြင့်လတ်သည် မိမိဘာလုပ်ရမည်ကို စဉ်းစားနေဖြစ် ရ၏။ ပြီးမှ. . .

"ကောင်းပြီလေ၊ ဘဝတစ်ခုကို ကျွန်တော်တို့ ကယ်တင် ကြည့်တာပေါ့. . ."

"ဝမ်းသာလိုက်တာ အစ်ကိုရယ်. . ."

"ကဲ ခင်ဗျားကို ပြန်လိုက်ပို့မယ်၊ ချာလီ့ကို ကျွန်တော် ရုံးပိတ်ရက်မှပြန်လာခေါ်မယ်၊ အရင်ဆုံး သူငယ်ချင်းဆရာဝန်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးထားကြည့်မယ် . . ."

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော့်ကိုလိုက်မပို့ပါနဲ့တော့၊ ကျွန်တော်ကားစီးပြီးပဲ ပြန်သွားပါမယ်၊ အိမ်ရောက်ရင် အစ်ကိုက အလုပ်ပေးမယ့်အကြောင်း ချာလီကိုပြောပြလိုက်မယ်၊ အစ်ကို့ဆီ ရောက်မှ အခြေအနေအရ အစ်ကိုဆက်လုပ်ပေါ့ . . ."

"အင်း ကောင်းပါပြီဗျာ၊ ကဲ ဒါဖြင့် ကိုယ်သွားပြီ . "

"ဟုတ်ကဲ့ အစ်ကို . . ."

ဒွေးမြင့်လတ်သည် ကန်တော်ကြီးထဲမှ ကားကို ပြန်မောင်းထွက်ခဲ့လိုက်လေ၏။

× × × × ×

"ဂလု . ဂလု . ဂလု၊ ဝွပ်၊ တောက်၊ ထွီး . တောက် . ."

"တောက် . သွားစမ်းကွာ၊ ချွမ်း . . ."

ဖျော်ရည်အလား တဂလုလုနှင့် အရက်တွေကိုသောက်ချပြီး စားပွဲထက်ခွက်ကို ဆောင့်ချပစ်လိုက်သည်။

ပြီးတော့ တံတွေးကို ပစ်ခနဲတစ်ချက်ထွေးပြီး ဒေါသနှင့် တက်တစ်ချက်ကို ပြင်းပြင်းခေါက်ပစ်လိုက်သည်။

အားမရသေး၊ ဒေါသကကြီးလွန်း၍ သောက်နေသည့် ဖန်ခွက်ကိုပါ လွှင့်ပစ်ခွဲပစ်လိုက်၏။

သူရှိန်ပါ။ မှန်သည်။ သူရှိန်တစ်ယောက် ထိုသို့လုပ်တတ်သည်ကဖြင့် အဆန်းတော့ဖြင့်မဟုတ်၊ တကယ်တော့ သူရှိန်သည် နာမည်လေးလှသလို၊ လူပုံကလည်းချောသည်၊ ဖြောင့်သည်။





သို့သော် လူပုံစံနှင့်ဆန့်ကျင်စွာ သူရှိန်သည် စိတ်ဓာတ်ကဖြင့် ကြမ်းတမ်းသည်။

ကိုယ်အမူအယာ၊ နှုတ်အမူအယာ အကုန် ကြမ်းတမ်းခက်ထန်လွန်းသည်။

သူ့မျက်ဝန်းအကြည့်တွေကိုကလည်း စူးရှရှင်းစိုင်းလွန်းနေပါ၏။

သူရှိန်သည် နေရာမှ ဒယီးဒယိုင် ထရပ်လိုက်သည်။ ပြီးတော့ သူသည် ကျယ်ဝန်းသလောက် သန့်ရှင်းလှပနေသည့် သူ့ခြံကြီး တစ်ခြံလုံးကိုကြည့်ပြီး ဖြူသယောင် မဲ့သယောင် ရှိသေအကြည့်တွေနှင့် ကြည့်ရင်းက . .

"ဘာလဲ၊ ဒါ ဘာတွေအသုံးကျလဲ၊ ငါ့အတွက် ဘာတွေ အသုံးကျလို့လဲ၊ ထွီး အိမ်တဲ့၊ ခြံတဲ့၊ အတွင်းပစ္စည်းတွေတဲ့၊ ကုမ္ပဏီတဲ့၊ ဘာလဲ ဘယ်မှာလဲ ငါ့အတွက် . . .

ချယ်ရီ . ချယ်ရီကိုကို၊ ဘယ်မှာလဲ၊ အခုမင်းဘယ်မှာလဲ၊ မင်းဘယ်ရောက်နေလဲ၊ မင်းကိုတွေ့မှာနော်၊ မင်းကို ငါရှာတွေ့မှ ငါ့ကိစ္စတွေအားလုံး ဖြေရှင်းလို့ရမှာ၊ မင်းပုန်းမနေနဲ့၊ မင်းထွက်လာခဲ့၊ ငါ့ပစ္စည်းတွေကို မင်းအပိုင်စီးဖို့မကြိုးစားနဲ့ . . .

ချယ်ရီ . ချယ်ရီ . မင်းကို ငါတွေ့အောင်ရှာမယ်၊ တွေ့အောင်ရှာမယ် . ၊

ချယ်ရီဆိုတဲ့ မိန်းမချော . မင်း ငါ့ဝစ္စည်းတွေကို လိုချင်တယ်ဆိုရင် မင်း ငါ့ကိုပါ ယူရမယ်၊ မင်းဒီလိုနည်းနဲ့တော့ မရဘူးနော်၊ မင်းကို ငါတွေ့အောင် ရှာမယ် . . .

မင်းပုန်းနိုင်မလား၊ ပုန်း ပုန်းစမ်းကွာ၊ ငါရှာပြမယ်၊ ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ ချယ်ရီ အဟွန်း. . ."

စကားတွေဆိုရင် ထွေပြား၊ ငေါ်ပြူးတွေနှင့် သူရနိုင်သည် နောက်ဆုံးသံကုန်ခြစ်၍ အော်ပစ်လိုက်သည်။

ပြီးတော့ သူသည် ဒယီးဒယိုင်ဖြင့် တိုက်ကြီးထဲသို့ ဝင်ခဲ့လိုက်၏။

"ချယ်ရီ. .ချယ်ရီ. . ."

သူ့နှုတ်ကမူ အငြိုးကြီးစွာနှင့် အော်ဟစ်ခေါ်နေသည်ပါ။

"အဟင့် ဟင့် ဟင့်၊ ကိုသူရရယ်. .ကိုသူရထင်သလို မဟုတ်ပါဘူးကွယ်၊ တကယ်တော့ ဖေဖေစီစဉ်ခဲ့တာတွေက ကိုသူရ အတွက် ကောင်းဖို့ချည်းပါ၊ ဖေဖေ့ကိုအထင်မလွဲပါနဲ့၊ မစုလတ် ကိုလည်း အထင်မလွဲပါနဲ့၊ သမီးလေးချယ်ရီကိုလည်း အထင်မလွဲ ပါနဲ့ကွယ်၊ အဟင့် ဟင့် ဟင့်. . ."

အော်ဟစ်နေသည့် သူရနိုင်၏ အသံတွေကို ကြားနေ ရ၍ အခန်းထဲရှိနေသည့် ဒေါ်စုလတ်တစ်ယောက်မှာ စိတ်အား ငယ်ခြင်း၊ စိတ်ဆင်းရဲခြင်းများစွာဖြင့် တစ်ကိုယ်တည်း ငိုရှိုက်ကာ ဆိုနေဖြစ်ခြင်းပါ။

ထိုအခိုက် အခန်းတံခါးသည် ပွင့်လာပြီး အခန်းဝ၌ သူရနိုင် ပေါ်လာသည်။

သူရနိုင်အသွင်က မထေမဲ့မြင်၊ သရော်ရွှဲရှာနေသည့် အသွင်မျိုးပါ၊

ဒေါ်စုလတ်သည်လည်း မျက်ရည်တွေနှင့် သူ့ကိုထိတ်လန့် ကြောက်ရွံ့စွာကြည့်နေဖြစ်လေ၏။

"ဟွန်း. .ဟိုကမိဖုရားကြီးဆိုလား၊ သမီးတော်ကြီးဆိုလား၊





ရယ်ချင်လိုက်တာ၊ အံ့ဩတယ်ဗျာ၊ ပြောစမ်း. .ဘယ်ကနေ ခင်ဗျားတို့ ပေါ်ထွက်လာတာလဲ၊ ကျုပ်အသက်နှစ်ဆယ့်ခုနစ်နှစ်မှ ခင်ဗျားတို့ သားအမိပေါ်ထွက်လာတယ်၊ အစကဘယ်မှာစံမြန်းနေကြတာလဲ၊ သေခါနီးမှ ကျုပ်အဖေအိုကြီးကို ခင်ဗျားက လင်လာတော်တာလား"

"အဟင့် ဟင့် သူရနိုင်ရယ်၊ မောင်လေးပြောလည်း အစ်မက ခံရမှာပါ. . ."

"တော် တိတ်၊ ကျုပ်ကိုအစ်ရှိမသတ်နဲ့၊ ကျုပ်ကို မောင်လေး မခေါ်နဲ့၊ ခင်ဗျားတို့နဲ့ဘာမှမတော်ဘူး၊ ဒီမှာ ကျုပ်က ခင်ဗျားသမီးကို တွေ့အောင်ရှာပြီး ယူကိုယူမှာ၊ ကျုပ်ကိုယူမှ ကျုပ်စည်းစိမ်တွေကို ခင်ဗျားသမီးစံစားရမယ်မှတ်ပါ၊ ဘယ်မှာလဲ ခင်ဗျားသမီး၊ ပြော ပြောစမ်းပါ၊ ခင်ဗျားသမီးရှိတဲ့နေရာကိုပြောစမ်းပါ. . ."

"မစုလတ်လည်း မသိတာအမှန်ပါ သူရနိုင်ရယ်. . ."

"လိမ်တာ၊ အဲဒါလိမ်တာ. . ."

သူအော်ပစ်လိုက်သည်။ ဒေါ်စုလတ်သည် သည်းထန်စွာ ငိုရှိုက်ဖြစ်ရလေ၏။ သူသည်က စိတ်နာကြည်းစွာနှင့် တံခါးပေါက်တွင် ခါးထောက်ရပ်ရင်း. . .

"တကယ်ရင်နာတယ်၊ ဘာကြောင့် ကျုပ်အဖေက ဒီလို လုပ်တာလဲ၊ ကျုပ်တစ်ဦးတည်းပိုင်ဆိုင်ရမယ့် စည်းစိမ်တွေကို ခင်ဗျား သမီးလက်ထဲပုံအပ်သွားတယ်၊ ခင်ဗျားသမီးက လက်မှတ်ထိုးမှ ကျုပ်ကရမယ်တဲ့၊ ဒါသဘာဝကျရဲ့လား၊ ကျုပ်ကဘာဖြစ်နေလို့လဲ၊ ပြောစမ်းပါ ပြောစမ်းပါဗျာ. . ."

"အဟင့် ဟင့် ဟင့်. . ."

ဒေါ်စုလတ်မှာငိုရှိုက်ရင်း ခေါင်းကိုသာရမ်းနေဖြစ်ရလေ၏။ သူ့ကိုမူ ဒေါ်စုလတ် ဘာစကားမှုပြန်မပြောနိုင်ပါ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com

သူပြောနေသည့် စကားတွေက မှန်တော့လည်းမှန်သည်။ ဒါပေမယ့်လည်းခက်နေ၏။

"ခင်ဗျားမပြောဘူးမဟုတ်လား၊ ကောင်းပြီ၊ ကျုပ်ရအောင်ရှာမယ်၊ ခင်ဗျားကတော့ ဒီအခေါင်းကြီးထဲမှာပဲ သေနေပေါ့၊ သေ သေ သေ. .ခင်ဗျားဒီမှာပဲသေရမယ်၊ ဒိုင်း. . ."

"ဂလောက် ဂျောက်. . ."

သူ့ စကားအဆုံး ဒေါ်စုလတ်၏နှစ်ထပ်လုပ်ထားသည့် အခန်းတံခါးနှစ်ခုကို ကြမ်းတမ်းစွာဆောင့်ပိတ်ပစ်လိုက်ပြီး သော့ခလောက်ကြီးတွေနှင့်ခတ်ကာ ဝုန်းဒိုင်းထသော ခြေသံတွေနှင့် လှမ်းထွက်သွားလိုက်ပါတော့သတည်း။ ။





(သုံး)

"သူငယ်ချင်းရေ့ .မင်းစကားတွေနားထောင်ပြီး ကိုယ်တောင်မူးချင်ပြီ. . ."

"ခိုင်ဦး. .မင်းက ဆရာဝန်မို့ ကိုယ်ကတကယ်ပြောနေတာနော်၊ ကိုယ် မင်းနဲ့ ဆွေးနွေးနေတာ. . ."

"ဟုတ်ပါပြီ၊ ကိုယ်သိပါတယ်၊ မင်းက ချာတိတ် ချာတိတ်နဲ့ တစ်ချာတိတ်ထဲ ချာတိတ်နေလိုက်တာ၊ အဲဒီချာတိတ်က ဘာလဲ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား. . ."

"ယောကျ်ားလေးပါကွာ၊ မင်းကလည်း. .ဘာလဲ မင်းက ငါ့များ မိန်းကလေးတစ်ယောက်ကို ဆေးကုပေးနေတယ်လို့ ထင်လို့လား၊ စေတနာ ရေစီးကမ်းပြိုနေတယ်လို့ထင်ပြီး သရော်နေတာလား. . ."

"အဟွန်း ဟွန်း၊ မသိဘူးလေ၊ ကိုယ့်သူငယ်ချင်း ဒီတစ်ခါတော့ ချာတိတ်နဲ့ရူးနှမ်းလျှော့ပြီလို့ထင်နေတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါကွာ၊ ကိုယ်က ကိုယ့်ညီလေးနဲ့စာနာပြီး ကူညီတာပါ၊ ပြီးတော့ အခုသူ့ကိုကူညီထားတဲ့အိမ်ကလည်း သွေးမတော်သားမစပ်ဘဲနဲ့ကို တကယ်ကောင်းရှာတယ်. . ."

"ကဲ ထားပါတော့ကွာ၊ အခုမင်းပြောပုံဆိုရင် ဒီချာတိတ်က မကြာခဏခေါင်းကိုက်သလိုဖြစ်ပြီး သတိလစ်သွားတတ်တယ် ဟုတ်လား. . ."

"အင်း ဟုတ်တယ်. . ."

"သူ့ကိုမေးတော့လည်း ဘာမှမသိဘူး ဟုတ်လား. . ."

"ဟုတ်တယ်၊ သူ့ကြည့်ရတာလည်း သွေးအားမရှိသလို ဖျော့တော့တော့နဲ့၊ ချာတိတ်လေးက ငေးငေးငေါင်ငေါင်လို၊ အေးတိအေးစက်နဲ့ သနားစရာလေး၊ ကျန်းမာရေးကြောင့်လားတော့ မသိဘူး၊ ဒီချာတိတ်လေးကြည့်ရတာ ခပ်ဖျော့ဖျော့ပဲ. . ."

"အေးလေ ဒီလိုမျိုးပြောနေတော့မပြီးဘူး၊ ကိုယ် သူ့ကိုကြည့်ပြီး စစ်ဆေးမေးမြန်းကြည့်မယ်၊ ပြီးတော့ ရောဂါရှာဖွေပြီး စစ်ဆေးစမ်းသပ်ကြတာပေါ့. . ."

"ဒါဆို ကိုယ် သူ့ကိုအလုပ်အားရင် သွားခေါ်ထားမယ်၊ မင်းသေချာကုပေးနော်. . ."

"အေးပါကွာ၊ ဒါနဲ့ဆေးကုနေတဲ့အချိန်အတောအတွင်း မင်းအိမ်မှာပဲထားထားရမှာပေါ့. . ."

"အေးပေါ့၊ ကိုသောင်းတို့မောင်နှမကို ကူညီဖို့လည်း ကိုယ်ကတိပေးထားတယ်၊ တကယ်လို့ သူ့ကျန်းမာရေးကောင်းသွားရင် ကိုယ့်ကုမ္ပဏီမှာပဲ ပြန်ပြီးအလုပ်ပေးထားဖို့လည်း စိတ်ကူးထားတယ်၊ ကိုယ်လည်း လူယုံတစ်ယောက်ရတာပေါ့ သူငယ်ချင်းရာ. . ."

"အေးလေ၊ မင်းအပိုင်းမှာ မင်းအဆင်ပြေသလိုပဲလုပ်ပါ၊





ကဲ အခုပြော၊ မင်းဆီကို ကိုယ်ဘယ်နေ့ထပ်လာရမလဲ. . ."

"ချာတိတ်ကိုသွားခေါ်ပြီးရင် ကိုယ်ဖုန်းဆက်လိုက်မယ်"

"ကောင်းပြီ၊ ကဲ အခုကိုယ် သွားရှုသွားလိုက်ဦးမယ်၊ မင်းကော ကုမ္ပဏီမသွားဘူးလား. . ."

"အခုသွားမယ်၊ ဒီနေ့အစည်းအဝေးရှိတယ်. . ."

ငွေမြင့်လတ်နှင့် ဒေါက်တာခိုင်ဦးတို့စကားတွေဆိုရင်း တိုက်ထဲမှထွက်ခဲ့လိုက်ကြသည်။ ဆင်ဝင်အောက်အရောက်မတော့ သူတို့ကိုယ်စီ ကားပေါ်တက်ပြီး ကိုယ့်အလုပ်ဌာနတွေဆီ မောင်းထွက်ခဲ့လိုက်ကြလေ၏။

× × × × ×

မွန်းလွဲနှစ်နာရီအချိန်တွင် ကိုသောင်းတို့အိမ်သွားရန်အတွက် တိုက်ထဲမှ ငွေမြင့်လတ်ထွက်ခဲ့လိုက်သည်။ ဆင်ဝင်အောက်အရောက် ပန်းအိုးတစ်လုံးစောင်းနေသည်ကိုတွေ့၍ အလုကြိုက်သလောက် စည်းစနစ်ကြီးသည့် ငွေမြင့်လတ်သည် ပန်းအိုးတွေစီထားသည့်နေရာဆီ လှမ်းသွားပြီး ပန်းအိုးတွေကို ပြုပြင် ပြင်ဆင်လိုက်၏။ ငွေမြင့်လတ်တစ်ယောက် ပန်းအိုးတွေကိုပြင်ဆင်နေဆဲအချိန်၌ ခြံထဲသို့ ဒေါ်ခင်မာတစ်ယောက်လှမ်းဝင်လာ၏။ ဒေါ်ခင်မာသည် သမီးဖြစ်သူမေဇင်ကို ပြောပြထားကတည်းက ထိုခြံအကြောင်းကိုစိတ်ဝင်စားနေဖြစ်သည်က အမှန်ပါ။ စိတ်ဝင်စားရခြင်း၏အကြောင်းရင်းက မိမိသမီးလေးသည်လည်း အချိန်အခါအရွယ်လေးရောက်လာရပြီ မဟုတ်ပါလား။

သို့သော်လည်း ဒေါ်ခင်မာအနေနှင့် ညီအစ်ကိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



x

လေ့ကို လေ့လာရဦးမည်ဖြစ်သည်။ သမီးပြောပြထားသည့်အကြောင်း အရာတွေကိုတော့ ဒေါ်ခင်မာသဘောကျသည်ကအမှန်။ သို့သော်လည်း ဒေါ်ခင်မာသည် လောဘ၊ ဒေါသ၊ မောဟနှင့် တစ်ကိုယ်ကောင်းဆန် အတ္တကြီးမားသူပီပီ ညီအစ်ကိုနှစ်ယောက်ထဲကမှ ပို၍ အခွင့်အရေးသာသူနှင့် မိမိသမီးအား လမ်းဖွင့်ပေးရရေး ရည်ရွယ်ချက်ဖြင့် တစ်ဘက်ခြံသို့ ကိုယ်တိုင်ကူးလာဖြစ်ခြင်းပါတည်း။ ဒေါ်ခင်မာသည် ခြံထဲလှမ်းဝင်လာရင်း တစ်ခြံလုံးကိုပါ လေ့လာ သဘောကျစွာ ကြည့်ဖြစ်ရင်း . .

"ခြံကလည်းအကျယ်ကြီးပဲ၊ တိုက်ကြီးကလည်း အရမ်းလှတယ်၊ မိဘတွေမရှိကြတော့ဘူး၊ ပိုင်ဆိုင်တဲ့ညီအစ်ကိုက နှစ်ယောက်တည်းတဲ့၊ ကုမ္ပဏီလုပ်ငန်းစီးပွားရှင်တွေလည်း ဖြစ်ကြတယ်တဲ့၊ အင်း ဘာပဲဖြစ်ဖြစ် ငါ့သမီးလေးကိုတော့ ဒီညီအစ်ကိုနှစ်ယောက်ထဲက အသာဆုံးတစ်ယောက်နဲ့ ဖြစ်အောင်စီစဉ်ပေးရမှာပဲ . .

ငါ့သမီးလေးလည်း လှလှပပနဲ့ အရွယ်လေးရောက်လာပြီ၊ ငါ့သမီးလေးကို သဘောမကျတဲ့ယောကျ်ားဆိုတာ မျက်စိကန်းနေလို့ပဲ ဖြစ်ရမယ်၊ ဟင်း မွေးထားတဲ့သမီးလေးက သိပ်ကိုလှပတော့လည်း နည်းနည်းမှကို စိတ်မအေးရဘူး၊ ဘာပြောပြော အိမ်ကကိုအောင်မြင့်နဲ့လည်း ဘယ်လိုမှစိတ်မချရဘူး၊ ပထွေးကပထွေးပဲပေါ့၊ သမီးလေးလို့ သဘောထားပြီးချစ်ပါတယ်ပြောပေမယ့် ပထွေးဇာတိရုပ်က ပေါ်ထွက်လာမှာပဲ . . .

ဒီတော့ ငါ့သမီးလေးအတွက် မြန်မြန်လေးစီစဉ်ပေးရမယ်၊ ဒါမှ ငါလည်းစိတ်အေးရမယ်၊ ဒီခြံကညီအစ်ကိုနှစ်ယောက်မှာ ဘယ်သူက ဉပဓိရုပ်ကောင်းပြီး စီးပွားရေးကိုကိုင်ထားနိုင်တယ်ဆိုတာ ငါ့ အိမ်သစ်တက်ပွဲကိုလာတဲ့နေ့မှာ နှစ်ယောက်စလုံးကို ငါသေချာအကဲ





ခတ်ကြည့်ရမယ်၊ အင်း ဒီအိမ်သစ်တက်ပွဲလုပ်တယ်ဆိုတာကလည်း သမီးလေးအတွက် အဓိကလုပ်ပေးသလိုဖြစ်နေပြီ . . .

ဟော ဟိုပန်းအိုးတွေမှာ လူရွယ်တစ်ယောက်၊ ဒီခြံရှင်ပဲလား၊ ဒီခြံရှင်တော့ဖြစ်နိုင်တယ်၊ ညီအစ်ကိုနှစ်ယောက်ထဲက အကြီးလား အငယ်လားပဲ . . ."

ဒေါ်ခင်မာတစ်ယောက် ဒွေးမြင့်လတ်ကို လှမ်းမြင်လိုက်ပြီး အတွေးနှင့်ဆက်လှမ်းခဲ့သည်။ ထိုအခိုက်မင်း ဒွေးမြင့်လတ်သည်လည်း ကားရှိရာသို့ ပြန်လှည့်လာ၍ ဒေါ်ခင်မာကိုလှမ်းမြင်သွား၏။ ဒေါ်ခင်မာက အပြုံးနှင့်နှုတ်ဆက်သည်တွင် ဒွေးမြင့်လတ်သည်လည်း ပြုံး၍နှုတ်ဆက်လိုက်၏။

"ဒေါ်လေးက ဟိုဘက်ခြံကပါကွယ်၊ ဒေါ်ခင်မာလို့ ခေါ်ပါတယ် . . ."

"ဪ ဟုတ်လား ဒေါ်လေး၊ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်ကဒွေးမြင့်လတ်ပါ၊ ဒေါ်လေးလာတာ ဘာကိစ္စများလဲမသိဘူး . . ."

"ကိစ္စမဟုတ်ပါဘူးကွယ်၊ ဒေါ်လေးအိမ်သစ်တက်ပွဲ လာဖိတ်တာပါ၊ အလုပ်တွေကများတော့ ခုမှပဲအိမ်သစ်တက်မင်္ဂလာပွဲကို လုပ်ရမှာလေ၊ လာခဲ့နော်၊ ညီအစ်ကိုနှစ်ယောက်ရှိတယ်လို့ သမီးက ပြောပြတယ်၊ နှစ်ယောက်စလုံးလာခဲ့နော် . . ."

"ဪ ဟုတ်ကဲ့ ဒေါ်လေး၊ ကျွန်တော့်ညီနဲ့ဒေါ်လေးတို့ အရင်တွေ့သွားပြီနဲ့တူတယ် . . ."

"ဒေါ်လေးနဲ့တော့ မတွေ့သေးပါဘူးကွယ်၊ သမီးနဲ့တွေ့သွားတာ ါ၊ ဒေါ်လေးမှာက တစ်ဦးတည်းသောသမီးလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ခြံနားနီးချင်းကောင်းတွေနဲ့တွေ့ရလို့ သမီးကလည်း စိတ်ချမ်းသာနေရှာတယ်. . . ”

“ဒီလိုပါပဲ၊ အိမ်နီးချင်းဆိုတာကတော့ လိုအပ်တဲ့အခါ အရေးအကြောင်းရှိတဲ့အခါမှာ ဆွေမျိုးသားချင်းတွေ နောက်မှရောက်ပြီး အိမ်နီးနားချင်းတွေက အရင်ဆုံးရောက်ပြီး ကူညီကြရတာ ထုံးစံပါပဲဗျာ. . . ”

စကားပြောလည်းရည်မွန်၊ ဥပဓိရုပ်လည်း ချောမောခန့်ညားသည့် ရွှေမြင့်လတ်ကို ဒေါ်ခင်မာ သဘောကျမိသည်ကအမှန်။

“အဟင်း ဟင်း အိမ်နီးချင်းကောင်းနဲ့တွေ့ရင် ခင်ရာဆွေမျိုးလည်း ဖြစ်သွားကြတာပါပဲကွယ်. . . ”

“ဟုတ်ကဲ့ ခင်ဗျာ. . . ”

“ကဲ ဒေါ်လေးလာဖိတ်တာပါ၊ ညီအစ်ကိုနှစ်ယောက်လုံး မနက်ဖြန်ကိုဆက်ဆက်လာဖြစ်အောင် လာခဲ့ကြပါနော်၊ လူလည်းသိမ်မများပါဘူး၊ ဒါကြောင့်လည်း ဖိတ်စာတွေဘာတွေမလုပ်ဘဲ ကိုယ်တိုင်ပဲလာဖိတ်တာပါ. . . ”

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့လာခဲ့ပါမယ်၊ ညီလေးကိုလည်း ကျွန်တော်ပြောပြလိုက်ပါမယ်၊ ရအောင်လည်းခေါ်ခဲ့ပါမယ်”

“ကျေးဇူးပါပဲကွယ်၊ ကဲ ဒါဆို ဒေါ်လေးကိုသွားခွင့်ပြုဦးနော်. . . ”

“ဟုတ်ကဲ့ခင်ဗျာ. . . ”

နှုတ်ဆက်ပြီး ဒေါ်ခင်မာထွက်သွားလိုက်သည်။ ရွှေမြင့်လတ်သည်လည်း ချာလီကိုခေါ်ရန် ကိုသောင်းတို့အိမ်သို့ ကားမောင်းထွက်ခဲ့လိုက်လေ၏။

× × × × ×





ရွှေမြင့်လတ်မောင်းလာသောကားသည် ဆင်ဝင်အောက်၌ ညင်သာစွာရပ်သွားပြီဖြစ်၏။ ကားစက်ကိုသတ်ပြီး ရွှေမြင့်လတ်သည် ချာလီ့ဘက်ငဲ့ကြည့်လိုက်တော့ ချာလီသည်ညှိုးငယ်သောမျက်နှာနှင့် ငေးမောနေသည်ကို တွေ့လိုက်ရလေ၏။ ရွှေမြင့်လတ်သည် တစ်ချက်ပြုံးပြီး ကားပေါ်မှဆင်းလိုက်သည်။ ပြီးတော့ ချာလီ့အတွက် ကားတံခါးကိုဖွင့်ပေးလိုက်ရင်းက. . .

“ချာလီ. . အိမ်ရောက်ပြီလေ၊ ဒါကိုကိုကြီးရဲ့အိမ်ပဲ၊ ချာလီနဲ့ အိမ်သားတွေနဲ့ မိတ်ဆက်ပေးမယ်၊ ကိုကိုကြီးမှာလည်း ညီလေးတစ်ယောက်ရှိတယ်၊ ချာလီထက်တော့ နှစ်နှစ် သုံးနှစ်လောက်ကြီးမယ်၊ လာ ချာလီ. . ဆင်းတော့နော်၊ အိမ်ထဲဝင်ကြရအောင်. . ”

သူ့ဆိုတော့ ကျောပိုးအိတ်လေးကိုလွယ်ပြီး ကားပေါ်မှ ချာလီ ဆင်းလိုက်သည်။ ရွှေမြင့်လတ်သည် ချာလီ့လက်နုနုလေးကို ဆွဲကိုင်ပြီး အိမ်ထဲသို့ဝင်ခဲ့၏။

“ကိုကိုရွှေတို့ပြန်ရောက်ပြီလား၊ အတော်ပဲ ညစာစားဖို့စောင့်နေတာ. . ”

“နေဦး ညီ၊ ကိုကိုရွှေ ညီနဲ့မိတ်ဆက်ပေးရဦးမယ်. . ”

အစ်ကိုဖြစ်သူကဆိုတော့ ချာလီ့ထံ အေးမြင့်လတ်သည် ပြုံး၍ကြည့်လိုက်သည်။ အေးမြင့်လတ်အပြုံးက ယောကျ်ားဖြစ်ပြီး ခပ်ပျော့ပျော့လေးဖြစ်နေသည့် ချာလီကို ကျီစယ်စ,နောက်လိုက်သည့် အပြုံးမျိုးပါ။

“ချာလီ. . ဒါလေ ကိုကိုရွှေရဲ့ညီလေး အေးမြင့်လတ်တဲ့၊ ချာလီထက်တော့နည်းနည်းကြီးမယ်၊ ချာလီက ကိုကိုလေးလို့ ခေါ်ပေါ့နော်. . ”

“ချာလီတဲ့လား၊ အင်း မင်းကတော့ နာမည်နဲ့လိုက်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



သွား ကြည့်လိုက်ကတည်းကကို ချာနေပြီ၊ ယောက်ျားဖြစ်ပြီး သိပ်နဲ့နေတယ်၊ ကိုကိုဌေးရေ. .ချာလီ့ကို တခြားဆေးမကုခင် ဟိုမုန့်ဆေးသာအချိန်မီထိုးပေးပေတော့ အဟွန်း ဟွန်း. . ."

"ကိုအေးကလည်းကွာ၊ ချာလီ့ကိုမနောက်ပါနဲ့၊ ချာလီက မကျန်းမာသေးလို့ပါ၊ ချာလီ. .ကိုလေးကို စိတ်မဆိုးနဲ့နော်၊ သူက ဒီလိုပဲစတတ်တယ်. . ."

ချာလီ ပြုံးလိုက်သည်။ ချာလီ့အပြုံးက ယဲ့ယဲ့လေး။

"ကဲပါ ချာလီရာ၊ ကိုယ်ကအလကားစ,တာပါ၊ ကဲ လာ ကိုကိုဌေးရော ချာလီပါ ထမင်းစားကြရအောင်၊ ပြီးမှစကားပြောတာပေါ့၊ ထမင်းစားရင်း စကားပြောလည်းရပါတယ်၊ ချာလီ လာ. ."

အေးမြင့်လတ်ဆိုရင်း ချာလီ့ပုခုံးဆီဖြတ်ခနဲပုတ်လိုက်သည်။ ချာလီမှာ ကိုယ်လေးပင်ယိမ်းယိုင်သွားသည်ကို ကြိုးစားထိန်းလိုက်ရပြီး အပြုံးလေးနှင့် နောက်မှလိုက်သွားလိုက်၏။ ဌေးမြင့်လတ်သည်လည်း မိမိညီနှင့် ချာလီတို့အဆင်ပြေနေသည်ကိုကြည့်ပြီး ပြုံး၍ ထမင်းစားခန်းထဲသို့ဝင်ခဲ့လိုက်ကြ၏။ ထမင်းစားခန်းထဲအရောက်မတော့ သူတို့အားလုံးထမင်းစားရင်း စကားစမည်ပြောသည်။ ချာလီကမူ အေးဆေးသူလေးပီပီ စကားနည်းနေ၏။

"ချာလီ. .များများစားကွာ၊ ဒါမှမင်းအားရှိပြီး ကျန်းမာလာမှာ၊ အခုကြည့်စမ်း ချာလီယောက်ျားဖြစ်ပြီး ကျားကျားယားယားကို မရှိဘူး၊ စားကွာ များများ. . ."

အေးမြင့်လတ်ဆိုရင်း ချာလီ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။ ချာလီမှာ အေးမြင့်လတ်ထံကြည့်ကာပြုံးရင်း. . .

"ချာလီ စားပါ့မယ်၊ တကယ်အများကြီးစားမှာပါ၊ ချာလီ နေမကောင်းဖြစ်ကတည်းက အစာအိမ်ကကျဉ်းသွားတယ်နဲ့





တူပါတယ်. . ."

"ကဲ ချာလီရယ်၊ မင်းစားဝင်သလောက်သာ စားပါကွာ၊ အစ်ကို့ညီက မင်းကိုကြည့်ပြီးအားမရလို့ ပြောတာပါ၊ ကဲ စား၊ စားပြီးရင် ဟိုတစ်ခေါက်က ချာလီအိပ်သွားတဲ့အခန်းမှာပဲ ပြန်နေဖို့လုပ်ပေးထားတယ်၊ ချာလီ အနားယူလိုက်ပေါ့. . ."

"ဟုတ်ကဲ့ ကိုကိုဌေး. . ."

ထမင်းစားရင်း စကားတွေဆိုရင်းဖြင့် သူတို့ထမင်းစားပြီးသွားကြသည်။ ထမင်းစားပြီးတော့ ဧည့်ခန်းတွင် အချိုပွဲဆက်စားသည်။ ချာလီက အနားယူချင်ပြီမို့ အချိုပွဲမစားတော့ဘဲ အပေါ်ထပ်တက်သွားတော့မည်အပြု. . .

"ချာလီ. .ဒီမှာသစ်သီးတွေမစားတော့ဘူးလား. . ."

"ချာလီ မစားတော့ဘူး အစ်ကိုလေး၊ ချာလီအစာစားတာများသွားလို့ အနားယူချင်တယ်. . ."

"ကောင်းပြီ၊ ချာလီ သွားအနားယူလိုက်ပါ. . ."

ဌေးမြင့်လတ် ဝင်ဆိုသည်။ ချာလီ အပေါ်ထပ်တက်သွားသည်တွင် ဌေးမြင့်လတ်သည် သူငယ်ချင်းဖြစ်သူ ဒေါက်တာခိုင်ဦးဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။ အေးမြင့်လတ်သည်က အချိုပွဲကို အေးဆေးစွာစားရင်း စိတ်တွင်တစ်ဘက်ခြမ်းမှ မိန်းမချောလေးကို သတိရမြင်ယောင်ကာ ပြုံး၍နေဖြစ်လေ၏။ အောက်ထပ်တွင် ဌေးမြင့်လတ်နှင့် အေးမြင့်လတ်တို့ညီအစ်ကိုနှစ်ယောက်မှာ ကိုယ့်ကိစ္စတွေနှင့်ကိုယ် ရှိနေခဲ့အချိန်များ၌ အပေါ်ထပ်တွင်ကား. . .

ချာလီသည် အပေါ်ထပ်ရောက်သည်နှင့် အခန်းတံခါးကို သော့ချပိတ်ပြီး ရေမိုးချိုးလိုက်သည်။ ရေချိုးပြီးသည်နှင့် ချာလီသည်



www.burmeseclassic.com

www.burmeseclassic.com



တဘက်လေးကိုပိတ်ပြီးထွက်ခဲ့သည်။ ပြီးတော့ မှန်တင်ခုံရှေ့တွင် ရပ်လိုက်သည်မတော့ မို့မောက်သောရင်နှင့် ဖြူဝင်းနုစိုနေသော အသားသည် မှန်ထဲ၌ဖုံးဖိမရအောင် ထင်ရှားပေါ်လွင်နေရလေသည်မဟုတ်ပါတကား။ မှန်သည်။ တကယ်တော့ ချာလီသည် အမို့အမောက် အရှိုက်အဝှမ်းတို့နှင့် ကောက်ကြောင်းညီညွတ်စွာ ပြည့်စုံလှပချောမွေ့လွန်းသည့် မိန်းကလေးချင်းပင်ငေးမောရလောက်သည့် ပြစ်မျိုးမှ မထင် မိန်းမချောလေးတစ်ဦးပင် မဟုတ်ပါတကား။

"ချာလီ–ညီမလေး. .ဂရုစိုက်နော်၊ ဘယ်တော့မှ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကိုမသိစေနဲ့၊ မရိပ်မိစေနဲ့၊ အစ်မက စေတနာနဲ့ မှာလိုက်တာပါကွယ်၊ ချာလီက ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိသေးဘူး မဟုတ်လား၊ ကိုယ့်အန္တရာယ်ကို ကိုယ်ကာကွယ်တဲ့အနေနဲ့ ပိပိရိရိ နေနော် ချာလီ. . ."

"ညီမလေး ချာလီ. .အစ်ကိုတို့လည်း အားတယ်ဆိုရင် ချာလီ့ဆီလာလည်ကြမှာပါ၊ အစ်ကိုတို့ထက်စာရင် သူတို့ကပိုပြီး ပြည့်စုံလို့ အစ်ကိုလွှတ်ရတာပါကွယ်၊ ပြီးတော့ အခုမှပဲ ချာလီ့ နာမည်လေးကလည်း ပိုပြီးအဆင်ပြေတော့တယ်၊ အစ်ကိုတို့ပေးတဲ့ ကောက်ရဆိုတဲ့နာမည်က သိပ်မနိပ်ပါဘူး. . ."

ကိုသောင်းနှင့်မမိုးတို့ပြောလိုက်သည့် စကားတွေကို ကြားယောင်ရင်း ချာလီသည် အဝတ်တွေကိုမြန်မြန်ဝတ်လိုက်သည်။ တစ်ဆက်တည်းလည်း မိမိ၏အတွင်းခံဘော်လီလှလှလေးတွေကို ချာလီသည် ဘီဒိုအတွင်းခပ်ကျကျနေရာလေးတွင် ဝှက်ထားပြီး ဘီဒိုကို သော့ခတ်ထားလိုက်၏။ သည့်နောက် ချာလီသည် အိပ်ယာဝင်ပော့မည်မို့ မှန်တင်ခုံရှေ့တွင်ပြန်ရပ်ပြီး စွပ်ထားသည့် ယောကျာ်းလေး





ခေါင်းပုံဆံပင်တုကို ဆွဲချွတ်လိုက်သည်။ ထိုအခါ ကျောလယ်ခန့်ရှိသည့် ချာလီ၏ပိုးသားဆံနွယ်များသည် အိဝဲကာပြေဆင်းကျလာကြရလေ၏။

ချာလီသည် ကြေးမုံပြင်ထဲမှ လှပဝင်းဖန့်ကာ ချောမွေ့ နုနယ်လွန်းသည့် မိမိပုံရိပ်ကလေးဆီကြည့်ပြီး အပြုံးဖျော့ဖျော့လေးပြုံးလိုက်သည်။ ပြီးတော့ မိမိဆံနွယ်လေးတွေကိုနမ်းရှုက်၏။ ပြီးမှ ချာလီသည် အရေးအကြောင်းဆိုလျှင် မိမိအတွက်ပြင်ဆင်ထားရမည့် ပြင်ဆင်မှုတွေကို ပြင်ဆင်လိုက်၏။ အရေးဆိုလျှင် ဆံပင်တုကိုဆွဲစွပ်ဖို့ မိမိအိပ်သည့်ခေါင်းရင်းနားတွင်ပင် အသင့်ထားလိုက်သည်။ ပြီးတော့ မနက်ရေမိုးချိုးပြီးလျှင်ဝတ်ဖို့ အရောင်ရင့်ရင့်တီရှပ်မှုပ္ပလေး တစ်ထည်နှင့် ဘောင်းဘီရှည်တစ်ထည်ကို အသင့်ထားသည်။ ပြီးတော့ ဝတ်ရမည့်အတွင်းခံတွေကိုတော့ ချာလီသည် ဘီဒိုအောက်ဆုံးတွင် အသင့်ထားထားပြီး ရင်စည်းသည့် ပုဝါပိုင်းကိုလည်း အတွင်းခံတွေနှင့်အတူ အသင့်ထားထားလိုက်၏။

ထို့နောက်မတော့ ချာလီသည် ပေါ့ပါးသောညဝတ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်လိုက်ပြီး စိတ်ရောကိုယ်ပါ လွတ်လပ်ခြင်းတွေဖြင့် အိစက်သောအိပ်ယာတွင် လဲလျောင်း အနားယူဖြစ်လိုက်ပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## (လေး)

ညကတည်းက စီစဉ်ပြင်ဆင်ထားသည့်အတိုင်း ချာလီသည် အိပ်ယာမှနိုးသည်နှင့် ရေမိုးချိုးအဝတ်တွေကို သေချာကျနစွာ လဲလိုက်သည်။ ပြီးတော့ ချာလီသည် မှန်ရှေ့တွင်ရပ်ကာ ကျောလည်ခန့်ရှိသည့် ဆံပင်တွေကိုခေါက်ပြီး ယောကျ်ားခေါင်းပုံစံဆံပင်တုကို ခေါင်းတွင်စွပ်လိုက်၏။ ပြီးတော့ မှန်ထဲကြည့်ပြီး ချာလီပြုံးသည်။ ခုတော့လည်း ချာလီသည် ချောချောနုနုလေးနှင့် ခပ်ပျော့ပျော့ကောင်လေးတစ်ယောက်လိုပုံစံမျိုး ဖြစ်သွားရသည်မဟုတ်ပါလား။ သည့်နောက် ချာလီမှန်ထဲသေချာကြည့်ပြီး မိမိကိုယ်မိမိစစ်ဆေးသည်။ ပြီးမှ ချာလီသည် အခန်းထဲမှထွက်ခဲ့လိုက်၏။

အခန်းထဲမှထွက်ခဲ့ကတည်းက လှပသန့်ရှင်းလွန်းသည့်တိုက်ကြီးကို ချာလီကြည့်ဖြစ်ခဲ့သည်။ အပေါ်ထပ်မှ ဘုရားခန်းထဲလည်း ချာလီဝင်ကြည့်သည်။ အပေါ်ထပ်ဧည့်ခန်းကိုအဖြတ် ချာလီသည် ခေါင်းကိုက်သလိုဖြစ်လာ၍ စိတ်ကိုထိန်းကာလျှောရင်း လှေကားဆီသို့အရောက်လှမ်းခဲ့၏။ လှေကားမှအောက်ထပ်သို့ ချာလီ ဆင်းခဲ့သည်။ လှေကားထစ်များမှအဆင်း အောက်ထပ်ဧည့်ခန်းဆီ ချာလီ





ကြည့်သည်။ တစ်တိုက်လုံး မည်သူ့ကိုမျှမတွေ့၊ အောက်ထပ်အနောက်နာရီကိုကြည့်တော့ ခုမှခြောက်နာရီခွဲပင်ရှိသေးသည်ကို တွေ့ရ၏။

"ဟင် ချာလီ. .အစောကြီးနိုးနေတယ်၊ ညကအိပ်မပျော်လို့လား. . ."

"ဪ ဒေါ်ဒေါ်. .အိပ်ပျော်ပါတယ်၊ ချာလီအစောကြီးနိုးကျင့်ရှိနေလို့ပါ၊ ကိုကိုဌေးနဲ့ အစ်ကိုလေးကော မနိုးကြသေးဘူးနဲ့တူတယ်. . ."

"နိုးကြပါပြီကွယ်၊ ညီအစ်ကိုနှစ်ယောက်စလုံး လမ်းထွက်လျှောက်ကြတယ်၊ သူတို့က ကျန်းမာရေးလိုက်စားကြတယ်၊ ကဲ ချာလီ့အတွက် အဒေါ်မနက် ကော်ဖီသွားပြင်ပေးမယ်နော်. . ."

"အဒေါ် ရတယ်၊ ကိုကိုဌေးတို့ပြန်လာမှပဲ သူတို့နဲ့အတူသောက်မယ်၊ အခု ချာလီ ခြံထဲခဏဆင်းလိုက်ဦးမယ်. . ."

"အေး အေး. .ချာလီ့သဘောပါကွယ်. . ."

ဒေါ်ချစ်တစ်ယောက်ဆိုရင်း မီးဖိုချောင်ဘက်ပြန်ဝင်သွားသည်တွင် ချာလီသည်လည်း ခြံထဲသို့ဆင်းခဲ့လေ၏။ မိန်းကလေးသဘာဝခြံထဲမှပန်းအလှတွေဆီကြည့်ပြီး ချာလီ ကြည်နူးနှစ်သက်မိသည်။ ပြီးတော့ ပန်းကလေးတွေဆီကြည့်ရင်း ချာလီသည် ကိုယ်နှင့်စိတ် ကင်းကွာသွားသလို ငေးမောသွားဖြစ်လေ၏။ မှန်သည်။ ချာလီသည် တွေဝေကာငေးမောနေဆဲပင် ခြံထဲသို့ ဌေးမြင့်လတ်နှင့် အေးမြင့်လတ်တို့ ဝင်ရောက်လာကြလေ၏။

"ချာလီ. . ."

ဌေးမြင့်လတ်ရော အေးမြင့်လတ်ပါ ချာလီ့ကိုတွေ့သည်တွင် ပြိုင်တူခေါ်ရင်း ချာလီ့ထံ ပြေးသွားလိုက်ကြသည်။ ချာလီသည်က



www.burmeseclassic.com

www.burmeseclassic.com



မည်မျှအထိတွေးတော ငေးမောနေသည်မသိ၊ ဒွေးမြင့်လတ်တို့ အနား ရောက်လာသည်အထိ ချာလီမသိဘဲဖြစ်နေ၏။ ဒွေးမြင့်လတ်ရော အေးမြင့်လတ်ပါ ချာလီ့မျက်နှာလေးဆီ ကြည့်နေမိကြသည်။ ချာလီ့ မျက်နှာလေးသည် ကိုယ်နှင့်စိတ်ပဲကင်းကွာနေသလို ငေးမောနေသည် ကိုတွေ့ရ၍ ဒွေးမြင့်လတ်သည် ချာလီ့ပုခုံးလေးဆီ သိုင်းဖက်လိုက် ပြီး . . .

"ချာလီ. . ."

"ဟင်. .အာ. . ."

ရုတ်တရက် ချာလီ အသိဝင်လာသလိုနှင့် ဒွေးမြင့်လတ် လက်ထဲမှ ရုန်းထွက်လိုက်သည်။ ဒွေးမြင့်လတ်နှင့် အေးမြင့်လတ် တို့မှာ ရုတ်တရက် ကြောင်သွားဖြစ်ရင်းမှ . . .

"ချာလီ လန့်သွားတာလား. . ."

"ဪ အင်း ရုတ်တရက်ဆိုတော့လေ. . ."

"အဟွန်း ဟုတ်တာပေါ့၊ ချာလီ ဘာတွေတွေးနေလဲ. ."

"မသိပါဘူးဗျာ၊ ရောက်တတ်ရာရာပါပဲ. . ."

"ချာလီ. .ညကအိပ်ပျော်ရဲ့လား. . ."

"ဟုတ်ကဲ့ အိပ်ပျော်ပါတယ်. . ."

"ကဲ ကဲ စကားနောက်မှပြော ဗိုက်ဆာပြီ၊ စားရင်းပြောကြ လည်း ဖြစ်ပါတယ်၊ လာ ချာလီ. .ကိုယ်တို့အိမ်ထဲဝင်ကြရအောင်"

အေးမြင့်လတ်ဝင်ဆိုရင်း ချာလီ့ပုခုံးကိုဖက်၍ အိမ်ထဲလှမ်း ဝင်တော့ ချာလီသည် ရုန်းဖယ်မည်ပြုပြီးမှ အလိုက်သင့်ကလေးနေရင်း အင်တင်တင်နှင့်လိုက်ပါသွားလိုက်ရပါတော့၏။

"ချာလီရေ. .ကိုယ်တို့ရေတက်ချိုးလိုက်ဦးမယ်၊ ချာလီ





ထမင်းစားခန်းထဲမှာစောင့်နေနော်. . ."

အေးမြင့်လတ်ဆိုရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။ ချာလီ့ကို ညိုဖြစ်သူကခင်းမင်နေသည်ကိုကြည့်ပြီး ဒွေးမြင့်လတ်သည် လည်း ပြုံး၍ အပေါ်ထပ်သို့တက်သွားလိုက်လေ၏။ တစ်အောင့်ခန့် ကြာသည်တွင် ညီအစ်ကိုနှစ်ယောက်ရေချိုးအဝတ်လဲပြီး အောက်ထပ် သို့ ဆင်းခဲ့သည်။ ပြီးတော့ ထမင်းစားခန်းထဲတွင်ပြန်ဆုံကာ မနက်စာ စားရင်း စကားတွေပြောဖြစ်ကြ၏။

"ချာလီ. .ညကအိပ်ပျော်ရဲ့လား. . ."

"ဟုတ်ကဲ့ အိပ်ပျော်ပါတယ် ကိုကိုဒွေး. . ."

"နိုးနေတာကြာပြီလား၊ ဘာလို့အစောကြီးနိုးနေလဲ၊ အေးအေး ဆေးဆေးအိပ်နေရောပေါ့. . ."

"ချာလီက အကျင့်ဖြစ်နေလို့ပါ ကိုကိုဒွေး. . ."

"ဒါနဲ့ ကိုကိုဒွေး .ဒီနေ့ကိုခိုင်ဦးလာမယ်မဟုတ်လား. ."

"ဟုတ်တယ်၊ တစ်အောင့်ကြာရင်လာမယ်၊ ကိုအေးပဲ ကုမ္ပဏီ အရင်သွားနှင့်နော်၊ နောက်မှကိုယ်လိုက်လာမယ်၊ ဪ ကိုအေး ကိုပြောဖို့မေ့နေတယ်၊ ဒီညနေ ဟိုဘက်ခြံကိုသွားရမယ်. ."

"ဟင် ဟုတ်လား. . ."

ဟိုဘက်ခြံဆိုသဖြင့် အေးမြင့်လတ် စိတ်ဝင်စားသွားသည်က မြန်။ ညီဖြစ်သူ၏မျက်လုံးတွေဆီကြည့်ပြီး ဒွေးမြင့်လတ်သည် ချာလီမှ ပြုံးဖြစ်ရင်း. . .

"စိတ်ဝင်စားသွားတယ်မဟုတ်လား၊ ကိုကိုမနေ့ကပြောဖို့ မေ့နေတယ်၊ ဟိုဘက်ခြံက အိမ်သစ်တက်မင်္ဂလာပွဲ လာဖိတ်ထား တယ်၊ ဒီညနေသွားရမယ်. . ."

"ဪ ဒါကြောင့် မနက်တုန်းက ဘုန်းကြီးတွေပြန်ကြသွား



www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့တာကိုး. . ."

"အင်း၊ ချာလီ ပြီးပြီလား. . ."

"ဟုတ်ကဲ့. . ."

စကားတွေပြောရင်း မနက်စာစားပြီးသွားကြသည်။

"ကိုကိုဌေး. .ကျွန်တော်အလုပ်သွားနှင့်မယ်. . ."

"ကောင်းပြီ. . ."

"တီး တီး. . ."

"ဟော ကိုကိုဌေး. .ကိုခိုင်ဦးရောက်လာပြီနဲ့တူတယ်"

"ဟုတ်တယ်၊ လာ ချာလီ. . ."

ဌေးမြင့်လတ်ဆိုရင်း ချာလီလက်ကိုပါဆွဲခေါ်ရင်း သူတို့အားလုံး ထမင်းစားခန်းထဲမှ ထွက်ခဲ့လိုက်ကြသည်။ ဧည့်ခန်းထဲအရောက်မတော့ ဧည့်ခန်းထဲဝင်လာသည့် သူငယ်ချင်းဖြစ်သူ ဒေါက်တာခိုင်ဦးကိုတွေ့လိုက်ကြရ၏။

"လာ သူငယ်ချင်း. .ကော်ဖီသောက်မလား၊ တစ်ခုခု ဘာစားမလဲ. . ."

"ခုပဲစားပြီးထွက်လာတာ၊ ကိုဌေးတို့ရော စားပြီးကြပြီလား"

"ခုပဲပြီးတယ်. . ."

သူတို့ဆိုရင်း ဆိုဖာများတွင်ထိုင်ဖြစ်ကြသည်။ အေးမြင့်လတ်တစ်ယောက်သာ ဝင်မထိုင်တော့ဘဲ. . .

"ကိုခိုင်ဦးရေ. .ကျွန်တော့်ကိုတော့ ခွင့်ပြုဦးနော်၊ ကိုကိုဌေးကိုယ်စား ကျွန်တော်အရင်သွားနှင့်ရမှာမို့ပါ. . ."

"သွားပါဗျာ၊ သွားပါ. . ."

အားလုံးကိုနှုတ်ဆက်ပြီး အေးမြင့်လတ်ထွက်သွားသည်တွင် ဧည့်ခန်းထဲ၌ ဌေးမြင့်လတ်၊ ဒေါက်တာခိုင်ဦးနှင့် ချာလီတို့သာ





ကျန်ခဲ့ရင်း စကားတွေဆက်ပြောဖြစ်၏။

"ခိုင်ဦး. .ဒါကိုယ်ပြောတဲ့ညီလေး ချာလီပဲ. . ."

"အင်း၊ တွေ့ရတာ ဝမ်းသာပါတယ် ချာလီ၊ ကိုယ်က ခိုင်ဦးပါ. . ."

"ချာလီလည်းတွေ့ရတာ ဝမ်းသာပါတယ်. . ."

"ချာလီ. .ခိုင်ဦးက ဆရာဝန်လေ၊ ဒါကြောင့် ချာလီ့မှာရှိတဲ့ ဝေဒနာတွေကို ကုသစစ်ဆေးဖို့ အကူအညီတောင်းထားတာ"

"အားနာစရာကြီး၊ ချာလီကဘာဖြစ်နေလို့လဲ ကိုကိုဌေးရယ်၊ ချာလီနေကောင်းနေတာပဲ. . ."

"မဟုတ်ဘူးလေ၊ ချာလီခေါင်းကိုက်ပြီး သတိလစ်တဲ့ဝေဒနာခံစားနေရတာတွေအားလုံး ခိုင်ဦးက စစ်ဆေးပေးမှာ. . ."

"ဟုတ်တယ် ချာလီ၊ ချာလီကြည့်ရတာလည်း သိပ်အားနည်းနေတဲ့ပုံမျိုးပဲ၊ ဖြူဖတ်ဖြူလျော်နဲ့ နှုတ်ခမ်းတွေလည်းဖြူနေတယ်၊ နဂိုကတည်းက လူပုံစံကန့်ပါတယ်ဆိုမှ ဖြူဖတ်ဖြူရော်ဖြစ်နေတော့ ပိုဆိုးတာပေါ့. . ."

"ဘာဖြစ်ဖြစ်ပေါ့ ချာလီရယ်၊ အနည်းဆုံးတော့ ချာလီ သွေးအားကောင်းပြီး ကျန်းမာလာဖို့လိုအပ်တာတော့ အမှန်ပဲမဟုတ်လား၊ ဒဲ ပြောနေကြပါတယ်၊ ခိုင်ဦး. .ကိုယ့်စာကြည့်ခန်းထဲသွားပြီး ချာလီ့ကိုစစ်ဆေးစမ်းသပ်လို့ရပါတယ်၊ လာ ချာလီ. . ."

ဌေးမြင့်လတ်ဆိုရင်း ချာလီ့လက်ကိုဆွဲခေါ်ခဲ့သည်။ နောက်မှ ခိုင်ဦးသည်လည်း ဆေးအိတ်ဆွဲကာ လိုက်ပါလာခဲ့၏။ စာကြည့်ခန်းထဲအရောက်မတော့ ချာလီကိုအိပ်ယာတွင်လှဲအိပ်စေပြီး ဒေါက်တာခိုင်ဦးက ချာလီအား အဖျားရှိမရှိနှင့် သွေးပေါင်ချိန်မှန်မမှန်ကို ချိန်

www.burmeseclassic.com



သည်။ မျက်လုံးတွေဖြဲကြည့်ပြီး လှျာကိုထုတ်ခိုင်းကြည့်သည်။ ပြုံးမှုး

"ကဲ ချာလီ. .ထလို့ရပါပြီ၊ သက်တောင့်သက်သာနေပါ

ဘာပြောပြော ချာလီအနားတော့ကောင်းကောင်းယူရလိမ့်မယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ချာလီ တော်တော်လေးသွေးအားနည်းနေတယ်၊ အားဆေးတွေလည်း စားရမယ်၊ အခု ချာလီနေရတာဘယ်လိုလဲ၊ ခေါင်းထဲမကြည်လင်ဘူးမဟုတ်လား. . ."

"ဟုတ်တယ် ဒေါက်တာ၊ ချာလီ့ခေါင်းထဲမှာ တစ်ခါတလေ ကြပ်သိပ်ပြီး ရှုပ်ထွေးနေသလိုဖြစ်ပြီး တစ်ခါတလေတော့ ခေါင်းမူး တယ်၊ တစ်ခါတလေလည်း သိပ်ခေါင်းကိုက်လာတယ်. . ."

"ဟုတ်တာပေါ့၊ ဒါကြောင့် ချာလီအနားယူရမယ်၊ ဆေးမှန် မှန်သောက်ရမယ်၊ အိပ်ရေးဝဝအိပ်ရမယ်၊ ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့ပါ ဒေါက်တာ. . ."

"ကဲ အခု ချာလီ သွားနားတော့နော်. . ."

"ဟုတ်ကဲ့. . ."

ဒေါက်တာခိုင်ဦးဆိုရင်း ချာလီ့ကိုအခန်းထဲမှ ထွက်သွားခိုင်း လိုက်သည်။ ချာလီထွက်သွားသည်တွင် ဌေးမြင့်လတ်နှင့် ဒေါက်တာ ခိုင်ဦးသည် စာကြည့်ခန်းထဲတွင်ပင် စကားတွေဆက်ပြောဖြစ်၏။

"ခိုင်ဦး. .ချာလီ့ရောဂါက ဘာလဲ. . ."

"စမ်းသပ်ရသလောက်တော့ အားနည်းနေတာကလွဲရင် ကောင်းပါတယ်၊ အဲ မင်းပြောတဲ့အတိုင်း သူ့ကိုမေးရင် ဘာမှမသိ ဘူးဆိုတာကတော့ သူ့မှာအတိတ်မေ့ရောဂါဖြစ်နေလို့ပဲဖြစ်မယ်၊ ဒါမှ မဟုတ်လည်း သူ့အတိတ်ကို ဖုံးကွယ်ထားချင်လို့ပဲဖြစ်မယ်. . ."

"ဟင် ဟုတ်လား. . ."





"ကိုယ်ကြည့်တာတော့ မင်းတို့ပြောတဲ့စကားတွေမှန်ရင် ချာလီဟာ အတိတ်မေ့နေတာသေချာတယ်၊ ကြည့်ရတာ ချာလီ့ အသွင်လေးဟာ တစ်မျိုးဖြစ်နေတာတော့အမှန်ပဲ. . ."

"အင်း. .ကိုသောင်းတို့ပြောပြချက်အရ မင်းရဲ့သုံးသပ်ချက် အတိုင်းဆိုရင်တော့ ချာလီဟာတကယ်ပဲ အတိတ်မေ့နေတယ် ထင် တယ်၊ ဒါကြောင့်သာ သူ့ကိုဘာမှမေးလို့မရတာပေါ့၊ သူ့ပုံစံကြည့်ရ တာ လိမ်နေတာ၊ ဟန်ဆောင်နေတာတော့ မဖြစ်နိုင်ဘူး ခိုင်ဦး"

"အေးလေ၊ ဒါကတော့ မင်းတို့နဲ့အတူနေလာရင် မင်းပိုသိ လာမှာပေါ့ကွာ. . ."

"အင်း၊ ဒါနဲ့ ခိုင်ဦး။ ချာလီ့ကိုဘယ်လိုလုပ်ရမလဲ. ."

"လောလောဆယ်တော့ အားရှိအောင်လုပ်ရမယ်၊ သွေးဆေါင် မှန်ပြီး အားပြည့်လာရင် ချာလီ ကိုယ်ရောစိတ်ပါကျန်းမာလာမှာပါ၊ ခေါင်းတွေလည်းကြည်လင်လာမှာပါ၊ အဲဒီအတွက် သူ့အနားကောင်း ကောင်းယူဖို့လိုတယ် ကိုဌေး၊ ချာလီ အတိတ်မေ့နေတာမှန်ရင် သူကျန်းမာမှ တစ်ချို့ပြန်စစ်ဆေးပြီး ဆေးပြောင်းတိုက်ရမယ်၊ ဆေး မှန်မှန်သောက်ရင်တော့ တဖြည်းဖြည်းနဲ့ အတိတ်ကိုပြန်သတိရလာ မှာပါ၊ အတိတ်မေ့ရောဂါမှန်ရင် အချိန်ကာလကိုတော့ ခန့်မှန်းလို့ မရဘူးပေါ့. . ."

အကောင်းဆုံးကတော့ ခုချိန်မှာ ချာလီ့ကိုကိုယ်ရောစိတ်ပါ အနားယူခိုင်းရမယ်၊ ဘာမှမစဉ်းစားခိုင်းနဲ့၊ သူ့စိတ်ကို ပျော်ရွှင်အောင် ထားရမယ်၊ စိတ်ကိုအနှောင့်အယှက်မဖြစ်စေရဘူး၊ ဆေးမှန်မှန်တိုက်ရ မယ်၊ ဒါဆိုရင် ချာလီကိုယ်ရောစိတ်ပါ အမြန်ဆုံးကျန်းမာလာမယ်"

"အင်း ကိုယ်သဘောပေါက်ပါပြီ၊ ချာလီ့ကို ကိုယ်တာဝန် ယူထားမှတော့ အကောင်းဆုံးဖြစ်အောင် ကိုယ်ကြိုးစားလုပ်ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပေါက်တယ်ဆိုရင် ကိုယ်ပြန်မယ်၊ ချာလီ သောက်ဖယ်ဆေးတွေ ကိုယ်ရေးပေးလိုက်မယ်. . ."

"ကောင်းပြီ သူငယ်ချင်း၊ မင်းလည်း မကြာခဏလာကြည့်ဦးနော်. . ."

"အင်းပါ၊ လိုအပ်ရင်လည်း ကိုယ့်ဆီဖုန်းဆက်ပေါ့၊ ကိုယ် ဆေးရုံသွားရဦးမယ်. . ."

စကားတွေဆိုရင်း စာကြည့်ခန်းထဲမှ သူငယ်ချင်းနှစ်ယောက် ထွက်ခဲ့လိုက်သည်။ ထို့နောက် ဒေါက်တာခိုင်ဦးသည် သူ့ကိုနှုတ်ဆက်ကာ ပြန်သွားလိုက်၏။ ဒွေးမြင့်လတ်သည်က ချာလီကို ညီငယ် တစ်ယောက်လို ချစ်ခင်သနားစိတ်နှင့် ချာလီအကြောင်းများကိုလည်း စိတ်ဝင်စားမိရကာ သူ့အား အမြန်ဆုံးနေထိုင်ကောင်းစေချင်သည့် စေတနာများလည်း ပို၍ထားဖြစ်ရပါသတည်း။

× × × × ×

"ဖြန်း . . ဖြန်း. . ."

"အား. . ဒုံး . . အီး ဟီး ဟီး၊ အဟင့် ဟင့်. . ."

"တိတ်၊ နားခါးတယ်၊ အသည်းနာတယ်၊ ခင်ဗျားအသံ မကြားချင်ဘူး၊ မပြောဘူးမဟုတ်လား၊ မပြောဘူးမဟုတ်လား၊ ကောင်းပြီ မပြောနဲ့၊ ခင်ဗျားပဲ ဒီမှာ သေ သေ သေ. . ."

"အား အား အား၊ အဟင့် ဟင့်. . ."

သူရနိုင်တစ်ယောက် ဒေါသတွေနှင့်ရိုက်နှက်ကန်ကြောက် သမျှ ဒေါ်စုလတ်ခမျာ ကြမ်းထက်၌ လိမ့်နေအောင် ခံစားနေရ သည်ပါ။ သူရနိုင်အကြောင်းကို ဒေါ်စုလတ်သိသည်။ သူ့ကိုရှင်းပြ





ပြောဆို၍မရ၊ သူရနိုင်သည် ငယ်ငယ်ကတည်းက တစ္ဆတ်ထိုးလုပ် တတ်သည်။ စိတ္တဇဆန်သည်။ ရုပ်နှင့်မလိုက်ဖက်အောင် ကြမ်းတမ်း သည်။ ခက်ထန်မာကြောသည်။ ရိုင်းစိုင်းသည်။ ခုဖြင့် ရက်စက်ကြမ်း ကြုတ်သော ဒီမုဆိုးလက်တွင်မှ ဒေါ်စုလတ်တစ်ယောက်တည်း ကျန် ရစ်ခဲ့ရလေ၏။ မည်သို့ဖြစ်စေ သမီးလေးရှတ်မြောက်လျှင် ဒေါ်စု လတ် ကျေနပ်ပါသည်။ သမီးလေးက အစ်ကို၊ သူရနိုင်လက်ထဲ သမီးလေးပြန်မရောက်လာဖို့သာ အဓိကပါ။ သမီးလေးသာ သူရနိုင် လက်ထဲပြန်ရောက်လာလျှင် မတွေးရဲ၊ ဒေါ်စုလတ် မတွေးရဲတော့ပါ။

"ဒုတ်. . ."

သူရနိုင်သည် ဘာကြောင့်ရကောင်းမှန်းမသိသလို နံရံကို လက်သီးနှင့်ထိုးပစ်သည်။ ဇင်းဝါစိုမြေလှပလွန်းသည့် သူ့အသား ရောင်သည် ဒေါသတွေကြောင့် နီရဲနေ၏။ တစ်နေ့တစ်နေ့ သူရနိုင် တစ်ယောက် ဒေါသတွေသာထွက်နေသည်။ အရက်တွေသာ သောက် နေသည်။ ပြီးတော့ ညဘက်ရောက်လျှင် တစ်ယောက်တည်း ခြံထဲတွင် လျှောက်အော်ဟစ်ဆဲဆို အောင်းကြမ်းနေသံကို ဒေါ်စုလတ် ကြား သည်။

"ဟဲ့ ဒီမှာ မိန်းမယုတ်၊ ပြောစမ်း နင့်လင် ငါ့အမေက နင့်ကို ဘယ်လောက်တောင် ပေးသွားလဲ၊ နင်က နင့်အမေ ပြီးတော့ ငါ့အမေကိုအပိုင်ကြံတာပေါ့၊ ဟုတ်လား မိန်းမယုတ်မ. . ."

"အဟင့် ဟင့် ဟင့်. . ."

ဒေါ်စုလတ်သည် ကြိတ်၍သာရှိက်ပြီး ခေါင်းကိုရမ်းနေဖြစ် သည်။ သူရနိုင်စကားလုံးတွေက ရင့်သီးရိုင်းစိုင်းလွန်းလှပါသည်။ သို့သော်လည်း သူရနိုင်ပြောသမျှ ဒေါ်စုလတ်ခံနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိစုလတ်၊ နင် ငါ့ကိုယူလည်း ငါ့ပစ္စည်းတွေကို နင်ရမှာပါဟဲ့၊ ဟဲ့ ကောင်မ. .နင်က ငါ့အဖေကိုမှ ချူမြူရလား၊ ငါ့ကိုကြည့်စမ်း၊ ငါ့ကိုကြည့်စမ်း၊ နင် ငါ့ကိုကြည့်စမ်း၊ ငါ့ရုပ်က ကြောက်စရာကောင်းနေလို့လား၊ ငါ့ရုပ်က နင့်ကိုမဆွဲဆောင်နိုင်လို့လား၊ ဘာဖြစ်ဖြစ် နင့်လိုကလေးတစ်ယောက်အမေကို ငါမထင်မရှား ယူထားလည်း ဘာမှမဖြစ်ဘူး၊ ဟား ဟား ဟား. ."

သူရှိန်သည် ငုံ့နေသည့်ဒေါ်စုလတ်ဆံပင်တွေကို ဆွဲဆုပ်ကာ ဒေါ်စုလတ်မျက်နှာကိုမော့ပြီး သူ့မျက်နှာကိုကြည့်စေသည်။ ဒေါ်စုလတ်သည် မျက်နှာတစ်ပြင်လုံး မျက်ရည်တွေနှင့် သွေးတွေနှင့်ရှိပြီး မျက်လုံးကိုမှိတ်ထားဖြစ်၏။ သူရှိန်သည်က သဘောကျ၍ ခေါင်းကိုမော့ကာ အော်ဟစ်ရယ်သည်။

"ထွီး. .ရွံစရာမကြီး. ."

သူရှိန်ဆိုပြီး ဒေါ်စုလတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ ပြီးတော့ အခန်းထဲလှည့်ပတ်လျှောက်ရင်း တက်တစ်ခေါက်ခေါက်ဖြင့်ရှိနေ၏။ ဒေါ်စုလတ်သည် သူရှိန်ထံမရဲတရဲခိုးကြည့်ပြီး ကြိတ်၍ရှိုက်နေမိသည်။ သူရှိန်ကိုကြောက်လွန်း၍ ဒေါ်စုလတ်တစ်ကိုယ်လုံးမှာလည်း တဆတ်ဆတ်တုန်နေရှာ၏။

"သမီး. .သမီးစုလတ်၊ သားအပေါ်မှာ သမီးရဲ့မောင်လေးအရင်းလိုသဘောထားပြီး သူ့ဘဝကိုပြုပြင်ပေးပါ သမီးရယ်၊ တကယ်တော့ ဖေဖေတို့က စီးပွားရေးတွေလုံးပမ်းနေတော့ သားလေးကို သတိမထားခဲ့မိကြဘူး၊ ဖေဖေ့ရဲ့အပြစ်တွေပါပဲ သမီးရယ်၊ သားကိုဆေးကုပေးပါ၊ ဖြစ်အောင်ဆေးကုပေးပါ၊ အချိန်မီသေးတယ်လို့ ဖေဖေထင်ပါတယ် သမီးရယ်၊ ဖေဖေမရှိတော့ပေမယ့် သမီးက





ဦးစီးပြီး အားလုံးကိုဂရုစိုက်ပါနော်. ."

ထိုစကားသည် ဦးလရောင်တစ်ယောက် အကြိမ်ကြိမ် ပြောခဲ့သည့်စကား၊ သေခါနီးဆဲဆဲအချိန်၌ပင် ပြောသွားသည့်စကားပါ။ တကယ်တော့ ဦးလရောင်သည် ဒေါ်စုလတ်၏ပထွေး၊ ပထွေးဆိုသော်လည်း ဖခင်ရင်းတမျှကောင်းမွန်သည့် ပထွေးတစ်ယောက်ပါ။ ဒေါ်စုလတ်သည် ဦးလရောင်အား ဖခင်ရင်းကဲ့သို့ပင် ချစ်ခင်တွယ်တာခဲ့သည်။ ဂရုစိုက်ခဲ့သည်။ မေမေနှင့်အတူ သည်တိုက်ကြီးပေါ်သို့ ဒေါ်စုလတ်ရောက်ခဲ့သည့်အရွယ်သည် ဆယ့်ငါးနှစ်သမီးဖြစ်သည်။ သူရှိန်က ဆယ်နှစ်သားအရွယ်ဖြစ်၏။ ထိုစဉ်ကတည်းက သူရှိန်သည် စိတ်တစ်ချက်တစ်ချက်လွတ်ခဲ့သည်။ သို့သော်လည်း အားလုံးက အမှတ်တမဲ့ဖြစ်ခဲ့၏။ မိမိတို့သားအမိ အိမ်ပေါ်ရောက်လာခြင်းအတွက် မကျေမနပ်ဖြစ်နေသည်ဟုသာ အပေါ်ယံတွေးဖြစ်ကြ၏။

ထို့အတွက် ဒေါ်စုလတ်သည် သူရှိန်နှင့်သင့်မြတ်အောင် ပြောဆိုနေထိုင်သည်။ သူရှိန်အလိုကိုလိုက်သည်။ သူရှိန်ကို အရှုံးပေးသည်။ သူရှိန်အတွက်ဆိုလျှင် ဒေါ်စုလတ်ကသာ အမြဲတစေဆောင်ရွက်ပေးခဲ့၏။ ဒေါ်စုလတ်သည် အသက်နှစ်ဆယ်တွင် ချစ်သူဦးကိုကိုနှင့်ခိုးရာလိုက်သွားသည်။ သမီးလေးချယ်ရီကိုကိုအား ဒုက္ခတွေကြားမှ မွေးခဲ့ရသည်။ ခင်ပွန်းသည်ဦးကိုကိုနှင့် ပေါင်းသင်းနေထိုင်စဉ်ကလည်း ဒေါ်စုလတ်သည် ယောက်မကြောင့် နေ့စဉ်စိတ်ဒုက္ခတွေနှင့် သောကတွေရောက်နေခဲ့ရသည်ပါ။ ခံစားခဲ့ရသည်ပါ။

အသက်အန္တရာယ်နှင့်လည်း ဒေါ်စုလတ်အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသည်။ သို့သော်လည်း မတော်တဆသာ ဒေါ်စုလတ်ထင်ခဲ့သည်။ နောက်ဆုံး ခင်ပွန်းသည်အလုပ်ကိစ္စနှင့် ခရီးထွက်သည့်အချိန်၌ မိမိတို့သားအမိအား တကယ်သေကြောင်းကြံနေကြောင်းကို သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဒေါ်စုလတ်၏ မေတ္တာတရားကြီးမားမှု၊ စိတ်သဘောထားဖြူစင်သန့်ရှင်းမှုတွေကြောင့်နှင့် ချစ်သမီးလေးချယ်ရီကိုကို၏ လုပသောကံတရားတို့ကြောင့် ဒေါ်စုလတ်တို့သားအမိသည် လုပ်ကြံခံရသော်လည်း လုပ်ကြံသည့်လူကပင် လွှတ်ပေးခဲ့ပြီး ဝေးရာသို့ ထွက်ပြေးခိုင်းခဲ့သည်။

ခင်ပွန်းသည်နှင့် ကွေကွင်းခဲ့ရချိန်က သမီးလေးသည် ခြောက်လသားအရွယ်လေးသာရှိပါသေးသည်။ ဒေါ်စုလတ်သည် မိခင်ဆီလည်းမပြန်ရဲ၊ ပထွေးဖြစ်သူဦးလရောင်၏ မျက်နှာကိုလည်း ပြန်မကြည့်ရဲ၍ ပြည်မြို့တွင်သွားရောက်နေထိုင်ခဲ့သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး သမီးလေးကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ သမီးလေးငါးနှစ်အရွယ်ရောက်မှ ခင်ပွန်းသည်တစ်ယောက်လည်း သေဆုံးသွားသည်မှာ ကြာပြီဖြစ်ကြောင်း ဒေါ်စုလတ်သိလိုက်ရ၏။ ဒေါ်စုလတ်ခန့်မှန်းကြည့်သည်။ ခင်ပွန်းသည်သေဆုံးသည့်အချိန်သည် သမီးလေးနှစ်နှစ်သမီးအရွယ်က ဖြစ်နိုင်ကြောင်း ခန့်မှန်းသိရှိလိုက်ရလေ၏။

သည့်နောက် သမီးလေးဆယ့်နှစ်နှစ်အရွယ်တွင် မိခင်ကြီးနာမကျန်းဖြစ်ကြောင်းသတင်းနှင့် မိမိအားပြန်ခေါ်နေသည့်သတင်းကို သတင်းစာထဲမှ ဖတ်လိုက်ရသည်။ သို့ဖြစ်၍ ဒေါ်စုလတ်သည် သမီးလေးဆယ့်နှစ်နှစ်အရွယ်တွင် ထိုတိုက်ကြီးပေါ်သို့ ပြန်ရောက်ခဲ့ရသည်ပါ။ မကျန်းမာသည့်မိခင်ကြီးကို ဒေါ်စုလတ်တို့သားအမိသည် ပြုစုစောင့်ရှောက်သည်။ သမီးလေးကလည်း ကျောင်းတစ်ဘက်မပျက် လိမ္မာသိတတ်စွာ မိခင်ကိုကူညီသည်။ ဦးလရောင်သည် သမီးလေးချယ်ရီကိုလည်း မြေးအရင်းတမျှချစ်၏။

တစ်နေ့မျှော်လင့်ဘဲ မိခင်ကြီးသည် ရုတ်တရက်ကြီး ကွယ်





လွန်သွားသည်။ မိခင်ကြီးကွယ်လွန်သွားသည့်နောက်ပိုင်းတွင်လည်း ဦးလရောင်၏သဘောဆန္ဒအတိုင်း ဒေါ်စုလတ်တို့သားအမိသည် ထိုတိုက်ကြီးပေါ်တွင် ဆက်လက်၍နေထိုင်ခဲ့ကြရသည်။ ကုမ္ပဏီလုပ်ငန်းတွေကိုလည်း ဒေါ်စုလတ်သည် အရင်ကအတိုင်းပင် ပြန်၍လုပ်ကိုင်ရသည်။ သို့နှင့်ပင် သမီးလေးချယ်ရီကိုကိုသည်လည်း အိုးမေဂျာနှင့် ကျောင်းပြီးခဲ့၏။ သမီးလေးသည်လည်း ကျောင်းမပြီးခင်ကတည်းကပင် ကုမ္ပဏီတွင် ဦးလရောင်သည် ဝင်ရောက်လုပ်ကိုင်စေသည်။ ကျောင်းပြီးချိန်တွင် သမီးလေးသည် ကုမ္ပဏီတွင် အရေးပါသောနေရာတွင် နေရာရ၍ တာဝန်ထမ်းဆောင်ရ၏။

ဦးလရောင်နှင့်အတူ ဒေါ်စုလတ်နှင့် သမီးလေးသည် စီးပွားလုပ်ငန်းများအား ကြိုးစားလုပ်ကိုင်နေချိန်တွင် သူရနိုင်သည်က နီးစပ်အချိန်နှင့်အမျှ အရက်သောက်သည်၊ စကားတွေများသည်၊ ရန်ရှာသည်။ ဒေါ်စုလတ်တို့သားအမိကို စောင်းချိတ်မဲ့ရွဲ့သရော်သည်။ နောက်ဆုံး ဒေါ်စုလတ်ကိုရော သမီးလေးကိုပါ ကျားချောင်းချောင်းလာသည်။ သူရနိုင်သည် ဖခင်ကြီးဦးလရောင်ကိုဖြင့် ကြောက်ရွံ့သည်မှာအမှန်ပါ။ ဦးလရောင်ရှိလျှင် ဒေါ်စုလတ်တို့သားအမိသည် အန္တရာယ်ကင်းကြသော်လည်း ဦးလရောင်ကွယ်လျှင် သူရနိုင်သည် သမီးမဟုတ် အမေ၊ အမေမဟုတ် သမီးကို ကျားချောင်းချောင်းပြီး ကြံစည်တတ်လာသည်။

တစ်နေ့ တစ်နေ့ ဒေါ်စုလတ်တို့သားအမိသည် သူရနိုင်ကိုသာ ရှောင်နေကြရသည်။ သူရနိုင်ကလည်း တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ဆိုးလာသည်။ သူရနိုင်သည် ဖခင်ကြီးအားကြောက်ရသည်မှန်သော်လည်း ဖခင်ကြီးဦးလရောင်သည် သားချောသူရနိုင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ရုတ်တရက်ကွယ်လွန်ဆုံးပါးသွားလိုက်ရရှာပါ၏။ ထိုအချိန်မှပင် ဒေါ်စုလတ်သည် တစ်ဆက်တည်း မိမိ၏မိခင်ကြီး ရုတ်တရက်သေဆုံးသွားရခြင်းအကြောင်းအား သိရှိသွားလိုက်ရသည်ပါ၊။ သူရနိုင်အခြေအနေကိုသိ၍ ဒေါ်စုလတ်သည် ဦးလရောင်ချာပနတိစ္စများပြီးသည်တွင် ထိုတိုက်ကြီးပေါ်မှ သားအမိနှစ်ယောက်ဆင်းကြရန် ပြင်ဆင်နေဆဲပင်. . .

ကျားချောင်းချောင်းနေသည့် သူရနိုင်အတွက် အခွင့်အရေးရသွားတော့၏။ သူရနိုင်နှင်လွှတ်ပစ်လိုက်၍ အလုပ်သမားတွေကလည်း တစ်ယောက်မှမရှိတော့။ တိုက်ကြီးပေါ်တွင် သူရနိုင်နှင့်သားအမိနှစ်ယောက်တို့မှာ တိုက်ပွဲတွေအကြီးအကျယ်ဖြစ်ကြရသည်။ သူရနိုင်က သမီးကိုဖမ်းမိလျှင် အမေကကယ်သည်။ အမေကိုဖမ်းမိထားလျှင် သမီးကကယ်သည်။ သူရနိုင်ကလည်း အမေရောသမီးပါချည်နှောင်ဖို့အတွက် တကယ့်ကိုသည်းကြီးမည်းကြီးပါ။ နောက်ဆုံးဒေါ်စုလတ်သည် သမီးချောကိုသာ လွတ်မြောက်အောင် တိုက်ကြီးထဲမှ ပြေးခိုင်းရပြီး မိမိကဖြင့် သူရနိုင်၏အကျဉ်းသားအဖြစ် ထိုတိုက်ကြီးတွင် ကျန်ရှိနေဖြစ်ရပါသတည်း။

"ဒိုင်း. . ."

"အမေ့. . ."

သူရနိုင်တစ်ယောက် သံတံခါးကိုဒိုင်းခနဲဆောင့်ပိတ်လိုက်သည့်အသံကြားမှပင် ဒေါ်စုလတ်သည် အတွေးမှလန့်ဖြန့်ကာ ပြတ်တောက်ရပ်တန့်သွားလိုက်ရလေ၏။

"ဟဲ့ ကောင်မ. .ငါကနင်တို့သားအမိရဲ့ လက်အောက်ခံမဟုတ်ဘူးဟဲ့၊ နင့်သမီးကို ငါရအောင်ရှာပြမယ်၊ နင်စောင့်ကြည့်နေ





နင့်သမီးကို ငါတွေ့ကိုတွေ့ရစေမယ်၊ နင့်သမီးကိုတွေ့မှ ငါဘယ်လိုလုပ်ပြမယ်ဆိုတာ နင်စောင့်ကြည့်၊ နင့်သမီးကို ငါနေ့တိုင်းရှာမယ်၊ မတွေ့တွေ့အောင်ရှာမယ်၊ ထွီး. .မိန်းမယုတ်မတွေ၊ မိန်းမလည်မတွေ"

"အဟင့် ဟင့် ဟင့်. . ."

"ဒိုင်း. . ."

ဒေါ်စုလတ်တစ်ယောက် မည်မျှပင် ငိုရှိုက်နေစေကာမူ သူရနိုင်ကား အခန်းတံခါးကို ကြမ်းတမ်းစွာဆောင့်ပိတ်ပစ်လိုက်ပြီး လှမ်းထွက်သွားသည့်ခြေသံကိုကြားလိုက်ရလေ၏။ ဒေါ်စုလတ်တစ်ယောက်သာ အခန်းကြီးထဲတွင် ငိုရှိုက်ဆဲရှိ၏။

× × × × ×

"ဟား ချာလီ နိုးလာပြီ၊ အိပ်ပျော်ရဲ့လား၊ ကိုကိုမွှေးကဖုန်းဆက်ပြီးမှာလို့ ချာလီ့အတွက် ကိုယ်အားဆေးတွေခုဝယ်လာခဲ့တယ်၊ လာ ချာလီ. .ဟိုမှာ ကိုကိုမွှေးနားမှာ သွားထိုင်ကြရအောင်၊ ပြီးရင် ထမင်းစားကြတာပေါ့. . ."

ပိတောက်ရိပ်တွင် ညီအစ်ကိုနှစ်ယောက် စကားထိုင်ပြောနေဆဲ အိပ်ယာမှနိုးလာပြီးခြံထဲဆင်းလာသည့် ချာလီ့ကိုတွေ့သည်တွင် အေးမြင့်လတ်သည် ချာလီ့ထံပြေးလာရင်းဆိုသည်။ ပြီးတော့ ချာလီ့ပုခုံးလေးဆီသိုင်းဖက်ပြီးခေါ်တော့ ချာလီမှာ ရုတ်တရက် အေးမြင့်လတ်လက်မှ ရုန်းထွက်လိုက်သည်။ အေးမြင့်လတ်မှာ ချာလီ့အပြုအမူကြောင့် ကြောင်သွားသည်။ မွှေးမြင့်လတ်သည်ကလည်း လှမ်းကြည့်နေ၍ ချာလီသည်မိမိကိုယ်မိမိ မည်သို့ထိန်းရမည်ကို သတိရသွားဖြစ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အား ကိုလေးရယ်၊ ချာလီဖက်ကြောတွေတက်နေတာ တင်းနေတာပဲဗျာ၊ ပြီးတော့ အိပ်ယာကနိုးလာတာ ခေါင်းထဲလည်း သိပ်မကြည်လင်သလိုဖြစ်နေတယ်၊ လာ..ကိုလေး..ကိုကိုဌေးဆီသွားမယ်"

မျက်နှာလေးကိုမဲ့၍ ညီးညူသလိုနှင့် ချာလီဆိုသည်။ သည်တော့မှ အေးမြင့်လတ်ကလည်း စိတ်ကြည်သယောင်ရှိသွားရပြီး...

"ဩော် ချာလီ ဖက်ကြောတက်နေလို့လား၊ အစ်ကိုလေး နှိပ်ပေးပါ့မယ်၊ လာ ဟိုမှာသွားထိုင်မယ်. . ."

သူတို့ဆိုရင်း ဌေးမြင့်လတ်ရှိရာ ရောက်လာခဲ့ကြသည်။ နေရာတွင် ချာလီ ထိုင်လိုက်သည်နှင့် အေးမြင့်လတ်သည် ချာလီ့ကုလားထိုင်နောက်တွင်ရပ်လိုက်ပြီး ဖက်ကြောတွေကိုနှိပ်ပေးသည်။

"ချာလီက ဖက်ကြောတွေတက်နေလို့တဲ့ ကိုကိုဌေး. ."

"ဟုတ်လား၊ အိပ်တာ လည်မှင်းနာတာလားများ၊ ချာလီ ဖက်ကြောတက်တတ်ရင်တော့ ဆေးဝယ်ထားပေးမယ်. . ."

"ဟုတ်ကဲ့၊ ရပါတယ် ကိုကိုဌေး၊ ကိုလေး..ရပါပြီ၊ တော်ပြီ၊ အဆင်ပြေသွားပါပြီ. . ."

"ဟုတ်ရဲ့လား ချာလီရာ၊ ခဏပဲနှိပ်ရသေးတယ်၊ နှိပ်ရတာ ချာလီ့အသားလေးတွေက ယောကျာ်းလေးဖြစ်ပြီး နူးနူးညံ့ညံ့လေး"

"ဟို ရပါပြီ အစ်ကိုလေး၊ တကယ်ပါ. . ."

အေးမြင့်လတ်လက်ကိုဆွဲပြီး နေရာတွင် ချာလီထိုင်စေလိုက်သည်။ ချာလီ့မျက်နှာလေးမှာ ဆံပင်လေးဖရိုဖရဲနှင့် လွန်စွာနုနယ်လှပချစ်စရာကောင်းနေရှာ၏။ ပြီးတော့ ချာလီ့မျက်နှာလေးက ပြုံးသယောင်တည်သယောင်ရယ်၊ ဌေးမြင့်လတ်သည် ချာလီ့မျက်နှာလေးနှင့် အဝတ်အစားတွေဆီကြည့်ပြီး တစ်ချက်စဉ်းစားလိုက်သလိုနှင့်. . .

"ချာလီ..မင်းဆံပင်တွေက နည်းနည်းမရှည်ဘူးလား၊ နည်း





နည်းလောက်ညှပ်လိုက်ပါလား. . ."

"အင် အာ..ချာလီမညှပ်ချင်သေးဘူး ကိုကိုဌေး၊ နောက်မှ ညှပ်ပါ့မယ်. . ."

"နောက်မှညှပ်လည်း ဖြစ်ပါတယ်လေ၊ ချာလီနဲ့လည်း ဒီဆံပင်နဲ့လိုက်ပါတယ်ဗျာ. . ."

အေးမြင့်လတ် ဝင်ဆိုသည်။

"ချာလီ..ချာလီ့အတွက် ကိုကိုဌေးအားတဲ့အချိန်မှာ အဝတ်အစားတွေ သွားဝယ်ပေးဦးမယ်. . ."

"ရပါတယ် ကိုကိုဌေး၊ ချာလီ့မှာရှိပါတယ်. . ."

"ဟုတ်တယ်၊ ကိုကိုပြောတာမှန်တယ်၊ ချာလီ့အတွက် အဝတ်တွေဝယ်ပေးရမယ်၊ ကြည့်ပါဦး၊ တီရှပ်တွေက ဝတ်လိုက်တိုင်း အရောင်ရင့်ရော်နေတာချည်းပဲ၊ ကိုကိုဌေး..အရောင်နုနုလွင်လွင်လေးတွေရွေးပြီး ချာလီ့အတွက် ဝယ်ပေးလိုက်နော်၊ ကျွန်တော်က မဝယ်တတ်လို့. . ."

"မဟုတ်ပါဘူး အစ်ကိုလေး၊ ချာလီက အရောင်ရင့်ရင့်တွေမှ ကြိုက်လို့ပါ. . ."

"အင်း ချာလီကအသားရောင်လေးဝင်းနေတော့ လိုက်တာကတော့ လိုက်ပါတယ်၊ အေးလေ ချာလီ့အကြိုက်ရော၊ ကိုကိုဌေးအကြိုက်ပါ သင့်တော်လိုက်ဖက်တာတွေ ဝယ်လာပေးမယ်၊ ကိုကိုဌေးတို့အတွက်တော့ ချာလီက ညီအငယ်ဆုံးလေးပါပဲ. . ."

"ဟုတ်တယ်၊ ခုဆို ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ဖြစ်သွားပြီနော် ကိုကိုဌေး၊ ကျွန်တော်လည်း ညီလေးတစ်ယောက်လောက် လိုချင်တာအမှန်ပဲ၊ ဩော် ကိုကိုဌေး..ချာလီ့ကို ဆေးတွေသောက်ရ



www.burmeseclassic.com

www.burmeseclassic.com

မယ့်အကြောင်း ပြောပြလိုက်ဦးလေ. . ."

"ဟုတ်သားပဲ၊ ချာလီရေ. .ဒီမှာ မင်းနေ့စဉ်မှန်မှန်သောက်ရမယ့် အားဆေးတွေနဲ့ အခုလောလောဆယ် တစ်နေ့သုံးကြိမ်သောက်ရမယ့် ဆေးတစ်ပတ်စာ၊ ရော့ .ချာလီ မှန်မှန်သောက်နော်၊ ကိုကိုဌေးရဲ့သူငယ်ချင်းဆရာဝန်လည်း ချာလီ့ကိုမကြာခဏလာကြည့်မှာပါ"

"ဟုတ်ကဲ့ ကိုကိုဌေး၊ ကျေးဇူးတင်ပါတယ်. . ."

"ဒြော် ကိုအေးရေ .ညနေဟိုတာက်ခြကဖိတ်ထားတာလည်း ရှိတယ်နော်၊ မမေနဲ့ဦး၊ ညနေကျရင် ကုမ္ပဏီကနေ ကိုကိုတို့ စောစောပြန်လာကြရမယ်. . ."

"အဟွန်း .ကျွန်တော်က ကိုကိုဌေးထက်ပိုပြီးတောင် သတိရပါသေးတယ်၊ ဘာဖြစ်လို့လဲသိလား. . ."

"သိပါတယ်ကွာ၊ အဲဒီမှာကောင်မလေးတစ်ယောက် ရှိတယ်ဆိုတာ. . ."

"ဟင် ကိုကိုဌေး မြင်ပြီးပြီလား၊ သိပ်ချောတယ်နော်. ."

"မမြင်သေးပါဘူးကွာ၊ သူ့အမေကိုယ်တိုင် လာဖိတ်တုန်းက ပြောပြသွားတာ. . ."

"ဒြော် ကျွန်တော်နဲ့က တွေ့ပြီးလို့ စကားတောင်ပြောပြီးပြီ၊ တကယ်ချောတဲ့ကောင်မလေး၊ ကျွန်တော်လည်း အိမ်လည်ခေါ်ထားတယ်၊ သူကလည်း သူ့အိမ်လာလည်ဖို့ခေါ်ထားတယ်. . ."

ညီအစ်ကိုနှစ်ယောက်ပြောနေသည့် စကားတွေကို ချာလီက စိတ်အဝင်စားဆုံးဖြစ်နေရသည်။ ခြံနီးနားချင်းမိန်းကလေးအဖော်ရှိသည်ဆိုသဖြင့် ချာလီပျော်သွားခြင်းပါ။

"အင်း သူ့အမေကိုယ်တိုင်လည်း ခေါ်လည်တာပါပဲ၊ ကဲ





ကဲ ထ၊ ထမင်းစားကြရအောင်၊ ဆယ့်နှစ်နာရီတောင်ခွဲတော့မယ်၊ ထမင်းစားပြီး ကုမ္ပဏီပြန်ရမယ်. . ."

ဌေးမြင့်လတ်ဆိုတော့ သူတို့အားလုံး နေရာမှထကာ နေ့လည်စာထမင်းစားရန် တိုက်ထဲသို့ဝင်ခဲ့လိုက်ကြလေ၏။

× × × × ×

အိမ်သစ်တက်ပွဲသာဆိုသည်။ ဒေါ်ခင်မာပြောခဲ့သလိုပင် ဖိတ်ထားသည့်လူက သူတို့အိမ်သားအပါအဝင်နှင့် မိမိတို့ညီအစ်ကိုနှစ်ယောက်ပါဝင်မှ ဆယ်ယောက်ခန့်မျှသာရှိသည်။ ခြံနားနီးချင်း သုံးလေးခြံမျှသာဖိတ်သည်ထင်သည်။ လူမရှိ၍ အချင်းချင်းပင် စကားတွေပဟ်၍ပြောနေကြရသည်။

"ဒြော် မောင်ဌေးမြင့်လတ်တို့ ညီအစ်ကိုနှစ်ယောက်က ဒီဘက်စားပွဲမှာထိုင်ကွယ့်၊ သမီးရေ. .ဒီမှာ သမီးအစ်ကိုတွေအတွက် မုန့်ယူလာပါကွယ်. . ."

"ဟုတ်ကဲ့ မေမေ. . ."

ဒေါ်ခင်မာဆိုသည်တွင် မေဇင်ကိုသည်လည်း ဌေးမြင့်လတ်တို့အတွက် မုန့်တွေပြင်ဆင်ယူလာပေးသည်။ ဦးအောင်မြိုင်သည်က သားအမိနှစ်ယောက် အခြေအနေကို မသိမသာအကဲခတ်စောင်းချိတ်၍ကြည့်သည်။

"သမီးရေ. .သမီးအစ်ကိုတွေကို ကောင်းကောင်းဧည့်ခံပါကွယ်၊ ကိုအောင်မြိုင်. .လာလေ၊ ရှင်က ဟိုဘက်စားပွဲမှာ သွားဧည့်ခံ. . ."

စားပွဲကသုံးပွဲ၊ သားအမိသုံးယောက် တစ်ယောက်တစ်စားပွဲဆီ


www.burmeseclassic.com

ထိုင်ပြီး ငေးခဲ့ကြသည်။ ဦးအောင်မြိုင်သည် ဇနီးသည်တွေကိုသာ နည့်ခံရသည်။ အကြည့်ပြေလက မ ၊ားပါသမီး ငေးခံနေသည့် ဒွေးမြင့်လတ်တို့စားပွဲဆီသာ လှမ်း လှမ်းကြည့်နေဖြစ်၏။

"အစ်ကိုတို့သုံးဆောင်ပါရှင်၊ ဒီအစ်ကိုနဲ့တော့ မေဇင် သိပြီးပါပြီ၊ အစ်ကိုကြီးက ဒီအစ်ကိုရဲ့အစ်ကိုကြီးပေါ့နော်. . ."

"ဟုတ်တယ် ညီမလေးရဲ့၊ ညီမလေးနဲ့သိတဲ့အကြောင်း ညီလေးကလည်း အစ်ကို့ကိုပြောပြထားပါတယ်. . ."

"မေဇင်. . ."

"ရှင်. . ."

"မေဇင်ကတစ်ယောက်တည်းဆိုတော့ မေဇင်ပျင်းရင် အစ်ကိုတို့ခြံဘက်ကူးခဲ့နော်၊ ဟိုမှာမလွယ်ပေါက်တံခါးကို အစ်ကိုဖွင့်ထားပေးမယ်. . ."

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုတို့လည်းလာလည်ကြပါနော်"

"အင်း အလုပ် ၈ ႏရင်တော့ ရောက်ဖြစ်မှာပါ ညီမ၊ ခြံချင်းကပ်ပဲလေ၊ တစ်ခေါက်ခေါက်တော့ ရောက်ဖြစ်မှာပါ၊ အစ်ကိုတို့အိမ်ကိုလည်း ညီမလေးလာပါ၊ အစ်ကိုတို့အိမ်မှာ နောက်ထပ် ညီလေးတစ်ယောက်ရှိသေးတယ်. . ."

"ဟင် အစ်ကိုကပြောတော့ ညီအစ်ကိုနှစ်ယောက်တည်းဆို"

မေဇင်ကိုစကားကြောင့် ဒွေးမြင့်လတ်မှာ ညီဖြစ်သူထံ ကြည့်လိုက်သည်။ အေးမြင့်လတ်မှာ အစ်ကိုဖြစ်သူ အထင်လွဲမည်စိုး၍-

"ဟို ကိုကိုဒွေး. .အဲဒီတုန်းက ချာလီကမှရောက်မလာသေးတာ၊ ဪ မေဇင်. . ."

"ရှင်. . ."

"ဟုတ်တယ်၊ အစ်ကိုတို့ဆီမှာ နောက်ထပ်ညီလေး





တစ်ယောက် နယ်ကနေပြီးထပ်ရောက်လာတယ်. . ."

"ဪ ဟုတ်ကဲ့၊ အစ်ကိုတို့ရဲ့ ညီအစ်ကိုဝမ်းကွဲတွေပေါ့"

"အရင်းလိုပါပဲ ညီမရယ်၊ ညီမလာလည်တဲ့အခါ အစ်ကိုမိတ်ဆက်ပေးပါမယ်. . ."

"သူ့ကိုဘာဖြစ်လို့ မခေါ်လာတာလဲ အစ်ကိုရယ်. . ."

"သူက ကျန်းမာရေးမကောင်းလို့ပါ ညီမ၊ နို့ဖြစ်ဆိုရင် အစ်ကိုခေါ်လာပါတယ်. . ."

သူတို့စကားပြောကောင်းဆဲ ဒေါ်ခင်မာငေးခံနေသည့် စားပွဲဝိုင်းက လူတွေက ထပြန်သွားပြီဖြစ်၍ ဒေါ်ခင်မာသည် ဒွေးမြင့်လတ်တို့စားပွဲဝိုင်းသို့ရောက်လာ၏။ ဒေါ်ခင်မာအကြည့်တွေက ဒွေးမြင့်လတ်တို့ ညီအစ်ကိုနှစ်ယောက်ထံ အကဲခတ်ကြည့်ရင်း -

"ဒီတစ်ယောက်က မောင်ဒွေးမြင့်လတ်ရဲ့ညီလေးထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်ညီပါ၊ အိမ်မှာလည်း ညီလေးတစ်ယောက်ကျန်ခဲ့ပါသေးတယ်၊ ကျန်းမာရေးမကောင်းလို့ပါ. ."

"ဪ ဟုတ်လား၊ ဒီမှာတော့ ဒေါ်ဒေါ်သမီးက တစ်ယောက်တည်းပါပဲကွယ်၊ သမီးလေးကို မောင်ဒွေးမြင့်လတ်တို့ ညီအစ်ကိုကလည်း ဝိုင်းဝန်းစောင့်ရှောက်ကြည့်ရှုပေးပါနော်၊ ဒေါ်ဒေါ်တို့အိမ်ကိုလည်း အချိန်မရွေးဝင်ထွက်သွားလာပါကွယ်. ."

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်. . ."

လမ်းကြောင်းနေသည့် ဇနီးသည်စကားတွေကို ဦးအောင်မြိုင်က သဘောပေါက်သည်။ ဦးအောင်မြိုင်မျက်နှာက ဒွေးမြင့်လတ်တို့ကို မကြည်။ ဇနီးသည်ကပြန်ရန်နှုတ်ဆက်နေသည့်တိုင် ဦးအောင်မြိုင်တစ်ယောက် မကြားနိုင်၊ မသိနိုင်အောင်ဖြစ်နေရသည်မို့ ဇနီးသည်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မှာ ထပြန်သွားလိုက်တော့သည်။

"ဒါနဲ့ မောင်ဌေးမြင့်လတ်က မိဘတွေမရှိတော့ စီးပွားရေးကို မောင်ဌေးမြင့်လတ်ကပဲ ဦးစီးရတာပေါ့နော်. . ."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ညီအစ်ကိုက လုပ်ငန်းကြီးတွေကို ဦးစီးလုပ်ကိုင်နေရတာ အတူတူပါပဲ ခင်ဗျာ. . ."

"အေးပေါ့၊ ဒါပေမယ့် အကြီးဆုံးဖြစ်တဲ့ မောင်ဌေးမြင့်လတ်ကတော့ ပိုပြီးတာဝန်ကြီးမှာပေါ့ကွယ်၊ ဒေါ်ဒေါ့်သမီးလေးလည်း ကျောင်းပြီးသွားပါပြီ၊ အလုပ်လုပ်ခိုင်းမလို့ စိတ်ကူးထားတယ်၊ မောင်ဌေးမြင့်လတ်တို့ကုမ္ပဏီကကော ဝန်ထမ်းခေါ်ဘူးလားကွယ့်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော့်ဌာနဘက်ကတော့ ဝန်ထမ်းသစ်ခေါ်ဖို့ အစီအစဉ်ရှိပါတယ်. . ."

အေးမြင့်လတ် ဝင်ဆိုသည်။ ဒေါ်ခင်မာ့အကြည့်တွေက အေးမြင့်လတ်ထက် ဌေးမြင့်လတ်ဆီမှာသာ ပို၍လေးနက်မှုရှိနေ၏။

"အေးကွယ် လူသစ်ခေါ်ရင် သမီးလေးကို လာလျှောက်ခိုင်းပါမယ်၊ သမီးလေးကိုလည်း အပြင်ဗဟုသုတတွေရှိစေချင်တယ်လေ၊ ဖြစ်နိုင်ရင် ဒေါ်ဒေါ်က လခမလိုပါဘူး၊ မောင်ဌေးမြင့်လတ်တို့ကုမ္ပဏီမှာ အလုပ်တစ်နေရာလေးရရင်ပဲ ကျေးဇူးတင်ပါပြီကွယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက် ကူညီပါမယ်. . ."

ဦးအောင်မြိုင်တစ်ယောက် မည်မျှအထိ ဌေးမြင့်လတ်တို့ထံ ငေးမောနေသည်မသိ၊ သတိရ၍ကြည့်လိုက်တော့ မိမိထိုင်နေသည့် စားပွဲတွင် ညော့သည်တစ်ယောက်မှမရှိတော့သည်ကို သတိထားမိမှ





ဦးအောင်မြိုင်သည် နေရာမှထကာ ဌေးမြင့်လတ်တို့စားပွဲဆီသို့ ရောက်လာခဲ့သည်။ ဦးအောင်မြိုင်ရောက်လာ၍ ဒေါ်ခင်မာက မျက်စောင်းနှင့် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ တစ်ချက်ကြည့်ပစ်လိုက်၏။

"ကဲ ဒေါ်ဒေါ်. .အားလုံးလည်းပြန်ကုန်ပြီ၊ ကျွန်တော်တို့ကိုလည်း ခွင့်ပြုပါဦးခင်ဗျာ. . ."

"ကောင်းပါပြီကွယ်၊ ဒေါ်ဒေါ်တို့ဆီလည်း လာလည်ကြနော်၊ မင်းတို့ညီမကိုလည်း စောင့်ရှောက်ကြပါကွယ်. . ."

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ဒေါ်ဒေါ်တို့လည်း အကူအညီလိုရင် အချိန်မရွေး ကျွန်တော်တို့ဆီလာပါ ခင်ဗျာ၊ ခွင့်ပြုပါဦး၊ သွားပါဦးမယ်. . ."

"ကောင်းပါပြီကွယ်. . ."

"မေဇင်. .အစ်ကိုတို့သွားမယ်. . ."

"ဟုတ်ကဲ့ပါ အစ်ကို. . ."

အေးမြင့်လတ်နှင့် မေဇင်တို့ တစ်ဦးကိုတစ်ဦး တရင်းတနှီး နှုတ်ဆက်သည်။ ဒေါ်ခင်မာက တစ်ချက်ကြည့်သည်၊ ဘာမှမပြောသော်လည်း ဒေါ်ခင်မာ့အကြည့်တွေက အေးမြင့်လတ်နှင့်သမီးချောအား သဘောဖြင့်မကျသည်ကအမှန်ပါတည်း။ ဦးအောင်မြိုင်ကလည်း ဒေါ်ခင်မာတစ်ယောက် သိပ်သဘောကောင်းနေပုံဆိုကြည့်ပြီး မကျေမနပ်ဖြစ်ကာ တိုက်ထဲသို့လှမ်းဝင်သွားပြီဖြစ်၏။ မှန်သည်။ ထိုညကဖြင့် ခေါ်ခင်မာအဖို့ သမီးချောအတွက် ဌေးမြင့်လတ်အား နှစ်မြိုက်သဘောကျသွားပြီမဟုတ်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com

## (ငါး)

နိုင်ငံခြားမှရောက်လာသည့် အီးမေးလ်တစ်စောင်ကို ဖတ်ပြီး ဋ္ဌေးမြင့်လတ်သည် လက်မှနာရီဆီကြည့်လိုက်သည်။ တစ်ဆက်တည်းလည်း ကုမ္ပဏီသို့သွားရန် နေရာမှထလိုက်ပြီး စားပွဲထက်မှ ဖိုင်တွေကိုယူလိုက်၏။ ထိုအခိုက်ပင် ရယ်သံလေးတွေနှင့် ချာလီ၏စကားသံလေးတွေကို ဋ္ဌေးမြင့်လတ်ကြားလိုက်မိသည်တွင် သူသည် ပြူကြင်းတွင် သွားရောက် ရပ်ကြည့်ဖြစ်ရ၏။ ခြံထဲတွင် ချာလီ၊ မေဇင်ကိုနှင့် ညီဖြစ်သူအေးမြင့်လတ်တို့သုံးယောက်သားမှာ ပန်းအိုးတွေပြုပြင်ရင်း စကားတွေပြောရင်း ရယ်မောနေကြသည်ကို သူတွေ့လိုက်ရလေ၏။

သူတို့၏အပျော်မျက်နှာလေးတွေကိုမြင်တော့ သူပါပြုံးဖြစ်ရသည်။ ညီဖြစ်သူသည်လည်း ချာလီ့အပေါ်၌ ညီငယ်လေးတစ်ယောက်ချစ်ခင်သနားစိတ်၊ ကြင်နာစိတ်တွေထားရှိသည်ကို တွေ့ရ၍ သူကျေနပ်မဆုံးပါ။ တစ်နည်းအားဖြင့် ညီလေးအတွက်လည်း အဖော်ရသွား၍ အိမ်လည်းစည်ကားသလို ပျော်လည်းပျော်ရွှင်ကြရ၏။ သူ့အနေနှင့် အလုပ်တွေများလွန်း၍ ရံဖန်ရံခါတွင် ညီအစ်ကိုနှစ်





ယောက်မှာ စကားပြောဖြစ်ဖို့နေသာ တစ်ယောက်ကိုတစ်ယောက်ပင် အမိုးတစ်ခုတည်းအောက်တွင်နေပြီး မတွေ့ဖြစ်ကြသည့်နေ့မျိုးလည်း ရှိဖူးပါ၏။

ထိုအခါမျိုးတွင် ညီဖြစ်သူက အလုပ်တွေသာဦးစားပေးလုပ်နေသည့် သူ့အား စိတ်ပျက်သည့်အကြည့်မျိုးနှင့် ကြည့်တတ်၏။ ယခုဖြင့် အေးမြင့်လတ်တွင် ချာလီနှင့်အဖော်ရသွားပြီမို့ သူသည် အလုပ်တွင်စိတ်ဖြောင့်ဖြောင့်နှင့် အလုပ်တွေကိုပိုပြီးလုပ်ဖြစ်ရလေ၏။ တစ်ဆက်တည်းလည်း ချာလီ့အပြင် တစ်ဘက်ခြံမှ မေဇင်ကို့ကိုပါ ညီဖြစ်သူတစ်ယောက် နှစ်သက်မြတ်နိုးနေမှန်းသိ၍ သူသည် မေဇင်ကိုပါ ကုမ္ပဏီတွင် အလုပ်တစ်နေရာပေးထားလိုက်လေ၏။

ထို့အတွက် သူတို့လူငယ်တွေ ချစ်ခင်ပျော်ရွှင်စွာနှင့် အဖော်ရနေကြ၍ သူလည်း စိတ်ထဲကျေနပ်မဆုံးရှိရသည်ပါ။ ဘာလို့လို့နှင့် ချာလီတစ်ယောက်လည်း သူတို့ထံတွင်နေထိုင်ရင်း ချာလီ့ကိုဆေးကုပေးနေသည်မှာ တစ်လပင်ကျော်စပြုပြီဖြစ်၏။ ချာလီသည်လည်း ကျန်းမာရေးကောင်းလာပြီး အားအင်ပြည့်ဖြိုးလာကာ ပျော်ရွှင်တက်ကြွလန်းဆန်းလာသည်ကို မြင်တွေ့ရ၍ သူ ကျေနပ်မဆုံးဖြစ်ရသည်က အမှန်ပါတည်း။ ဋ္ဌေးမြင့်လတ်သည် ပန်းခြံထဲမှပျော်ရွှင်နေကြသည့် ချာလီ၊ မေဇင်ကိုနှင့် အေးမြင့်လတ်တို့ထံကြည့်ကာ ပြုံးရင်း အောက်ထပ်သို့ဆင်းခဲ့သည်။

"ဩော် ကိုကိုဋ္ဌေး. .အလုပ်သွားတော့မလား. . ."

ဆင်ဝင်အောက်အရောက်၌ သူ့ကို အေးမြင့်လတ်လှမ်းမြင်လိုက်သည်တွင် ဆိုလိုက်လေ၍ သူ့ထံ ချာလီရော‌မေဇင်ကိုပါ လှည့်ကြည့်လာကြသည်။ သူတို့လေးတွေ၏ မျက်နှာနုနုလှလှလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ထက်၌ ချစ်စရာကောင်းသော အပြုံးလေးတွေနှင့်ပါ။

"အင်း .ဒီနေ့ ကိုကိုကလေဆိပ်သွားရမှာမို့ အရင်သွားနှင့်တော့မယ်၊ ကိုအေးနဲ့မေဇင်တို့က ဖြည်းဖြည်းမှလာလည်းဖြစ်ပါတယ်"

"ကျွန်တော်တို့လည်း တစ်အောင့်ကြာရင်သွားမှာပါ ကိုကို၊ သော် ပြောရဦးမယ်၊ ကိုကို့ကားကို ချာလီက ကောင်းကောင်းရေဆေးပြီး သုတ်ပေးထားတယ်၊ အဲဒါ ကိုကို ချာလီ့ကိုဆုချလိုက်ဦးနော်၊ အဟွန်း ဟွန်း. . ."

"ဟုတ်လား ချာလီ၊ နောက်မလုပ်ရဘူးနော်၊ ဆေးရော မှန်မှန်သောက်ရဲ့လား၊ ကိုသောင်းတို့ဆီရော ဖုန်းမှန်မှန်ဆက်ရဲ့လား"

"ဟုတ်ကဲ့၊ ကိုကိုမှာပြောတာတွေအားလုံး ချာလီမှန်မှန်လုပ်ပါတယ်. . ."

ချာလီပြုံး၍ဆိုသည်။ မေဇင်နှင့် အေးမြင့်လတ်ကပါ သူ့ထံပြုံး၍လှမ်းကြည့်နေ၏။

"အေး ဟုတ်ပြီ၊ ကဲ ကိုကိုသွားပြီ. . ."

အစ်ကိုကြီးအဖရာပီပီ အားလုံးကိုတည်ကြည်အေးဆေးစွာ နှုတ်ဆက်ပြီး ဌေးမြင့်လတ်သည် ကားပေါ်တက်မောင်းထွက်သွားလိုက်ပါတော့၏။

"ချာလီရေ့ .လာ၊ မေဇင်တို့ခြံအနောက်ဘက်သွားပြီး လမ်းဆျှာ..ကြရအောင်၊ ခြံနောက်မှာက ပိုပြီးသာယာတယ်. . ."

"အင်း သွားမယ်လေ၊ မေဇင်ပြောတာမှန်တယ်၊ ခြံနောက်မှာ ပိုပြီးတောင်သာယာသေးတယ်၊ မေဇင်တို့သွားရင် ချာလီက တစ်ယောက်တည်းပျင်းကျန်ရစ်မှာ. . ."

ချာလီနှင့်မေဇင်တို့စကားတွေဆိုရင်း ရှေ့မှလှမ်းထွက်သွား





တော့ အေးမြင့်လတ်မှာ မျက်နှာပျက်သွားရသည်။ သူ့အကြည့်တွေကလည်း ချာလီတို့ထံ မသက်သာသလို အကဲခတ်ကြည့်ရင်း နောက်မှလိုက်သွားသည်။ သူ့မျက်နှာချောချောက မကြည်လင်၊ သဝန်တိုစိတ်နှင့် ချာလီ့အပေါ်စိတ်တွေတိုနေရ၏။ ချာလီနှင့်မေဇင်တို့က သူ့ကိုသတိမထားဖြစ်၊ စကားတွေဆိုရင်း ပန်းပင်တွေဆီကြည့်ရင်း ရှေ့မှသွားနေကြသည်။

"ချာလီ. . ."

"ဟင်. . ."

"ချာလီ့ကြည့်ရတာ အရင်ထက်အများကြီးပြည့်ပြီး လန်းဆန်းလာတယ်၊ ချာလီလည်း နေကောင်းတယ်မဟုတ်လား. . ."

"အင်း ဟုတ်တယ်၊ ချာလီနေကောင်းပါတယ်၊ အစ်ကိုလေးတို့ ညီအစ်ကိုကျေးဇူးတွေပေါ့၊ ဆေးကတော့ ခုထိစားနေရတုန်းပဲ"

"ချာလီကကံကောင်းပါတယ်၊ ပြီးတော့ ချာလီကလေမိန်းကလေးအတိုင်းပဲ၊ တကယ်နုနယ်တယ်၊ ပျော့ပျောင်းတယ်၊ ချာလီက အရမ်းချောတာပဲ. . ."

"အဟွန်း ကျေးဇူးတင်ပါတယ်ဗျာ၊ ချာလီ့ကိုချောတယ်လို့ပြောလို့လေ. . ."

နောက်မှလိုက်လာသည့် အေးမြင့်လတ်ကား ရှေ့မှချာလီနှင့်မေဇင်တို့ပြောနေသည့်စကားတွေကို နားထောင်၍မရတော့၊ အေးမြင့်လတ်မျက်နှာက မကျေမနပ်ဖြင့် သုန်မှုန်လာရတော့သည်။ တစ်နေရာအရောက်မတော့ အေးမြင့်လတ်သည် တင်းကြပ်နေသည့်ရင်အားမခံစားနိုင်တော့၍ ခြေစုံရပ်လိုက်ရင်း. . .

"ချာလီ. . ."

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com

"သီလေး ခဏလာဦး၊ ကိုလေးပြောစရာရှိလို့. . ."

"မေဇင် ခဏနော်. . ."

မေဇင့်ကိုဆိုပြီး ချာလီသည်နောက်သို့ပြန်လျှောက်လာသည်။ အေးမြင့်လတ်သည် ချာလီအနီးရောက်လာသည်နှင့် မေဇင့်ထံ တစ်ချက်လှမ်းပြုံးပြလိုက်ပြီး ချာလီ့ပုခုံးဆီသိုင်းဖက်ကာ တစ်ဘက်သို့ဆွဲလှည့်ခေါ်ခဲ့လိုက်သည်။ ချာလီမှာ အေးမြင့်လတ်အပြုအမူကြောင့် ကိုယ်လေးကြုံ့ကာ ငြိမ်နေလိုက်ရ၏။ အေးမြင့်လတ်မှာ ချာလီ့ပုခုံးလေးဆီ စိတ်တိုတိုနှင့်တစ်ချက်ဖျစ်ညှစ်လိုက်ရင်းက. . .

"ချာလီ. မင်း ငါ့ကိုမှန်မှန်ပြောစမ်း၊ မင်း မေဇင့်ကို စိတ်ဝင်စားနေတယ်မဟုတ်လား၊ မေဇင်နဲ့မင်းတို့ မရိုးသားကြဘူးမဟုတ်လား၊ မင်းတို့ဖြစ်နေကြပြီမဟုတ်လား၊ မင်း ငါ့ကိုမှန်မှန်ပြော၊ မင်းနဲ့မေဇင် ဘယ်တုန်းကတည်းက ဖြစ်နေလဲ၊ မလိမ်နဲ့. . ."

"ဟင်. ဗျာ၊ ချာလီက. . ."

ချာလီမှာကြားလိုက်ရသည့် အေးမြင့်လတ်စကားကြောင့် အံ့ဩစိတ်နှင့် အလွန်အမင်းရယ်ချင်စိတ်တွေဖြစ်ကာ အေးမြင့်လတ်မျက်နှာဆီ ပြုံးရယ်ကာ မော့ကြည့်ဖြစ်ရင်း. . .

"ဟို အစ်ကိုလေး ချာလီမလိမ်ပါဘူး၊ ချာလီနဲ့မေဇင်က ဘာမှမဖြစ်ဘူး၊ ချာလီတို့က ရိုးရိုးပဲခင်ကြတာပါ. . ."

"ငါမယုံဘူး၊ မင်းလိမ်တာ၊ မင်း မေဇင့်ကိုစိတ်ဝင်စားနေတယ်မဟုတ်လား၊ မှန်မှန်ပြော၊ မင်း ငါ့ကိုသစ္စာဖောက်တယ်မဟုတ်လား. . ."

"ဟာ အစ်ကိုလေးကလည်းဗျာ. ချာလီပြောတာယုံပါ၊ ချာလီကဘာဖြစ်လို့ လိမ်ရမှာလဲ၊ မေဇင့်ကို ချာလီ လုံးဝစိတ်မဝင်စားပါဘူး၊ ဒါပေမယ့်. . ."





"ဘာ ဒါပေမယ့်လဲ. . ."

"မဟုတ်ဘူးလေ၊ မေဇင့်ကို ချာလီက မောင်နှမအရင်းလို ချစ်ခင်တွယ်တာတော့ အမှန်ပဲလို့ ပြောမလို့ပါ. . ."

"ချာလီ. မင်းတကယ်ပြောတာ။ မင်း ငါ့ကိုသစ္စာမဖောက်နဲ့နော်၊ ငါ မေဇင့်ကိုချစ်နေတာ မင်းသိတယ်မဟုတ်လား. . ."

"အဟွန်း သိပါတယ် အစ်ကိုလေးရာ၊ ချာလီက ကိုယ့်ရဲ့ကျေးဇူးရှင်အစ်ကိုလေးကို သစ္စာဖောက်ပါ့မလားဗျာ. . ."

"မင်း တကယ်နော် ချာလီ၊ မင်း မေဇင့်ကိုလုံးဝစိတ်မဝင်စားဘူးနော်. . ."

"မယုံရင် ချာလီဘယ်လိုကျိန်ပြရမလဲ၊ ကဲ အစ်ကိုလေး—ပြော. . ."

"ဟင်း မလိုပါဘူးကွာ၊ ဒါပေမယ့် မင်း ငါနဲ့ မေဇင့်ကို အမြန်ဆုံးအဆင်ပြေအောင် အကျိုးဆောင်ပေးနိုင်မလား၊ မင်း သူ့ကို မချစ်ဘူးဆိုရင် မင်း အကျိုးဆောင်ပေးနိုင်ရမယ်၊ ဘယ်လိုလဲ"

"ချာလီက ဘယ်လိုအကျိုးဆောင်ပေးရမလဲ. . ."

"မင်းချောင်ပေးပေါ့၊ ဒါမှ ကိုယ် မေဇင့်နားကို ကပ်နိုင်မှာ."

"အဟွန်း ဟွန်း ကောင်းပါပြီ၊ ချာလီလည်း ခုပဲဆေးသောက်ချိန်ရောက်ပြီ၊ အဲဒီဆေးသောက်ပြီးရင် အိပ်ငိုက်တယ်၊ ကဲ ချာလီ ဆေးသွားသောက်တော့မယ်. . ."

"နေဦးလေ၊ မင်း သူ့ကိုကောင်းအောင်ပြောသွားဦးမှပေါ့"

"ဩော် အင်း. . ."

အေးမြင့်လတ်စကားတွေအတွက် ချာလီမှာရယ်နေရ၏။ ပြီးမှ ချာလီသည် မိမိကိုစောင့်နေသည့် မေဇင့်ထံလှမ်းကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟား မေဇင်ရေ. .ချာလီဆေးသောက်ရဦးမယ်၊ ဆေးသောက်ချိန်ရောက်ပြီ၊ ချာလီဆေးသွားသောက်လိုက်ဦးမယ်နော်"

မေဇင်ပင်ဘာမှပြန်မပြောခင် ချာလီသည် စကားအဆုံးနေရာမှပြေးထွက်ခဲ့လိုက်လေ၏။ မှန်သည်။ ကျန်ခဲ့သည့် မေဇင်နှင့်အေးမြင့်လတ်တို့ အဆင်ပြေမပြေတော့ ချာလီမသိ၊ ချာလီသည်ကမိမိအိပ်ခန်းထဲအရောက်၌ စိတ်ပေါ့ပါးစွာဖြင့် ဆေးသောက်ပြီး အနားယူဖြစ်လိုက်ရပါသတည်း။

× × × × ×

အိပ်ယာပေါ်တွင်အိမ်ရှင်း ဦးအောင်မြိုင်တစ်ယောက် မဂ္ဂဇင်းတစ်အုပ်ဖတ်နေဆဲ ဒေါ်ခင်မာသည် ရေချိုးပြီး၍ ရေချိုးခန်းထဲမှထွက်ခဲ့သည်။

"ဟင် ကိုအောင်မြိုင်. .ရှင် ဒီနေ့ဘယ်မှမသွားဘူးလား၊ အခါတိုင်း ဆိုင်ပိတ်ရက်ဆိုရင် ရှင် သွားနေကျနေရာတွေဆီသွားနေတယ်မဟုတ်လား၊ ဒီနေ့မှဘာလို့အခန်းထဲငြိမ်ကုတ်နေတာလဲ၊ ဘာလဲ ရှင့်မှာဘာအကြံအစည်တွေ ရှိနေပြန်ပြီလဲ၊ ပြောစမ်းပါဦး. . ."

ရေချိုးခန်းထဲမှအထွက် ခင်ပွန်းသည်အောင်မြိုင်ကို ကတင်ထက်တွေ့လိုက်ရ၍ ဒေါ်ခင်မာဆိုလိုက်ခြင်းပါ။ ခင်ပွန်းသည်ရှိနေ၍ ဒေါ်ခင်မာမနှစ်သက်ဖြစ်သွားသည်ကဖြင့် အမှန်။ သို့သော်လည်း ဒေါ်ခင်မာက မျက်နှာကိုထားတတ်သူဖြစ်၏။ ဇနီးသည်စကားအတွက် ဦးအောင်မြိုင်ကလည်း ဇနီးသည်ထံ မျက်ခွံကြီးလှန်ကြည့်လာရင်းက.

"ပြောရမှာက မင်းပါ၊ မင်းကအခုရေချိုးအလှပြင်ပြီး ဘယ်သွားဦးမလို့လဲ. . ."

"ဟုတ်တယ်၊ ခင်မာကတော့ အပြင်ထွက်ရဦးမယ်၊ အထည်တွေအပ်ထားတဲ့ ပန်းတိမ်အိမ်လည်းသွားစရာရှိတယ်၊ ပြီးတော့ အိမ်အတွက် ရယ်ဒီမိတ်စားစရာတွေလည်း ဝယ်ရဦးမယ်၊ ငါးသေတ္တာတွေ၊ ခေါက်ဆွဲတွေ အသားဗူးတွေကုန်နေပြီလေ၊ သမီးက ဒါတွေကြိုက်တယ်၊ သူ့အဖေအတိုင်းပဲ၊ ပြီးတော့ သမီးက အလုပ်လုပ်နေပြီဆိုတော့ ရယ်ဒီမိတ်စားစရာတွေနဲ့ ပိုပြီးအဆင်ပြေတယ်လေ. . ."

ဒေါ်ခင်မာစကားကြောင့် ဦးအောင်မြိုင်မျက်နှာထားက မသိမသာတင်းသွားရသည်။ ဦးအောင်မြိုင်ဘာဖြစ်သွားသည်ကို ဒေါ်ခင်မာကသိသည်။ သို့သော်လည်း ဒေါ်ခင်မာက ဂရုမစိုက်၊ မှန်ရှေ့တွင်ကိုယ်ပေါ်မှရေတွေသုတ်ရင်း မှန်ထဲမှခင်ပွန်းသည်ထံ မဲ့ရွဲ့ကာကြည့်ဖြစ်ရင်း. . .

"ရှင့်မျက်နှာက ဘယ်လိုဖြစ်ရတာလဲ၊ ရှင်က ခုထိ သမီးရဲ့အဖေအပေါ်မှာ သဝန်တိုနေတုန်းလား၊ သမီးဖေဖေကဖြင့် သေတာအဆွေးဆွေးတောင်ဖြစ်နေပြီ၊ ရှင်ကသဝန်တိုကောင်းတုန်းပဲလား အဟင်း ဟင်း. . ."

"ခင်မာ. .ငါကမင်းကိုသိပ်ချစ်ပြီး အရယူခဲ့တာ၊ မင်းကငါ့ကိုလင်ကောင်ဖော်အခြေအနေနဲ့ ယူခဲ့တာမဟုတ်လား၊ ပြော. . မင်း ငါ့ကိုဒီကနေ့အထိ မချစ်ခဲ့ဘူးမဟုတ်လား၊ ပြော. . ."

"ကိုအောင်မြိုင်. .ရှင်တော်တော်သူငယ်ပြန်တာပဲ. . ."

"မင်း ငါမေးတာသာပြော၊ မင်းစကားမလွှဲနဲ့. . ."

ဦးအောင်မြိုင်တစ်ယောက် မကျေမနပ်ဖြင့်ဆိုသည်။ မှန်သည်။ ဦးအောင်မြိုင်သည် ဒေါ်ခင်မာအား လွန်စွာချစ်သည်ကအမှန်။ ချစ်လွန်း၍လည်း ဖြစ်သည့်နည်းနှင့် ဒေါ်ခင်မာအား မရရအောင်ကြိုးစားယူထားရသည်မဟုတ်ပါလား။ ဦးအောင်မြိုင်တစ်ယောက် မိမိအား






www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြိုးစားပြီး ယူခဲ့သည်ကိုမူ ဒေါ်ခင်မာကမသိ၊ ဒေါ်ခင်မာ သိသည့်က အောင်မြင့်ဆိုသည့်လူကို ကြိုက်သလို လိုအပ်သည့် နေရာတွင် ခိုင်းစေ၍ရသည့်အတွက် ဒေါ်ခင်မာသည် မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ယူဖြစ်ထားခြင်းပါ၊ ဒေါ်ခင်မာအတွက် သမီး လေးဖခင် လောကကြီးတွင်မရှိမှတော့ အချစ်သည်လည်း မလိုအပ် တော့ပါ။

"မလွဲပါဘူးတော်၊ ရှင်နဲ့ခင်မာက လင်မယားက လင်မယား ပဲလေ၊ ရှင်နဲ့ယူပြီးတဲ့နောက်မှာ ကျွန်မဖောက်ပြန်သလား ပြော၊ ခုတိုင် ရှင်နဲ့ပဲကျွန်မပျော်ပျော်ကြီးနေတယ်မဟုတ်လား. . ."

"ဒါပေမယ့် မင်း ငါ့ကိုမချစ်ဘူးမဟုတ်လား၊ ငါသိချင်တယ်၊ မင်း ငါ့ကိုချစ် မချစ်ဆိုတာ. . ."

"အဲဒါဖြေဖို့လိုသေးလား. . ."

မှန်တင်ခုံရှေ့အလှတွေပြင်ရင်း ဒေါ်ခင်မာဆိုသည်။ ဒေါ်ခင် မာသည်က တကယ့်မိန်းမချော မိန်းမလှတစ်ဦးပါ။ ဒါကြောင့်လည်း အောင်မြင့်သည် ဒရိုင်ဘာအဖြစ်ကတည်းက တစ်ဖက်သတ်ကြိတ်ပိုး ပိုးခဲ့ရသည်။ ခင်မာကခိုင်းလျှင် အောင်မြင့်မလွဲတမ်းဆောင်ရွက်ပေး သည်၊ အောင်မြင့်ကိုခိုင်းသမျှအလုပ်တွေက အောင်မြင့်သည်မို့ ခင်မာ ကလည်း အောင်မြင့်ကိုသာခိုင်းစေခဲ့၏။ တကယ်တော့ အောင်မြင့် ကလည်း လူလည်တစ်ယောက်ပါ။ အောင်မြင့်လိုလူလည်တစ်ယောက် နှင့် ခင်မာလိုမိန်းမလည်တစ်ယောက် တွေ့ဆုံပေါင်းစည်းရခြင်းပါ။

သူတို့နှစ်ဦးပေါင်းလိုက်ရ၍ ဘယ်သူ့ဘယ်သူမှ နစ်နာမှု မရှိ၊ နှစ်ဦးလုံးတွင် အမြတ်တွေချည်းသာရှိသည်။ တကယ်နစ်နာရသူ က သမီးလေးမေဇင်ကိုသာဖြစ်၏။ မှန်သည်။ ခင်မာသည် မိမိ တစ်ဖက်သတ်ချစ်ရသည့် ချစ်သူအစ်ကိုကို ရသည့်နည်းနှင့်ယူလိုက်





နိုင်၍ ရှိသမျှစည်းစိမ်တွေ ဒေါ်ခင်မာတစ်ယောက်တည်းရလိုက်သည်။ အောင်မြင့်လိုဒရိုင်ဘာကလည်း ရသည့်နည်းနှင့် ခင်မာအား အရ ကြံယူလိုက်၍ ခင်မာအားရသည့်စည်းစိမ်တွေကို ယပ်တူစံစားရသည် မဟုတ်ပါတကား။

"မိန်းမ. .မင်းဖြေပါ၊ မင်း ငါ့ကိုခုထိမချစ်ဘူးလား. ."

ကုတင်ပေါ်ကဆင်းလာပြီး ဦးအောင်မြင့်တစ်ယောက် အား မလိုအားမရနှင့် ဒေါ်ခင်မာကိုသိုင်းဖက်ထားပြီးဆိုသည်။

"ကဲ ဖြေဆိုလည်းဖြေပါ့မယ်ရှင်၊ ရှင့်အပေါ် သံယောဇဉ် မရှိဘဲနဲ့ ရှင်နဲ့ကျွန်မ ဒီလောက်နှစ်ပေါင်းများစွာ အတူနေမလား၊ ရှင်ပဲစဉ်းစားပါဦး၊ ကဲ ရှင်ဘာပြောဦးမလဲ. . ."

"မိန်းမ. .မင်းတကယ်ပြောတာနော်၊ မင်း ငါ့ကိုချစ်တယ် နော်၊ မိန်းမ. .ငါက မင်းကိုရင်ထဲအသည်းထဲ အသွေးထဲ အသားထဲ ကနေပြီးချစ်တာ၊ အဲဒါမင်းသိရဲ့လား. . ."

ဦးအောင်မြင့်တစ်ယောက် အူငယ်ပြန်သလို ဒေါ်ခင်မာကို ဖက်ထားပြီးနမ်းရှိုက်ရင်း ပါးစပ်မှလည်းတတွတ်တွတ်ဆိုသည်။ ဒေါ် ခင်မာသည်က ပြုံး၍နေ၏။

ဒေါ်ခင်မာ့အပြုံးက မဲ့ပြုံးပါ။ မှန်သည်။ ဒေါ်ခင်မာအတွက် ဦးအောင်မြင့်နှင့်အတူနေနိုင်ခြင်းသည် သူမအတွက် အချစ်မှ မလိုအပ် တော့ပေပဲ၊ ဒေါ်ခင်မာသည် ဦးအောင်မြင့်တစ်ယောက် အူငယ်ပြန် အချစ်အား စိတ်ရှုပ်သည်းခံနေပြီးမှ. . .

"ကဲ ယောကျ်ား. .ရှင် ကျွန်မကိုလွှတ်တော့၊ ဆယ့်တစ်နာရီ မထိုးခင် ပန်းတိမ်အိမ်ကိုအရောက်သွားရမှာ၊ ရှင် ကျွန်မနဲ့လိုက်ချင် လည်းလိုက်၊ မလိုက်ချင်လည်း ရှင့်အတွက် ကျွန်မဘာဝယ်ခဲ့ပေးရ



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ. . ."

ဒေါ်ခင်မာတို့က ထိုသို့အပြောအဆိုနပ်လှပါ။ ဒေါ်ခင်မာ့စကားတွင် ဦးအောင်မြင်သည် ဘာဖြစ်ဖြစ်ပျော်၍တော့သွားပါ၏။ ဦးအောင်မြင်တွင် မည်ကဲ့သို့သောနာကြင်မှုနှင့် အကြံတွေရှိစေကာမူ ဦးအောင်မြင်သည် ဒေါ်ခင်မာအား အချစ်နှတ်ရုပ်ထုကြီးအလား ကိုးကွယ်ထားသူပါတည်း။

× × × × ×

ပန်းတိမ်အိမ်ကိုသွားပြီး အပ်ထည့်တွေအရင်ယူသည်။ ပြီးတော့ ဈေးလိုက်ဝယ်သည်။ ဈေးဝယ်ပြီး၍ ဒေါ်ခင်မာသည် အထုပ်အပိုးတွေဆွဲကာ ကားရပ်ထားရာသို့ လှမ်းခဲ့သည်။

"ဟယ်တော့ ပြုတ်ကျပြီ. . ."

"အား ခြေထောက်တော့ကြေပါပြီဗျား၊ အား အား အား"

အထုပ်တွေဆွဲလာသည့် ဒေါ်ခင်မာ တစ်နေရာအရောက် လူတစ်ယောက်က မိမိနားမှဖြတ်သွားစဉ်ပင် ဒေါ်ခင်မာလက်ထဲမှ အသားဘူးတွေချည်းထည့်ထားသည့် အထုပ်တစ်ထုပ်က ပြုတ်ကြသွားသည်။ ကံဆိုးချင်တော့ဖြတ်သွားသည့် လူခြေထောက်ပေါ်တည့်တည့် ပြုတ်ကျသွား၍ ထိုလူမှာဟန်ဖင်မဆောင်နိုင်အောင် အော်မိရင်း တအားအားဖြင့် ခုန်ဆွခုန်ဆွဖြစ်နေရတော့၏။

"အားနာလိုက်တာ၊ ရှင့်ခြေထောက်ဘယ်လိုဖြစ်သွားပြီလဲ၊ ကျွန်မကြည့်ပါရစေ၊ လိုအပ်ရင် ဆေးခန်းကိုတစ်ခါတည်း ကျွန်မလိုက်ပို့ပေးပါမယ်. . ."





"ကျုပ်ခြေထောက်တော့ အရိုးကျိုးပြီလို့ထင်. . .ဟင် နေနေပါဦး၊ ခင် ခင်ဗျား. . .အာ. . .မ မခင်မာ၊ မခင်မာ မဟုတ်လား"

"ဟင် ရှင်ကဘယ်သူလဲ၊ ရှင် ကျွန်မကိုဘယ်လိုသိတာလဲ"

"ဟုတ်. . .ဟုတ်ကဲ့၊ မခင်မာကတော့ ကျုပ်ကိုသိမှာမဟုတ်ဘူး၊ ကျုပ်ကတော့ မခင်မာတို့ ကောင်းကောင်းသိပါတယ်. . ."

"ရှင်ကဘယ်သူလဲ. . ."

"ကျုပ်နာမည်က သာထူးပါ၊ အောင်မြင်နဲ့ကျုပ်က သူငယ်ချင်းတွေ. . ."

"ဟင်. . ."

ဦးသာထူးစကားကြောင့် ဒေါ်ခင်မာ အံ့သြသလိုတော့ ဖြစ်သွားသည်။ ပြီးမှ ဒေါ်ခင်မာသည် ဟိုဒီကြည့်လိုက်ပြီး. . .

"ဦးသာထူး. . .လာ ကျွန်မကားနားသွားမယ်၊ ဒီနားမှာက လမ်းသွားလမ်းလာတွေနဲ့. . ."

"ဟုတ်ကဲ့၊ ကျုပ် ဝိုင်းဆွဲပေးပါမယ်. . ."

ဒေါ်ခင်မာဆိုတော့ ဦးသာထူးပါ သူမပစ္စည်းတွေကို ဝိုင်းဆွဲပေးပြီး ကားအနီးရောက်လာခဲ့ကြသည်။

"ကဲ ရှင့်စကားဆက်ပြောပါဦး. . ."

"အောင်မြင်က ဒေါ်ခင်မာတို့ဆီမှာ ကားမောင်းနေတဲ့ အချိန်မှာ ကျုပ်ကလည်း နှစ်ခြိုကျော်မှာ ဟားမောင်းနေတာ၊ သူငယ်ချင်းဆိုပေမယ့် ကျုပ်တို့က ကားမောင်းရင်း မိတ်ဆွေဖြစ်သွားကြတာပါ၊ ခပ်တိုတိုပြောရရင်တော့ တစ်ညမှာ အောင်မြင်ဟာ လူတစ်ယောက်ကို ကားနဲ့တိုက်ပြီးပြေးသွားတယ်၊ မတော်တဆတိုက်မိတာမဟုတ်ဘူး၊ တမင်ကို စီစဉ်ထားပြီးတိုက်တာ၊ အဲဒီတိုက်တဲ့ကားကလည်း ခင်ဗျားတို့အိမ်ကကားမဟုတ်ဘူး၊ တိုက်ခံရတဲ့လူကို ကျုပ်မပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ခင်ဗျားရဲ့အစ်ကို ဦးကိုကိုဖြစ်နေတယ်. . ."

"ရှင် ဦးကိုကို. . ."

အံ့သြစွာမေးရင်း ဒေါ်ခင်မာ မှင်တက်သွားသည်။ ဦးသာထူးသည်က စိတ်မကောင်းခြင်းတွေနှင့် ခုမှအားရပါးရရင်ဖွင့်ပြောဆိုနေဖြစ်သလိုနှင့် စကားတွေကို ဆက်၍ဆို၏။

"ဟုတ်တယ်၊ ဦးကိုကိုပဲ၊ ဦးကိုကိုက ဘယ်ကပြန်လာလဲတော့ မသိဘူး၊ ဦးကိုကိုပြန်လာချိန်က တော်တော်ကိုမှုးချုပ်နေပြီ၊ ဦးကိုကို့ကို အောင်မြင့်က ကားနဲ့တိုက်တာ ကျုပ်ကိုယ်တိုင်၊ ကျုပ်မျက်လုံးနဲ့တပ်အပ်တွေ့တာ၊ မြင်တာပါ၊ အဲဒီနေ့က ကျုပ်အိမ်ရှင်လေဖြတ်သွားတော့ ဆေးရုံတင်တယ်၊ ကျုပ်ဟာ ဆေးရုံနဲ့အိမ်ကို အခေါက်ခေါက်သွားနေရတယ်. . ."

"ရှင်မြင်တာ ဘယ်နားမှာလဲ. . ."

"(× ×)လမ်းအကွေ့လေးနားမှာ. . ."

ဒေါ်ခင်မာသည် အသားတွေ ဆတ်ဆတ်တုန်သည်အထိ နှုတ်ခမ်းသားတွေကို ဖိကိုက်ထားလိုက်သည်။ ရုတ်ချည်းလည်း ဒေါ်ခင်မာသည် မျက်ရည်တွေဝဲတက်လာရ၏။ ပြီးမှ ဒေါ်ခင်မာသည် ဦးသာထူးရှေ့တွင် မိမိကိုယ်ကိုမိမိထိန်းထားဖြစ်ရင်း. . .

"အေြာ် ဦးသာထူးရယ်. . ခုတော့လည်းနှစ်တွေက ကြာခဲ့ပြီလေ၊ ရှင်သာ အဲဒီအချိန်က ကျွန်မကိုအဖြစ်မှန်တွေ လာမပြောပြခဲ့မယ်ဆိုရင်. . ."

"ကျုပ်လည်း အမှုပတ်မှာစိုးပြီး ဘယ်ပြောရဲမလဲဗျာ၊ ဒါပေမယ့် ရဲစခန်းကိုအမည်မဖော်ဘဲ ဖုန်းဆက်ပေးခဲ့တာ ကျုပ်ပါပဲ၊ ပြီးတော့ ခင်ဗျားတို့အိမ်ကိုလည်း ကျုပ်ပဲဖုန်းဆက်လိုက်တာ၊ ခင်ဗျားရဲ့အမေနဲ့တွေ့တယ်၊ ရှည်ရှည်ဝေးဝေးတွေ လိုက်မေးနေမှာစိုးလို့





ကျုပ်ချက်ချင်းဖုန်းချလိုက်တာ၊ နောက်ပိုင်းလည်း ကျုပ် ဒီကိစ္စတွေကို သတိမရအားတော့ပါဘူး၊ ကျုပ်သူဌေး ဆေးရုံကဆင်းပြီး ကျုပ်ဇနီးက အညာမှာပြန်လုပ်စားမယ်ဆိုလို့ ကျုပ်တို့အညာကိုပြောင်းသွားလိုက်တယ်. . .

အခု ကျုပ် ရန်ကုန်လာတာ ဓာတ်မြေဩဇာတွေ လာဝယ်တာပါ၊ အညာမှာ ကျုပ်တို့ နှမ်း၊ မြေပဲတွေစိုက်တယ်၊ အောင်မြင့်တစ်ယောက်လည်း အခုဘယ်ရောက်နေပြီလဲမသိတော့ဘူး၊ ဒေါ်ခင်မာတို့အိမ်မှာတော့ ရှိမယ်မထင်တော့ဘူး၊ ကျုပ်နဲ့လည်းနောက်ပိုင်းမတွေ့တော့ဘူး. . ."

ဦးသာထူးစကားများအတွက် ဒေါ်ခင်မာသည် ဘယ်လိုပြောရမှန်းမသိဘဲ နှုတ်ခမ်းတွေက အတွင်းသွားတွေကိုသာ ကျစ်ကျစ်မြည်မတက်စေ့ကြိတ်ထားဖြစ်လိုက်ရလေ၏။

"ကဲ ဒေါ်ခင်မာ. . ကျုပ်သွားဦးမယ်၊ အဆင်ပြေတုန်း ပြောဖြစ်တာပါ. . ."

"အော် ဦးသာထူး နေဦးလေ၊ လက်ဘက်ရည်. . ."

"ရတယ် ရတယ်၊ ကျုပ်လည်း အချိန်သိပ်မရှိတော့လို့ပါ"

ဦးသာထူးတစ်ယောက် လက်တစ်ဘက်မြှောက်ကာဆိုရင်း ထွက်သွားသည်တွင် ဒေါ်ခင်မာစား ဒေါသဖြင့်ရင်ခသည်မှုက်ပွက်ဆူနေရသည်တိုင် ဘာမှမတတ်နိုင်တော့။ ဒေါ်ခင်မာသည် သံပတ်ကုန်ခါနီးအရုပ်ကဲ့သို့ ကားပေါ်သို့လေးလံစွာဝင်ထိုင်လိုက်ပြီး ကားကိုမောင်းထွက်ခဲ့လိုက်လေ၏။

ကားမောင်းရင်း ဒေါ်ခင်မာသည် မြင်ကွင်းတွေ စကားသံတွေကို ပြန်လည်မြင်ယောင်ကြားယောင်နေဖြစ်ရသည်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကားကိုဆက်မမောင်းနိုင်တော့၍ လမ်းဘေးတစ်နေရာတွင် ထိုးရပ်ပစ်လိုက်ရပါတော့သတည်း။

"မမေ. .မမေ့ချွေးမ အိမ်ကဒရိုင်ဘာအောင်မြင့်နဲ့ ပြောဆိုနေထိုင်ပုံတွေ သတိထားဦးနော်၊ တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေဖြစ်ပြီး တစ်အိမ်လုံးသိက္ခာကျကုန်ဦးမယ်. . ."

"ဖေဖေ. .မေမေ လာ၊ ဒီမှာသာကြည့်ဦး၊ ဖေဖေနဲ့မေမေတို့ ချွေးမ–ဘုရားတင်ဖို့ပန်းခူးမယ် ပန်းခူးမယ်နဲ့ ခြံထဲဆင်းဆင်းပြီး ဒရိုင်ဘာအောင်မြင့်နဲ့ အကြည်သွားဆိုက်နေတာမြင်ပြီမဟုတ်လား၊ ကလေကာဝ ဘယ်ကလာလို့ လာမှန်းမသိတဲ့အစားတွေကို အိမ်ပေါ်ခေါ်တင်ရတယ်လို့. . ."

"ဖေဖေနဲ့မေမေတို့က မြေးလိုချင်ကြတာနဲ့ပဲ ဘယ်လိုမိဖမှန်းမသိ၊ ဘယ်လိုအမျိုးအစားမှန်းမသိတဲ့ အဆင့်အတန်းဆိုလည်း တစ်စက်ကလေးမှမရှိတဲ့ တွေ့ကရာမိန်းမကို ကိုကိုက အိမ်ပေါ်ခေါ်တင်လာလည်း သဘောတူကြည်ဖြူလက်ခံထားကြတာကိုး၊ ခုတော့ မဖွယ်မရာတွေဖြစ်ပြီမဟုတ်လား၊ သိပြီ မြင်ပြီ တွေ့ပြီမဟုတ်လား. . ."

"နေပါဦး သမီးရဲ့၊ သူတို့စကားပြောတာကြည့်ရတာ သမီးပြောသလိုမဟုတ်ပါဘူး၊ အေးအေးဆေးဆေးပါ. . ."

"သမီးဖေဖေပြောတာလည်း ဟုတ်တာပဲ၊ ဟိုမှာ စုလတ်က သူ့ဟာသူပန်းခူးရင်း အေးအေးဆေးဆေးပြောတာပါ သမီးရယ်၊ အထင်မလွဲပါနဲ့၊ စုလတ်ကမိန်းမကောင်းလေးပါ၊ စုလတ်ရဲ့ အနေအထိုင်ကို မေမေသဘောကျတယ်၊ အလုပ်အကိုင်လည်း အားလုံးတော်တယ်. . ."





"ဟင်း မေမေတို့တောလေ. .အံ့ရော၊ တကယ်စိတ်ပျက်တယ်၊ ဒီကောင်မမိစုလတ်အကြောင်း မေမေတို့ဘာသိလို့လဲ၊ လွှတ်ထား လွှတ်ထား နောက်မှဒုက္ခရောက်မယ်. . ."

ယောင်းမဖြစ်သူစုလတ်နှင့် မိဘနှစ်ပါးအား အထင်အမြင်လွဲစေရန် အကွက်ရှာဖန်တီးပြီး အကြိမ်ကြိမ်လုပ်ကြံခဲ့သော်လည်း ခင်မာ ထင်သလိုမအောင်မြင်ခဲ့ပါ။

"ကိုကို. .ကိုကို့မိန်းမကိုလည်း သတိထားဦးနော်၊ ကိုကို့သူငယ်ချင်း ဆရာဝန်ဆိုတဲ့လူနဲ့ သိပ်ရင်းနှီးလွန်းနေတယ်၊ ခင်မာတော့ သိပ်ကြည့်မရတော့ဘူး. . ."

"သြော် ငါ့ညီမရယ်၊ ငါ့ညီမထင်သလိုမဟုတ်ပါဘူး၊ ကိုကို့မိန်းအကြောင်းလည်းသိသလို ကိုယ့်သူငယ်ချင်းအကြောင်းလည်း သိနေတယ်လေ၊ တိုချင်းတို ကိုကိုက သဝန်တိုရမှာပါ၊ ဘယ်နှယ့် ငါ့ညီမက ကိုကို့ထက်ပိုတိုနေရတာလဲ. . ."

"ကိုကို. .ဒီနေ့လည်း ကိုကို့မိန်းမလေ၊ ဆရာဝန်က လာခေါ်လို့လိုက်သွားတာတစ်နေကုန်ပဲ၊ အဲဒါတွေကို သိလား၊ ယုံနေယုံနေ၊ အဲဒီမိန်းမကို ကိုကိုကျုပ်ကျုပ်ယုံနေ. . ."

"မဟုတ်ပါဘူး၊ အဲဒါကိုကိုက ဝင်ခေါ်ခိုင်းလိုက်တာပါ ညီမရဲ့. . ."

"ကိုကို. .ကိုကို့မိန်းမစုလတ်ကိုကြည့်ရတာ မသင်္ကာဘူး၊ ကြေနတော့ ကိုယ်ဝန်ရှိနေပြီနဲ့တူတယ်၊ ခင်မာတော့ ဒီကိုယ်ဝန်ကို မယုံဘူးကိုကို. . ."

"ကိုကိုကတော့ယုံတယ်၊ ဟုတ်တယ် အခုစုလတ်ဟာ ကိုယ်ဝန်ရှိနေပြီ၊ ဆရာဝန်နဲ့အားလုံးစမ်းသပ်ပြီးပြီ၊ ဟိုတနေ့ကကိုကို့သူငယ်ချင်းဆရာဝန်က စုလတ်ကိုဝင်ခေါ်သွားတယ်လို့ ဓာ

www.burmeseclassic.com

ပြောခဲ့တယ်မဟုတ်လား၊ အဲဒီကိစ္စပဲ. . ."

အစ်ကိုဖြစ်သူ ဦးကိုကိုနှင့်ယောင်းမဖြစ်သူ စုလတ်တို့ကို မကွဲကွဲအောင် ခင်မာတစ်ယောက် အမျိုးမျိုးနှင့်အကြိမ်ကြိမ်ကြိုးစား ကြံစည်ခဲ့သော်လည်း ဘယ်လိုမှမအောင်မြင်ခဲ့ပါ။ ထို့စဉ်က ဒေါ်ခင်မာသည် ဒေါ်သစ္စာ၊ မနှာလိုမုန်းတီးမှုတွေကြောင့် ဘယ်လိုမှနေထိုင်၍ မရခဲ့၊ အချိန်ရှိသလို အစ်ကိုဖြစ်သူနှင့်ယောင်းမတို့၏နေထိုင်ပြောဆိုပုံတွေကိုသာချောင်းမြောင်းလိုက်ကြည့်ပြီး ဘယ်လိုနှင့်ဘာတွေလုပ်ရမည်ကို ကြံစည်စိတ်ကူးနေဖြစ်ခဲ့ရ၏။

"မဲ့ စုလတ်. .ကိုကို့အဝတ်တွေကို နင်လျှော်ပြီး မီးပူတိုက်တယ်ဆိုတာ ဘာလဲ၊ ဒီမှာလာကြည့်စမ်း ဒါကိုကို့အဝတ်တွေမဟုတ်ဘူးလား၊ ညီးနှယ်အေ ကျုပ်ကကျုပ်အစ်ကိုကို တစ်သက်လုံး မြှုစုရရှိက်လာတာ၊ ကျုပ်အစ်ကိုက တစ်သက်လုံးလည်း ကျော့ကျော့လေးနေလာတာ၊ ညီးနဲ့ရမှ ကိုကိုကကြံသလိုနေရတာယ်ဆိုတာမျိုးတော့မဖြစ်စေနဲ့၊ ဟဲ့ မိစုလတ်. .ညီး ငါပြောတာကြားရဲ့လား၊ ဘာတွေစဉ်းစားနေတာလဲ. . ."

"ဟုတ်တယ်၊ စုလတ်လည်း စဉ်းစားနေတာအမှန်ပဲ၊ စုလတ်က စုလတ်ယောကျ်ားအဝတ်တွေကို အပြင်မှာထားတဲ့သူမဟုတ်ပါဘူး၊ စုလတ်က တစ်နေ့တာဝန် တစ်နေ့အကုန်ပြီးအောင်လုပ်တယ်၊ ဘာကြောင့်များ ဒီအဝတ်နှစ်စုံသုံးစုံတောင် အပြင်ရောက်နေလဲဆိုတာ စဉ်းစားမရဘူး. . ."

"သြော် ဒါဖြင့် ဒီအဝတ်တွေက ခြေထောက်ပေါက်ပြီး ဘီဒိုထဲကခုန်ထွက်လာကြတာလား. . ."

"ပြောလို့တော့မတတ်ဘူးလေ၊ နောက်တစ်ခါ အဝတ်တွေကို အပြင်မရောက်အောင် အခန်းတံခါးကို သော့ခတ်ထားရတော့မယ်"





"ညီးကငါ့ကိုရွဲ့တာလား. . ."

"စုလတ် ချိန်းထားတာရှိလို့ အပြင်သွားလိုက်ပါဦးမယ်"

ဒေါ်ခင်မာက ရန်ကိုရှာသော်လည်း ဒေါ်စုလတ်သည်က ရန်ကိုရှောင်ခဲ့၏။

"ဟဲ့ လင်နဲ့ထမင်းစားနေတာ မပြီးနိုင်တော့ဘူးလား၊ ဒီမှာကလေးကတာတော့မတတ် ငိုနေပြီ. . ."

"မိစုလတ်. .ညီးကို ကိုကိုကအလိုလိုက်တိုင်း ညီးကိုယ်ညီးအကောင်းမထင်နဲ့၊ ယောက္ခမကောင်းတယ်ဆိုတိုင်းလည်း အခွင့်အရေးရမယ်မထင်နဲ့၊ ညီးသတိထားနေပါ. . ."

"ဒီမှာ မိစုလတ်. .ကိုကို့အကြောင်းကို ညီးက ငါ့ထက်ပိုသိဦးမလား. . ."

"တစ်အိမ်တည်းနေတဲ့မောင်နှမဟာ တစ်ယောက်အကြောင်းတစ်ယောက်သိတာ ဘာဆန်းလဲ ခင်မာရယ်. . ."

"ဒီမှာ ညီးသိထားဖို့က ငါနဲ့ကိုကိုက မောင်နှမအရင်းမဟုတ်ဘူး၊ ငါ့ရဲ့အိမ်မက်တွေကို နင်ဖျက်ဆီးပစ်လိုက်တာ၊ ဒီမှာ မိစုလတ်. .နင်ကောအိမ်မက်ရှည်ကို ကောင်းကောင်းမက်ရမယ် ထင်သလား၊ နင့်ကို ငါသိပ်မုန်းတယ်၊ ငါ့မျှော်လင့်ချက်တွေကို ခြေမှုပစ်တဲ့မိန်းမ၊ နင့်ကိုငါသိပ်မုန်းတယ်. . ."

"သြော် ဒီလိုလား၊ ကြားစမှ တကယ်အံ့သြမိတာတော့အမှန်ပဲ မခင်မာ၊ ဒါပေမယ့် စုလတ်သိတာကတော့ ကိုကိုဟာ ရှင့်ကိုညီမတစ်ယောက်လို သံယောဇဉ်ထားတာတော့အမှန်ပါပဲ၊ အဲဒီလို အဖြူရောင်သံယောဇဉ်ကို ကိုကိုကဘယ်တော့မှအရောင်ခွန်းထင်အမယ်မဟုတ်ပါဘူး၊ စုလတ် ယုံကြည်တယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်နေလိုက်ပါ မိစုလတ်၊ ညီးကလေးနဲ့ ငါကလေး မတိမ်းမယိမ်းဖြစ်စေရမယ်. . . "

စိတ်ကောင်းမထားနိုင်တော့သည့်စိတ်က စုလတ်ကို အမြဲတစေ အနိုင်ကျင့်ပြောဆိုခဲ့သည်။ စုလတ်ကလည်း ပညာတတ်ဦးနှောက်ရှိသူတစ်ယောက်မို့ ခင်မာပြောသမျှစကားတွေကို အကောင်းဆုံးပြန်လည်ချေပပြောဆိုနိုင်သည်။ မည်သို့ဖြစ်စေ စုလတ်ကို အနိုင်ရတိုက်ခိုက်ရဖို့ဆိုလျှင် ခင်မာ့နှုတ်မှ စကားလုံးကြမ်းကြမ်းတွေပင် ထွက်ပေါ်ပြောဆိုတတ်ခဲ့သည်။ လင်မယားကို စိတ်ဝမ်းကွဲစေဖို့ ပြဿနာဖြစ်စေဖို့ ရည်ရွယ်ကြံဆောင်ခဲ့သော်လည်း စုလတ်နှင့် ကိုကိုတို့က နားလည်မှုတွေရှိ၍ ညီညွတ်ကြသည်။

နောက်ဆုံး စုလတ်တစ်ယောက်တည်းကိုပင် စုလတ် ထိတ်လန့်စေမည့်စကားတွေ၊ စုလတ် မယုံနိုင်စေမည့် စကားတွေကို ခင်မာသည် အကုန်အစင်ပြောဆိုခဲ့သည်။ သို့သော်လည်း စုလတ် လက်လျှော့ရမယ့်စကားအား ခင်မာမပြောနိုင်ခဲ့၊ နောက်ဆုံး အောင်မြင့်နှင့်ပူးပေါင်းပြီး ခင်မာသည် စုလတ်တို့သားအမိအား ကိုကိုခရီးသွားစဉ်အချိန်တွင် လုပ်ကြံခိုင်းလိုက်၏။ ခင်မာ့အနေနှင့် အောင်မြင့်ကို ယုံကြည်သည်။ အောင်မြင့်ကိုလည်း နှင့်နေအောင် ငွေအလုံးအခဲနှင့် ပေးခဲ့၏။

အောင်မြင့်အနေနှင့် ဘယ်လိုရှင်းရှင်း ခင်မာ့အတွက် လမ်းကြောင်းရှင်းသွားလျှင်တော်ပြီ၊ စုလတ်တို့သားအမိ တိုက်ကြီးပေါ်မှ မရှိတော့သည့်နောက်ပိုင်းမတော့ တစ်ညတွင် အရက်တွေမူးနေအောင် သောက်ထားသည့် ကိုကို့အား ခင်မာသည် လွယ်ကူစွာသိမ်းသွင်းရယူနိုင်သွားခဲ့၏။ သို့သော်လည်း ခင်မာ့အတွက် ထိုအချိန်ကစ၍





ကိုကို၏ရှုရှာမှန်းတီး စက်ဆုပ်ခြင်းကိုခံလိုက်ရလေ၏။ မှန်သည်။ ခင်မာသည် မိမိလွန်စွာချစ်သည့် ကိုကို့အားရရှိလိုက်ချိန်၌ပင် ကိုကို၏ မုန်းတီးစက်ဆုပ်ခြင်းအား တစ်ပြိုင်တည်းရရှိခဲ့ရလေ၏။

ကိုကို့အတွက် ရင်သွေးနှင့်ဇနီးပျောက်ဆုံးသွားချိန်၌ စိတ်ထွက်ပေါက်ရှာကာ သောကဖိစီးချိန် ခင်မာက အခွင့်အရေးတွေကို အပိုင်အသုံးချလိုက်သည်။ မိဘတွေကလည်း မိမိတို့မွေးစားထားသည့် သမီးလေးမို့ ယုံကြည်သည်၊ သနားကြသည်။ ဇနီးမယား မရှိတော့သည့်သားနှင့် ပေးစားလိုက်ကြသည်။

ကိုကိုသည် မိဘများ စိတ်ချမ်းသာမှုအတွက် ခင်မာအား ယူလိုက်ရသော်လည်း လုံးဝမချစ်၊ လုံးဝမကြင်နာ၊ လုံးဝအနား မကပ်ပါ။ ကိုကိုသည် ခင်မာ့အား လုံးဝ အသိအမှတ်မပြု၊ တစ်နေ့တစ်နေ့ ဇနီးနှင့်ရင်သွေးတို့ကိုသာ ရှာသည်။ စုံစမ်းသည်။ မိမိခရီးထွက်ခဲ့အချိန်၌ မွေးရပ်မြေသို့သွားလည်မည်ဟု ဆိုကာ သဘောဆိပ်သို့သွားကြောင်း အိမ်မှဒရိုင်ဘာအောင်မြင့်က လိုက်ပို့ကြောင်း၊ မိဘများထံမှသိရှိရသော်လည်း ဦးကိုကို လုံးဝ မယုံကြည်ခဲ့ပါ။

နေ့တိုင်း ဇနီးနှင့်ရင်သွေးကိုသာရှာသည်။ စုံစမ်းသည်။ အချိန်အခါမဲ့မှ အိမ်ပြန်တတ်သည်။ အရက်တွေလည်း နေ့ညရက်ဆက်သောက်လာသည်။ စီးပွားရေးကိုလည်း စိတ်မဝင်စားတော့၍ ခင်မာကပင် ဦးစီးလုပ်ကိုင်နေရတော့သည်။ ထိုအခါများတွင် အောင်မြင့်သည် ခင်မာသွားလေသမျှ နေရာတိုင်း ကားမောင်းလိုက်ပို့ရသည်။ ဒေါ်ခင်မာသူဌေးမတစ်ယောက်ကို အောင်မြင့်လိုသိုက်သမား တစ်ယောက်က မတူးလျှင် မည်သူတူးပါမည်နည်း။

တစ်ည ခင်ပွန်းသည်သေဆုံးကြောင်း ကြားလိုက်ရသည်။ ခင်ပွန်းသည်ဆုံးသည့်စိတ်နှင့်ပင် ဖခင်ကြီးသည်လည်း ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသွားခဲ့သည်။ မိခင်သည်ကဖြင့် ဦးကိုကိုဆုံးပြီး ခြောက်လကြာသည်တွင်ဆုံးသွား၏။ ပတ်ဝန်းကျင်သည် ခင်မာ့အားသနားမဆုံး၊ ထိုအထဲ၌ အောင်မြင့်လည်းပါသည်။ အောင်မြင့်က ခင်မာ့ကိုသနားခြင်းထက်အကျယ်ကိုင်ယူခဲ့သည်ဟုဆိုက ပို၍မှန်မည်ဖြစ်သည်။ ခင်မာခိုင်းသမျှအောင်မြင့်လုပ်ခဲ့သည်။ ခင်မာ့အတွက်လုပ်သည်ကို အောင်မြင့်သာအသိဆုံးမဟုတ်ပါလား။ ထိုအချိန်၌မှင် ခင်မာ့တွင် ကိုကိုနှင့်ရသည့်ကိုယ်ဝန်ရှိနေပါပြီ။

ကိုယ်ဝန်ကိုအကြောင်းပြ၊ စကားလုံးလှလှလေးတွေသုံးပြီးအောင်မြင့်သည် ခင်မာ့ကိုလက်ထပ်ခွင့်တောင်းသည်။ အောင်မြင့်တစ်ယောက် သူဌေးဖြစ်ချင်သည့်မှာ မှန်သော်လည်း ခင်မာကိုလည်းချစ်သည်ကအမှန်ဖြစ်၏။ အောင်မြင့်သည် သူဌေးဖြစ်ခဲ့ပါသည်။ ချစ်သောခင်မာကိုလည်း ရခဲ့ပါသည်။

"တီး. .တီး၊ ပွမ်း. . ."

ဖြတ်သွားသည့်ကားဟွန်းသံများကြားသည့်တွင် ဒေါ်ခင်မာသည် အတွေးကမ္ဘာထဲမှနိုးထွက်ခဲ့၏။ ပြီးတော့ ဒေါ်ခင်မာသည်ကားစက်ကိုပြန်နှိုးပြီး ကားလေးကိုမောင်းထွက်ခဲ့လေ၏။ ကားကိုမောင်းရင် ဒေါ်ခင်မာ၏မျက်နှာသည်က ဒေါသတွေ၊ ခံပြင်းမှုတွေ၊ နာကြည်းမှုန်းတီးမှုတွေနှင့် တင်းမာခက်ထန်နေရရင်း. . .

"အောင်မြင့်. .အောင်မြင့်၊ နင်က ငါ့ကိုတစ်ကွက်ကျော်နဲ့အနိုင်ယူထားတာပဲ၊ အဟင်း နင်သိပ်ချစ်တတ်တယ်မဟုတ်လား၊ နင် သိပ်အနစ်နာခံတတ်တယ် မဟုတ်လား၊ စိတ်ချ နင်ခံရစေ့မယ်၊ ငါ့သမီးတစ်သက် နင်ကနာမည်ကောင်းခံနေလိုက်တာ၊ အောင်မြင့်သိုက်သမား၊ နင်ကပဲတန်ခေတင်နိုင်မလား၊ ငါကပဲ ဟန်ခေတင်နိုင်မလားဆိုတာ ကြည့်ရသေးတာပေါ့. . ."





ကားမောင်းရင်း ဒေါ်ခင်မာသည် နှုတ်မှအားပါးတရကြီးတစ်ကိုယ်တည်းပြောဆိုဖြစ်လိုက်ခြင်းပါတည်း။

× × × × ×

၃၂

(× ×)ဂေါ့ဖ်ကွင်းတွင်ဖြစ်သည်။ ဌေးမြင့်လတ်သည် အိမ်ထဲပဲအောင်းနေရသည့် ချာလီအား သည်နေ့ဖြင့် စိတ်ရောကိုယ်ပါလန်းဆန်းစေရန်နှင့် လေကောင်းလေသန့်ရှုရန်အတွက် ဂေါ့ဖ်ကွင်းသို့ခေါ်လာခဲ့၏။ ဂေါ့ဖ်ကွင်းအရောက်မတော့ ဌေးမြင့်လတ်သည် ချိန်းထားသည့် မိတ်ဆွေတွေနှင့် ကွင်းလယ်သို့သွားမည်ပြုဆဲ. .

"သြော် ချာလီ. .ကိုကိုဌေးနဲ့ ကွင်းလယ်ကိုလိုက်မလား၊ ဒါမှမဟုတ် ဒီမှာပဲနေခဲ့မလား၊ ဒီမှာနေခဲ့တော့ ချာလီစားချင်တာတွေမှာစားလို့ရတာပေါ့. . ."

"ဟင့်အင်း. .ချာလီ ဒီမှာလည်းမနေချင်ဘူး၊ ဟိုးက သစ်ပင်ရိပ်အောက်မှာပဲ သွားနေချင်တယ်၊ ဒါမှ ကိုကိုဌေးတို့နဲ့လည်း နီးတာပေါ့. . ."

"အင်း ကောင်းသားပဲ၊ လာ သွားမယ်၊ သစ်ပင်ရိပ်အောက်မှာလေရှူရတာ ပိုတောင်ကောင်းသေးတယ်. . ."

"ဟုတ်တယ်၊ ဒီလိုမှန်းသိရင် မေဇင့်ကိုပါ ချာလီခေါ်လာပါတယ်၊ ချာလီလည်း တစ်ယောက်တည်းမပျင်းတော့ဘူးပေါ့. ."

"အဟွန်း ဟွန်း. .ချာလီလည်း မေဇင့်ကိုစိတ်ဝင်စားနေပြီနဲ့တူတယ်. . ."

သစ်ပင်ရိပ်ရှိရာ သူတို့လျှောက်လာရင်း စကားတွေပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒွေးမြင့်လတ်သည် ချာလီ့ထံတစ်ချက်ကြည့်ကာ ပြုံးရင်း အေးဆေးစွာဆိုလာ၍ ချာလီသည်လည်း ဒွေးမြင့်လတ်ထံပြုံး၍ မော့ကြည့်ဖြစ်ရင်း. . .

"မဟုတ်ပါဘူး ကိုကိုရာ၊ ချာလီက ရိုးရိုးပါ၊ မေဇင့်အပေါ်မှာ ချာလီက မောင်နှမလိုပဲခင်မင်တာပါ၊ ကိုကိုဒွေးမသိဘူးလား၊ မေဇင့်ကို ကိုလေးကစိတ်ဝင်စားနေတာလေ၊ သူက ချာလီ့ကို ဖြောင့်ဖြောင့်ပြောထားပြီးသား. . ."

"ဟား ဟား ဟုတ်လား၊ ဒီကောင်တော်တော်ဆိုးတာပဲ၊ မှန်တာပြောရရင် ကိုကိုဒွေးကလည်း မင်းတို့နှစ်ယောက်ကို အဲဒါပဲ စိတ်ပူနေတာ၊ ခုလိုမင်းတို့အချင်းချင်း ပွင့်လင်းထားကြတော့လည်း ပြီးတာပါပဲကွာ. . ."

"စိတ်မပူပါနဲ့ ကိုကိုဒွေးရာ၊ အဟွန်း. ."

ချာလီဆိုရင်း ရယ်သည်။ ကိုကိုဒွေးမှာ စကားသာပြောသည်၊ အကြည့်တွေက ကွင်းလယ်သို့ရောက်နေသည်မို့ ချာလီ၏အပြုံးလေးများအား သတိမထားဖြစ်မိပါလေ။ မှန်သည်။ ဒွေးမြင့်လတ်သည် တစ်ခါမှ ချာလီ့ကိုစူးစမ်းသည့်အကြည့်မျိုးဖြင့် စေ့စေ့ပင်မကြည့်ဖူးခဲ့ပါ။ ချာလီအား စေ့စေ့ကြည့်လာလျှင်လည်း သနားခြင်းနှင့် ကရုဏာမျက်လုံးတွေနှင့်သာကြည့်တတ်၍ ဒွေးမြင့်လတ်စိတ်တွင် သံသယမရှိ ရှင်းလင်းနေရချေ၏။ ဒွေးမြင့်လတ်အတွက် ချာလီအား ယောကျ်ားလေးတစ်ယောက်အဖြစ်၊ ညီလေးတစ်ယောက်အဖြစ်သာ လက်ခံသိရှိထားသည်ကအမှန်။ သည့်အတွက်ကြောင့်လည်း ဒွေးမြင့်လတ်သည် ချာလီ့အပေါ်၌ စေတနာနှင့်ဂရုစိုက်သည်ကလွဲ၍ အခြားမိဘ်မျိုးမဖြစ်ပေါ်ဖြစ်ပါ။





ဒွေးမြင့်လတ်သည် အလုပ်တွေကိုသာ ဂရုစိုက်သည်။ မိန်းမချောတွေသည် သူ့ဘေးတွင်ဝိုင်းဝိုင်းလည်နေသော်လည်း သူစိတ်မဝင်စား၊ မိန်းမချောတွေကို သူ ဂရုမစိုက်သည်တော့မဟုတ်၊ စိတ်မဝင်စားခြင်းသာဖြစ်သည်။ သူ့မျက်နှာထားတည်တည်ခန့်ခန့် ချောချောကြီးဖြင့် အလုပ်တွေကိုသာ စိတ်ဝင်တစား သူလုပ်ကိုင်၏။ အိမ်ပြန်ရောက်လျှင် ညီဖြစ်သူနှင့်ချာလီ့ကိုပါ ဂရုစိုက်သည်။ လိုအပ်သမျှ သူလုပ်ပေးသည်။ တည်ကြည်၍ဖော်ရွေသော သူ့အပြုံးချောချောကိုဖြင့် မိန်းမချောတိုင်းက နှစ်သက်သဘောကျသလို သမီးရှင်တိုင်းကလည်း နှစ်သက်သဘောကျကြသည်ပါ။

မှန်သည်။ ချာလီသည်ပင် သူ့အပြုံးအားရံဖန်ရံခါ၌ သတိလက်လွတ်ငေးမောကြည့်ဖြစ်ရသည် မဟုတ်ပါလား။ သူသည် ချာလီ့ကို အမှုမဲ့အမှတ်မဲ့လိုနေသည်။ ခုလည်း ချာလီ့ကို သစ်ပင်အောက်သာ လိုက်ပို့နေသည်။ သူ့အကြည့်တွေက ကွင်းလည်ရှိမိတ်ဆွေတွေဆီ ရောက်နေရ၏။ ချာလီသည် သူ့အသွင်ဆီ ပြုံးကြည့်ရင်း. .

"ကိုကိုဒွေး. .သွားတော့၊ ဟိုမှာလူတွေတောင်စုနေပြီထင်တယ်၊ ချာလီက သစ်ပင်အောက်မှာထိုင်ပြီး ကိုကိုဒွေးတို့ရိုက်တာဆီ ကြည့်နေမယ်၊ ကိုကိုဒွေးနိုင်ဖို့လည်း ဆုတောင်းနေမယ်. . ."

"ဟုတ်ပြီ အားပေးနေနော်၊ ကဲ ကိုကိုဒွေး သွားပြီ ချာတိတ်ရေ. . ."

သူဆိုရင်း ချာလီ့ခေါင်းလေးဆီ တစ်ချက်ဖွကာ ချာလီ့အနားမှ ပြေးထွက်သွားလိုက်တော့သည်။ ချာလီသည် လမ်းလျှောက်လာရ၍ သစ်ပင်အောက်တွင် ခဏမျှထိုင်နေလိုက်သည်။ တစ်အောင့်ကြာတော့ နေရာမှထပြီး ချာလီသည် အရိပ်အောက်တွင် ဟိုဒီလမ်းလျှောက်သည်။ လမ်းလျှောက်ရင်းလည်း ချာလီသည် ကိုကိုဒွေးတို့



www.burmeseclassic.com

www.burmeseclassic.com



ကစားနေသည့်နေရာသို့ လှမ်းလှမ်းကြည့်သည်။ ထိုအခိုက် ချာလီနှင့် မလှမ်းမကမ်းမှ သစ်ပင်တစ်ပင်အောက်တွင် အိမ်ယာတစ်ဗူးနှင့်ရှိနေသည့် သူရှိန်သည် ဘာရယ်မဟုတ်လမ်းလျှောက်နေသည့် ချာလီဆီ တစ်ချက်လှမ်းကြည့်သည်။

ကိုယ်ကလည်း တစ်ယောက်တည်း၊ ချာတိတ်ကလည်း တစ်ယောက်တည်းမို့ သူရှိန်သည် ဘာရယ်မဟုတ် လှမ်းကြည့်နေဆဲ တစ်ချို့ဖြင့် သူရှိန်သည် ကြည့်ရင်း ကြည့်ရင်းက မျက်မှောင်တွန့်သွားဖြစ်လိုက်ရလေ၏။ တစ်ဆက်တည်းလည်း သူရှိန်မျက်နှာထက်၌ စိတ်ဝင်စားမှုတွေဖြစ်ပေါ်လာသည်။ သူရှိန်သည် ချာလီထံကြည့်ရင်း စဉ်းစားရင်းရှိနေဆဲ တစ်ချို့မတော့ ချာလီသည်လည်း သူ့ထံ လှမ်းအကြည့်နှင့် အကြည့်ချင်းဆုံသွားလိုက်ရလေ၏။ အကြည့်ချင်းဆုံခိုက် ချာလီသည် သူရှိန်အားပြုံး၍နှုတ်ဆက်လိုက်သည်။

အင်း ဒီမျက်နှာ၊ ဒီအပြုံးနဲ့ ဒီလိုမျက်လုံးအကြည့်က ချယ်ရီမှ ချယ်ရီပဲ၊ ဒါပေမယ့် ခြားနားနေတာက ပုံစံ၊ ပုံစံ၊ ဒါ ချယ်ရီပဲလား၊ ဒါမှမဟုတ် ဘယ်သူလဲ. . .

ချာလီထံကြည့်ပြီး သူရှိန်တွေးသည်။ သူရှိန်တစ်ယောက် အတွေးတွေနှင့် တကယ်အလုပ်ရှုပ်သွားရသည်က အမှန်ပါ။ နောက်ဆုံး သူရှိန်သည် ချာလီထံစေ့စေ့ကြည့်ပြီး လှမ်းခဲ့သည်။ သူရှိန်အတွက်ကမြင့် ချယ်ရီကိုကိုနှင့်တူသည့်သူကိုတွေ့တိုင်း သည်းကြီးမည်းကြီး လိုက်တောမည်က သေချာသည့်လူမို့ ချာလီကို စေ့စေ့ကြည့်တာ အနီးရောက်သည်မတော့. . .

"ငါ့ညီက ကော်ဖီလာရိုက်တာလား. . ."

"မဟုတ်ဘူးခင်ဗျာ၊ ကျွန်တော့်အစ်ကိုလာရိုက်လို့ လိုက်ခဲ့တာပါ၊ အစ်ကိုရော လာရိုက်တာလား. . ."





"အစ်ကိုလည်း အပျင်းပြေပါပဲ. . ."

သူရှိန်ဆိုရင် ချာလီအနီး မသိမသာကပ်သည်။ ပြီးတော့ စကားပြောရင်း လမ်းလျှောက်နေသလိုနှင့် ချာလီကိုလှည့်ပတ်၍ ကြည့်သည်။ ချာလီမျက်နှာလေးကိုလည်း သူ စေ့စေ့ကြည့်သည်။ လေ့လာသည်။ အကဲခတ်သည်။ ကြည့်ရင်းကပင်လည်း သူ အံ့သြ၍ မဆုံး။ သူ့စိတ်တွင်လည်း မတင်မကျဖြစ်၍နေသည်။

ချယ်ရီ၊ ချယ်ရီမှချယ်ရီ၊ ချယ်ရီ့မျက်နှာ၊ ချယ်ရီ့အသံ၊ ချယ်ရီရဲ့အရုပ်အတိုင်း၊ ချယ်ရီ့လိုပဲ နွဲ့နွဲ့လေး၊ ဒါပေမယ့် သူက ယောက်ျားလေး. . .။

"ငါ့ညီနာမည်က ဘယ်လိုခေါ်လဲ. . ."

မချင့်မရဲအတွေးတွေ ယောက်ယက်ခတ်ရင်းက သူမေးသည်။ ချာလီသည်က သူ့ကိုစကားပြောဖော်အဖြစ် အေးအေးစွာပင် ပြုံး၍ ကြည့်ရင်း. . .

"ချာလီပါ အစ်ကို. . ."

"ချာလီ၊ ဘယ်မှာနေတာလဲ. . ."

သူ့နာမည်ကိုခေါ်ကြည့်ပြီးမှ နေရပ်ကိုမေးသည်။

"ချာလီနေတာက ခြံအမှတ်( × × )၊ ( × × )လမ်းမှာပါ၊ အစ်ကို့နာမည်ကရော. . ."

"ကိုယ့်နာမည်က သူရှိန်ပါ၊ ခြံအမှတ်( × × )၊ ( × × )လမ်းမှာနေတယ်၊ မင်း အစ်ကို့ကိုသိလား၊ မြင်ဖူးလား. . ."

"ဟင့်အင်း. . ."

"မင်းအားရင် ပျင်းတဲ့အခါ အစ်ကို့ခြံကိုလာလည်ပါလား၊ အစ်ကိုရှိတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော်အားတဲ့အခါ လာလည်ပါ့မယ်"

"အစ်ကို့မှာက ညီလေးမရှိဘူး။ မောင်နှမသားချင်းမရှိဘူး၊ မင်းကိုတွေ့တော့ အစ်ကိုလည်း ညီလေးတစ်ယောက်လို ခင်တွယ်မိတယ်၊ မင်းလာလည်နော်၊ မင်းမလာရင် အစ်ကိုလာခေါ်မယ်"

"စိတ်ချပါ၊ ချာလီ လာလည်ပါ့မယ်. . ."

သူတို့စကားပြောနေဆဲ ဒွေးမြင့်လတ်တစ်ယောက် သူတို့ရှိရာပြန်ရောက်လာသည်။ ဒွေးမြင့်လတ်မှာ ချာလီနှင့်စကားပြောဖော်ရှိနေ၍ ကျေနပ်စွာပြုံးဖြစ်ရင်း. . .

"အမယ်. .ချာလီက မိတ်ဆွေရနေတာကိုး၊ ဒါနဲ့ ခင်ဗျား ကော မကစားဘူးလား. . ."

"ကျွန်တော် ဒီနေ့မကစားပါဘူး. . ."

"ကိုကိုဒွေး. .ဒီအစ်ကို့နာမည်က သူရနိုင်တဲ့. . ."

"ဟုတ်ကဲ့၊ ကျွန်တော်က ဒွေးမြင့်လတ်ပါ. . ."

"ကိုကိုဒွေး. .ဒီအစ်ကိုက သူ့အိမ်ကို ကျွန်တော့်ကိုခေါ်လည်နေတယ်. . ."

"ဟုတ်လား၊ ဒါနဲ့ ခင်ဗျားကဘယ်မှာနေတာလဲ. . ."

"(× ×)လမ်းမှာပါ၊ လာခဲ့ပါ၊ ခင်ဗျားကိုလည်း ဖိတ်ခေါ်ပါတယ် ကိုဒွေးမြင့်လတ်. . ."

"အင်း. .တစ်ခေါက်တော့ ရောက်အောင်လာဖြစ်မှာပါ ကိုသူရနိုင်၊ ဒါပေမယ့် ကျွန်တော်ကလည်း အလုပ်တော့ သိပ်မအားဘူး၊ ကျွန်တော့်ညီလေးကလည်း ကောင်းကောင်းကျန်းမာရေးမကောင်းသေးဘူးဆိုတော့. . ."

"ကျန်းမာရေးမကောင်းဘူး၊ ဘာဖြစ်နေလို့လဲ. . ."





"အထူးအထွေတော့ မဖြစ်ပါဘူးဗျာ၊ အားနည်းနေတာပါ၊ ဒါကြောင့် ဆရာဝန်က အနားယူခိုင်းထားတယ်၊ ဒါပေမယ့် အပြောင်းအလဲလေးဖြစ်အောင် ခင်ဗျားဆီကိုလာလည်ပါ့မယ်၊ ကဲ ခွင့်ပြုပါဦး ကိုသူရနိုင်၊ ကျွန်တော်တို့အဖွဲ့ ဟိုမှာ အအေးသောက်ဖို့စောင့်နေလို့ သွားလိုက်ပါဦးမယ်. . ."

ဒွေးမြင့်လတ်ဆိုတော့ သူရနိုင်သည် ချာလီနှင့်ဒွေးမြင့်လတ်တို့ထံ ပြန်ပြီးခေါင်းညိတ်ပြလိုက်၏။ ဒွေးမြင့်လတ်သည် ဂေါ့ဖ်တံကို လက်တစ်ဘက်က ပုခုံးပေါ်ထမ်းပြီး ကျန်လက်တစ်ဘက်က ချာလီ့ပုခုံးဆီသိုင်းဖက်ကာ လှမ်းထွက်သွားသည်။ ချာလီသည် လှုပ်ရှားသောရင်ဖြင့် ဒွေးမြင့်လတ်ထံမသိမသာ ခွေကြည့်သည်။ ဒွေးမြင့်လတ်သည်က တည်ငြိမ်၍ချောမောသော အပြုံးတွေနှင့် အေးဆေးစွာရှိရင်း ဟိုဒီကြည့်ကာ လေကောင်းလေသန့်ကို ရှုရှိုက်နေလေ၍ ချာလီသည်လည်း အနေရခက်သာသွားရ၏။

နောက်တွင် ကျန်ရစ်ခဲ့သည့် သူရနိုင်ကား ဒွေးမြင့်လတ်နှင့် ချာလီတို့ထံ လှမ်းကြည့်နေဆဲမှ စိတ်သည် အလိုမကျနိုင်၊ မချင့်မရဲနှင့် မကျေမနပ်ဖြစ်ရင်း မည်သို့ဆက်လုပ်ရမည်ကို တစ်ကိုယ်တည်း ကြိတ်၍ကြံစည်စဉ်းစားနေဖြစ်ရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## (ခြောက်)

မြင်းခြံမြို့။

မှန်သည်။ မြင်းခြံမြို့၏မြို့ဝင်မြို့ထွက်ရှိသည့်နေရာဟု ဆိုရမည်ဖြစ်သည်။ ဆယ်ဧကခန့်ရှိသည့် ခြံကြီးတစ်ခြံတွင်ပါ၊ ခြံကြီးကကားလမ်းမကြီးနှင့် ကပ်ရက်တွင်ရှိ၍ သည်ကနေ့တွင် တန်ဖိုးကြီးမားလှသည့် ခြံကြီးတစ်ခြံဖြစ်နေရပြီဖြစ်၏။ ထိုခြံထဲတွင် နှစ်ထပ်တိုက်ဖြူဖြူကြီးတစ်လုံး၊ ဂိုဒေါင်ကြီးသုံးလုံးနှင့် အလုပ်သမားများနေထိုင်သည့် တန်းလျားရှည်ကြီးတစ်ဆောင်ကို ဆောက်ထား၍ နေအိမ်တိုက်ဖြူလှလှကြီးအား ခြံကြီး၏တစ်ဘက်ကပ်နေရာတွင် ဆောက်ထားသည်။ တိုက်မျက်နှာစာသည် ကားလမ်းမကြီးနှင့်ဆိုလျှင် ဝါးနှစ်ပြန်သုံးပြန်စာခန့် အကွာအဝေးထားသည်။

တိုက်ကြီးနှင့်ဝါးတစ်ရိုက်စာအကွာတွင်မတော့ ဂိုဒေါင်သုံးလုံးနှင့် ကားဂိုဒေါင်ကိုတန်းစီ၍ဆောက်ထားပြီး ဂိုဒေါင်များ၏နောက်ဝါးတစ်ရိုက်စာတွင်မတော့ အလုပ်သမားများနေထိုင်သည့် တန်းလျားရှည်ကြီးအား ဆောက်ထား၏။ ထိုအဆောက်အဦးများနှင့်တကွခြံကြီးထဲတွင် စိုက်ပျိုးထားသည့် ပန်းခြံ၊ သစ်ပင်၊ စားပင်၊ ပန်းမာလ်





များနှင့် စိုက်ခင်းတွေအားလုံးမှာ အကွက်ကျကျ၊ စနစ်ကျကျနှင့် စိုက်ပျိုးလုပ်ကိုင်ထား၏။ ပြီးတော့ ပတ်ဝန်းကျင်မှ ကလေးလူငယ်များအတွက် မိမိ၏ခြံအလုပ်သမားများအတွက်လည်း ကြက်တောင်ရိုက်ကွင်း၊ ဆော်လီဘောကစားကွင်းနှင့် ခြင်းခတ်သည့်နေရာတွေကို စနစ်တကျ ပြုလုပ်ထားပေး၏။

ခြံကြီးထဲတွင် ပဲ၊ နှမ်းနှင့်ကြက်သွန်၊ ရေတတ်တွေကိုစိုက်ပျိုးသည်။ ပြီးတော့ ရာသီပေါ်စားစရာလေးတွေကိုလည်း ဖြစ်ထွန်းနိုင်သမျှ စိုက်ပျိုးသည်။ ပဲ၊ နှမ်းနှင့် ရေတတ်၊ ကြက်သွန်တွေက စီးပွားဖြစ်စိုက်သည်။ ကျန်သည့် ရာသီပေါ်သီးနှံတွေက မိမိ၏ခြံအလုပ်သမားများ စားသုံးရန်အတွက်စိုက်ပျိုးသည်။ မိမိခြံအလုပ်သမားများ စားသုံး၍ ပိုလျှံလျှင် အနီးကြီးကျောင်းလှူသည်။ မြနားနီးချင်းပတ်ဝန်းကျင်ကို ပေးသည်။ ထို့ပြင်မှာ အခြားအကျိုးပြုမှုများလည်း ရှိသေးသည်မို့ ထိုခြံရှင်သူဋ္ဌေးကြီးအား လူချစ်လူခင်ပေါသည်။ လေးစားသည်၊ အားထားသည်။ ထိုခြံကြီးနှင့် ပတ်ဝန်းကျင်သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်၏။

မှန်သည်။ ထိုခြံပိုင်ရှင်အား ဦးကိုကိုပါတည်း။ စိတ်ကောင်းလည်းရှိ၍ စည်းစနစ်နှင့်အညီ ကြိုးစားအားထုတ်မှုတွေကြောင့် ဦးကိုကိုလိုလူမျိုးကဖြင့် ဘယ်နေရာရောက်ရောက် ကြီးပွားချမ်းသာမည့်လူတစ်ယောက်ဖြစ်ရန် လက္ခဏာကပါပြီးသားပါတည်း။ မှန်သည်။ ဦးကိုကိုသည် ထိုခြံကြီးတွင်စိုက်ပျိုးသည့် စီးပွားတွင်သာမက မြင်းခြံမြို့ဈေးကြီးတွင်လည်း ရတနာဆိုင်ကြီးက ဟိန်းနေအောင်ရှိပါသေး၏။ ဦးကိုကိုသည် ပြူတင်းတစ်နေရာမှရပ်ကာ မိမိ၏ခြံကျယ်ကြီးအား လှမ်းကြည့်နေရင်းမှ သက်မမောအား ညင်သာစွာချပြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဦးကိုကိုသည် နာရီဆီတစ်ချက်လှမ်းကြည့်ပြီး ဈေးသို့ သွားရန် အချိန်တန်ပြီဖြစ်၍ ပြူတင်းမှခွာခဲ့သည်။ ပြီးတော့ အခေါ်လဲပြီး ကားသော့လေးယူကာ အပေါ်ထပ်မှဖြည်းဖြည်းချင်းဆင်းခဲ့လိုက်၏။ အောက်ထပ်သို့ရောက်၍ ဦးကိုကိုသည် မိမိအလုပ်သမားအား ကားသော့ပေးပြီး ကားသွားထုတ်ခိုင်းသည်။ ဦးကိုကိုသည် ခြံရှေ့ရှိ ဟိုင်းဝေးကားလမ်းကြီးပေါ်မှ ခရီးသည်အပြည့်ဖြင့် မောင်းသွားသည့်ကားတစ်စီးဆီကြည့်ဆဲ ကားထုတ်ပြီးမောင်းလာသည့် အလုပ်သမားပြန်ရောက်လာ၏။

"သူဌေး... ကားရောက်ပါပြီ..."

ဦးကိုကိုသည် ခေါင်းတစ်ချက်ညိတ်ပြီး ကားသော့လေးယူပြီး ကားကိုကိုယ်တိုင်ပင်မောင်းထွက်ခဲ့လေ၏။ ဦးကိုကိုထွက်သွားသည်နှင့် အလုပ်သမားသည် ဦးကိုကို၏တိုက်တံခါးကြီးကို သေချာစွာ ပြန်ပိတ်ခဲ့ပြီး အလုပ်သမားတန်းလျားသို့ ပြန်သွားလိုက်သည်။ ဦးကိုကို၏ခြံကြီးထဲတွင်ကား အလုပ်သမားများအားလုံးသည် ကိုယ်စီလုပ်ငန်းခွင်သို့ဆင်းကာ အလုပ်များလုပ်ကိုင်နေကြပြီဖြစ်၏။ ထိုအချိန်များ၌ ဦးကိုကိုသည်လည်း ကားကိုမနှေးမမြန် မှန်မှန်ပင်မောင်းနှင်ခဲ့သည်။

တစ်အောင့်ခန့်ကြာသည့်တွင် ဦးကိုကိုသည် မြင်းခြံမြို့ ဈေးကြီးသို့ရောက်လာ၏။ ဦးကိုကိုသည် မိမိရတနာဆိုင်ဖွင့်ထားသည့် နေရာသို့ရောက်သည့်တွင် ကားရပ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်သည်။ ဦးကိုကိုတစ်ယောက် ကားပေါ်မှဆင်းလိုက်သည့်အချိန်နှင့် တစ်ဆက်တည်းပင် စားသောက်ဆိုင်ထဲမှ လူတစ်ယောက်၏ အကြည့်သည်လည်း ဦးကိုကိုထံသို့ ဘာရယ်မဟုတ်ကျရောက်လာ၏။ အစသော် ထိုလူ၏အကြည့်သည် အမှတ်တမဲ့ရှိသော်လည်း ကြည့်ရင်း





ကပင် ထိုလူသည် အမှတ်ထင်ထင်ရှိသွားရကိုက် ဦးကိုကိုအား စူးစိုက်၍ ပြန်ကြည့်၏။

"ဟင် အဲဒီလူက..."

နှုတ်မှရေရွတ်ရင်း ချက်ချင်းပင် ဦးကိုကိုထံထွက်လိုက်သွားမည့်နှယ်ပြုမိ၍ ထိုလူမှာ မိမိကိုယ်မိမိ လျင်မြန်စွာသာရိုက်အုပ်ဖြစ်လိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ထိုလူသည် ဦးကိုကိုအားမြင်နေကျမို့ သိရုံသိသည့်ကလွဲ၍ တစ်ခါမျှစကားမပြောဖူးပါ၊ ထို့အတွက် ဦးကိုကိုအား မည်သို့စပြီး မည်သည့်စကားများ စပြောရမည်မသိဖြစ်နေသောကြောင့်ပါတည်း။ မှန်သည်။ ဦးသာထူးပါ၊ ဦးသာထူးသည် ဦးကိုကိုကိုတွေ့လိုက်ရ၍ အလွန်မှအံ့သြလှုပ်ရှားသွားရခြင်းနှင့် မယုံနိုင်အောင်ရှိရင်း ဟုတ်မှဟုတ်ရဲ့လား၊ လူတူတာများလားဟူသော အတွေးနှင့် ဝေဝေဝါ မသေမချာလည်းဖြစ်ရင်း မချင့်မရဲလည်း တစ်ကိုယ်တည်းဖြစ်နေရပါသတည်း။

"ဪ ဟိုမှာ ဟဲ့... ဟိုမှာ ဟိုလူမဲ၊ ငါပြောတာ ဟိုလူမဲ၊ နင့်ကြည့်လိုက် မလွှင်..."

"ဘယ်မှာလဲ..."

"ဟိုမှာလေဟယ် ခြေထောက်တစ်ဘက် ထော့နဲ့ထော့နဲ့ ဟိုမှာ သူ့ဆိုင်ထဲဝင်သွားတော့မယ်..."

"ဪ အေး တွေ့ပြီ၊ တွေ့ပြီ၊ လူပုံကတခန့်ချောကြီးပဲဟဲ့၊ ခြေတစ်ဘက်သာမကောင်းတာ၊ ပြီးတော့ ရတနာဆိုင်ပိုင်ရှင်လည်းဖြစ်တော့ စိတ်တော့ဝင်စားစရာပဲ၊ နာမည်က ဘယ်လိုလဲ..."

"ဦးကိုကိုကြီးတဲ့၊ စီးပွားရေးကတော့ ဖြစ်လိုက်တာ အရမ်းပဲ၊ ဇာတိအမှန်တော့ မသိဘူး၊ မြို့အဝင်မှာ ခြံကြီးမှာပိုင်နေတာပဲ"

"မိသားစုရှိလား၊ သားမယားကော မရှိဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဘာမှပြောသံမကြားဘူး၊ ဒီလူက စကားလည်း အရမ်းနည်းတာ၊ တော်ရုံစကားမပြောဘူး၊ သူ့အလုပ်သမားတွေကတော့ အများကြီးပဲ၊ သူ့အလုပ်သမားတွေကလည်း တကယ်တော်တယ်၊ ဒီလူကလည်း စီးပွားရေးလုပ်တာ တကယ်စနစ်ကျတယ်၊ ပြီးတော့ ဒီလူက ကြည့်ရတာ အေးလည်းအေးတယ်. . ."

"သူ့အိမ်က ဘယ်မှာလဲ. . ."

"မြို့အဝင်မှာပဲလေ၊ ခြံကြီးမှအကျယ်ကြီးပဲ၊ နှစ်ထပ်တိုက်ဖြူကြီးရှိတယ်၊ တိုက်ရောခြံရော အရမ်းလှတယ်. . ."

စိတ်ဝင်တစား အမျိုးသမီးနှစ်ယောက် ပြောနေကြသည့်စကားတွေကို ဦးသာထူးလည်း စိတ်ဝင်စားစွာ နားထောင်နေဖြစ်သည်။ နားထောင်ရင်း နှီးစပ်မှုတွေကိုသိလိုက်ရ၍ ဦးသာထူးသည် တစ်ချက်မျှစဉ်းစားဟန်ရှိသွားရလေ၏။

× × × × ×

ညီအစ်ကိုနှစ်ယောက်လုံး ကုမ္ပဏီသွားမည့်ဆဲဆဲ ဆင်ဝင်အောက်၌ ကားနှစ်စီးရပ်လာ၍ လှမ်းကြည့်ဖြစ်သည်။ ကားပေါ်မှ ဒေါက်တာခိုင်ဦးနှင့် တပည့်ဖြစ်သူမောင်ဆောင်းတို့ ဆင်းလာသည်တွင် နောက်ကားပေါ်မှဆင်းလာသူထံလှမ်းကြည့်ပြီး ဌေးမြင့်လတ်သည် သဘောပေါက်နားလည်သွားလိုက်ရလေ၏။ ပြီးမှ ဌေးမြင့်လတ်သည် ညီဖြစ်သူထံတစ်ချက်ကြည့်မိရင်း. . .

"ချာလီ့အတွက် ဆရာဝန်တစ်ယောက် ခိုင်ဦးခေါ်လာတာ ညီ၊ ထွက်ကြိုလိုက်ဦးမယ်. . ."

ဌေးမြင့်လတ်ဆိုရင်း ဆင်ဝင်အောက်သို့ ထွက်ခဲ့လိုက်သည်။





"ဟာ သူငယ်ချင်း. . ဆိုင်းမဆင့်ဗုံမပါနဲ့. . ."

"အေးကွာ၊ ကိုဖြိုးကိုကလည်း ဖမ်းရခက်လွန်းလို့လေ၊ ကိုယ် သူ့ကိုဖုန်းနဲ့တော့ ကြိုပြောထားတယ်၊ အခု သူလာကြည့်တာ"

"လာပါ လာပါ၊ လာတာကတော့ အချိန်မရွေးရပါတယ်၊ ဖုန်းကြိုမဆက်ထားတော့ နည်းနည်းတသိသွားမှာစိုးလို့ပါ. . ."

"ဆောရီးပဲ ကိုဌေးရာ၊ ကိုယ်လည်း ကိုဌေးတို့ကုမ္ပဏီကို မသွားလောက်သေးဘူးထင်လို့ပါ၊ ကိုဖြိုးကိုတွေ့တာနဲ့ ချက်ချင်းခေါ်ခဲ့လိုက်တာ. . ."

စကားတွေပြောရင်း သူတို့အားလုံး အိမ်ထဲဝင်ခဲ့ကြသည်။ ဧည့်ခန်းထဲအရောက်၌ အေးမြင့်လတ်က နေရာကိုယ်စီပေးရင်း ထိုင်ဖြစ်ကြသည်။ ဌေးမြင့်လတ်သည်သာ ချာလီ့ကိုသွားခေါ်ရန်အတွက် ရပ်နေဖြစ်သည်။

"ချာလီကော ကိုဌေး၊ မနိုးသေးဘူးလား. . ."

"နိုးပါပြီ၊ ကော်ဖီသောက်ပြီး ခြံထဲမှာ ဟိုလှုပ်ဒီလှုပ်နဲ့ ပြီးတော့ ရေချိုးဖို့အပေါ်ပြန်တက်သွားတာ၊ ကိုယ်သွားခေါ်လိုက်မယ်၊ စကားပြောနှင့်ဦးနော်. . ."

"ရတယ် သူငယ်ချင်း၊ ကိုယ်ကအားနာနေတာ၊ ကိုဖြိုး… ဒါ ကိုယ့်သူငယ်ချင်း ဌေးမြင့်လတ်ပဲ၊ ဟိုမှာက သူ့ညီ အေးမြင့်လတ်တဲ့၊ ကိုယ်နဲ့ ကလည်း ညီအစ်ကိုလိုပဲ. . ."

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်က ဖြိုးအောင်ပါ၊ ခိုင်ဦးနဲ့ကတော့ ပြောမနာဆိုမနာတွေပေါ့၊ လိုအပ်တာတွေ ကျွန်တော်ကူညီပေးပါ့မယ်. . ."

"ကျေးဇူးပါပဲ ဒေါက်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခိုင်ဦးခေါ်သလိုပဲ ခေါ်ပါ ကိုဋ္ဌေး၊ ရင်းရင်းနှီးနှီးပေါ့. . ."

"ထပ်ဆင့်ကျေးဇူးပါ ကိုဖြိုး၊ ကဲ ကိုယ် ညီလေးကို သွားခေါ်လိုက်မယ်. . ."

"ဟုတ်ကဲ့၊ ကျွန်တော် ကိုဋ္ဌေးရဲ့ညီလေးနဲ့ စကားပြောကြည့်ချင်ပါတယ်. . ."

သူ ခေါင်းညိတ်ပြပြီး ချာလီ့ကိုခေါ်ရန် အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။ ချာလီ့အခန်းရှေ့အရောက်မတော့ အလျှင်လိုစိတ်နှင့် အခန်းတံခါးကိုမခေါက်ဖြစ်ဘဲ တံခါးကိုတွန်းဖွင့်လိုက်သည်မတော့. . .

"ဟင်! အာ ကိုကိုဋ္ဌေး၊ ဘာ ဘာကိစ္စရှိလို့လဲဟင်၊ ချာလီက ကိုကိုဋ္ဌေးတို့ ကုမ္ပဏီသွားပြီလို့ ထင်နေတာ. . ."

ပိတ်ထားသည်ဟုယုံကြည်ထား၍ မိမိအခန်းတံခါး ရုတ်တရက်ပွင့်လာသည်တွင် ချာလီတစ်ယောက် ဆံပင်တုကိုစွပ်နေရာမှ လက်ပင်တုန့်အောင် လန့်ဖြန့်သွားလိုက်ရသည်။ ဆံပင်တုမှာ နေရာမကျသေး၍ ဖရိုဖရဲဖြစ်နေပုံအားကြည့်ပြီး ကိုကိုဋ္ဌေးသည် ချာလီ ခေါင်းမဖြီးရသေးဟုသာအထင်နှင့်. . .

"ချာလီ. .ရေချိုးပြီးပြီမဟုတ်လား၊ ခေါင်းမြန်မြန်ဖြီးလိုက်၊ အောက်မှာ ဆရာဝန်ရောက်နေတယ်၊ ချာလီနဲ့စကားပြောမလို့တဲ့"

"ဟုတ် ဟုတ်ကဲ့ ကိုကိုဋ္ဌေး၊ ကိုကိုဋ္ဌေးသွားနှင့်လေ၊ ချာလီ လိုက်ခဲ့မယ်. . ."

"ဘာလုပ်စရာလိုတော့လဲကွာ၊ ခေါင်းပဲဖြီးရတော့မယ်ဟာ၊ လာ ခေါင်းပဲမြန်မြန်ဖြီးလိုက်လည်းရတာပဲ၊ လာ ကိုကိုဋ္ဌေး ဖြီးပေး





မယ်. . ."

"မလုပ်ပါနဲ့ ချာလီ့ဟာ ချာလီ ဖြီးပါ့မယ်. . ."

ချာလီမှာ မိမိဆံပင်တုက ပုံစံနေရာမကျသေး၍ မလုံမလဲဖြစ်နေရသည့်ကြားထဲ ဋ္ဌေးမြင့်လတ်ကလည်း ခေါင်းဖြီးရာရင်း ဖြီးပေးမည်တကဲကဲလုပ်နေ၍ ချာလီမှာ မသိမသာတိမ်းရှောင်ရင်း ခေါင်းဖြီးကိုလိုက်ရှာရသည်။ အရေးထဲခေါင်းဖြီးကို ရှာမတွေ့၍ ချာလီစိတ်ညစ်နေဆဲ ကိုကိုဋ္ဌေးသည် ချာလီတစ်ယောက် ယောင်နနနှင့် နေးကွေးနေသည်ကိုကြည့်ပြီး အားမလိုအားမရဖြစ်လာ၍. . .

"ကဲ လာစမ်းပါကွာ၊ ဒီဆံပင်ကို ဘီးနဲ့ဖြီးမှရတာမဟုတ်ပါဘူး၊ လက်နဲ့သပ်လည်းရပါတယ်. . ."

"ဟာ မလုပ် မလုပ်. . ."

"ဟင်! ဟာ ဘယ်လို. . ."

ပြောပြောဆိုဆိုနှင့် ဋ္ဌေးမြင့်လတ်သည် ချာလီ့ခေါင်းဆီ လှမ်းအကိုင် ချာလီကမလုံမလဲနှင့် ရှောင်အထွက် နေရာမကျသေးသည့် ဆံပင်တုက ဋ္ဌေးမြင့်လတ်လက်ထဲပါသွားရသည်တွင် ဋ္ဌေးမြင့်လတ်သည် အံ့ဩတကြီးနှင့် အလန့်တကြားဖြစ်ကာ ဆံပင်တုကိုလွှတ်ချပစ်ပြီး ချာလီ့ထံလှမ်းကြည့်လိုက်သည်မတော့ ကျောလည်ခန့်ရှိသည့် ချာလီ့ဆံပင်တစ်တွေးကြီးသည် ရှုစက်ကာ အိပြုဆင်းကျလာသည်ကို တွေ့မြင်လိုက်ရချိန် ဋ္ဌေးမြင့်လတ်သည် မှင်သက်အံ့ဩခြင်းနှင့် ရင်သပ်ရှုမောမဆုံးအောင် ရှိသွားလိုက်ရပါတော့သတည်း။

"ကိုကိုဋ္ဌေးကလည်း အရမ်းပဲ. . ."

မလုံမလဲ ရှက်ဟန်ဝဲဝဲလေးနှင့်ဆိုကာ ချာလီသည် မိမိခုံရှင်ဟူအား သွားရောက်ကောက်လိုက်သည်။

ဋ္ဌေးမြင့်လတ်သည်လည်း မှင်သက်ရာမှ သတိရလာသလို



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ချာလီ့လက်ကလေးဆီ ဖမ်းဆုပ်ကိုင်ထားလိုက်ရင်းက. . .

"ချာလီ. . ဒီလိုပဲနေပါတော့လား. . ."

"အို ကိုကိုမြေးကလည်း 'မဟုတ်တာ၊ ခုမှဘယ်လိုဖြစ်နိုင်တော့မလဲ. . ."

ချာလီဆိုရင်း ဆံပင်တုလေးကိုပြန်စွပ်လိုက်သည်။ မြေးမြင့်လတ်သည် ချာလီ့ထံကြည့်နေလိုက်သည်။ မြေးမြင့်လတ်အကြည့်တွေက အရာတစ်ခုတွင် လှုပ်ရှား နစ်မျောသွားသည့်အလားပါတည်း။ သူ့ကိုယ်သူ အသက်ရှူနေမှန်းပင်မသိအောင် ဖြစ်နေရပြီး စကားပြောမထွက်အောင်လည်း နှုတ်သည်ဆွံ့အနေဖြစ်ရပါတော့၏။

ချာလီ သည်လည်း သူ့ထံမော့ကြည့်လာသည်။ ချာလီ့အသွင်လေးမှာ နှုတ်ခမ်းစုနေသော်လည်း တောင်းပန်နေဟန်လေးပါ။

"ကိုကိုမြေး. . သွားမယ်လေ. . ."

"အော်. . အင်း. . ."

ယခင်က ဘယ်လိုမှခံစားချက်မရှိခဲ့သော နှလုံးသားသည် ယခုမှုဒိန်းခနဲဆောင့်မြည်သွားသည်။ သူ့အကြည့်တွေမှာ ချာလီ့ထံမှ မဖယ်ခွာမိ၊ ချာလီသည် မျက်လွှာလေးသိမ်းကာ သူ့ရှေ့မှလှမ်းထွက်သွားသည်တွင် သူသည် ကတတိမ်းကပါးဖြင့် နောက်မှထွက်လိုက်သွားဖြစ်ရလေ၏။

အပေါ်ထပ်လှေကားမှ ဆင်းခဲ့ကြသည်တွင် သူတို့ထံ အားလုံးအကြည့်တွေက ရောက်လာသည်။ ထိုအခါ ဘာကြောင့်မှန်းမသိ၊ မြေးမြင့်လတ်သည် ချာလီ့လက်ကလေးဆီကိုင်လိုက်ပြီး နှစ်ယောက်ထိုင်ဆိုဖာတွင် အတူထိုင်ဖြစ်လိုက်ကြ၏။

"ချာလီ. . နေကောင်းရဲ့လား၊ ကြည့်ရတာ ချာလီ့မျက်နှာ အရင်ထက်တော့ ပြည့်ပြီး လန်းဆန်းသလိုရှိတယ်. . ."





"ဟုတ်ကဲ့ ဆရာ၊ ချာလီနေကောင်းပါတယ်၊ ဆရာပေးတဲ့ ဆေးလည်း မှန်မှန်သောက်ပါတယ်. . ."

"လာ ကိုဖြိုး. . ချာလီ့ကို မင်း စကားပြောကြည့်မယ်ဆို၊ ချာလီ. . ဒါက ဒေါက်တာဖြိုးအောင်တဲ့. . ."

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ဆရာ. . ."

"ချာလီ အိပ်ပျော်ရဲ့လား၊ အိပ်ရေးဝရောဝလား. . ."

"ဟုတ်ကဲ့ ဆရာ၊ အိပ်ပျော်ပါတယ်၊ အိပ်ရေးလည်း ဝပါတယ်. . ."

"ခေါင်းထဲမှာ ကြည်လင်မှုရှိရဲ့လား၊ ခေါင်းကိုက်တာမျိုးကော ဖြစ်သေးလား. . ."

"အင်း ခေါင်းထဲမှာကြည်လင်ပါတယ် ဆရာ၊ ဒါပေမယ့် တစ်ခါတလေတော့ ခေါင်းထဲမှာ ရုပ်တွေပြည့်ကျပ်နေသလိုမျိုး ခံစားရတယ်. . ."

ဒေါက်တာဖြိုးအောင်နှင့် ချာလီတို့စကားပြောနေကြသည်ကို အားလုံးကစိတ်ဝင်တစား နားထောင်နေဖြစ်ကြသည်။ အထူးသဖြင့် မြေးမြင့်လတ်သည် ချာလီ့အပေါ်၌ ဂရုစိုက်မှုများနှင့် အလေးထားမှုများသည် အရင်ထက်ပို၍ သာလွန်ဖြစ်ပေါ်နေရပါသတည်း။ မှန်သည်။ တိုက်ကြီးထဲတွင် ချာလီ့အကြောင်းများအား စိတ်ဝင်စားမှုတွေနှင့် ချာလီ့အားလေ့လာကာ စကားပြောဆိုစမ်းသပ်နေဆဲအချိန်များ၌ ခြံပြင်ရှိ ခြံတံခါးမကြီးရှေ့တွင်ကား သူရနိုင်တစ်ယောက် ရောက်ရှိနေသည်ပါ။

သူရနိုင်သည် ခြံထိပ်မှ ခြံထဲသို့လှမ်းကြည့်လိုက်သည်။ ဆင်ဝင်အောက်၌ ကားတွေရပ်ထားသည်ကိုတွေ့၍ သူရနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်ရောက်နေလိမ့်မည်ဟူသော အတွေးနှင့် အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ ခြံရှေ့တွင် သူရနိုင်တစ်ယောက် ရစ်သီရစ်သီလုပ်နေဆဲ တစ်ဘက်ခြံမှ မေဇင်ကိုသည် အေးမြင့်လတ်နှင့်အတူ ကုမ္ပဏီသို့သွားရန် ရောက်ရှိလာ၏။ ခြံရှေ့မှ သူရနိုင်ကိုတွေ့သည်တွင် မေဇင်ကိုသည် မျက်မှောင်လေးတွန့်သွားရရှင်း. . .

"ဩော် ဒီက ဘယ်သူနဲ့တွေ့ချင်လို့လဲဟင်. . ."

"ဟင် ဩော် .ချာလီ ချာလီတို့ခြံမဟုတ်လား. . ."

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ ချာလီနဲ့တွေ့ချင်ရင်ဝင်လေ၊ ကျွန်မလည်း ဝင်မလို့ လာခဲ့လေ. . ."

"ရတယ်၊ ချာလီတို့ခြံဆိုတာသိရင် ရပါပြီ၊ ဟိုမှာ ဧည့်သည်တွေလည်း ရောက်နေတယ်ထင်တယ်၊ ကျွန်တော်လည်း သွားစရာရှိလို့ သွားပါဦးမယ်၊ နောက်မှပဲလာခဲ့မယ်. . ."

"ဒါဆို နာမည်ဘယ်လိုခေါ်လဲ၊ ချာလီ့ကို ကျွန်မပြောပြလိုက်မယ်လေ. . ."

"သူရနိုင်ပါ၊ ကိစ္စတော့ ထူးထွေမရှိပါဘူး၊ လာလည်တာပါ၊ နောက်မှပဲလာခဲ့တော့မယ်. . ."

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ကျွန်မပြောပြထားပါမယ်. . ."

သူရနိုင်ထွက်သွားသည်တွင် မေဇင်ကိုသည်လည်း ခြံထဲဝင်ခဲ့လိုက်၏။ မေဇင်ကို ခြံထဲအရောက်၌ ဆင်ဝင်အောက်မှ ဒေါက်တာခိုင်ဦးနှင့် ဒေါက်တာဖြိုးအောင်တို့ကားတွေ မောင်းထွက်လာခဲ့သည်ကို မေဇင်ကို တွေ့လိုက်၏။

ထို့အတူပင် မျက်စောင်းထိုးရှိ တစ်ဘက်ခြံရှေ့နားတွင် ကားရပ်ထားသည့် သူရနိုင်သည်လည်း ခြံထဲမှ ကားတွေ မောင်းထွက်





လာသည်ကိုတွေ့၍ ကားထဲမှလှမ်းကြည့်ကာ အကဲခတ်နေလိုက်၏။ မှန်သည်။ သူရနိုင်ကား ဘယ်ကိုမှမသွားဘဲ ချာလီနေထိုင်သည့် ခြံကြီးကိုသာ စောင့်ကြည့် အကဲခတ်နေခြင်းပါတည်း။

ခြံကြီးထဲတွင်မတော့ ဒေါက်တာခိုင်ဦးတို့ပြန်သွားကြပြီမို့ အေးမြင့်လတ်သည် ချစ်သူမေဇင်ကိုနှင့်အတူ ကုမ္ပဏီသို့သွားရန် ပြင်ဆင်နေဆဲ ဧွေးမြင့်လတ်သည်က နေရာတွင်ငူငူကြီးထိုင်ရင်း ချာလီ့ ထံမသိမသာနှင့်ရင်ခုန်မှုတွေနှင့် လှမ်းကြည့်နေဖြစ်သည်။ တစ်ချိတစ်ချိ မတော့ ချာလီနှင့် အကြည့်ချင်းဆုံသည်။

"ကိုကိုဧွေး .ကိုလေးတော့ ကုမ္ပဏီမသွားသေးဘူးလား၊ နောက်ကျနေလို့ မေဇင် လာခေါ်တာ. . ."

"ဩော် အင်း မေဇင်ထိုင်လေ၊ ညီ ရှိပါတယ်. . ."

"မေဇင်ရေ သွားမယ်၊ သွားမယ်၊ ကိုယ်တို့နောက်ကျနေပြီ"

အခုထဲမှ အေးမြင့်လတ် ထွက်လာပြီး မေဇင့်ကိုလက်ဆွဲခေါ်ကာ အိမ်ထဲမှတိုက်ရိုက်ထွက်သွားလိုက်ကြတော့သည်။ ထိုအခါမှ ဧွေးမြင့်လတ်သည်လည်း နေရာမှထလိုက်ပြီး ချာလီ့အနီးလှမ်းခဲ့သည်။ ချာလီ့ရှေ့အရောက်မတော့ သူသည် ခုတိုင် ချာလီ့အား အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ရင်ခုန်ခြင်းတွေနှင့် ကြည့်နေဖြစ်ရလေ၏။

ချာလီသည်လည်း ရင်ခုန်လှုပ်ရှားခြင်းတွေနှင့် သူ့ကို မရဲတရဲလေးမော့ကြည့်နေဖြစ်သည်။ သူသည် ချာလီ့မျက်နှာဖူးဖူးလေးဆီ အတန်ကြာကြာ ကြည့်နေပြီးမှ တံတွေးတစ်ချက်ကို မြိုချလိုက်ပြီး. . .

"ချာလီ. .ကိုကိုဧွေး အလုပ်သွားတော့မယ်နော်. . ."

ချာလီ ခေါင်းလေးညိတ်ပြလိုက်သည်။ ချာလီ့ကို ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေနှင့် သူနှုတ်ဆက်ခဲ့ပြီး ကားလေးကို သူမောင်းထွက်ခဲ့လိုက်သည်။ ဘာကြောင့်မှန်းမသိ၊ သူ့ရင်တွေသည် ခုတိုင်လှုပ်ရှားတုန်ရင်နေရဆဲပါတည်း။ ကုမ္ပဏီသို့သာ ထွက်ခဲ့ရသည်၊ ဖြစ်နိုင်လျှင် သူသည် ကုမ္ပဏီသို့ပင် မသွားချင်တော့လောက်အောင်ပါ။

သူ့ မျက်ဝန်းညိုထဲတွင်မတော့ ပိတုန်းရောင်ဆံကေသာတစ်တွေးကြီး ဖြိုးခင်းကျလာချိန်က ချာလီ၏ မျက်နှာဖူးဖူးအလှလေးကိုသာ ပျောက်ဖျက်၍မရနိုင်အောင် မြင်တွေ့နေရသည် မဟုတ်ပါတကား။

မှန်သည်။ ငွေးမြင့်လတ်တစ်ယောက် စိတ်ရောကိုယ်ပါဆောက်တည်ရမရ ကတိမ်းကပါးဖြစ်နေဆဲအချိန်များ၌ ခြံရှေ့တွင်စောင့်ကြည့်နေသည့် သူရနိုင်သည် ခြံထဲမှကားတွေမောင်းထွက်သွားသည်ကို စေ့စေ့စူးစူးလိုက်ကြည့်နေပြီးမှ ကားပေါ်မှဆင်းခဲ့လိုက်သည်။ ပြီးတော့ သူသည် ခြံတံခါးရှေ့တွင် သွားရောက်ရပ်လိုက်ပြီး ခြံတံခါးစောင့်နှင့် သွားစကားပြောလိုက်သည်။

"ကျွန်တော် ချာလီ့ညီသည်ပါ၊ ချာလီနဲ့တွေ့ချင်လို့ပါ"

"ခင်ဗျားကို စောစောကလည်း ခြံရှေ့မှာတွေ့လိုက်ပါတယ်"

"ဟုတ်တယ်၊ ကျွန်တော် ဧည့်သည်တွေရှိနေတာသိလို့ အားနာပြီး ပြန်ထွက်သွားတာပါ၊ ခုမှပြန်လာတာပါ. . ."

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ. . ."

"သူရနိုင်ပါ. . ."

"ဒါဆို ကျွန်တော်သွားပြောလိုက်ဦးမယ်၊ အစ်ကိုလေးကကျန်းမာရေးမကောင်းတော့ အိပ်ချင်အိပ်နေမှာ . . ."

ခြံစောင့်ဆိုရင်း တိုက်ကြီးဘက်လှမ်းထွက်သွားသည်။ သူရနိုင်သည် ခြံတစ်ခြံလုံးကို လှေလာအကဲခတ်ရင်း စောင့်နေ၏။ တစ်





အောင့်ကြာသည်တွင် ခြံစောင့်နှင့်အတူ ချာလီကိုပါ သူရနိုင်တွေ့လိုက်ရသည်။

"ဟာ ကိုသူရနိုင်. . .အားနာလိုက်တာဗျာ. . ."

ခြံတံခါးဆီအရောက် ချာလီကရင်းနှီးစွာခေါ်လိုက်မှပင် ခြံစောင့်သည် ခြံတံခါးကိုဖွင့်ပေးလာ၍ သူရနိုင်သည် ခြံထဲသို့ဝင်ဖြစ်၏။ ခြံထဲတွင် ချာလီနှင့်သူရနိုင်သည် လမ်းလျှောက်ရင်း စကားပြောဖြစ်သည်။

"ကိုယ်ရောက်နေတာကြာပြီ၊ ဧည့်သည်တွေရှိလို့ မဝင်ဖြစ်တာ . . ."

"ဝင်လာရောပေါ့ဗျာ. . ."

"ရပါတယ်၊ အရေးကြီးတာမှမဟုတ်တာ၊ ကိုယ်ကအလည်လာတာပဲ၊ ပြီးတော့. . ."

"ပြီးတော့ ဘာလဲ၊ ဘာရှိသေးလဲ ကိုသူရနိုင်. . ."

"ကိုယ်လာလည်သလို ကိုယ့်ဆီလည်းလိုက်လည်ဖို့ လာခေါ်တာလေ. . ."

"ဩော် ဒါလား. . ."

"လိုက်မယ်မဟုတ်လား. . ."

"ဒီနေ့. . ."

"အင်း အခုလေ၊ ကိုယ်လည်းပျင်းနေလို့ လာခေါ်တာ၊ ဘယ်လိုလဲ. . ."

"အင်း ဒါဆိုလည်း လိုက်မယ်လေ၊ ကိုသူရနိုင် ခဏစောင့်၊ ချာလီအိမ်ထဲခဏဝင်လိုက်ဦးမယ်. . ."

"မြန်မြန်လာနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ. . ."

ဆိုရင်း ချာလီအိမ်ထဲခဏဝင်သွားသည်။ မကြာလိုက်၊ ချာလီပြန်ထွက်လာသည်၊ သည့်နောက် ချာလီ့ကိုခေါ်ကာ သူရှိန်ကားလေးသည် နေရာမှမောင်းထွက်ခဲ့လိုက်လေ၏။

× × × × ×

"အား ကျွတ် ကျွတ် ကျွတ်. . ."

ဒေါ်စုလတ်သည် မျက်ရည်တို့စီးကျရင်း နာကျင်စွာဖြင့် နေရာမှကြိုးစားထရပ်လိုက်သည်။ ပြီးတော့ သူရှိန်ထားသွားသည့် ထမင်းချိုင့်ဆီလှမ်းကြည့်လိုက်သည်။ စားချင်စိတ်အဖြင့် မရှိသည်မှာ အမှန်။ သို့သော်လည်း ဒေါ်စုလတ်သည် မီမီတွင်ထားရှိသော မျှော်လင့်ချက်တွေကြောင့် ထမင်းကိုစားပစ်လိုက်၏။

ဘာပဲဖြစ်ဖြစ် ငါစားရမယ်၊ ငါစားရမယ်၊ ဒါမှ ငါအားရှိသွားမှာ၊ ငါအားရှိမှ အခွင့်အရေးရတာနဲ့ ဒီအခန်းထဲကနေ ငါထွက်သွားလို့ရမှာ၊ ငါ့သမီး .ငါ့သမီးလေးလည်း ဘယ်များရောက်နေရှာပါလိမ့်၊ သမီးလေးက ဘာဖြစ်လို့ ငါ့ဆီကိုအဆက်အသွယ်မလုပ်တာပါလိမ့် ဟင်း. . .။

မီမီအဖြစ်များအား စမ်းနည်းကြေကွဲစွာနှင့်ပင် တွေးတောရင်း ဒေါ်စုလတ်သည် ထမင်းစားပြီးသွား၏။ ထမင်းစားပြီးသည့်တွင် ချိုင့်ကို သူရှိန်ထားသွားသည့်နေရာ၌ပင် ပြန်ထားလိုက်သည်။ သည့်နောက် ဒေါ်စုလတ်သည် ပြူတင်းအနီးသွားရောက်ရပ်ကြည့်လိုက်သည်။ ဒေါ်စုလတ်တစ်ယောက် ပြူတင်းပေါက်အနီး ရပ်လိုက်ချိန်





မင် ခြံထဲသို့ ကားတစ်စီးဝင်လာသည်ကိုတွေ့လိုက်ရ၍ သူရှိန် တစ်ယောက် အပြင်မှပြန်လာပြီကို သိလိုက်၏။ ဒေါ်စုလတ် ကြည့်နေစဉ်ပင် သူရှိန်ကားလေးသည် ခြံထဲသို့မောင်းဝင်ခဲ့ပြီး မြက်ခင်းပြင်နေရာလေးတွင် ရပ်လိုက်သည်ကို ဒေါ်စုလတ်တွေ့မြင်လိုက်ရလေ၏။

ကားပေါ်မှ သူရှိန်ဆင်းလိုက်သည်။ ပြီးတော့ တစ်ဘက်မှ ချာလီဆင်းလိုက်သည်၊ ဒေါ်စုလတ်သည် အားမလို အားမရ ပြူတင်းမှ လှမ်းကြည့်နေဖြစ်၏။ ခြံထဲတွင်ကား သူရှိန်သည် အရင်က ချယ်ရီကိုကို စိုက်ပျိုးခဲ့သည့် နှင်းဆီ၊ သဇင်နှင့် သစ်ခွများရှိရာ ပန်းရုံအနောက်အဦးဆီသို့ ဦးစွာသွားရောက်ပြခဲ့သည်။ ချာလီသည် စနစ်တကျစိုက်ပျိုးထားသည့် ပန်းပင်၊ ပန်းတိုင်၊ ပန်းအိုးနှင့် ပန်းဥတွေဆီကြည့်ပြီး သဘောကျနှစ်သက်စွာ ပြုံးရင်းက. . .

"ပန်းပင်တိုင်း တကယ်သန့်စွမ်းတာပဲ၊ ဒီပန်းတွေကကိုသူရှိန် စိုက်ထားတာလား. . ."

"မဟုတ်ပါဘူး၊ ကိုယ့်ညီမစိုက်တာ၊ အခုတော့ သူမရှိဘူး"

"ဪ. . ."

ပန်းတွေကို နှစ်သက်မြတ်နိုးဟန်ရှိသော်လည်း ချာလီ့အသွင်သည် ထူးခြားမှုမရှိ၍ သူရှိန်သည် စိတ်လျှော့ရမလိုပင်ဖြစ်သွား၏။ သို့သော်လည်း မီမီကျေနပ်လောက်သည့် လေ့လာစမ်းသပ်မှုမျိုး မလုပ်ရသေး၍ သူရှိန်သည် ကျေတော့မကျေနပ်သေးပါ။ သည့်အတွက် မီမီဖြစ်အောင်ကြိုးစားရန် ဆုံးဖြတ်ထားပြီဖြစ်၏။ ပန်းရုံထဲမှ သူတို့ထွက်ခဲ့လိုက်သည်။ မြက်ခင်းကိုဖြတ်၍ ဆင်ဝင်အောက်သို့ သူတို့လှမ်းလာသည့်တွင်. . .

"ချယ်ရီ့ .ချယ်ရီ၊ သမီး သမီး ချယ်ရီ၊ မလာနဲ့ မလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! . . ."

"ဘာလဲ ချာလီ. . ."

ဒေါ်စုလတ်အသံကို သဲ့သဲ့ကြားလိုက်ရသော်လည်း မာန်ဆောင်ကာ သူရနိုင် မေးသည်။

"ခေါ်သံလိုလို ကြားသလားလို့ပါ. . ."

"ဩော် တစ်ဘက်ခြံကဖြစ်မယ်ထင်တယ်၊ ဒီလိုပဲ တစ်ခါတလေခေါ်သံကြားတယ်. . ."

သူ အတွင်းသွားတို့စေကာ ဆိုသည်။ သူ့စိတ်ထဲတွင် ဒေါ်စုလတ်အား ခေါ်သထွက်နေရပြီမဟုတ်ပါလား။

"လာ ချာလီ၊ ကိုယ်တို့တိုက်ထဲဝင်ကြရအောင်၊ အအေးတစ်ခုခုသောက်တာပေါ့. . ."

သူဆိုရင်း တိုက်ထဲသို့ဝင်ခဲ့သည်။

"ဟား ကိုသူရနိုင်တို့တိုက်ကြီးက တော်တော်စိတ်ကူးယဉ်ဆန်တာပဲ၊ ကြည့်ပါဦး အိမ်ထဲမှာ ရေကူးကန်ကြီးလုပ်ထားတယ်နော်၊ ကောင်းလိုက်တာ. . ."

"ဟုတ်တယ်၊ ဒါက အစ်ကို့ဆန္ဒကို ဖေဖေကလိုက်လျောထားတာပေါ့၊ ဒီဆင်စင်အောက်နဲ့ ဒီဧည့်ခန်းက ကိုယ့်ရဲ့ဧည့်ခန်း၊ အရှေ့ဘက်မှာက ဖေဖေ့ဧည့်ခန်း၊ ဒါပေမယ့် ကိုယ့်ဖေဖေကတော့ မရှိတော့ဘူး. . ."

"ဩော်. . ."

ချာလီ ထိုမျှသာဆိုရင်း ငါးကန်တွေကိုတွေ့၍ ပျော်သွားရပြန်၏။

"ဟိုမှာ ငါးကန်တွေပါလား. . ."

"ဟုတ်တယ်၊ ချာလီကြည့်နေဦးနော်၊ ကိုယ် အအေးနဲ့





စားစရာတွေသွားယူလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့. . ."

ချာလီ့ကိုပြောဆိုပြီး သူရနိုင်သည် ဒေါ်စုလတ်ရှိရာသို့ ထွက်ခဲ့လိုက်သည်။ ဒေါ်စုလတ်အခန်းရှေ့အရောက်မတော့ သူရနိုင်သည် နှစ်ထပ်အခိုင်အခန့်လုပ်ထားသည့် တံခါးတွေကို ဝုန်းဒိုင်းဆောင့်ဖွင့်လိုက်ပြီး ဒေါ်စုလတ်ထံ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းခဲ့ပြီးနောက်...

"ဖြန်း ဖြန်း၊ အဲဒါမှတ်ထား၊ နင်အော်လည်း နင့်အသံကို ဘယ်သူမှမကြားဘူးမှတ်ပါ၊ ငါ့ကိုခေါ်သထွက်အောင်မလုပ်နဲ့၊ ဖြန်း—"

"အား. . ဘုံး. . ."

သူရနိုင်၏ခေါ်သနှင့် မစာမနာရိုက်ချက်ကြောင့် ဒေါ်စုလတ်သည် ကြမ်းပေါ်ဘုံးခနဲလဲကျသွားလိုက်ရသည်။

"မှတ်ထား၊ နောက်တစ်ခါ နင့်အသံမထွက်နဲ့၊ နောက်ထပ် နင့်အသံထွက်ရဲထွက်ကြည့်၊ နင် သေဖို့ပြင်. . ."

"သူရနိုင်. . နင် ငါ့သမီးကိုပြန်လွှတ်လိုက်စမ်းပါ. . ."

"နင့်သမီး ဟုတ်လား၊ ဒီမှာ မိစုလတ်. . နင့်သမီးသာဆိုရင် ငါ ဒီလောက်အထိ ကြာကြာကြည့်မနေဘူးဆိုတာ၊ နင့်ရဲ့ အဲဒီခေါင်းထဲက သေချာမှတ်ထား. . ."

"အား. . ."

ဒေါ်စုလတ်ဆံပင်တွေကို ဆွဲကိုင်ကာ ခါရမ်းပြီး ဆွဲခါပစ်လိုက်သည်။ ဒေါ်စုလတ်သည် သူ၏ရက်စက်မှုများတွင် ထုံနေဟန်ရှိပြီဖြစ်၏။

"အဲဒါ နင့်သမီးမဟုတ်ဘူး၊ အဲဒါယောကျ်ားလေး၊ သူ့နာမည်က ချာလီတဲ့၊ ဒါပေမယ့် ငါ မသက်သာဘူး၊ ဒါကြောင့် ငါ အိမ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး လေ့လာနေတာ. . .”

သူ့စကားတွေနားထောင်ပြီး ဒေါ်စုလတ်သည် နှုတ်ဆိတ်သွားသည်။ သို့သော်လည်း မိခင်ဖြစ်၍ ဒေါ်စုလတ်သည် မိမိသမီးသာ ဖြစ်ကြောင်း မြင်လိုက်သည်နှင့် သိလိုက်ပြီးသားပါ။ ထိုအချိန်များ၌ ကူမွှေကိုတွင်မလည်း ရွှေမြင့်လတ်တစ်ယောက်ကား မည်သည့်အလုပ်မှလုပ်၍မရအောင် ရှိနေရပါသတည်း။ မှန်သည်။ သူ မည်သို့ဖြစ်နေသည်ကို သူ့ကိုယ်သူလည်း မပြောတတ်တော့ပါ။ သူသိနေသည်က သူသည် ချာလီကိုသာ တွေ့ချင်မြင်ချင်နေမိ၏။ သည့်အတွက် သူသည် အိမ်ပြန်ရမည့်အချိန်ကိုသာ နာရီတကြည့်ကြည့်လုပ်နေမိတော့သည်။ နောက်ဆုံးမတော့ သူသည် ဖုန်းဆက်ရန်စိတ်ကူးရသွား၍ အိမ်သို့ ဖုန်းဆက်လိုက်လေ၏။

“ဟဲလို အိမ်နံ့ရှိပါရှင်၊ ဦးရွှေမြင့်လတ်အိမ်ကပါ. . .”

“ဩော် ဒေါ်ချစ်. .ကျွန်တော်ပါပဲ၊ ချာလီကော၊ ချာလီ့ကို ဖုန်းပေးလိုက်ပါ. . .”

“ဩော် သူဌေး၊ သူ မရှိပါဘူး. . .”

“ဗျာ မရှိဘူး၊ ဘယ်သွားလဲဗျာ. . .”

ဘာဖြစ်သွားမှန်းမသိအောင် သူ သဲသဲလှုပ်၍ပြန်မေးဖြစ်သည်။ သူ့အသံသည် အော်လိုက်မိသလိုပင်ဖြစ်၍ ဒေါ်ချစ်သည် နားမလည်နိုင်အောင်ဖြစ်သွားရရှင်. . .

“သူဌေး .သူရနိုင်ဆိုတဲ့လူတစ်ယောက်က အလည်ခေါ်သွားလို့ လိုက်သွားပါတယ်၊ သူဌေးနဲ့လည်းသိတယ်လို့ ပြောပါတယ်”

“ဘာ. .သူရနိုင်. . .”

“ဟုတ်ကဲ့. . .”





“အဲဒီလူရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်သိလား. . .”

“ဟုတ်ကဲ့၊ ချာလီက သူသွားတဲ့အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို ဗိုက်ဘုတ်မှာရေးပေးသွားပါတယ်. . .”

“ဖတ်ပြပါဦး. . .”

“ဟုတ်ကဲ့၊ အမှတ်(x x)၊ (x x)လမ်းမှာပါ၊ ဖုန်းနံပါတ်က (x x)ပါ. . .”

“ကောင်းပြီ ဒါပဲ ဒါပဲ. . .”

စကားအဆုံး သူ ဖုန်းချလိုက်သည်။ သည့်နောက်မတော့ ချာလီ့ကိုသွားခေါ်ရန် ရုံးခန်းထဲမှ သူ ထွက်သွားလိုက်တော့၏။

x x x x x

“ချာလီ နေ့လည်စာမစားရသေးဘူး မဟုတ်လား၊ ကိုယ်တို့ အပြင်မှာထွက်စားကြရအောင်လေ. . .”

“ချာလီမဆာဘူး ကိုသူရနိုင်၊ မနက်က ထမင်းကြော်နဲ့ ပေါင်မုန့်ထောပတ်သုတ်စားထားတာ ခုထိရင်ပြည့်နေတုန်းပဲ. . .”

တိုက်ကြီးတစ်ဆောင်လုံးကို နေရာအနှံ့လိုက်ကြည့်ရင်း ချာလီဆိုသည်။ သူရနိုင်ကလည်း ချာလီ့ကိုနေရာအနှံ့လိုက်ပြရင်းက ချာလီ့အနေအထားအား လေ့လာနေသည်ပါ။

“ချာလီ. .ဒီအခန်းထဲဝင်ကြည့်ပါဦး. . .”

“ဟုတ်ကဲ့. . .”

တစ်ခန်းဝင်တစ်ခန်းထွက် သူရနိုင်လိုက်ပြနေ၍ ချာလီကလည်း တိုက်ကြီးကို သဘောကျ၍လိုက်ကြည့်သည်။

“အခန်းတွေရဲ့အကျယ်ကတော့ ပုံစံတူချည်းပဲနော်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်ပန်းတွေသုံးထားတာ အရမ်းလှတယ်၊ မြန်မာ့ရှေးရိုးပုံစံပေမယ့် တကယ့်ကိုဆန်းသစ်လှပနေတယ်. . . ”

“အိုင်း အဲဒါ ကိုယ့်အဖေရဲ့စိတ်ကူးတွေပဲ. . . ”

“ဪ. . . ”

“ချာလီက ဒီတိုက်ကြီးမျိုးနဲ့ ဒီအပြင်အဆင်ပုံစံကို ဒီတစ်ခါပဲ တွေ့ဖူးတာလား. . . ”

“ဟုတ်ကဲ့ ဒီတစ်ခါပဲ မြင်ဖူးပါတယ်၊ တစ်ချို့တိုက်တွေမှာလည်း ကနုတ်ပန်းတွေသုံးထားတာ တွေ့ဖူးတယ်၊ ဒါပေမယ့် ဒီလိုတိုက်တစ်ဆောင်လုံးတော့မဟုတ်ဘူး၊ အိမ်ရှေ့အလှလောက်ပဲ. . . ”

“ချာလီ စဉ်းစားပါဦး၊ ဒီခြံကြီးနဲ့ ဒီတိုက်ကြီးမှာ ချာလီ မနေဖူးဘူးလား၊ ချာလီနေခဲ့ဖူးတယ်လို့ မထင်ဘူးလား. . . ”

“အဟင်း ဟင်း ကိုသူရနိုင်ကလည်း နောက်နေပြန်ပြီ၊ ဒီခြံနဲ့ ဒီတိုက်ကြီးကို ချာလီ ခုမှရောက်ဖူးတာပါ၊ ဒါနဲ့ ဒီအခန်းက ဘယ်သူ့အခန်းထဲဟင်. . . ”

“ဒါ ကိုယ့်အမေနဲ့ ကိုယ့်မိထွေးနေခဲ့တဲ့အခန်း၊ ခုတော့ ဘယ်သူမှမနေတော့ဘူး၊ သူတို့လည်းဆုံးကုန်ပြီဆိုတော့. . . ”

“ဪ၊ အလုပ်သမားတွေရော မရှိဘူးလား. . . ”

“ရှိတယ်၊ နေ့လာညပြန်ပဲ၊ တိုက်နဲ့ခြံကို သန့်ရှင်းရေးလုပ်ရုံပဲ ခေါ်ထားတာ၊ ကိုယ်က ထမင်းအပြင်ထွက်စားတယ်. . . ”

“ဪ ဒါကြောင့် ချာလီကြည့်တော့ တိုက်ကြီးကတိတ်ဆိတ်နေပါတယ်လို့၊ ဘယ်သူမှလဲမတွေ့ပါဘူးလို့ အဟင်း. . . ”

ချစ်စဖွယ်အပြုံးလေးနှင့် ချာလီဆိုရင်း အခန်းထဲမှထွက်ခဲ့သည်။ သူရနိုင်သည်လည်း စဉ်းစားရင်းထွက်ခဲ့လိုက်သည်။ အပေါ်ထပ် ဘုရားခန်းကိုဖြတ်ပြီး နောက်ထပ်အခန်းတစ်ခုရှေ့အရောက်..





“ချာလီ. . အဲဒီအခန်းထဲဝင်ကြည့်ပါဦး. . . ”

“ဪ ဟုတ်ကဲ့၊ ဒါက ဘယ်သူ့အခန်းလဲ. . . ”

“ကိုယ့်ညီမအခန်းပါ. . . ”

“အခု သူကရော. . . ”

“သူလည်းမရှိဘူး၊ ခရီးထွက်သွားတယ်. . . ”

အခန်းထဲဝင်ခဲ့ပြီး အခန်းထဲမှပစ္စည်းအသုံးအဆောင်တွေနှင့် အိပ်ယာအပြင်အဆင်တွေကို ချာလီ ကြည့်သည်။ ပြီးတော့ မှန်တင်ခုံပေါ်တွင်တင်ထားသည့် ပစ္စည်းအသုံးအဆောင်တွေကို ချာလီကိုင်ကြည့်သည်။ ထိုအခိုက် ချာလီခေါင်းထဲ၌ အုံခဲသွားသလိုခံစားချက်နှင့် မျက်လုံးထဲ၌ မြင်ကွင်းတစ်ချို့သည် ရိပ်ခနဲ ရိပ်ခနဲဖြတ်ပြေးသွားသည်ကို တွေ့မြင်ရသကဲ့သို့ရှိ၏။ မှန်သည်၊ ထိုမြင်ကွင်းများကား ချာလီကိုယ်တိုင်ပင် ထိုအခန်းထဲမှ ပစ္စည်းတွေကို အသုံးပြုနေထိုင်ခဲ့ပုံများသာတည်း။ ချာလီသည် မျက်ဝန်းလေးအစုံမှိတ်ကာ မိမိခေါင်းလေးကို တစ်ချက်ဖိကိုင်ထားလိုက်သည်။

“ချာလီ. . ဘာဖြစ်လို့လဲ. . . ”

“ခေါင်းနည်းနည်းမူးသွားလို့ပါ၊ အခန်းတံခါးတွေပိတ်ထားတော့ လေမဝင်လို့ဖြစ်မယ်. . . ”

ချာလီဆိုရင်း အခန်းထဲမှထွက်ခဲ့လိုက်သည်။ အပေါ်ထပ်မှ ချာလီပြေးဆင်းခဲ့လိုက်သည်တွင် ချာလီမျက်လုံးထဲ ပုံရိပ်တစ်ခုသည် ဖြတ်ဝင်လာပြန်၏။ ထိုပုံရိပ်မှာ ချာလီသည် ထိုလှေကားထက်မှ လိမ့်ကျသွားသည့်ပုံရိပ်ပါတည်း။

“အား. . . ”

“ချာလီ. . ချာလီ ဘာဖြစ်တာလဲ. . . ”



www.burmeseclassic.com

www.burmeseclassic.com



အဆက်အစပ်မရှိသည့် မြင်ကွင်းတွေကို ခါထုတ်ပြီး ချာလီ ညီးတွားရင်း အမြင့်သို့ ပြေးထွက်ခဲ့လိုက်သည်။ သူရနိုင်ကလည်း ချာလီ့ကိုကြည့်ကာ စဉ်းစားရင်း နောက်မှထပ်ချပ်မကွာ ပြေးလိုက်ပါလာခဲ့၏။ မျက်ခင်းပြင်နေရာလေးဆီအရောက် ချာလီသည် ခဏမျှ ငြိမ်နေလိုက်သည်။ ချာလီသည် ခြင်္ကြီးနှင့်တိုက်ကြီးဆီသို့ ငြိမ်သော မျက်ဝန်းအကြည့်လေးတွေနှင့် လိုက်၍ကြည့်နေဆဲ သူရနိုင်သည် ချာလီ့ကိုကြည့်ကာ စဉ်းစားနေရာမှ ချာလီ့ပုခုံးလေးဆီကိုင်လာရင်း။

"ချာလီ ခေါင်းမူးနေသေးလား၊ ကိုယ်နှိပ်ပေးမယ်. ."

သူဆိုရင်း ချာလီ့ကိုနှိပ်ပေးသည်။ ချာလီသည်လည်း စဉ်းစားရင်း ငြိမ်နေခြင်းက သူ့ နှိပ်ပေးသည်ကိုလည်း လက်ခံနေသည့် သဘောနှယ်ရှိနေလေ၏။ သူရနိုင်ကလည်း သူ့အကြံနှင့်သူပါ၊ မှန်သည်။ ချာလီ၏ယာဘက်လက်ပြင်နားလောက်တွင် တစ်ခါက သူနှင့်ပြဿနာဖြစ်ထားဖူး၍ အမာရွတ်ကလေးတစ်ခုရှိသည်။ ယခု ချာလီတွင် ထိုအမာရွတ်ရှိမျှင်ဟူသော စိတ်ကူးနှင့် သူရနိုင်သည် ချာလီအားနှိပ်ပေးရင်း ချာလီဝတ်ထားသည့် စပို့ရှပ်လည်ပင်းမှဆွဲကာ လက်ပြင်နားမှ ဒဏ်ရာကိုကြည့်ဖို့ ကြိုးစားနေခြင်းပါတည်း။

ထိုအခိုက်မှာပင် ခြံထဲသို့ ဒွေးမြင့်လေတ်ကားသည် အလျှင်လိုစွာဖြင့် မောင်းနှင်ဝင်ရောက်လာသည်။ သူရနိုင်သည် ဒွေးမြင့်လေတ်ကားကိုတွေ့သည်နှင့် မိမိအကြံအား စိတ်ပျက်စွာ လက်လျှော့လိုက်ရပါတော့၏။ ဒွေးမြင့်လေတ်သည်ကလည်း ခြံထဲမောင်းဝင်လာသည်နှင့် မြက်ခင်းပြင်တွင် သူတို့နှစ်ယောက်ကို တွေ့မြင်လိုက်သည်မို့ ကားရပ်သည်နှင့် သူသည်ကားပေါ်မှဆင်းခဲ့ပြီး သူတို့ထံခြေလှမ်းကျဲကြီးတွေနှင့်လှမ်းခဲ့၏။ ချာလီ့အနီးအရောက်မတော့ သူသည် ချာလီ့





လက်ကလေးကိုဆွဲခေါ်လိုက်ပြီး. . .

"ချာလီ. .နေမကောင်းဖြစ်နေတာ ဆေးသောက်ပြီး အနားမယူဘဲ လျှောက်သွားတယ်ကွာ၊ မင်းတော့လေ အစ်ကိုကမကြည့်ရင် မကြည့်သလိုပဲ၊ ကဲ လာ လာ အိမ်ပြန်မယ်၊ အခုဘာဖြစ်နေလဲ၊ တစ်ခုခုဖြစ်နေတယ်ထင်တယ်. . ."

"ဟုတ်တယ်၊ ချာလီမူးလို့တဲ့၊ ကျွန်တော်နှိပ်ပေးနေတာ"

"ဗျာ ခင်ဗျားကနှိပ်ပေးတယ်၊ အဟောဝ်. .ချာလီကတော့ ခင်ဗျားကိုဒုက္ခပေးနေပြီဗျာ၊ ကဲ ကဲ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ဒွေးမြင့်လတ်တစ်ယောက် မနှစ်မြို့ဟန် အံ့သြထိတ်လန့်သလို စကားကိုဆိုပြီးမှ သူ့စကားကိုပြန်လျှော့ချသည်။ ဒါကို သူရနိုင်ကလည်း အမှတ်တစ်ခုနှယ် သတိထားဖြစ်လိုက်သည်။

"နေဦး ကိုကိုဒွေး. . ."

သူရနိုင်တစ်ယောက် သတိထားနေဆဲပင် ချာလီကလည်း ဒွေးမြင့်လတ်ဆွဲခေါ်သည်ကိုမလိုက်ဘဲ ဒွေးမြင့်လတ်လက်ကို ပြန်ဆွဲထားလိုက်ရင်း. . .

"ကိုကိုဒွေး. .ချာလီ့စိတ်ထဲမှာ ချာလီ ဒီခြံကိုသိနေသလိုပဲ"

ချာလီ့စကားအတွက် သူရနိုင်မျက်နှာချောချောသည် လှုပ်ရှားသွားသည်။ ဒွေးမြင့်လတ်သည်က မိမိ၏သဝန်တိုမှုစိတ် တစ်ခုတည်းအတွက် အကဲပါနေရ၍ သူရနိုင်ကို သတိမထားဖြစ်ဘဲ ချာလီ့ကိုသာ ဆွဲခေါ်ရင်း. . .

"ချာလီရာ. .မင်းကတော့ ဘယ်ရောက်ရောက် အားလုံးသိနေတာပဲ၊ ကဲ လာ လာ၊ ဆရာဝန်စောင့်နေတယ်၊ မြန်မြန်သွားရမယ်၊ ကိုသူရနိုင် သွားပြီဗျာ. ."

သူရနိုင်ကိုပါ နှုတ်ဆက်ခဲ့ပြီး သူ ချာလီ့ကိုဆွဲခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။ သူရနိုင်တစ်ယောက် ကြည့်နေဆဲပင် ဌေးမြင့်လတ်သည် ချာလီ့ကိုခေါ်ကာ ကားကို မောင်းထွက်သွားလိုက်ပြီဖြစ်၏။ တိုက်ကြီးရှိအခန်းတစ်ခုထဲရှိ ခေါ်စုလတ်သည်ကား မိမိ၏ချစ်သမီးချောအား တွေ့မြင်နေရ၍ မချိတင်ကဲဖြစ်ကာ တစ်ကိုယ်တည်း ငိုရှိုက်နေဖြစ်ရပါသတည်း။

× × × × ×

နေ့လည်စာထမင်းစားပြီး (× ×)စားသောက်ဆိုင်ထဲမှ သူတို့ထွက်ခဲ့လိုက်သည်။

"ချာလီ. . ."

သူခေါ်ရင်း ချာလီ့လက်ကလေးကို သူ ဆုပ်ကိုင်ထားလိုက်သည်။ ချာလီ သူ့ကိုမော့ကြည့်တော့ သူလည်း ချာလီ့ကိုကြည့်နေ၍ အကြည့်ချင်းဆုံကာ နှစ်ဦးသားသည် ရင်ခုန်ကြရ လေ၏။

"ချာလီ ဘာဖြစ်နေလဲဟင်၊ ချာလီ့ကိုကြည့်တာ ငေးငေးဝေဝေနဲ့. . ."

ကားရှိရာလှမ်းခဲ့ကြရင်း သူ မေးသည်။ ကားရပ်ထားရာအရောက် သူတို့ကားထဲဝင်ထိုင်ကြသည်။ ဌေးမြင့်လတ်သည် ကားမောင်းထွက်မည်အပြု ချာလီသည် စဉ်းစားဟန်အကြည့်လေးတွေနှင့် ကြည့်လာရင်း. . .

"ကိုကိုဌေး. . ."

"ဟင် ဘာလဲ ချာလီ. . ."

"ချာလီ တကယ်ပြောနေတာပါ၊ ချာလီက ဘယ်သူလဲဟင်. . ."

"ဗျာ. . ."





အံ့ဩစွာ သူ ချာလီ့ကိုကြည့်နေမိသည်။ ပြီးမှ. . .

"ချာလီ နားထောင်၊ ကိုကိုဌေး ပြောမယ်၊ ခုချိန်မှာ ချာလီဘာမှမစဉ်းစားပါနဲ့ဦး၊ ချာလီစိတ်အေးအေးထားပြီး အနားပဲယူပါ၊ ချာလီက အခုကျန်းမာရေးမှမကောင်းသေးတာ၊ ကိုကိုဌေးစကားနားထောင်နော်. . ."

သူဆိုရင်း ကားကိုမောင်းထွက်ခဲ့သည်။

"တကယ်ပြောတာပါ ကိုကိုဌေး၊ ကိုသူရနိုင်ရဲ့ခြံကို ချာလီသိနေတယ်၊ ရင်းနှီးနေတယ်၊ နေခဲ့ဖူးတယ်လို့လည်းထင် တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအိမ်ကိုသွားတုန်းက ချာလီ့ရဲ့ လှုပ်ရှားတဲ့ပုံရိပ်လေးတွေကို ချာလီပြန်မြင်ယောင်လိုက်ရလို့ပါ"

"ဟင်! ချာလီ ဘာတွေမြင်လဲ. . ."

"အသေးအချာတော့ မသိပါဘူး၊ တစ်ချက်တစ်ချက် ချာလီ့ဦးနှောက်ထဲမှာပေါ်လာတာ၊ ပြီးတော့ ချာလီ အဲဒီအိမ်ရဲ့ လှေကားပေါ်က လိမ့်ကျတာလည်း ပြန်မြင်မိတယ်၊ ဒါပေမယ့် ဘာမှန်းတော့ ချာလီမသိပါဘူး. . ."

"ချာလီ တကယ်ပြောနေတာလား. . ."

"တကယ်ပါ၊ ချာလီ အဲဒီအိမ်ကိုထပ်ပြီးသွားချင်တယ်"

"အာ ဟို ဟို နေပါဦး ချာလီရယ်၊ ကိုကိုဌေးပြောမယ်၊ ချာလီသွားချင်ရင် ကိုကိုဌေးကိုယ်တိုင်လိုက်ပို့မယ်၊ ချာလီ တစ်ယောက်တည်းတော့ ထပ်မသွားပါနဲ့ကွာ၊ ကိုကိုဌေး စိတ်မချဘူး၊ ပြောရမယ်ဆိုရင် ကိုသူရနိုင်ကိုကြည့်ရတာတစ်မျိုးပဲ၊ ကိုကိုဌေး စိတ်ထဲမှာ သူ့ကိုမယုံဘူး၊ ဘာကြောင့်လဲတော့မသိဘူး၊ ဒါပေမယ့် ချာလီသွားချင်ရင် ကိုကိုဌေးလိုက်ပို့ပါ့မယ်၊ ကိုကိုဌေးပါမှပဲ သွားပေါ



www.burmeseclassic.com

www.burmeseclassic.com



ချာလီရယ် နော်. . .”

“ဘာဖြစ်လို့လဲ. . .”

“ကိုကိုဌေး စိတ်မချလို့ပါကွယ်. . .”

“ဘာကိုလဲဟင်. . .”

“ချာလီ့ကို၊ ပြီးတော့ ကိုသူရိန်ကိုမယုံဘူး၊ အခု ကိုကိုဌေးတို့ ဘယ်သွားမလဲ ချာလီ. . .”

“ကိုကိုဌေး သဘောပါ. . .”

“ချာလီ. . .”

“ဟင်. . .”

“ကိုကိုဌေးကိုကတိပေးပါ၊ အဲဒီအိမ်ကို ချာလီတစ်ယောက်တည်း မသွားပါဘူးလို့. . .”

“ကတိပေးပါတယ်၊ ဒါပေမယ့် ကိုကိုဌေးတော့ လိုက်ပို့ရမယ်နော်. . .”

“စိတ်ချပါ၊ ချာလီ. .အခု ကိုကိုဌေးတို့ ကိုသောင်းတို့ဆီ သွားကြရအောင်နော်. . .”

ချာလီခေါင်းညိတ်ပြလိုက်သည်။ ဌေးမြင့်လတ်သည် ကားကို ကိုသောင်းတို့အိမ်သို့ ဦးတည်မောင်းခဲ့လိုက်သည်။ ကိုသောင်းတို့အိမ်အရောက်မတော့ ကိုသောင်းတို့မောင်နှမတာ ပျော်ရွှင်စွာဆီးကြိုကြသည်။ ကားပေါ်မှအဆင်းတွင် ဌေးမြင့်လတ်သည် ချာလီ့ကိုပုခုံးဆီသိုင်းဖက်ကာ လှမ်းလာတော့ ကိုသောင်းတို့မောင်နှမမှာ မသိမသာမျက်လုံးတွေပြူးနေကြရ၏။ သူကလည်း ဘာရယ်မဟုတ်သလို ပြုံးသည်။

“ထိုင်ပါ သူဌေး၊ ဘယ်ကလှည့်လာကြလဲမသိဘူး”





“လှည့်မလာပါဘူးဗျာ၊ ဒီကိုပဲလာတာပါ၊ ချာလီလည်း ခင်ဗျားတို့ကို သတိရနေမယ်ဆိုတာသိလို့၊ ခင်ဗျားတို့လည်း ချာလီ့ကိုသတိရနေမယ်ဆိုတာသိလို့. . .”

“ကျေးဇူးပါပဲ သူဌေး. . .”

“ရပါတယ်လေ၊ ကဲ ခင်ဗျားတို့စကားပြောကြပါ၊ ကျွန်တော် ဒီနားခဏသွားလိုက်ဦးမယ်၊ ပြီးမှ ချာလီ့ကိုပြန်လာခေါ်မယ်. . .”

“ဟုတ်ကဲ့ သူဌေး. . .”

“ချာလီ. .အေးအေးဆေးဆေး စကားပြောဦးနော်၊ ကိုကိုဌေး တစ်အောင့်ကြာရင် ပြန်လာခေါ်မယ်. . .”

ချာလီ့ကိုနှုတ်ဆက်ပြီး သူထွက်သွားလိုက်သည်။ ချာလီမှာ သူ့နောက်ကျောကိုလှမ်းကြည့်ရင်း ရှက်သွေးဖြန်းသော မျက်နှာလေးရဲရဲဖြင့် မလှုံမလဲကျန်ရစ်ခဲ့လေ၏။

“ချာလီ. . .”

“ဟင်. . .”

“ဘယ်လိုလဲ၊ ဟိုမှာနေရတာ အဆင်ပြေရဲ့လား. . .”

“ပြေပါတယ် မမိုး. . .”

“မပြေပဲနေမလား ညီမရဲ့၊ ဦးဌေးမြင့်လတ်ကိုက တကယ့်သူဌေးတွေပဲဟာ၊ ဒါကြောင့် ကောက်ရ. .အဲလေ ချာလီ့ကိုကြည့်ပါလား၊ ကျန်းမာရေးကောင်းလာပြီး စိုပြည်လှပနေတာ၊ သူတို့တွေက ချာလီ့ကိုသေချာဂရုစိုက်ပြီး ဆေးကုပေးကြတယ် မဟုတ်လား. . .”

“ဟုတ်ကဲ့ ဂရုစိုက်ပါတယ် အစ်ကိုကြီး၊ ဂရုစိုက်သွန်းလို့ သိပ်ခေါ်သွားပြီ. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

"ဘယ်လိုခက်တာလဲ. . ."

မောင်နှမနှစ်ယောက် မျက်လုံးပြူးသွားသည်။ ပြီးမှ ချာလီသည် မနက်ကအကြောင်းတွေကို ပြောပြလိုက်သည်။ ထိုအခါ မောင်နှမနှစ်ယောက်မှာ ထပ်ဆင့်မျက်လုံးတွေပိုပြူးသွားကြရရှင်း. . .

"ဘာ. .ဒါဆိုသိသွားပြီပေါ့. . ."

"ဟင် ဒါဆို သူဌေးမြင်သွားပြီပေါ့. . ."

ပြိုင်တူဆိုလိုက်ကြသည်။ ချာလီခေါင်းညိတ်ပြ၏။ အတန်ကြာတိတ်ဆိတ်သွားကြသည်။ ပြီးမှ ကိုသောင်းက...

"အေးလေ၊ ဘာတတ်နိုင်မလဲ၊ သူဌေးသိသွားတော့ တစ်မျိုးလည်း ကောင်းတာပါပဲ. . ."

"အစ်ကိုကြီး. .ကျွန်မကြည့်တာ အဲဒီသူဌေးရဲ့အကြည့်တွေက ချာလီ့အပေါ်မှာတစ်မျိုးပဲ. . ."

"ဘယ်လိုတစ်မျိုးလဲ. . ."

"ချစ်မေတ္တာ အကြင်နာတွေ လွှမ်းနေတယ်. . ."

မမိုးစကားအတွက် ချာလီ ခေါင်းငုံ့သွားသည်။ ကိုသောင်းမှာတစ်ချက်မျှ ငြိမ်နေပြီးမှ. . .

"သူဌေးကတကယ်စိတ်ဝင်စားရင်တော့ မဆိုးဘူးပဲ. ."

"ဟာ အစ်ကိုကြီးကလည်း. . ."

"ဟား ဟား ဟား. . ."

ကိုသောင်း အော်ရယ်လိုက်သည်။ မမိုးလည်း ရယ်၏။ ချာလီသည်သာ ရှက်မျက်နှာလေးနှင့် ရင်ခုန်နွေးထွေးစွာရှိနေ၏။

× × × × ×





ကိုသောင်းတို့အိမ်မှ ပြန်ရောက်လာချိန်တွင် ညနေစောင်းနေပြီဖြစ်၏။ ဌေးမြင့်လတ်သည် ဆင်ဝင်အောက်၌ ကားလေးရပ်လိုက်သည်နှင့် ကားပေါ်မှသူတို့နှစ်ဦးဆင်းလိုက်ကြသည်။ ချာလီသည် အိမ်ထဲသို့ဝင်မည်အပြု. . .

"ချာလီ. . ."

ဌေးမြင့်လတ် ခေါ်သည်။ ချာလီလှည့်ကြည့်သည်။

"ကိုကိုဌေးတို့ ခြံထဲလမ်းလျှောက်ကြရအောင်. . ."

သူဆိုတော့ ချာလီမငြင်း၊ နှစ်ဦးသား မြက်ခင်းပြင်တွင် လမ်းလျှောက်ခဲ့ကြသည်။ လမ်းလျှောက်ရင်း မနက်ကကိစ္စတွေကို ပြန်အမှတ်ရနေကြ၍ တိတ်ဆိတ်နေဖြစ်ကြ၏။ သူတို့တိတ်ဆိတ်နေဆဲ ဒေါ်ချစ်က အမောပြေသောက်ရန် သံပုရာရည်အေးအေးလေးကို ဖျော်လာပေးသည်။ အအေးသောက်ရင်း သူတို့လမ်းလျှောက်သည်။ အတန်ကြာ သူတို့တိတ်ဆိတ်နေပြီးမှ. . .

"ချာလီ. . ."

သူခေါ်တော့ ချာလီမော့ကြည့်သည်။ သူက ချာလီ့မျက်နှာ ဖူးဖူးနုနုလေးဆီကြည့်ပြီး စကားဆက်၏။

"ချာလီ. .ဆက်လက်ပြီးမဲ့ ကိုယ်တို့လျှို့ဝှက်ထားလိုက်ကြရအောင်၊ ကိုယ် ဘယ်သူ့မှမပြောပါဘူး၊ ဘယ်သူ့မှလဲ ကိုယ်မပြောပြချင်ပါဘူး၊ ကိုယ် လျှို့ဝှက်ထားမယ်. . ."

"တစ်နေ့နေ့တော့ အနေနဲ့အမြန်ဆိုသလို အားလုံး သိကြမှာပါလေ. . ."

"ဒါပေါ့ ချာလီရယ်၊ ဒါကတော့ အမှန်တရားပဲလေ၊ မပေါ်ရင်တောင် ဖော်ထုတ်ပြောပြရမှာပါ၊ အခြေအနေကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောပါမယ် . . .”

“ချာလီရဲ့အစအဆုံးမှန်က ဘာလဲ ကိုကိုဒွေး . . .”

“ကိုယ်သိမှတော့ ချာလီကို ဒီလိုအခြေအနေနဲ့ ကိုကိုဒွေး ဘယ်ထားတော့မလဲကွာ၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ၊ တဖြည်းဖြည်းနဲ့ ချာလီစဉ်းစားရင် ပေါ်လာမှာပါ၊ ဆေးမှန်မှန်သောက်ရင် ချာလီအမြန်ဆုံးနေကောင်းမှာပါ . . .”

ခြံထဲလမ်းလျှောက်ရင်း သူတို့စကားတွေဆိုသည်။ သူတို့နှစ်ဦး စကားတွေဆိုနေဆဲ တစ်ဘက်ခြံမှ ဒေါ်ခင်မာသည် သူတို့ကို လှမ်းမြင်သွားလိုက်သည်။ ဒေါ်ခင်မာသည် ဘာရယ်မဟုတ် ကြည့်နေရာမှ အလေးထား၍ သေချာကြည့်လာသည်။ အုတ်တံတိုင်းနားသို့ ပို၍တိုးကပ်ကြည့်လာသည်။

မောင်ဒွေးမြင့်လတ်ရဲ့ ညီဝမ်းကွဲလေးဆိုတာ ဒါလေးပဲ ဖြစ်မယ်၊ အခြောက်ကလေးကျနေတာပဲ၊ ပုံစံက နုဖတ်နေတာပဲ၊ အင်း မောင်ဒွေးမြင့်လတ်က အကြီးမီသတယ်၊ ပုံစံက ယောကျ်ားပီသပြီး ချောမောခန့်ညားတယ်၊ မောင်ဒွေးမြင့်လတ်နဲ့ဆိုရင် ငါ့သမီးလေးကို ပိုပြီးစိတ်ချရမယ်၊ သူ့ညီတွေနဲ့တော့ မဖြစ်ပါဘူး၊ မောင်ဒွေးမြင့်လတ်နဲ့ ငါ့သမီးလေးကို အမြန်ဆုံးအဆင်ပြေအောင် ငါကိုယ်တိုင်လည်း ဆောင်ရွက်ပေးမှဖြစ်မယ် . . .။

အတွေးနှင့် ဒေါ်ခင်မာတစ်ယောက် ကျေနပ်စွာပြုံးနေဆဲ အနီးသို့ ဦးအောင်မြိုင်ရောက်လာသည်။ ဒေါ်ခင်မာသည် ဦးအောင်မြိုင်ထံ မသိမသာတစ်ချက်မျှကြည့်လိုက်ပြီး . . .

“ရှင် အခုဘယ်ကပြန်လာတာလဲ . . .”

“မင်းပဲပန်းတိမ်ဆိုင်သွားခိုင်းပြီး၊ အမြန်ဆိုင်ပိတ်ခဲ့ခိုင်းပြီး





တာ၊ အခု ငါဆိုင်ပိတ်ပြီးပြန်လာတာပေါ့ . . .”

“အော် ဟုတ်လား၊ မသိပါဘူး၊ ကျွန်မက ရှင်ဘာတွေ ူး မဟုတ်တာတွေလုပ်ထားသေးလဲလို့ . . .”

“အမယ် . မင်းနဲ့ငါက အတူတူနဲ့အနူနူပါကွ၊ ဘိန်းစား င်းအတူတူပါပဲ၊ ဒါကြောင့်လည်း မင်းနဲ့ငါ ပေါင်းလို့ရနေတာ ပါ . . .”

“ဟုတ်တာပေါ့၊ ကဲ ထားပါ၊ ဟိုမှာ ကြည့်ပါဦး၊ ဟိုဘက် က မောင်ဒွေးမြင့်လတ်နဲ့ သူ့ညီတစ်ယောက်၊ ဘာပဲပြောပြော ာင်ဒွေးမြင့်လတ်က ယောကျ်ားပီသတယ်၊ သူ့ညီတွေက မိန်းကလေး တွေလို ခပ်ပျော့ပျော့ရယ်၊ မာကတော့ သမီးနဲ့ မောင်ဒွေးမြင့်လတ်ကို ဘောတူတယ် . . .”

“ဒီတော့ မင်းကဘာယ်လိုလုပ်ချင်သေးလဲ . . .”

“အင်း ကျွန်မမှာ အကြံအစည်တော့ရှိတယ်၊ ဒါပေမယ့် ျွန်မ ထပ်စဉ်းစားပါဦးမယ်၊ တိုက်ဆိုင်ပြီး အဆင်ပြေတဲ့နေ့မှာ ူးစားလိုက်ကြတာပေါ့ . . .”

“မင်း ငါ့ကိုကြိုပြောထားမှပေါ့ . . .”

“ရတယ် မပြောဘူး၊ ရှင်သာ ကျွန်မခိုင်းသလိုလုပ်ရင် ိတယ်၊ ကဲ လာ ကျွန်မတို့ကျောက်ထုပ်တွေဝယ်ထားတာ ွားရွေးကြရအောင် . . .

ဒေါ်ခင်မာဆိုရင်း ရှေ့မှလှမ်းထွက်သွားတော့ ဦးအောင် ိုင်သည် စိတ်ကူးလို့တာလည်းမရ၊ မကျေမနပ်ဖြင့်သာ နောက်မှ ိုက်ပါသွားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

(ခုနစ်)

"ကိုကို့ ကုမ္ပဏီမသွားသေးဘူးလား . . ."

"ညီပဲအရင်သွားနှင့်ကွာ၊ ကိုကို ဒီနေ့ နောက်ကျမယ်"

"ကိုကို့ကို အစည်းအဝေးဖိတ်ထားတယ်မဟုတ်လား"

"အဲဒါ ညီပဲသွားလိုက်ပါကွာ. . ."

"ဪ အင်း. . ."

အစ်ကိုဖြစ်သူဆိုတော့ အေးမြင့်လတ်မှာ ထူးဆန်းနေသလို ခံစားမိသည်။ ယခင်နေ့ တွေနှင့်မတူ၊ အေးအေးဆေးဆေးကြီး ဖြစ်နေ သည့် အစ်ကိုဖြစ်သူကိုကြည့်ပြီး အေးမြင့်လတ်သည် အံ့သြနေမိသည် မှာလည်း အမှန်ပါ။ သို့သော်လည်း အစ်ကိုကြီးမို့ ပြောစရာကလည်း မရှိ၍ အေးမြင့်လတ်သည် ချစ်သူမဖြစ်တဖြစ် မေဇင်ကို့ကိုခေါ်ပြီး အလုပ်သို့ ကားမောင်းထွက်သွားလိုက်ပါတော့၏။

ညီဖြစ်သူအေးမြင့်လတ်တစ်ယောက် ထွက်သွားသည်နှင့် ဌေးမြင့်လတ်သည် အပေါ်ထပ်မှဆင်းလာမည့် ချာလီ့ကိုစောင့်နေ





ဖြစ်သည်။ ဧည့်ခန်းတွင် သတင်းစာဖတ်သလိုနှင့် သူ့အကြည့်တွေက ချာလီဆင်းလာမည့်လှေကားဆီသာ ခိုးကြည့်နေမိသည်။

ချာလီ့ကို စောင့်ရင်း သူ့အတွေးမျက်ဝန်းထဲတွင်မတော့ ကျော့လည်ခန့်ရှိသည့် ချာလီ့ခံနွယ်များ ရွှဲနဲ့ပြီဆင်းကျလာသည့် အသွင်လေးကိုသာ အသည်းထဲစွဲအောင် မြင်တွေ့နေဖြစ်ရသည်ပါ။ ထို့အတွက် သူ့မျက်နှာချောချောသည် အစဉ်လိုလင်းလက်စွာ ပြုံးနေ ဖြစ်ရသည်။

မှန်သည်။ ရင်မခုန်တတ်သော၊ အလုပ်တွေကိုသာ စိတ် ဝင်စားပါသည်ဆိုသော၊ မိန်းမချောတွေကို စိတ်မဝင်စားပါဆိုသော၊ ကျိုးကြိုက်သည့် နှင်းဆီခိုင်ကြီး ဌေးမြင့်လတ်တစ်ယောက်ကား ချစ်ဖြင့် လျှပ်တပြက်တွေ့မြင်လိုက်ရသည့် ချာလီ၏ဖူးဖူးစင်သော အလှတွင် အရူးအမူးမင်ဖြစ်နေရတော့သည် မဟုတ်ပါတကား။

ဖူးဖူးစင်စင် ချာလီ့အလှအား တွေ့မြင်လိုက်သည့်အချိန်မှစ၍ ဌေးမြင့်လတ်သည် ဘာပဲလုပ်လုပ်၊ ဘယ်မှာပဲရှိရှိ၊ စားစား၊ သွားသွား၊ လာလာ သူသည် ထိုအလှတစ်ပါးကိုသာ မြင်ယောင် နေတော့၏။

တစ်ဆက်တည်းလည်း သူ့စိတ်နှင့်ကိုယ်သည် ပို၍နုပျို ဆန်းဆန်းနေတော့သည်။ သူ ရင်တွေခုန်အသည်၊ စိတ်တွေလှုပ်ရှား သည်၊ ပျော်ရွှင်ကြည်နူးနေမိသည်။ အိပ်ရင်လည်း ဒီစိတ်၊ စားရင် လည်း ဒီစိတ်၊ ဘာလုပ်လုပ် ဒီစိတ်ကသာ လွှမ်းမိုးနေတော့သည်။ သူသည် ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်လို ဖြစ်နေရ သည်။

တကယ့်ကိုစွဲစွဲလန်းလန်း၊ အရူးအမူးကြီးကို ဖြစ်နေရသော အတွေးပျော်တွေနှင့် သူ စောင့်နေဆဲဝင် အပေါ်ထပ်မှ ချာလီ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာသည်ကို သူတွေ့လိုက်ရသည်။ သူ့ရင်များသည် ကြည်နူး လှုပ်ရှားသွားလိုက်ရသည်ဖြစ်ခြင်းပါ။

"ဟင် ကိုကိုဒွေး ..ကုမ္ပဏီမသွားသေးဘူးလား၊ ချာလီက သွားပြီလို့တောင် ထင်နေတာ . . ."

"ဩော် ချာလီ၊ ဒီနေ့ အလုပ်ပါးလို့လေ၊ ကိုအေးကိုပဲ သွားခိုင်းလိုက်တယ် . . ."

"ဩော် . . ."

ဩော်ဟုဆိုရင်း ချာလီ့စိတ်ထဲ ထူးဆန်းအံ့ဩသွားသည်။ တစ်ဆက်တည်းလည်း ချာလီသည် သူ့ကိုအနေခက်သလို ခိုးကြည့်နေမိသည်။ ထိုအခါ သူတို့အကြည့်သူခိုးချင်း ဆုံစည်းသွားကြ၏။

"အဟွန်း ..ချာလီ အခုဘယ်သွားမလို့လဲ . . ."

အကြည့်ချင်းဆုံတော့ အရှက်ပြေ သူ စကားကိုရော၍ ဆိုသည်။

"ဟင့်အင်း၊ မသွားပါဘူး . . ."

ချာလီကလည်း မလုံမလဲ ရှက်မဲ့ရဲလေးဖြင့် ပြန်ဆို သည်။

"ဒါဖြင့် လာ၊ ကိုကိုဒွေးတို့ ခြံထဲဆင်းကြမယ် . ."

"ဩော် ကိုကိုဒွေး၊ ချာလီ ခုမှသတိရတယ်၊ ကိုကိုဒွေး ကား အားနေတုန်း ချာလီရေဆေးလိုက်မယ်၊ ကိုကိုဒွေးကားက အရောင်မှိန်နေပြီ . . ."

"ဒါဆို ကိုကိုဒွေးလည်း ကူဆေးမှာပေါ့၊ လာ . . ."

ဆိုရင်း ချာလီ့လက်ကလေးကို ဖြတ်ခနဲဆွဲကာ ခြံထဲ ဆင်းခဲ့ လိုက်သည်။ ပြီးတော့ သူက ကားကိုရေဘုံဘိုင်နားအရောက် မောင်းပို့ ပေးသည်။ ချာလီက ရေပုံးနှင့်ရေခံပြီး ကားပေါ်လောင်းပက်သည်။





နှစ်ဦးသားသည် ကားဆေးရင်း တစ်ဦးကိုတစ်ဦး ကြည့်သည်။ ပြီးတော့ ပြုံးသည်။ ပြီးတော့ တစ်ဦးကိုတစ်ဦး ချစ်ကြည်စယ်သလို ရေနှင့်ပက်ကြသည်။ သည်လိုဆိုတော့လည်း အရှက်ပြေလည်း သက်သာ၊ အနေခက်လည်းသက်သာ၍ ရယ်မော ပျော်ရွှင်ကြရ၏။

"အို အို ကိုကိုဒွေးနော်၊ ချာလီ့ကိုစိုကုန်ပြီ . . ."

"ကိုကိုဒွေးလည်း ဆိုတာပဲလေ၊ ဘာဖြစ်လဲကွာ၊ ရေစို တာပဲ . . ."

"ရေစိုတာ ဘာဖြစ်လဲဆိုရင် ..ကဲ ...၊ ဗွမ်း . . ."

"အောင်မယ်လေးဗျာ . . ."

ရေပုံးနှင့်အပြည့် ချာလီ ပက်ထည့်လိုက်သည်။ ကိုကိုဒွေး တစ်ကိုယ်လုံးရွှဲရွှဲစိုကုန်တော့၏။ သူ့ကိုရေနှင့်ပက်ပြီး ချာလီက ထွက်ပြေးသည်။ သူကရေပိုက်ကိုဆွဲယူလိုက်ပြီး . . .

"ဩော် ပြေးတယ် ဟုတ်လား၊ ကဲ လွှတ်အောင်ပြေး၊ ဒီမှာလက်တံရှည်နဲ့လာပြီ . . ."

"ကိုကိုဒွေး ..ခင်ဗျားနော် ခင်ဗျား၊ ဟား ဟား ဟား"

ပြေးရင်းအော်ရင်းကပင် ချာလီတစ်ယောက် ပျော်ရွှင်စွာ တဟားဟားရယ်ရင်း ရေပိုက်အောက်၌ တစ်ကိုယ်လုံးစိုရွှဲကုန်ရတော့ ၏။ ချာလီမှာသတိရ၍ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ ပြီးတော့ မိမိကိုယ်တွင်ကပ်နေသည့် အကျီကိုဆွဲခွာရင်း . . .

"ကိုကိုဒွေး ..ချာလီအဝတ်သွားလဲတော့မယ် . . ."

ချာလီဆိုရင်း အိမ်ထဲသို့ပြေးဝင်သွားလိုက်ပါတော့၏။ ထိုအခါမှပင် သူသည်လည်း ချာလီ့အဖြစ်ကိုစဉ်းစားမိပြီး ပြုံး ဖြစ်သွားလိုက်ရလေ၏။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



"ချာလီ ကားမောင်းတတ်လား . . ."

"ဟင့် . . ."

"လာ ဒါဆို ကိုကိုဋ္ဌေး သင်ပေးမယ် . . ."

ညနေခင်းမြက်ခင်းပြင်တွင် ကိုကိုဋ္ဌေးနှင့်ချာလီတို့ ပြောသည့် စကားတွေကိုကြားလိုက်၍ အေးမြင့်လတ်သည် တစ်ချက် ရှုံ့မဲ့ကြည့်သည်။ သို့သော်လည်း အေးမြင့်လတ်အကြည့်က ဘာရယ်မဟုတ်ပါ။ အေးမြင့်လတ်မျှော်တလင့်လင့်နှင့် ကြည့်နေသည်က တစ်ဘက်ခြံမှ ချစ်ရသူ မေဇင်ကိုအလာကိုသာဖြစ်၏။ အေးမြင့်လတ်သည် ခြံထဲ လမ်းလျှောက်ရင်း မေဇင်ကိုအလာကို စောင့်မျှော်နေ၏။ မြက်ခင်းပြင် တွင်မတော့ ဋ္ဌေးမြင့်လတ်နှင့် ချာလီတို့က ကားမောင်းသင်နေကြ၏။

"ကိုကိုဋ္ဌေး ချာလီကြောက်တယ်၊ ချာလီ့ကိုဂရုစိုက်နော်"

"အို သိပ်စိုက်ပေါ့၊ ရဲရဲသာမောင်း၊ ဘာမှမဖြစ်ဘူး ကိုကိုဋ္ဌေးတစ်ယောက်လုံးရှိတယ်၊ မကြောက်နဲ့ . . ."

"ကိုကိုဋ္ဌေး ကြောက်တယ်၊ ဟော ဟိုမှာ ကားခေါင်းကြီး က ဟိုးဘက် သွား သွား . . ."

"ဟိုးဘက်သွားရင် ဒီဘက်ပြန်ဆွဲလိုက်ပေါ့၊ မခက်ပါဘူး ကွာ၊ ဒါပဲလေ . . ."

"ကိုကိုဋ္ဌေးက မောင်းတတ်နေတော့ လွယ်တာပေါ့"

"ချာလီလည်း မောင်းတတ်ရမယ်လေ၊ တတ်အောင်ကို သင်ပေးမှာ၊ လာ လက်ကိုင်ကိုအရင်ဆုံးနိုင်ဖို့အတွက် ကိုကိုဋ္ဌေး သင်မယ်၊ လာ ကိုကိုဋ္ဌေးပေါင်ပေါ်လာထိုင် . . ."

"အာ မဟုတ်တာ၊ ကိုကိုဋ္ဌေးကလည်း . . ."

"လာစမ်းပါ . . ."

"အို မလုပ် . . အဲ . . ."





ချာလီငြင်းနေဆဲပင် သူကအတင်းဆွဲကာ ပေါင်ပေါ်တင် လိုက်၍ ချာလီမှာ သူ့ကိုယ်ပေါ်တက်ထိုင်ပြီးသားဖြစ်သွားရ၏။

"ဒီလိုဆိုတော့ ပိုလွယ်တာပေါ့၊ ကဲ ချာလီ လက်ကိုင်ကို ကိုင်ထား၊ ကိုကိုဋ္ဌေးလည်း အပေါ်ကနေ ဖွဖွကိုင်ထားတယ်၊ ချာလီ ရဲရဲသာမောင်း . . ."

သူဆိုတော့ ချာလီမှာ အနေခက်ခက်နှင့် ကားလက်ကိုင် ကို ထိန်းကိုင်မောင်းဖြစ်သည်။ အစက စိတ်တွင် ဘာရယ်မဟုတ် သော်လည်း သေချာဆန်းစစ်ကြည့်မှ ချာလီတစ်ကိုယ်လုံးက သူ့ ရင်ခွင်ထဲရောက်နေရပြီး သူက ချာလီ့ကို ရင်ခွင်ထဲထွေးပိုက်ဖက် ထားသလို အသိမျိုးဝင်လာတော့ ဋ္ဌေးမြင့်လတ်သည် ရင်ခုန်စွာ ပြုံးဖြစ်သွားရလေ၏။

"ဟာ ကိုကိုဋ္ဌေး ဟိုမှာ ဟိုမှာ မေဇင်လာနေပြီ၊ တွေ့ တွေ့ . . ."

"တွေ့တော့ဘာဖြစ်လဲ၊ ယောကျ်ားလေးချင်းပဲလေ၊ ညီအစ်ကိုချင်း ဘာထင်မှာမို့လို့လဲ၊ အဟွန်း ဟွန်း . . ."

သူဆိုရင်း ရယ်သည်။

"ကိုကိုဋ္ဌေးနော်၊ ချာလီ့ကိုဘာကြံနေတာလဲ . . ."

"ဟာ ဒီစကားကြီးတော့ မပြောပါနဲ့ကွာ၊ ကျက်သီး ထပါတယ်၊ မသကာ ချာလီ့ကို ကိုကိုဋ္ဌေးချစ်နေတာလားလို့ မေးပါလား . . ."

"ကိုကိုဋ္ဌေး မကောင်းဘူး၊ ချာလီမနေတတ်တော့ဘူး"

ချာလီဆိုရင်း သူ့ကိုယ်ပေါ်မှ ဆင်းတော့သည်။ သူ့ ချာလီ့ခါးလေးဆီ အတင်းဖက်ထားလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ကိုကိုဒွေး ရင်ခွင်ထဲမှာ . . ."

"မနေဘူးကွာ၊ ချာလီရှက်လာပြီ၊ ကိုကိုဒွေး လွှတ်ပါ"

ချာလီမျက်နှာရဲရဲလေးနှင့်ဆိုတော့ သူ လွှတ်ပေးလိုက် တော့၏။ သူ့လက်မှလွှတ်တော့ မေဇင်နှင့်အေးမြင့်လတ်ရှိရာ ချာလီအပြေးကလေး လှမ်းခဲ့သည်။ ဒွေးမြင့်လတ်သည်က ကြည့် မဆုံးသော အပြုံးချောချောတွေနှင့် လှမ်းကြည့်နေ၏။ ချာ ရောက်လာ၍ အေးမြင့်လတ်က မကြည့်၊ ချစ်သူနှင့် ကြည်နူးမှု ကြကာရှိသေး အလိုက်မသိစွာနှင့် ချာလီကရောက်လာ၍ အေးမြ လတ်မှာ မကျေမနပ်နှင့် မျက်နှာပျက်နေတော့၏။

"ချာလီ. .လာ၊ ကားမောင်းသင်တာ တော်တော်ရနေပြီ လား . . ."

ချာလီ့လက်ကိုဆွဲကိုင်ရင်း မေဇင်က တရင်းတနှီး ဆိုသည် မှန်သည်။ မေဇင်သည် ချာလီ့ကိုကျတော့ တရင်းတနှီးနှင့် ဖက် တကင်းနေသည်ဟု အေးမြင့်လတ် ထင်သည်။ ခုလည်း ကြ တစ်ယောက်လက်ကို တစ်ယောက်က ဆွဲကိုင်ထားပြီး နှစ်ဦးသာ ထိကပ်စွာ သွားရောက် ထိုင်နေသည်ကိုကြည့်ပြီး အေးမြင့်လတ် တစ်ယောက် စိတ်တွေတိုနေတော့သည်။ ဒွေးမြင့်လတ်သည် ညီဖြစ် မျက် ဒေါသကြည့်ပြီး သဘောပေါက်စွာ ပြုံးသည်။ ပြီးမှ ဒွေးမြင့်လတ် သည် အေးမြင့်လတ်ထံလှမ်းခဲ့ပြီး . . .

"အဟွန်း ဟွန်း၊ ကိုအေး လာလေ . . ."

သူဆိုရင်း ညီဖြစ်သူပခုံးဆီဖက်ကာ ချာလီနှင့် မေဇင်တို့ ရှိနေသည့် နေရာသို့လှမ်းခဲ့သည်။

"ကျွန်တော် မသွားချင်ဘူး ကိုကို . . ."





"ဘယ်ကိုမသွားချင်တာလဲ . . ."

"သူတို့နေရာကို . . ."

"ဘာဖြစ်လို့လဲ . . ."

"ဟင်း ကိုကိုစဉ်းစားကြည့်လေ၊ ကျွန်တော်ချစ်သူကို ချာလီကဖြတ်ခုတ်နေတယ်လို့ ကိုကိုမထင်ဘူးလား၊ မတွေးမိဘူး လား . . ."

"ဟင့်အင်း၊ ကိုကို အဲဒီလိုမထင်ပါဘူး၊ ကြည့်လေ၊ ချာလီရော မေဇင်ရော မျက်နှာလေးတွေကကြည်လင်ပြီး ရိုးသားနေ ပုံပေါ်နေတာပဲလေ . . ."

"ဒါတော့ ကိုကိုကချာလီ့ကိုချစ်တာကိုး၊ ကိုကိုသေချာ လေ့လာကြည့်ပါလား . . ."

"အဟွန်း ကိုကိုသေချာလေ့လာပြီးသားပါကွာ၊ ကိုအေးက သဝန်တိုစိတ်များနေလို့ပါ၊ တကယ်တော့ သူတို့ကရိုးသားပါတယ်"

"ကျွန်တော်က ကိုကို့ညီအရင်းပါဗျာ၊ ချာလီက. ."

"ဟုတ်ပါတယ်၊ ချာလီလွန်ရင် ဆုံးမမှာပေါ့ ညီရယ်၊ ညီထင်သလို မဖြစ်စေရပါဘူး၊ ကိုကိုအာမခံတယ်၊ ကဲ ဘယ်လို လဲ . . ."

အစ်ကိုဖြစ်သူကဆိုတော့လည်း အေးမြင့်လတ်မှာ စိတ်ကို လျှော့လိုက်ဟန်တူ၏။

"ကိုကို ချာလီ့ကိုတခြားခေါ်သွားပေးပါ၊ ညီ မေဇင်နဲ့ စကားမပြောရသေးဘူး . . ."

"အေးပါကွာ၊ ကဲ လာ . . ."

စကားတွေတီးတိုးဆိုရင်း ချာလီနှင့်မေဇင်ရှိရာသို့ သူတို့ ရောက်လာခဲ့သည်။ ချာလီတို့အနီးအရောက် အေးမြင့်လတ်က



www.burmeseclassic.com

www.burmeseclassic.com



ချာလီ့ကိုခေါ်သွားရန် မျက်ရိပ်ပြနေ၍ ငွေမြင့်လတ်သည် ချောမွေ့စွာပြုံးဖြစ်ရပြီး . .

"ချာလီ. .လာ၊ ကိုလေးတို့စကားပြောပါစေဦး၊ ကိုကိုငွေတို့ အိမ်ထဲဝင်ကြမယ် . ."

ငွေမြင့်လတ်ဆိုတော့ ချာလီမှာ နုမှ အေးမြင့်လတ် မျက်နှာဆီ ကြည့်ဖြစ်ပြီး နားလည်စွာနှင့် ငွေမြင့်လတ်ခေါ်ရာ လိုက်ခဲ့ရ၏။ ငွေမြင့်လတ်သည် ချာလီ့ပုခုံးလေးဆီ သိုင်းဖက်လိုက်တော့ ချာလီသည် သူ့ကိုမော့ကြည့်ပြီး ရှုန်းထွက်မည်အပြု..

"မရုန်းနဲ့နော်၊ ချာလီ့အကြောင်းတွေ သူများကို မသိစေချင်ဘူးမဟုတ်လား၊ အဟွန်း ဟွန်း . ."

သူဆိုရင်း ချာလီ့ပုခုံးလေးဆီ တစ်ချက်ဖျစ်ညှစ်လိုက်တော့ သူ့ကို ချာလီမျက်စောင်းလေးနှင့် ကြည့်သည်။

"အဟွန်း. .မသိလို့မေးပါရစေ၊ ချာလီ့ကို ဒီအကြံဘယ်သူပေးလိုက်တာလဲ၊ ကိုသောင်းတို့မောင်နှမလား. ."

"အင်း. ."

ချာလီဆိုရင်း ခေါင်းလေးညိတ်ပြသည်။

"ဘာဖြစ်လို့လဲ၊ ဒီလိုလုပ်မှဖြစ်မယ်တဲ့လား. . ."

"ဟုတ်တယ်၊ အစ်ကိုကြီးကိုသောင်းက အိမ်နားမှာကောင်လေးတွေများတော့ အန္တရာယ်များတယ်တဲ့. . ."

"အင်း ဟုတ်တာပေါ့၊ ချာလီက မိန်းကလေးပီပီ သိပ်နုနယ်ပြီး လှပလွန်းတာကိုး၊ ကိုသောင်းအကြံ မဆိုးပါဘူး. ."

"ဟင်း ခုတော့ ကိုကိုငွေသိသွားပြီမဟုတ်လား. ."

"ဒါကတော့ ကိုကိုငွေနဲ့ချာလီတို့ရဲ့ ဖူးစာရေစက်ရှိလို့ ခုလိုမျိုးကြုံဆုံရတာပါကွာ၊ ချာလီကော အဲဒီလိုမထင်ဘူးလားဟင်"





သူဆိုတော့ ချာလီ ဆိတ်ဆိတ်ငြိမ်နေဖြစ်သည်။ ပြီးမှ...

"ကိုကိုငွေက ချာလီ့အနားသိပ်ကပ်နေရင် သူများတွေ ရိပ်မိကုန်မှာပေါ့. . ."

"စိတ်ချ၊ မရိပ်မိစေရဘူး၊ ကိုကိုငွေတစ်ယောက်ပဲ ချာလီ့နားကိုကပ်နေမယ်. . ."

"ကိုကိုငွေအလုပ်ကိုလည်း ပုံမှန်သွားဦး. . ."

"ရတယ်၊ ညီ ရှိနေတာပဲ. . ."

"ဟင်း. . ."

သူ့စကားအတွက် ချာလီ မျက်စောင်းလေးထိုးလိုက်သည်တွင် သူသည် ချာလီ့ပုခုံးလေးအား ဗိုလ်ချ၍တွေးဖက်လိုက်လေ၏။ မှန်သည်။ ငွေမြင့်လတ်နှင့် ချာလီတို့ကား လူမသိ သူမသိ၊ အကြင်နာတွေလွှမ်းနေကြရလေပြီ မဟုတ်ပါတကား။

× × × × ×

ဈေးဝယ်ပြီး၍ (× ×)ပလာဇာထဲမှ ဒေါ်ခင်မာတစ်ယောက် ထွက်ခဲ့သည်။ အပြင်အရောက်မတော့ မီမီရှေ့မှ အထုပ်တွေဆွဲကာသွားနေသည့် လူချောတစ်ယောက်ကို တွေ့လိုက်ရ၍ ဒေါ်ခင်မာသည် မျက်မှောင်တွန့်ကာ စဉ်းစားရင်း လိုက်ကြည့်နေဖြစ်ရသည်။

"ဒီလူ. .ဒီလူ ဒီလူကို ငါသိနေတယ်၊ ငါ ကောင်းကောင်းမြင်ဖူး၊ အား. . .ဟုတ်ပြီ၊ ဒီလူက ဟိုမိန်းမနဲ့ မောင်နှမဆိုတာ၊ သူ့မိဘတွေဆုံးတုန်းက သတင်းစာထဲမှာ ဖတ်လိုက်ရတာပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာသည် စဉ်းစားရင်း ကားရပ်ထားရာဆီသို့ လျှင်မြန်စွာ လှမ်းခဲ့လိုက်သည်။ ကားထဲဗစ္စည်းတွေ ထည့်နေသော်လည်း ဒေါ်ခင်မာ့အကြည့်တွေက သူရနိုင်ထံပင် ရောက်ရှိနေရလေ၏။ သူရနိုင်သည်က မသိ၊ မမြင်၊ ဒေါ်ခင်မာကိုတွေ့လျှင်လည်း သူရနိုင် မသိသည်ကအမှန်။ သူရနိုင်သည် ဘီယာတွေ ဝယ်ပြီး ကားထဲထည့်လိုက်သည်။ ပြီးတော့ ပလာဇာရှေ့မှ ကားကို မောင်းထွက်သွားလိုက်လေ၏။ သူရနိုင်ကားလေး မောင်းထွက်သွားသည်နှင့် ဒေါ်ခင်မာသည်လည်း နောက်မှ ကားကိုမောင်းထွက်လိုက်ခဲ့သည်။

သူရနိုင်နဲ့မိစုလတ်တို့က မယားပါသမီးနဲ့ လင်ပါသားတဲ့၊ မိစုလတ်ရှိစဉ်တုန်းက သတင်းကြားဖူးတာ၊ သူရနိုင်က သူတို့သားအမိ အပေါ် အမြင်မကြည်ဘူးတဲ့၊ ပြီးတော့ သူရနိုင်က စိတ်ကြမ်း ကိုယ်ကြမ်းတဲ့၊ ကြည့်ရတာတော့ သူရနိုင်က တာကယ့်လူချောပဲ၊ မင်းသားထက်တောင် ချောနေသေးတယ်၊ အဲဒီ မိစုလတ်က သက်သက် သူများမကောင်းကြောင်း လျှောက်ပြောတယ်. . .။

သူရနိုင်က တော်တော်ချမ်းသာတယ်လို့လည်း ကြားတယ်၊ ဒါဆို အခု သူ့မိဘတွေလည်း မရှိကြတော့ဘူး၊ မိစုလတ်လည်း နတ်ပြည်ခြောက်ထပ်ကို ရောက်နေပြီဆိုတော့ သူ့တစ်ယောက်တည်း လုပ်ငန်းတွေနဲ့ စည်းစိမ်တွေနဲ့ စံစားနေရောပေါ့၊ အဟင်း ဟင်း သူရနိုင်၊ နင် ခုလိုစည်းစိမ်တွေတစ်ပုံကြီးကို နင် တစ်ယောက်တည်း စံစားလိုက်ရတာ ငါ့ကျေးဇူးတွေလည်းပါတယ်၊ နင်သိလား အဟင်း ဟင်း. . .

မိစုလတ်. ညီးတို့သားအမိက အယ်သက်ဆိုးရှည်မလဲ ဟေး အဆိပ်ရှိတဲ့သစ္စာဝါလိုမျိုး ငါ့ကိုမှ လာပြီးယှဉ်ပြိုင်ချင်တာ





ကိုးအေ၊ ကောင်းတယ်၊ ညီး လူ့လောကကနေ စောစောစီးစီး အနားယူသွားတာ၊ ဟော ဟိုရှေ့ကခြံထဲ သူ့ကားဝင်သွားပြီ၊ အိုခြံကြီးကကောင်းလိုက်တာ၊ ဟီးနေတာပဲ၊ တိုက်ကြီးကလည်း လှလိုက်တာ။

သူရနိုင်ကားလေး ခြံထဲမောင်းဝင်သွားသည်ကို ဒေါ်ခင်မာတစ်ယောက် ခြံရှေ့ကားရပ်ပြီး ကြည့်နေဖြစ်သည်။ ခြံထဲတွင် မီးတွေက မှောင်နေ၏။ တိုက်ကြီးတွင်မတော့ အပေါ်ထပ်ရှိ အခန်းတစ်ခန်းတွင် မီးလင်းနေသည်ကို ဒေါ်ခင်မာ လှမ်းကြည့်နေဖြစ်၏။ သည့်နောက်မတော့ ဒေါ်ခင်မာသည် သူရနိုင်၏ခြံကြီးအား အတော်ကြာ ကြည့်နေပြီး ခြံရှေ့မှ ကားကို မောင်းထွက်ခဲ့လိုက်ပါတော့၏။ ဒေါ်ခင်မာတစ်ယောက် သူရနိုင်ခြံမှ ပြန်လာနေဆဲအချိန်များ၌ ဒေါ်ခင်မာ၏နေအိမ်တွင်ကား မေဇင်ကိုသည် ကုမ္ပဏီမှယူလာသည့်အလုပ်တွေကို မိမိအခန်းထဲတွင် လုပ်ကိုင်နေဆဲ. . .

"ဒေါက်. .ဒေါက်. .ဒေါက်. . ."

"လာပြီ မေမေ. . ."

မီခင်တံခါးခေါက်သည့်ပုံစံမျိုးနှင့် မီခင်လာသည်အထင်နှင့် မေဇင်ကိုသည် နေရာမှထကာ အခန်းတံခါးကိုသွားရောက်ဖွင့်လိုက်သည်မတော့. . .

"ဟင်! ဦးလေး. .ဘာကိစ္စလဲ. . ."

မေဇင်မေးသည်ကိုမဖြေဘဲ ဦးအောင်မြင့်သည် မဲ့သလို အပြုံးတစ်ချက်နှင့် မေဇင့်အခန်းထဲသို့ အတင်းတိုးဝင်ခဲ့၏။

"ဒီမှာ ဦးလေး၊ ဘာကိစ္စနဲ့ ကျွန်မအခန်းထဲအထိ ဝင်ရတာလဲ၊ အခုထွက်ပါ၊ ချက်ချင်းထွက်ပါ၊ ကျွန်မအမေလာရင် ဦးလေး မလွယ်ဘူးနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အမေကို ငါရှင်းလို့တတ်တယ်၊ ငါ့ကို နှင်တို့သားအမိက အသုံးချနေတာ ငါသိတယ်၊ ဒီတော့ ငါကလည်း . . ."

"ဦးလေး . .ဒါ ရှင် ဘာလုပ်၊ အို လွှတ် လွှတ်ပါ၊ ရှင် ခွေးကျင့်ခွေးကြံ မကြံပါနဲ့ . . ."

ဦးအောင်မြိုင်တစ်ယောက် အကြံပက်စက်ပြီဖြစ်သည်။ မေဇင်မှာ ပင့်ကူအိမ်ချည်မျှင်များတွင် ကုတ်နှောင်ရစ်ပတ်ခံထားရသည့် သားကောင်နှယ်ဖြစ်နေရှာပြီဖြစ်၏။

"ဒီမှာ မေဇင်ကို၊ နှင်က ငါ့သမီး မဟုတ်ဘူး . . ."

"သိပါတယ် . . ."

"အေး ငါသိပ်မုန်းတဲ့လူရဲ့သမီးမို့ အဲဒါကိုဂလဲ့စားခြေရမယ်၊ နှင့်အမေ ငါ့မိန်းမက ငါသိပ်မုန်းတဲ့လူကိုမှ သိပ်ချစ်နေတာလေ၊ အဲ့ဒါချစ်လေ၊ ငါကမုန်းလေပဲ၊ နှင့်ကိုငါမုန်းတယ် . . ."

"ကျွန်မကလည်း ဦးလေးကိုလုံးဝမကြည့်ချင်ပါဘူး . ."

"နှင်မကြည့်ချင်လို့လည်း ဘာမှမဖြစ်ဘူး . . ."

"ဒီမှာ ဦးလေး . .ကျွန်မကလည်း အသက်နဲ့လဲပစ်လိုက်မယ်၊ ဝတ္ထုဆွေးယုတ်ရဲ့အကျင့်အကြံတော့ မခံဘူးမှတ်ပါ . . ."

"အောင်မာ ကြီးကျယ်တဲ့ကောင်မလေး၊ အခု နှင် ငါ့လက်ထဲမှာဆိုတာ သိ . . ."

"ဒေါက် ဒေါက် ဒေါက်၊ သမီး မေဇင်ကို . . ."

"ဟာင် မေမေ မေမေ . . ."

မေဇင်ကိုက အသံပြုလိုက်သည်။ ဦးအောင်မြိုင်သည် မေဇင်ကို့ကို လွှတ်ပြီး အိပ်ယာဆက်မှလျှင်မြန်စွာ ထလိုက်ပြီး ခုတင်ခြေရင်းဖွင့်သွားရပ်လိုက်သည်။ ဒေါ်ခင်မာသည် အခန်းတံခါးကို တွန်းဖွင့်ဝင်လာသည်တွင် ခင်မွန်းသည်ကိုပါ သမီးအခန်းထဲတွေ့မြင်





လိုက်ရ၍ . . .

"ဟာင် ကိုအောင်မြိုင် . .ရှင်က သမီးအခန်းထဲ ဘာဝင်လုပ်နေတာလဲ . . ."

"မင်း့သမီးက ငါ့ကိုခေါ်လို့ . . ."

"ဘာပြောတယ် . . ."

"အို မဟုတ်ဘူး မေမေ၊ မေမေ့ယောကျ်ား လူယုတ်မာ..."

"ကောင်မလေး . .တော်တော် ပလီပလာပြောတယ်၊ ခုန ကတော့ ငါ့ကိုအတင်းပဲခေါ်တယ်လေ၊ ငါ မပြောလိုက်ချင်ဘူး"

"မဟုတ်ဘူး မေမေ . . ."

"မြန်း . . ."

မေဇင့်စကားဝင်မဆုံး၊ ဒေါ်ခင်မာသည် သမီးနှင့် လင်ဆီ တစ်လှည့်စီကြည့်ပြီး သမီးဖြစ်သူကို ပါးတစ်ချက်ရိုက်ချပစ်လိုက်သည်။ မေဇင်ကိုမှာ စက်ဆုပ်နာကြည်းမုန်းတီးမှုတွေနှင့် ဖထွေးကိုရော၊ မိခင်ကိုပါ စိုက်၍ကြည့်နေဖြစ်ရတော့သည်။

"မေဇင်ကို့ . .ညီး မိန်းမပီပီသသနေပါ၊ သတိထားနေပါ၊ ဒီမှာ ကိုအောင်မြိုင် . .ရှင့်စကားကို ကျွန်မယုံလိုက်မယ် . . ."

ဦးအောင်မြိုင်သည် မေဇင်ကိုထံ မဲ့ပြုံးတစ်ချက်နှင့်ကြည့်ပြီး အခန်းထဲမှ လှမ်းထွက်သွားလိုက်လေ၏။ မေဇင်ကို၏ စက်ဆုပ်ရွံရှာမုန်းတီးမှုကဖြင့် အထွဋ်အထိပ်သို့ ရောက်နေပါပြီ၊ ဒေါ်ခင်မာသည် သမီးဖြစ်သူထံ တစ်ချက်ကြည့်ပြီး မျက်နှာထားတင်းတင်းကြီးနှင့်ပင် လှမ်းထွက်သွားလိုက်လေ၏။

"မေမေ . .မေမေကိုသိပ်မုန်းတယ်၊ ဒီလူ့ကို ဒီလောက်တောင် ချစ်ရင်လည်း မေဇင့်ကိုအဆုံးခံ[illegible]၊ မေမေ တစ်ခုခုတော့ ငရဲလွှတ် ရလိမ့်မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



မေဇင်ကို လှမ်းအော်ပြောလိုက်သည်။ ဧည့်ခန်းထဲအရောက် ဒေါ်ခင်မာနှင့် ဦးအောင်မြင့်တို့ မျက်နှာချင်းဆိုသွားသည်တွင် ဦးအောင်မြင့်မျက်နှာက မပျက်တပျက်ဖြစ်နေ၏။ ဒေါ်ခင်သည် ဦးအောင်မြင့်အား ဒေါသကိုထိန်း၍ကြည့်လိုက်ပြီး. . .

"ကျွန်မသမီးပြောတာ ရှင်ကြားတယ်နော် ကိုအောင်မြင့်၊ ရှင်အလုပ်တစ်ခုကိုလုပ်ရင် ရှေ့နောက် လုံအောင်လုပ်ဖို့ သတိပေးပြောချင်တယ်. . ."

"ကိုယ်က ဘာလုပ်လို့လဲ. . ."

"ရှင့်ကိုယ်ရှင် သိတယ်၊ နောက်ထပ် ကျွန်မသည်းမခံဘူး"

စကားအဆုံး ဒေါ်ခင်မာသည် ဧည့်ခန်းထဲမှလှမ်းထွက်သွားလိုက်တော့သည်။ ဦးအောင်မြင့်က ဒေါ်ခင်မာပြောသွားသည့် စကားများအတွက် ရှေ့ကြောင်းလား၊ နောက်ကြောင်းလား၊ မတွေးတတ်အောင် စိတ်ရှောကိုယ်ပါ မလုံတလုံဖြင့် ဂဏာမငြိမ်နိုင်အောင် ရှိကျန်ရစ်ခဲ့ရပါတော့သတည်း။ ။



(ရှစ်)

သည်နေ့ဖြင့် အလုပ်အားရက်မို့ ချာလီနှင့်အေးမြင့်လတ်သည် မေဇင်တို့ခြံဘက်သို့ အလည်ထွက်ခဲ့ကြသည်။

"ချာလီ. . ."

"ဟင်. . ."

"ချာလီနဲ့တွေ့ရင် မင်းကခပ်ခွာခွာနေ၊ ပြီးတော့ ကိုယ်နဲ့ မေဇင်တို့ စကားကောင်းကောင်းပြောနိုင်ဖို့ အတွက်လည်း မင်းက ကြည့်လုပ်ပေးဦး. . ."

"အဟင်း ဟုတ်ကဲ့ပါ. . ."

"ဟွန်း မင်းကကြည့်တော့သာ ခပ်ဖျော့ဖျော့နဲ့၊ မင်းလည်း အတော်တော့မဟုတ်ဘူး၊ မင်းမှန်မှန်ပြော၊ မင်း မေဇင့်ကိုတကယ် ကြိုက်ဘူးလား. . ."

"တကယ်ပါ ကိုလေးရာ၊ ဘုရားပေးပေး ကျိန်းပေးပေးပါ"

"အေး ဒါဆိုငါယုံလိုက်မယ်၊ မင်းကတိမတည်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ လက်သီး–မွှေးလား. . .”

“ကြောက်ပါတယ်. . .”

အေးမြင့်လတ်က သူ့လက်သီးကို ချာလီနှာခေါင်းနား ကပ်လာ၍ ချာလီသည် အေးမြင့်လတ်လက်သီးကို ရင်းရင်းနှီးနှီး နမ်းလိုက်၏။ စကားတွေပြောရင်း သူတို့ခြံထဲဝင်ခဲ့ကြသည်တွင် ခြံထဲတွင် ပန်းပင်ရေလောင်းနေသည့် မေဇင်ကိုအား တွေ့လိုက်ရ၍ . . .

“ရွှတ် ရွှတ်၊ မေဇင်. . .တို့လာမည်တာ၊ ဖြစ်တယ်မဟုတ်လား. . .”

“ဟယ် ချာလီ၊ ကိုလေး၊ လာ လာလာ ဝမ်းသာလိုက်တာ အိမ်ထဲမှာ မေမေနဲ့မေမေ့ယောကျ်ားလည်းရှိတယ်၊ လာ အိမ်ထဲသွားမယ်၊ မိတ်ဆက်ပေးမယ်. . .”

မေဇင်က ဝမ်းသာအားရဆိုရင်း ချာလီလက်ကို ဆွဲခေါ်သည်။ အေးမြင့်လတ်မှာ ချာလီ့ထံ မျက်စောင်းနှင့် ကြည့်လိုက်ပြီး. . .

“အဟမ်း အဟမ်း. . .”

အေးမြင့်လတ် ချောင်းဟန့်သံပေးတော့ ချာလီကပြုံးသည်။ ပြီးတော့ မသိမသာ မေဇင့်လက်ကိုဖြုတ်ပြီး မေဇင့်ကိုအလည်မှာ ထားလိုက်သည်။ ထိုအခါမှ အေးမြင့်လတ်မျက်နှာမှာ ကြည်လင်သွား၏။

“မေဇင်က ပန်းပင်တွေရေလောင်းနေတာကိုး. . .”

“ဟုတ်တယ် အစ်ကိုလေး၊ မေဇင်လည်း ပျင်းတာနဲ့ ခြံထဲ ဆင်းပြီး လျှောက်လုပ်နေတာ. . .”

“ပျင်းရင် ကိုလေးတို့ဆီလာရောပေါ့ကွာ၊ အလုပ်နားရက် ဆိုတော့ အားလုံးနားနေကြတာပဲလေ. . .”

“ဟုတ်ပါတယ်၊ မေဇင်လည်း ပန်းပင်ရေလောင်းပြီးရင်





လာခဲ့တော့မလို့ပါပဲ၊ ကိုလေးတို့ရောက်လာတော့လည်း မေဇင်ဝမ်းသာ တာပါပဲ. . .”

သုံးယောက်သားစကားတွေဆိုရင်း ဆင်ဝင်အောက်သို့ ရောက်ခဲ့ကြသည်။ ထိုအခိုက် အိမ်ထဲမှထွက်လာသည့် ဒေါ်ခင်မာ နှင့် ဦးအောင်မြင့်တို့ကိုတွေ့လိုက်ကြရ၍ အားလုံးမှာဆင်ဝင်အောက် တွင်ပင် ရပ်ဖြစ်ကြရင်း. . .

“ဟင်! ဩော်. . .”

ချာလီနှင့်အေးမြင့်လတ်တို့ကိုတွေ့၍ ဒေါ်ခင်မာမျက်နှာက သိပ်သဘောမကျဟန်ပေါ်ကြည့်ရင်း နှုတ်ဆက်လာသလိုကြည့်သည်။

“မေမေ၊ ဟိုတစ်ခါက အစ်ကိုကြီးကိုမွှေးမြင့်လတ်ရဲ့ ညီတွေ လာလည်ကြတယ်. . .”

“ဩော် အေး၊ ဒါနဲ့ မောင်မွှေးမြင့်လတ်ကရော မပါဘူး လားကွယ်. . .”

“ကိုကိုမွှေးက ရည်းစားနဲ့(× ×)ဟိုတယ်မှာ သွားတွေ့ပါ တယ် အန်တီ. . .”

“ဩော် မောင်မွှေးမြင့်လတ်ကတော့ တကယ်ကြိုးစားတာပဲ၊ အယ်အချိန်ပြန်ရောက်မလဲကွယ်. . .”

“ဘာဖြစ်လို့လဲ အန်တီ၊ ကိစ္စရှိလို့လား၊ ကိုကိုမွှေးက ဆယ်နာရီ၊ ဆယ်နာရီခွဲလောက်တော့ ပြန်ရောက်မှာပါ၊ အန်တီ ကိစ္စရှိရင် ကျွန်တော့်ကိုပြောလည်း ရပါတယ်. . .”

“မဟုတ်ပါဘူးကွယ်၊ မေးကြည့်တာပါ၊ မောင်မွှေးမြင့်လတ် ကိုလည်း လာလည်စေချင်လို့ပါ. . .”

“ဟုတ်ကဲ့၊ ကိုကိုပြန်လာရင် ခေါ်လိုက်လို့ရပါတယ် အန်တီ



www.burmeseclassic.com

www.burmeseclassic.com



အခု အန်တီတို့ဘယ်သွားကြမလို့လဲခင်ဗျာ. . .”

“ဘယ်မှမသွားပါဘူး၊ ခြံထဲပဲ လမ်းလျှောက်မှာ. . .”

တစ်ချိန်လုံးဘေးတွင်ရပ်ကာ ရှုတည့်တည့်မျက်နှာထားနှင့် မနှစ်မြို့ဟန်ရှိနေသည့် ဦးအောင်မြိုင်က ကြားဝင်ဆိုသည်။ ဒေါ်ခင်မာသည်က ဦးအောင်မြိုင်ကို တစ်ချက်ငဲ့ကြည့်သည်။ ဘာမှတော့ မဆို၊ ဒေါ်ခင်မာမျက်နှာသည်က ပြုံး၍ပင်ရှိ၏။

“မေမေ. .မေဇင်တို့လည်း ခြံထဲမှာပဲနေမှာ၊ ချာလီတို့ကို ခြံထဲလိုက်ပြလိုက်မယ်၊ ဩော် မေမေက ချာလီ့ကိုမမြင်ဖူးဘူးမဟုတ်လား၊ ကိုကိုဌေးရဲ့ညီဝမ်းကွဲ ချာလီတဲ့. . .”

“ဩော် အင်း၊ ခြံချင်းကပ်ဆိုတော့ ခြံထဲမှာတစ်ခါတစ်လေ တွေ့မိတယ်. . .”

“ဟုတ်ကဲ့ အန်တီ၊ ချာလီက ခြံထဲမှာအနေများပါတယ်”

ပြုံး၍ ချာလီဆိုသည်။ ဒေါ်ခင်မာသည် ချာလီ့ကိုစေ့စေ့ကြည့်နေမိစည်။ ကြည့်ရင်းမှလည်း ဒေါ်ခင်မာ့စိတ်တွင် ထူးခြားသလို ဖြစ်နေသည်ဟု ခံစားနေမိရလေ၏။ ဒေါ်ခင်မာသည် ချာလီ့ကိုစေ့စေ့ ကြည့်ရင်း စိတ်တွင် တစ်စုံတစ်ရာသိချင်စိတ်တစ်ခုက ပြင်းထန်လာ ရလေ၏. . .

“ချာလီ့မိဘတွေက ဘယ်သူလဲကွယ့်၊ ဘယ်မှာနေကြလဲ”

“ဩော် အန်တီ၊ ချာလီ့မိဘတွေက ကျွန်တော့်ဦးလေးပါ၊ နယ်မှာနေကြတယ်၊ ဒါပေမယ့် ခုတော့မရှိကြတော့ပါဘူး. . .”

အေးမြင့်လတ် ဝင်ဆိုသည်။ ထိုအခါမှ ဒေါ်ခင်မာသည် အနည်းငယ်သက်သာသွားသယောင်ရှိ၏။ ချာလီသည်က ပြုံးရောင် သမ်းသောနှုတ်ခမ်းလေးကို ဖွဖွစေကာ ဒေါ်ခင်မာထံကြည့်နေဖြစ်၏။





ဒေါ်ခင်မာသည် ချာလီ၏ပြုံးနေသော နှုတ်ခမ်းလေးဆီသာ မလုံမလဲ ကြည့်ကာ စိတ်တွေရှုပ်ထွေးလာရလေ၏. . .

“ကဲ ကဲ သမီးတို့ ခြံထဲသွားကြည့်မယ်ဆိုလည်း သွား ကြည့်ကြလေ. . .”

“ဟုတ်ကဲ့ မေမေ. . .”

ဒေါ်ခင်မာဆိုတော့ သူတို့သုံးယောက် ထွက်ခဲ့လိုက်ကြသည်။ ဒေါ်ခင်မာသည် ချာလီ့နောက်ကျောလေးဆီ လှမ်းကြည့်နေသကဲ့သို့ ဦးအောင်မြိုင်သည်က အေးမြင့်လတ်နောက်ကျောဆီ လှမ်းကြည့်နေ ဖြစ်လေ၏။ မှန်သည်။ ဦးအောင်မြိုင်သည် မိမိလက်ထဲမှအစာကို အေးမြင့်လတ်လုယူသွားမည်ကို မကျေမနပ်ဖြစ်ကာ မျက်စိစပါးမွေး စူးနေရသည်မဟုတ်ပါတကား။

“ကိုအောင်မြိုင်. . .”

“ဟာဝ် ဘာလဲ မိန်းမ. . .”

“ဒီနေ့ ကျွန်မတို့အပြင်မသွားတော့ဘူး၊ ကျွန်မမှာ ဒီနေ့ လုပ်ရမယ့်အစီအစဉ်တစ်ခုရှိတယ်၊ ကျွန်မခိုင်းသလို ရှင်လုပ်ပါ. . .”

ဇနီးသည်၏အကြံအစည်အတွက် ဦးအောင်မြိုင် မသိသော် လည်း အပြင်မသွားရတော့၍ ကျေနပ်သွားသည်ကအမှန်ပါ။ ဒေါ်ခင် မာသည်က ဦးအောင်မြိုင်ထံ မဲ့ပြုံးတစ်ချက်နှင့်ကြည့်လိုက်ပြီး မိမိ အကြံအစည်များအား အကောင်အထည်ဖော်ရန် စိစဉ်စိတ်ကူးနေလိုက် ၏။ ထိုအချိန်များ၌ ခြံထဲတွင်ကား ချာလီ၊ အေးမြင့်လတ်နှင့် မေဇင်တို့သုံးယောက်သည် လမ်းလျှောက်ရင်း စကားတွေပြောရင်းက တစ်ချိန်ဖြင့် ချာလီသည် မျက်ဝန်းလေးအစုံမှိတ်ပြီး ခေါင်းလေးကို ကိုင်ကာ ခြေစုံရပ်သွားလိုက်ရလေ၏။ ချာလီကျန်ခဲ့သည်ကို မသိ၊ အေးမြင့်လတ်နှင့် မေဇင်တို့က စကားတွေပြောရင်း ဆက်၍လျှောက်

www.burmeseclassic.com



သွားကြသည်။

ချာလီကား မိမိခေါင်းကိုကိုင်ရင်း သူရနိုင်၏အရိပ်၊ ပြီးတော့ အမျိုးသမီးကြီးတစ်ယောက်၏ပုံရိပ်နှင့် မိမိ၏ပုံရိပ်များ လုံးထွေး ရောသက်နေသည်ကို မြင်ယောင်ရင်း ခေါင်းထဲစဉ်းစားမရအောင် ရှုပ်ထွေးနောက်ကျိနေတော့၏။ ပုံရိပ်မြင်ကွင်းတွေက အာရုံထဲ ဖြတ်သန်း ဖြတ်ခနဲသာ တစ်ချက်တစ်ချက်ပေါ်ထွက်နေသည်မို့ ချာလီ့အနေနှင့် ဆက်စပ်တွေးတောမရအောင် ဖြစ်နေရ၏။

"ကိုသူရနိုင်ပဲ၊ နောက်တစ်ယောက် အမျိုးသမီးကြီးက ဘယ်သူလဲ၊ ငါကရော သူတို့နဲ့ဘယ်လိုပတ်သက်နေသလဲ၊ အား ဗျာ ကျွတ်. . ."

ဦးနှောက်ကိုညှစ်ထုတ်သလိုဖြစ်နေ၍ ချာလီသည် ခေါင်းထဲ မခံစားနိုင်အောင် အုံခဲသွားရသည်မို့ ညီးညူဖြစ်လိုက်ရလေ၏။

"ဟင် ချာလီ၊ ဟာ ဟိုမှာ ချာလီကကျန်ခဲ့ပြီ၊ ဟင် ချာလီ ဘာဖြစ်နေလဲမသိဘူး. . ."

"ဟင် ချာလီ. . ."

စုမှ သားဘီကိုငဲ့ကြည့်မိသည့် အေးမြင့်လတ်နှင့် မေဇင်ကို တို့နှစ်ယောက်မှာ ချာလီကျန်ရစ်သည်ကို သိလိုက်ရ၍ ချာလီ့ကို တွေ့လိုက်ရသည်တွင် နှစ်ဦးသားမှာ စိုးရိမ်ထိတ်လန့်သွားရပြီး ချာလီ ထံအမြေးရောက်လာကြသည်။

"ချာလီ. .ချာလီ ဘာဖြစ်လဲ၊ ချာလီ ဘာဖြစ်လို့လဲဟင်"

"ချာလီ. .ချာလီ ဘာဖြစ်နေလဲဟင်. . ."

နှစ်ဦးသား စိုးရိမ်တကြီး မေးဖြစ်သည်။ ချာလီသည် ထိုအခါ မှ သူတို့ထံအာရုံကိုပို့ဖြစ်ရင်း. . .

"ဘာမှတော့မဖြစ်ပါဘူး၊ ခေါင်းထဲနည်းနည်းမူးသွားသလို





ဖြစ်လို့ပါ. . ."

"ဟင် ဒါဆို ချာလီ အိမ်ပြန်ကြရအောင်၊ မင်း နည်းနည်း အနားယူလိုက်မှဖြစ်မယ်၊ လာ လာ ပြန်ကြရအောင်နော်. . ."

"အစ်ကိုလေး. .ချာလီဘာမှမဖြစ်ပါဘူး၊ ကိုလေး နေချင် နေခဲ့ပါ၊ ချာလီပဲပြန်မယ်. . ."

"ရတယ်၊ ကိုကိုလည်းရှိတာမဟုတ်ဘူး၊ လာ လာ သွား မယ်၊ မေဇင်. .ကိုယ်တို့ပြန်လိုက်ဦးမယ်နော်၊ ညနေမှ အေးအေး ဆေးဆေးထပ်တွေ့တာပေါ့. . ."

"ဟုတ်ကဲ့၊ ရပါတယ် ကိုလေး. . ."

မေဇင်ဆိုရင်း ချာလီနှင့် အေးမြင့်လတ်တို့ကို ခြံတံခါးဝိတ် အထိ လိုက်ပို့ပေးဖြစ်လိုက်၏။ ချာလီကား မိမိကိုယ်မိမိ နားမလည် စွာနှင့်ပင် အိမ်သို့ပြန်ရောက်ဖြစ်ခဲ့လေ၏။

"ချာလီ. .ဘယ်လိုနေလဲ၊ အနားယူလိုက်နော်. . ."

"ကိုလေး. . ."

"ဟင် . . ."

"ချာလီ ကိုသူရနိုင်အိမ်ကို သွားချင်တယ်၊ သွားမှဖြစ်မယ်၊ အဲဒီအိမ်မှာ ချာလီ တစ်ခုခုကိုသိရလိမ့်မယ် ထင်တယ်. ."

"ကိုသူရနိုင်ဆိုတာ ဘယ်သူလဲ. . ."

"ကိုကိုဈေး သိပါတယ်၊ ကိုကိုဈေးမေးရင် ပြောပြလိုက် နော်၊ ချာလီ အဲဒီအိမ်ကိုသွားမယ်. . ."

အေးမြင့်လတ်ကိုပြောခဲ့ပြီး ချာလီသည် စိတ်ဝင်စားမှုတွေဖြင့် သူရနိုင်အိမ်သို့ ကမန်းကတန်းပင် ထွက်ခဲ့လိုက်လေ၏။

"ချာလီ. .ကိုယ်လိုက်ပို့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်လတ်စကားကိုပင် ချာလီ မကြားတော့၊ ချာလီသည် လမ်းမတွင်တွေ့သည့် အငှားကားတစ်စီးပေါ် တက်သွားပြီမို့ အေးမြင့် လတ်သည် လေပြင်းတစ်ချက်မှုတ်ကာ ကျန်ရစ်ခဲ့တော့၏။

× × × × ×

"ဖြန်း. .ဖြန်း၊ ပြောစမ်း. .နင့်သမီးဘယ်မှာလဲ၊ ငါ့ကိုပြော၊ ငါ့ကိုပြော၊ နင်မပြောရင် ငါ နင့်ကိုသတ်မိလိမ့်မယ်. . ."

"အဟင့် ဟင့်၊ ငါ တကယ်မသိတာပါ သူရနိုင်ရယ်"

"ငါ့ပစ္စည်းတွေကို နင်တို့သားအမိက အပိုင်စီးချင်တာလား၊ အရှက်မရှိတဲ့ မိန်းမတွေ၊ အမျိုးယုတ်မတွေ၊ သမီးရော အမေကပါ အဖေ့ကိုအပိုင်တိုင်ထားကြတယ်ပေါ့ ဟုတ်လား. . ."

ပြောရင်လည်း အပိုသာဖြစ်နေသည်မို့ ဒေါ်စုလတ် ဘာမှ ဆက်မပြောတော့ပါ။ ဒေါ်စုလတ်သည် သူရနိုင်လက်ထဲတွင် မျက်ရည် နှင့်သာ နေ့စဉ်ရက်ဆက်ရှိနေရသည်ပါ။

"အေး မိစုလတ်. .နင် ငါ့ကိုလိမ်ထား၊ ဒါပေမယ့် ငါ မသက်သာတဲ့လူတော့ တွေ့ထားပြီးပြီ၊ နင့်သမီးဟုတ်မဟုတ် ငါ လေ့လာ နေတယ်၊ ဟုတ်လို့ကတော့. .ဟွန်း ငါ့ရှေ့မှာ ဘယ်လောက်ကြာ ကြာ ဟန်ဆောင်နေနိုင်မလဲ၊ ငါ့လက်ထဲမှာ နင်ရှိနေတယ်ဆိုတာ နင့်သမီးသိတာပဲ၊ နင့်ကို ငါ့လက်ထဲမှာပဲ နင့်သမီးထားမှာမဟုတ် ဘူးဆိုတာ ငါသိတယ်၊ ဘယ်နည်းနဲ့မဆို နင့်သမီးက နင့်ကို ဒီကနေ ခေါ်ထုတ်မှာပဲ၊ ဒီကိုလည်း နင့်သမီးလာနေမှာသေချာတယ်၊ ဟဲ့ နင်စောင့်ကြည့်နေ၊ နင့်သမီး ငါ့လက်ထဲရောက်လာစေရမယ်၊ ထွီး မိန်းမယုတ်၊ ဇဲ. . ."





"အား. .အဟင့် ဟင့် ဟင့်. . ."

စကားအဆုံး သူရနိုင်သည် ဒေါ်စုလတ်ကို ခြေနှင့်ကန်ပစ် လိုက်သည်။ ဒေါ်စုလတ်မှာ နာကျင်စွာငိုရှိုက်ညီးတွားဖြစ်ရလေ၏။ သူရနိုင်တစ်ယောက် စိတ်မထင်လျှင် မထင်သလို ဒေါ်စုလတ်အား ဆံပင်ဆွဲ၊ ပါးရိုက်ကန်ကျောက်ထား၍ ဒေါ်စုလတ်အသွင်မှာ ဆံပင် တွေဖရိုဖရဲ၊ အဝတ်တွေကလည်း နွမ်းရိရော်ကာ ဒေါ်စုလတ်အသွင် သည် သေချာကြည့်လျှင်ပင် မမှတ်မိအောင် ဖြစ်နေရသလောက်ပါ။ အရူးမတစ်ယောက်အသွင်နှယ် ဒေါ်စုလတ်တစ်ယောက် ဖြစ်နေရ သည်။ ဒေါ်စုလတ်မှာ ကြောက်ရွံ့နာကျင်စွာဖြင့် ရှိုက်ငိုနေဆဲ သူရနိုင်သည် ဒေါ်စုလတ်အခန်းမှ သံပန်းတံခါးကိုဆောင့်ပိတ် သော့ခတ်ပြီး ဒေါသတွေနှင့် လှမ်းထွက်သွားတော့၏။

ဒေါ်စုလတ်သည်က သူရနိုင်တစ်ယောက် သစ်သားတံခါး ကို ပြန်မပိတ်သွားသည်ကိုတွေ့လိုက်ရ၍ မိမိလွတ်မြောက်ရေး အတွက် အခန်းအပြင်ဘက်သို့ စိတ်လှုပ်ရှားစွာဖြင့် လှမ်းကြည့် နေဖြစ်ရလေ၏။ သူရနိုင်သည် အခုတလေ အရက်တွေအရမ်း သောက်ပြီး အရင်ထက် သတိလက်လွတ်ပိုဖြစ်နေသည်ကိုလည်း ဒေါ်စုလတ် သတိထားဖြစ်၏။ မည်သို့ဖြစ်စေ ဒေါ်စုလတ်သည်က မိမိအိပ်မက်တွေကောင်းနေသည်ကို အမှတ်ရ၍ မိမိတစ်နေ့ လွတ် မြောက်ရမည်ဟူသောအသိအား ဆုံကြည်ထားပြီးသားပါတည်း။

မှန်သည်။ ဒေါ်စုလတ်သည် သံပန်းတံခါးကိုနှင့် ပွင့် နေသည့် သစ်သားတံခါးတွေဆီ မျှော်လင့်ခြင်းတွေနှင့် ကြည့်နေဆဲ အချိန်များ၌ အောက်ထပ်တွင်ကား. . .

ချာလီသည် စေ့ထားသောခြံတံခါးမကြီးမှ ခြံထဲဝင်လာခဲ့ သည်မှာ သူရနိုင်၏တိုက်ကြီးဆီသို့ဝင် ရောက်နေပါပြီ။ တိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲအရောက် ချာလီသည် တိုက်ကြီး၏သီးခြားဧည့်ခန်းတစ်ခုနှင့် ရေတူးကန်ရှိသည့် ဧည့်ခန်းကြီးကိုပါလိုက်၍ကြည့်သည်။ ကြည့်ရင်း ချာလီသည် မျက်မှောင်လေးတွန့်သည်အထိ စဉ်းစားနေဖြစ်သည်။

"ကိုသူရနိုင်. .ကိုသူရနိုင်. . ."

တိုက်ကြီးထဲမည်သူမျှမတွေ့၍ ချာလီ ခေါ်ကြည့်သည်။ ခေါ်ရင်း ချာလီသည် အပေါ်ထပ်တက်ရန် လှေကားထစ်များဆီ နင်းတက်လာဆဲ အပေါ်ထပ်မှဆင်းလာသည့် သူရနိုင်နှင့်တွေ့လိုက်ရသည်။ သူရနိုင်သည်လည်း ချာလီကိုတွေ့၍ အံ့သြသွားသည်။ ချာလီသည်လည်း သူရနိုင်ထံကြည့်ရင်း. . .

"တော်သေးတာယ်၊ ကိုသူရနိုင်ရှိသေးပဲ၊ ချာလီခေါ်နေတာ ကြာပြီ၊ မကြားဘူးလား. . ."

"အင်း ခြေသံ ကိုယ်စာဖတ်နေလို့ မကြားမိဘူး၊ လာလေ၊ ချာလီမေ့နေရင် အအေးတိုက်မယ်၊ ချာလီထမင်းစားပြီးပြီလား"

ဆိုရင်း လှေကားမှ သူတို့ဆင်းခဲ့သည်။ ဧည့်ခန်းထဲ ပြန်အရောက် သူရနိုင်သည် ချာလီ့အသွင်လေးဆီ သေချာကြည့်ပြီးမှ. . .

"ချာလီ. .ကိုယ်အအေးသွားဖျော်လိုက်မယ်၊ ခဏစောင့်ဦး"

"အင်း. . ."

ဆိုရင်း သူ မီးဖိုဆောင်ဘက်ထွက်ခဲ့သည်။ ရေခဲသေတ္တာထဲတွင် ဘီယာဘူးတွေမှလွဲ၍ အအေးဘူးကဘာမှမရှိ၍ သူ ဘာတိုက်ရမည်ကိုစဉ်းစားနေမိသည်။ စဉ်းစားရင်း သူ ရေခဲသေတ္တာကို ပြန်ဖွင့်ကြည့်သည်။ စတော်ဘယ်ရီသီးတွေကို ကိုင်ကြည့်ရင်း သူ့စိတ်နှင့်ကိုယ်ကမူ တစ်ချီတစ်ချိန်၌ ကင်းကွ၍နေ၏။





ချာလီ. .ချာလီ. .ငါလုံးဝမယုံဘူး၊ မိန်းမနဲ့ယောကျ်ား ဒီလောကီတူမလား. .ဟွန်း ဘယ်နည်းနဲ့မှ ယောကျ်ားလေးမဖြစ်နိုင်ဘူး၊ ချာလီရဲ့လက်ကလေးတွေကိုလည်း ငါသိတယ်၊ ချာလီ့မျက်နှာလေးကိုလည်း ငါသိတယ်၊ ချာလီမဟုတ်ဘူး၊ ဒါ ရှုပ်ရှိပဲ၊ ဟွန်း သိရသေးတာပေါ့ကွာ. . .။

သူရနိုင်တစ်ယောက် မီးဖိုဆောင်ဝတွင် ကိုယ်နှင့်စိတ် ကင်းကွာကာ တွေးတောရင်း လုပ်ချင်တာတွေလုပ်နေဆဲ အချိန်မှာ၌ ချာလီသည်က ဧည့်ခန်းတစ်ခုလုံးကို သေချာကြည့်ဆဲ လှေကားကြီးဆီ အကြည့်အရောက်၌ ပုံရိပ်တစ်ခုသည် ချာလီ့ ခေါင်းထဲထိုးဖောက်ဝင်ရောက်လာ၏။

ဒီလှေကားပဲ၊ ဒီလှေကားပေါ်က ငါလိမ့်ကျလာတယ်၊ လှေကားထိပ်ကို သူရနိုင်ကအပြေးရောက်လာတယ်၊ အမျိုးသမီးကြီးတစ်ယောက်က သူရနိုင်ကိုငိုယိုပြီး ဆွဲထားတယ်၊ အမျိုး သမီးကြီးက ငါ့ကိုလှမ်းအော်ပြီးပြောနေတယ်၊ အဲဒါဘာလဲ၊ ဘာဖြစ်လို့လဲ၊ ပြီးတော့ ဒီတိုက်ကြီးကို ငါသိနေသလိုပဲ၊ တကယ်ပဲ ငါ့စိတ်ထဲမှာ ရင်းနှီးနေတယ်. . .။

စဉ်းစားသော်လည်း စဉ်းစား၍ကာမရ၊ နှုတ်မှတီးတိုး ရေရွတ်ရင်း ချာလီသည် လှေကားပေါ်သို့ လှမ်းတက်လိုက်သည်။ ပြီးတော့ သူရနိုင်၏အရိပ်ကို တစ်ချက်လှမ်းကြည့်ပြီး ချာလီသည် အပေါ်ထပ်သို့ လျှင်မြန်စွာတက်ခဲ့လိုက်၏။ အပေါ်ထပ်အရောက် အခန်းတွေဆီ ချာလီလိုက်ကြည့်သည်။ တစ်နေရာအရောက်မတော့ ချာလီသည် အခန်းတံခါးတစ်ခုပွင့်နေသည်ကို တွေ့၍ ထိုအခန်းအား သွားရောက်ကြည့်ရန် စိတ်ကူးနှင့်လှမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . ."

အခန်းရှေ့အရောက်မတော့ အဝတ်တွေက နွမ်းရော်ရော်၊ ဆံပင်တွေက စုတ်ဖွားနှင့် မျက်နှာကရောင်နေသလို မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်၍ ချာလီလန့်သွားရခြင်းပါ။

"ဟင် သမီး သမီးလေး ချယ် ချယ်ရီ . . ."

"မဟုတ်ဘူး၊ မှားနေတယ်၊ ချာလီပါ . . ."

"အို သမီးရယ် အတင့် ဟင့်၊ ဘာဖြစ်လို့ ဒီကိုပြန်လာရတာလဲ၊ သမီးမြန်မြန်ထွက်သွား၊ ဒီကနေပြီး မြန်မြန်ထွက်သွားပါ၊ သမီးမှာ အန္တရာယ်ရှိတယ်၊ သမီးသွားပါ၊ သွားပါ၊ မြန်မြန်သွားပါ၊ အဟင့် ဟင့် . . ."

ရှိုက်ငိုရင်း လက်ဟန်တွေပြကာ လျှင်မြန်စွာသွားခိုင်းနေသည့် မိန်းမကြီးကိုကြည့်ပြီး ချာလီသည် ကြောက်ရွံ့နေမိသည်။ ဒေါ်စုလတ်မှာလည်း ချာလီကကြောက်ရွံ့စွာဖြင့် ကြောင်ကာရပ်ကြည့်နေလေ၍ အားမလိုအားမရဖြစ်ကာ . . .

"သွား သွားလို့ပြောနေတာ ဘာရပ်နေသေးတာလဲ၊ အခုသွား၊ မြန်မြန်သွား၊ အန္တရာယ်ဘယ်လောက်ကြီးတယ် မှတ်သလဲ၊ သွား သွား . . ."

"ဟင် အ အား . . ."

ဒေါ်စုလတ် အော်ပစ်လိုက်လေမှ ချာလီသည်လည်း အသိဝင်ကာ ကြောက်ရွံ့စွာဖြင့် လန့်အော်အော်ရင်း နေရာမှ လျှင်မြန်စွာ ပြေးထွက်ခဲ့လိုက်ရပါတော့၏။ တစ်ဆက်တည်းပင် သူရနိုင်သည်လည်း စတော်ဘယ်ရီနှင့်နို့ကိုပျော်ခဲ့ပြီး ထွက်လာခဲ့သည်။ ညှော်ခန်းအရောက်၌ ချာလီကိုမတွေ့၍ သူရနိုင်တစ်ချက် စဉ်းစားလိုက်သည်။





ထိုအခိုက်ပင် အပေါ်ထပ်မှ ချာလီ၏ အော်ဟစ်ပြီး ပြေးလာသည့် အသံကိုကြားလိုက်ရ၍ သူရနိုင်သည် လှေကားမှ ပြေးတက်သွားလိုက်မည်အပြု ချာလီသည် လှေကားမှ ထိတ်လန့်ကြောက်ရွံ့စွာ ဆင်းလာသည်နှင့် ဆုံတွေ့လိုက်ရလေ၏။

သူရနိုင်သည် ချာလီ့ကိုစိုက်ကြည့်သည်။ ချာလီနှင့် ဒေါ်စုလတ်တို့ တွေ့ဆုံသွားပြီကိုလည်း သူရနိုင် သိနားလည်လိုက်၏။ ထို့အတွက် သူရနိုင်သည် အတွင်းသွားတွေကို ဖဲ့ ကျိတ်ထားဖြစ်လိုက်ပြီး ညှော်ခန်းရှိရာ ကတုန်ကရင်လှမ်းသွားသည့် ချာလီ့နောက်မှ လိုက်ကာ ချာလီ့အသွင်အား စူးစူးစိုက်စိုက်ကြီး ကြည့်ဖြစ်နေ၏။ ချာလီသည်က ကြောက်ရွံ့တုန်လှုပ်လွန်း၍ အကြောက်ပြေစေရန် စားပွဲပေါ်တွေ့သည့် စတော်ဘယ်ရီရည်ကို သောက်နေလိုက်သည်။ မှန်သည်။ ချာလီကား မိမိ၏နောက်မှ အန္တရာယ်အား မသိမမြင် နားမလည်ဘဲရှိနေသည့် အချိန်များ၌. . .။

x x x x x

(x x x )ဟိုတယ်တွင် ညှိုသည်နှင့်တွေ့ဆုံကာ အလုပ်ကိစ္စများ ‌စကားပြောဆိုခဲ့ပြီး၍ ဒွေးမြင့်လတ်သည် ဟိုတယ်မှ ကားကိုမောင်းထွက်ခဲ့ရင်း တစ်ဆက်တည်း နားကြပ်ကလေးတပ်ကာ အိမ်သို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို ဒေါ်ချစ် . .ကိုအေးရှိလား . . ."

"ရှိပါတယ် သူဌေး၊ ခေါ်ပေးပါ့မယ် . . ."

ဒေါ်ချစ်ဆိုပြီး စာကြည့်ခန်းထဲတွင်ရှိနေသည့် အေးမြင့်လတ်ကို သွားရောက်ခေါ်သည်။ အေးမြင့်လတ်သည် ချာလီ ပြန်မလာ



www.burmeseclassic.com

သေး၍ စိတ်မှုရင်း အစ်ကိုဖြစ်သူနှင့် ဖုန်းပြောဖြစ်၏။

"ဟဲ့လို [illegible] ကျွန်တော်ပါ၊ အလုပ်တွေပြီးသွားပြီလား. . ."

"အင်း ပြီးသွားပြီ ညီ၊ သန်ဘက်ခါ ဧည့်သည်ပြန်မယ်၊ အဲဒီနေ့ကျရင် ညီ ဧည့်သည်ကို လေဆိပ်လိုက်ပို့တော့နော်"

"ဟုတ်ကဲ့၊ အခု ကိုကိုပြန်လာနေပြီလား. . ."

"အင်း ပြန်လာပြီလေ၊ ညီ ဘာမှာမလဲ၊ ချာလီရော အိပ်နေလား ထမင်းစားပြီးပြီလား၊ ဘာမှာမလဲလို့ မေးကြည့်ပါဦး"

"ကိုကို ချာလီအိမ်မှာမရှိဘူး. . ."

"ဘာပြောတယ်. . ."

တစ်ဘက်မှအော်ဟိုက်၍ အေးမြင့်လတ်ပင် နားမလည်စွာနှင့် လန့်သွားရသည်။

"ညီ ပြောပါဦး၊ ချာလီဘယ်သွားလဲ. . ."

"ကိုသူရနိုင်အိမ်တဲ့၊ ကိုကိုသိတယ်တဲ့. . ."

"ဟင် သူရနိုင် အိမ် ဟုတ်လား၊ ကောင်းပြီ ကောင်းပြီ ဒါပဲ ဒါပဲ. . ."

စကားအဆုံး သူဖုန်းကိုချပြီး ကားကိုလျှင်မြန်စွာမောင်းခဲ့လိုက်လေ၏။ ထိုအချိန်များ၌ သူရနိုင်၏အိမ်တွင်ကား သူရနိုင်သည် အကြံနှင့် ချာလီနောက်နားတွင်ထစ်၍နေသည်၊ ချာလီသည် မျှော်လည်ကိုသောက်ပြီး ငြိမ်စပြုသွားသည့် ဘဝင်လေးကိုဖိကာ စဉ်းစားဟန်ဖြင့်ရှိနေ၏။ သူရနိုင်သည်က ချာလီ့အသွင်ဆီ စိုက်၍ကြည့်နေဖြစ်သည်။ ထိုအခိုက် ချာလီသည် နောက်သို့အလှည့် မိမိနောက်နားတွင် နီးကပ်စွာရှိနေသည့် သူရနိုင်အားတွေ့လိုက်ရလေ၍. . .





"ဟင်! ကိုသူရနိုင်၊ ခင်ဗျား. . ."

"ပြောစမ်း၊ မင်းဘယ်သူလဲ. . ."

"ဟာ ခင်ဗျားကလည်း. ချာလီက ခင်ဗျားကိုမေးမလို့"

"ပြော၊ မင်းဘာမေးမှာလဲ၊ ဟိုအပေါ်ထပ်က မိန်းမကြီးအကြောင်းလား၊ အဲဒါမင်းရဲ့အမေ၊ မင်းရဲ့အမေ၊ ကဲ သိပြီလား"

"ဟင် ဘယ်လို၊ ခင် ခင်ဗျား. . ."

သူရနိုင်အော်ပြောလိုက်ပြီး ချာလီ့နားသို့ တိုးကပ်လာ၍ ချာလီမှာ အံ့သြစိတ်နှင့် လန့်ကာ နောက်သို့ဆုတ်သွားရ၏။

"ငါမေးတာ မင်းဖြေ၊ မင်းဘယ်သူလဲ. . ."

"ကိုသူရနိုင် ခင်ဗျား. . ."

"သူများကိုသာလိမ်လို့ရမယ်၊ မင်း ငါ့ကိုလိမ်လို့မရဘူး၊ မင်းဟာ ယောကျ်ားမဟုတ်ဘူးဆိုတာ ငါသိတယ်၊ မင်း ငါမေးတာဖြေ၊ မင်းဘယ်သူလဲ. . ."

"ဟင် ခင်ဗျားလွန်လာပြီ. . ."

ဆိုရင်း သူရနိုင်သည် ချာလီ့ရင်ဘတ်မှ စပို့ရှပ်အင်္ကျီကို ဆုတ်ဆွဲလိုက်လေ၍ ချာလီမှာ ဒေါသလည်းထွက်၊ မျက်လုံးလည်းပြူးရင်း ရန်းထွက်သည်။

"မင်းပြောစမ်း. . ."

"ခင်ဗျား လွှတ်. . ."

နှစ်ဦးသဘောမှာပြောဆိုရင်း တွန်းထိုးရင်းဖြင့် အခြေအနေမှာ အဆိုးဘက်သို့လှနေပြီဖြစ်၏။ ချာလီမှာ သူရနိုင်၏မှုမမှန်တော့သည့် မျက်နှာဆီကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်လာရသည်က အမှန်ပါ မှန်သည်။ သူရနိုင်ကလည်း သည်တစ်ချီဖြင့် မိမိနိုင်တွက်အား



www.burmeseclassic.com

www.burmeseclassic.com



အပီကိုင်တော့မည့်နှယ် ရှိနေရပြီမဟုတ်ပါတကား။

"ဒီမှာ မင်းယောကျ်ားမဟုတ်ဘူး၊ မိန်းကလေးဆိုတာ ငါသိတယ်၊ မင်းနာမည် ချယ်ရီကိုကို. . ."

"မဟုတ်ဘူး၊ ခင်ဗျားဘာတွေပြောနေတာလဲ၊ ခင်ဗျား ပြောတာတွေ ကျွန်တော်ဘာမှမသိဘူး. . ."

"သြော် မင်း မသိဟန်ဆောင်ရင် ငါ မင်းကို သိအောင် လုပ်ပြမယ်. . ."

"ဟင်! ခင်ဗျား မမိုက်ရိုင်းနဲ့. . ."

"မင်းကိုသိအောင် ငါပြရမှာပေါ့. . ."

"ခင်ဗျား လွှတ်. . ."

"မင်း ငါ့လက်က သေတောင်မလွှတ်ဘူး ချယ်ရီ. ."

"ခင်ဗျား. . .၊ ဖြန်း. . ."

"သြော် ငါ့ကိုရိုက်တဲ့ ကောင်မ၊ ကဲ. . ."

"အို. .အင့်၊ ဒုတ်. . ."

စကားတွေများရင်း တွန်းထိုးရင်း ရုန်းကန်ရင်းဖြင့် တစ်ချိန် ချာလီသည် သူရနိုင်အား လှမ်းရိုက်ပစ်လိုက်၏။ သူရနိုင်ကလည်း ချာလီအား ပုခုံးနှစ်ဘက်မှဆောင့်ဆွဲကာ ဆောင့်တွန်းပစ်လိုက်သည်။ ချာလီသည် ဖင်ထိုင်ရက်ကျရာမှ နံရံနှင့်ခေါင်းပါ ဆောင့်မိသွားလိုက်လေ၍ သတိမေ့သွားရရှာပါတော့၏။ ချာလီ သတိမေ့သွားသည်နှင့် သူရနိုင်သည် ချာလီလည်ပင်းမှ အကျီစကို ဆွဲကာကြည့်လိုက်သည်။ သူရနိုင်မျက်လုံးတွေမှာ တောက်ပသွား၏။ မှန်သည်။ မိမိထင်ထားသည့်အတိုင်းပင် ချာလီ၏လက်ပြင်နေရာတွင် အမာရွတ်ကလေးအား တွေ့မြင်လိုက်ရသောကြောင့်ပါတည်း။





"တီး တီး တီး. . ."

သူရနိုင်တစ်ယောက် အောင်သေအောင်သား စားသောက်တော့မည့်အချိန်၌ပင် ခြံထဲသို့ ဒွေးမြင့်လတ်ကားသည် ဟွန်းသံ အဆက်မပြတ်ပေး၍ မောင်းဝင်လာသည်ကို တွေ့လိုက်ရလေ၍ သူရနိုင်သည် ချာလီအားညှော်ခန်းတစ်ခု၏ ဆိုဖာကြီးတွင် တင်ထားခဲ့ပြီး သူသည်က ရေကူးကန်ရှိသည့် တစ်ဘက်ညှော်ခန်းဆီသို့ လှမ်းခဲ့လိုက်၏။ သူ ဆင်ဝင်အောက်ထွက်လိုက်သည်တွင် ဒွေးမြင့်လတ်ကားသည်လည်း သူရှိသည့်ဆင်ဝင်အောက်၌ ထိုးရပ်လာသည်။ တစ်ဆက်တည်းပင် ဒွေးမြင့်လတ်သည် ကားပေါ်မှ ဆင်းလိုက်ပြီး...

"ကိုသူရနိုင်. .ချာလီရော. . ."

"ချာလီ ဒီကိုမလာဘူး. . ."

သူရနိုင်စကားအတွက် ဒွေးမြင့်လတ်မျက်နှာသည် တင်းသွားသည်။ ဒွေးမြင့်လတ်သည် သူရနိုင်ထံစိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားဟာ တကယ်ရိုးသားတဲ့လူမှ ဟုတ်ရဲ့လား"

"ခင်ဗျား ဘာယ်လိုထင်လဲ. . ."

"ခင်ဗျားမရိုးသားဘူးဆိုတာ တတ်အပ်သိတယ်. . ."

အော်ပစ်လိုက်ပြီး ဒွေးမြင့်လတ်သည် တိုက်ထဲသို့ ဝင်ခဲ့သည်။ ချာလီကိုအော်ခေါ်သည်။ သူရနိုင်သည် မကျေမနပ် ဒေါသ တွေ ထွက်နေရသော်လည်း အစီအစဉ်ကရှိမနေ၍ ဒွေးမြင့်လတ် နောက်၌ပင် လိုက်နေ၏။

"ချာလီ ချာလီ. . ."

"ဒီမှာ ခင်ဗျား ပိုင်နက်သိပ်ကျူးလွန်နေပြီ. . ."

"ဟုတ်တယ် ဘာဖြစ်လဲ၊ ဘာဖြစ်လဲ၊ ခင်ဗျားက ကျုပ်လူ ကို ဝှက်မထားရင် ကျုပ်က ပိုင်နက်ကျူးလွန်စရာအကြောင်းရှိမလား၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို ကျုပ်မသိဘူး၊ စိတ်လည်းမဝင်စားဘူး၊ ဘယ်မှာလဲ ချာလီ၊ ခင်ဗျားအမြန်ပြောပါ. . .”

“ကျုပ်ပြောပြီးပြီပဲ၊ သူ ဒီကိုမလာဘူး. . .”

“ခွပ်. . .”

“အင့်. . .”

“အဲဒါမှတ်ထား၊ ခင်ဗျား လူယုတ်မာဆိုတာ ပိုသိသွားပြီ၊ ဒီမှာ. .ချာလီ ခင်ဗျားဆီလာတဲ့အကြောင်း အိမ်ကလူတွေအားလုံးကို ပြောသွားပြီးသား၊ ဒါကြောင့် ကျုပ်လိုက်မဲ့တာ၊ ချာလီ. . ချာလီ. . .”

ဒေါသတွေနှင့် သူရနိုင်ထံ လက်သီးပေါက်ပေါက်ထိုးပြီး ငွေးမြင့်လတ်ဆိုသည်။ ဘာစ်ဆက်တည်းလည်း သူသည် ချာလီကို အော်ခေါ်ပြီး တိုက်ကြီးထဲပြေးလွှားရှာ၏။ နောက်ဆုံးမတော့ တစ်ဘက်ဧည့်ခန်းကြီးထဲမှ ဆိုဖာထက်တွင် သတိမေ့နေသည့် ချာလီကို တွေ့လိုက်ရသည်တွင် ငွေးမြင့်လတ်သည် သူရနိုင်ထံ ဒေါသမျက်ဝန်းတွေနှင့် တင်းမာစွာ ကြည့်ပစ်လိုက်သည်။ သို့သော်လည်း ငွေးမြင့်လတ်သည် သူရနိုင်အား ဆိုချိန်မရ၍ ဘာမှမဆို၊ ဆိုဖာပေါ်မှ ချာလီကိုသာ အပြေးအလွှား သွားရောက်ကာချီပိုးပြီး ကားရှိရာသို့ ခေါ်ထုတ်သွားလိုက်ပါတော့သတည်း။

× × × × ×





အားလုံးက အိပ်ယာထက်၌ သတိမရသေးဘဲဖြစ်နေသည့် ချာလီ့ထံသာ အာရုံတွေထား၍ ကြည့်နေဖြစ်ကြသည်။ မှန်သည်။ ငွေးမြင့်လတ်၊ ဒေါက်တာခိုင်ဦး၊ အေးမြင့်လတ်၊ မေဇင်ကိုနှင့် အိမ်အလုပ်သမားများအားလုံးသည် ချာလီ့ထံသာ စိုးရိမ်စိတ်များဖြင့် စောင့်ကြည့်နေကြသည်ပါ။ ချာလီသည် အိမ်ရောက်ပြီး နောက် တစ်နာရီပင်ကြာပြီ၊ သတိမရသေး၍ ငွေးမြင့်လတ်သည် ဒေါက်တာခိုင်ဦးထံ မချင့်မရဲ ကြည့်တာ ကြည့်ကာရှိနေရချေ၏။

ထိုအခိုက်ပင် ချာလီ၏မျက်နှာလေးတွင် ချွေးသီးကလေးများ ရုတ်ချည်းသီးလာပြီး ချာလီ့ခေါင်းသည် ဘယ်လူး၊ ညာလူး ဖြစ်လာသည်။ တစ်ချီတစ်ချီလည်း ချာလီ့လက်ကလေးတွေက ရှုန်းသလိုဖြစ်နေ၍ ငွေးမြင့်လတ်သည် ချာလီ့ကိုခေါ်နိုးမည်အပြု ဒေါက်တာခိုင်ဦးက ဆွဲထားလိုက်၍ သည်အတိုင်းပင် ကြည့်နေလိုက်ရ၏။

“ဟော ချာလီ လှုပ်လာပြီ၊ သတိရပြီနဲ့တူတယ်. . .”

ဒေါ်ချစ်က ဝမ်းသာအားရဆိုသည်။

“ချာလီ. . .”

မေဇင်ကိုကလည်း ဝမ်းသာအားရစွာ ချာလီ့ကိုခေါ်လိုက်သည်။

“ရှူး. . .”

ဒေါက်တာခိုင်ဦးက တိတ်တိတ်နေကြဖို့ဆိုသဖြင့် အားလုံးမှာ တိတ်ဆိတ်သွားကြရသည်။

“အား. . ၊ ဟင်!. . .”

ချာလီတစ်ယောက် ရုတ်တရက် လန့်အော်ပြီး ထထိုင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည့်တွင် မိမိအနား၌ လူတွေကိုတွေ့လိုက်ရလေ၍ အံ့ဩရင်း မောဟိုက်နေရလေ၏။

"ချာလီ. .ချာလီ. . ."

ဒွေးမြင့်လတ်မှာ သတိလက်လွတ်ပင် ချာလီ့လက်ကလေးတွေကိုကိုင်ပြီး စိုးစိတ်ဖြင့်ခေါ်သည်။ သူ၏ သတိလက်လွတ် အဖြစ်ကို မည်သူကမျှမသိ၍သာ တော်တော့သည်။ အားလုံးက ချာလီ သတိရလာပြီမို့ ဝမ်းသာပျော်ရွှင်နေကြ၏။

"ကဲ ချာလီ. .သတိရလာပြီဆိုတော့ ချာလီ့ကိုစမ်းသပ်ဖို့အတွက် အားလုံးအပြင်ထွက်ပေးကြပါ. . ."

"ခိုင်ဦး. .ကိုယ်လည်းပါလား. . ."

"ပါတာပေါ့၊ ကိုယ် ချာလီနဲ့ စကားပြောစရာရှိတယ်၊ နောက်တော့ မင်းကို ကိုယ်ပြန်ပြောမှာပေါ့၊ ကဲ အားလုံးထွက်ပေးကြပါ. . ."

ဒေါက်တာခိုင်ဦးဆိုတော့ ဒွေးမြင့်လတ်မျက်နှာက တစ်မျိုးဖြစ်သွားရသည်။ ချစ်သူလေးကို သူငယ်ချင်းဆရာဝန်နှင့် အခန်းထဲတွင် နှစ်ယောက်တည်းထားခဲ့ရမည်ကို သူ သဝန်တိုနေခြင်းကြောင့်ပေါ့။ မတတ်နိုင်၊ သူသည် အားလုံးနှင့်အတူ အပြင်သို့ထွက်ခဲ့လိုက်ရလေ၏။

"ခိုင်ဦး. . ."

အခန်းတံခါးဝနားရောက်ခါနီးတော့ သူ လှည့်ကြည့်ပြီးခေါ်သည်။

"ဘာလဲကွာ. . ."

"အခန်းတံခါးကို မစေ့ရဲစေ့ထားနော်. . ."





"ဘာဖြစ်လို့လဲ၊ ဂျက်ချထားမယ်၊ သွားကွာ၊ တော်တော်ရှုပ်တယ်. . ."

ခိုင်ဦးဆိုရင်း သူ့ကိုတွန်းထုတ်တော့ သူက ချာလီ့ထံ လှမ်းကြည့်သည်။ ချာလီမှာပန်းသွေးကြွယ်သော မျက်နှာလေးဖြင့် ပြုံး၍နေလေ၏။ ခိုင်ဦးသည်က ဘာမှမသိ၊ သူငယ်ချင်းကို တွန်းထုတ်လိုက်ပြီး အပြုံးနှင့် ချာလီ့ထံလှမ်းခဲ့ပြီး စကားစဆိုသည်။

"ကဲ ချာလီ. .ကိုယ့်ကိုပြောပြပါဦး၊ ချာလီ ဘာတွေတွေ့မြင်ရလဲ၊ ဘာတွေအိပ်မက်လဲ၊ ဘာတွေအိပ်မက်မက်လဲ၊ အာရုံတွေ တွေးတောလို့ရလဲဆိုတာတွေပေါ့. . ."

"ဟုတ်တယ် ဆရာ၊ ချာလီ့မျက်လုံးထဲမှာ မကြာခဏတွေ့မြင်နေရတာက အိမ်ကြီးတစ်ဆောင်ထဲမှာ ချာလီ လှုပ်ရှားသွားလာနေရတာတွေနဲ့၊ ပြီးတော့ ချာလီ လှေကားပေါ်က လိမ့်ကျသွားတာကို ခဏခဏသတိရမြင်ယောင်နေတယ်. . ."

"အင်း ဆက်ပြောပါဦး. . ."

ချာလီနှင့်ခိုင်ဦးတို့ စကားတွေပြောဆဲ အခန်းတံခါးသည် ဟဟလေးပွင့်ကာ ဒွေးမြင့်လတ်သည် အထဲမှစကားတွေကို ချောင်းမြောင်းနားထောင်နေဖြစ်ရ၏။ ထို့ထက် ခိုင်ဦးနှင့်ချာလီတို့၏ အနေအထိုင်တွေကို သတိထား၍ ကြည့်ဖြစ်နေရခြင်းပါ။ ချာလီက မိမိအမှတ်ရသည့် အကြောင်းလေးတွေကို ဆက်၍ပြောသည်။

"တကယ်တော့ ကိုသူရနိုင်နဲ့ ချာလီတို့က စိမ်းတဲ့သူတွေမဟုတ်ဘူးလို့ထင်တယ် ဆရာ. . ."

"ဘာဖြစ်လို့လဲ. . ."

"အဲဒီအိမ်ကြီးထဲမှာ ချာလီတို့က အတူနေခဲ့ကြပုံပဲ၊ အဲဒီအိမ်ထဲမှာ ချာလီတို့သုံးယောက် အတူနေခဲ့ကြတယ်ထင်တယ် မောင်တော်

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ယောက်ကိုပါ ချာလီတွေ့ရတယ်"

"ဒါဆို အဲဒီအိမ်မှာ ချာလီဘာတွေဖြစ်ခဲ့လဲ၊ ပြီးတော့ အဲဒီအမျိုးသမီးကြီးနဲ့ ကိုသူရနိုင်တို့က ချာလီနဲ့ဘယ်လိုပတ်သက်နေလဲ၊ ဘာဖော်လဲဆိုတာ ချာလီမှတ်မိလား. . ."

"အဲဒါတော့ ချာလီဘာမှမသိဘူး ဆရာ၊ ချာလီ အခု အိပ်မက်လိုလို အတွေးလိုလို၊ အမှတ်ရသလိုလိုနဲ့ ခေါင်းထဲပေါ်လာတဲ့ မြင်ကွင်းက အဲဒီအိမ်ကြီးထဲမှာ ချာလီတို့သုံးယောက် ပြဿနာတွေ ဖြစ်ကြတယ်၊ အစက ချာလီက အခန်းထဲမှာ အဝတ်တွေကို သေတ္တာ ထည့်နေတုန်းမှာ ထမင်းစားခန်းထဲက အမျိုးသမီးတစ်ယောက် အော်သံကြားတော့ ချာလီအခန်းထဲက ပြေးထွက်သွားတယ်. . .

ထမင်းစားခန်းထဲရောက်တော့ ကိုသူရနိုင်က အမျိုးသမီးကြီးနဲ့ စကားတွေများပြီး ဆံပင်ဆွဲရိုက်နှက်နေတာကို တွေ့ရတယ်၊ ချာလီလည်း အမျိုးသမီးကြီးအတွက် စိုးရိမ်ပြီး ကိုသူရနိုင်ကို ဝိုင်းပြီး ဆွဲတယ်၊ ကိုသူရနိုင်လက်ကနေ အမျိုးသမီးကြီး လွတ်သွားတော့ ကိုသူရနိုင်က ချာလီ့ကိုဖမ်းချုပ်ပြီး အခန်းထဲကို ဆွဲခေါ်သွားပြန်တယ်၊

ဒီတော့ အမျိုးသမီးကြီးက ချာလီ့အတွက် စိုးရိမ်ပြီး ငိုယိုအော်ဟစ်ရင်း ကိုသူရနိုင်ကို ဝိုင်းဆွဲထုရိုက်တယ်၊ ချာလီ့ကို လွတ်အောင်ပြေးခိုင်းတယ်၊ ကိုသူရနိုင်လက်က ချာလီလွတ်တော့ အခန်းထဲက ထွက်ပြေးခဲ့တယ်၊ ချာလီအရမ်းကြောက်လန့်နေတယ်၊ ချာလီဟာ အမျိုးသမီးကြီးအတွက်လည်း စိုးရိမ်နေတယ်၊ ဒါပေမယ့် အမျိုးသမီးကြီးကတော့ ချာလီ့ကိုပြေးဖို့ပဲ အော်ဟစ်ငိုယိုပြောတယ်

ချာလီထွက်ပြေးတော့ သူရနိုင်က အမျိုးသမီးကြီးကို ဆောင့်တွန်းပစ်ပြီး ချာလီ့နောက်ကို လိုက်တယ်၊ အဲဒီအိမ်ကြီးရဲ့လှေကားက အဆင်းမှာ ချာလီလိမ့်ကျသွားတာ အောက်အရောက်ပဲ၊ ချာလီဟာ





ခေါင်းပုံမူးဝေနေသလို၊ သတိပဲလစ်နေသလိုနဲ့ ကြမ်းထက်မှာ ပက်လက်လဲပြီး အပေါ်ထပ်ကိုကြည့်နေတုန်းမှာပဲ ချာလီ့နောက်ကို ပြေးလိုက်လာတဲ့ ကိုသူရနိုင်ကို တွေ့ရတယ်၊ တစ်ဆက်တည်းပဲ ကိုသူရနိုင်ကိုလိုက်ဆွဲတဲ့ အမျိုးသမီးကြီးကိုပါ ချာလီထပ်တွေ့ရတယ်၊ အမျိုးသမီးကြီးဟာ ချာလီ့ကိုဆက်ပြေးဖို့ အော်ပြောတယ်. . ."

"ဒီတော့ ချာလီ ဆက်ပြေးခဲ့လား. . ."

"ဟုတ်ကဲ့၊ ချာလီ နေရာကထပြီး အတင်းပဲဆက်ပြေးခဲ့တယ် ဆရာ၊ ပြီးတော့ ချာလီဘယ်ရောက်လို့ ရောက်မှန်းတော့ မသိတော့ဘူး၊ တစ်နေရာအရောက်မှာ ကားတစ်စီးနဲ့ မှတ်တိုက်မိသလိုဖြစ်ရာက ချာလီထိတ်လန့်ပြီး ဘာမှမသိတော့ဘူး ဆရာ. ."

"ချာလီ အဲဒီလိုဖြစ်တာ နေ့လား ညလား. . ."

"ညဘက်ပဲ ဆရာ. . ."

"နောက်တော့ကော ချာလီ ဘာတွေအမှတ်ရသေးလဲ. ."

"အဲဒါလောက်ပဲ ချာလီ သတိရသလိုဖြစ်နေတယ် ဆရာ"

"ဒြော် ဒါနဲ့ သူရနိုင်နဲ့ ချာလီတွေ့တော့ ဘာတွေဖြစ်ခဲ့လဲ"

"သူပြောတာတွေ ချာလီနားမလည်ပါဘူး ဆရာ၊ သူနဲ့ ချာလီစကားများကြတယ်၊ သူရနိုင်က ရုပ်နဲ့မလိုက်အောင် ကြမ်းတမ်းပြီး ပက်စက်တယ်၊ သူတွန်းပစ်လိုက်လို့ ချာလီ နံရံနဲ့ဆောင့်ပြီး သတိမေ့သွားတယ်၊ သတိရလာတော့ ချာလီအိမ်ပြန်ရောက်နေတယ်၊ ဒါပါပဲ ဆရာ. ."

"ဟုတ်တယ်လေ၊ ကျန်တာတွေ မင်းကို ကိုယ်ပြောပြထားတာပဲလေ. . ."

ဆိုရင်း ဒွေးမြင့်လတ် အခန်းထဲဝင်လာသည်။ ခိုင်ဦးက



www.burmeseclassic.com

www.burmeseclassic.com



အကဲပါနေသည့် သူငယ်ချင်းကို မျက်စောင်းနှင့်ကြည့်သည်။ ပြီးမှ—

"ကဲ ချာလီကို ကိုယ် သွေးပေါင်နည်းနည်းတိုင်းကြည့်မယ်"

ခိုင်ဦးဆိုရင်း ချာလီကို သွေးပေါင်တိုင်းသည်။ ဒွေးမြင့်လတ်မှာ သွေးပေါင်တိုင်းသည်ကိုပင် သဝန်တိုချင်ချင်ဖြစ်နေရ၏။ ဒွေးမြင့်လတ်ဖြစ်နေပုံကြောင့် ဒေါက်တာခိုင်ဦးရိပ်မိမည်စိုး၍ ချာလီမှာ မသိမသာ နှုတ်ခမ်းလေးစူကာ ကြည့်နေဖြစ်သည်။ ခိုင်ဦးကဖြင့် ဘာမှ မသိ၊ အေးဆေးစွာပင် သွေးပေါင်တိုင်းပြီး. . .

"ချာလီ ခုတလော အိပ်ပျော်ရဲ့လား. . ."

"အင်း အလိုလို အတွေးကဝင်လာတော့ ကောင်းကောင်း အိပ်မပျော်သလိုဖြစ်နေတယ် ဆရာ. . ."

"ဒါပေါ့၊ ချာလီ သွေးပေါင်ကျနေတယ်၊ သိပ်မတွေးပါနဲ့၊ ပေးထားတဲ့ဆေးတွေကို မှန်မှန်သောက်ပါ၊ အနားများများယူပါ၊ အခု ချာလီပြောတဲ့စကားတွေကို ကိုယ်က ကိုယ့်သူငယ်ချင်းကို ပြန်ပြောပြရဦးမယ်. . ."

"ဟို ဒါနဲ့ ခိုင်ဦး၊ ချာလီ့အနေအထားက ဘယ်လိုလဲ မင်းသိလား. . ."

"သွေးအားနည်းတယ်၊ အနားယူရမယ်၊ ဆေးမှန်မှန်သောက်ရမယ်၊ အရင်ထက်စာရင်တော့ ချာလီ့အခြေအနေ တိုးတက်လာတာကတော့ အမှန်ပါပဲ၊ တဖြည်းဖြည်းနဲ့ အတိတ်ကိုမေ့သွားပြီး ချာလီ သိလာမှာပါ၊ စိတ်ပူစရာတော့မရှိပါဘူး. . ."

"အင်း ခုမှပဲ ကိုယ်စိတ်အေးရတော့တယ်ကွာ၊ ချာလီ ကြားတယ်နော်၊ ချာလီ ဘယ်မှမသွားရဘူး၊ ခုရက်ပိုင်းမှာ ချာလီကောင်းကောင်း အနားယူရမယ်. . ."





ခိုင်ဦးမမြင်အောင် ချာလီ့ကို မျက်လုံးတစ်ဘက်မှိတ်ပြပြီး ဒွေးမြင့်လတ်ဆိုတော့ ချာလီမှာ ရှက်ပြုံးနုနုလေးဖြင့် ရှိနေတော့၏။ မှန်သည်။ ချာလီတစ်ယောက် ဒွေးမြင့်လတ်၏အကြင်နာရိပ်တွင် အေးချမ်းစွာရှိနေဆဲအချိန်များ၌ သူရနိုင်၏တိုက်ကြီးတွင်ကား...

"ဟဲ့ ကောင်မ. .နင်ပြောစမ်း၊ အဲဒါ နင့်သမီးမဟုတ်လား၊ နင့်သမီးမဟုတ်လား၊ နင်နဲ့တွေ့သွားတယ် မဟုတ်လား၊ နင့်ကို တွေ့သွားတယ်မဟုတ်လား. . ."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မတွေ့လည်း မတွေ့ပါဘူး၊ အီး ဟီး ဟီး. . ."

"အယုတ်တမာမ၊ ငါ့ကိုညာဦး ညာဦး၊ ကဲ ညာဦး၊ ညာဦး"

"အား အား၊ အီး ဟီး ဟီး၊ အဟင့် ဟင့် ဟင့်. . ."

ဒေါသတွေနှင့် သူရနိုင် ကန်ပစ်သည်။ ဒေါ်စုလတ်မှာ သူရနိုင်၏ဒေါသအောက်တွင် မရှုမလှသိမ့်ခံနေရတော့၏။ မှန်သည်။ သူရနိုင်တစ်ယောက် မည်သည့်အကြောင်းနှင့်ပင်ဖြစ်စေ ဒေါသထွက်တိုင်း ဓားစာခံဖြစ်ရသည်က ဒေါ်စုလတ်တစ်ယောက်ပင်မဟုတ်ပါ တကား။ ။



www.burmeseclassic.com

www.burmeseclassic.com

(ကိုး)

"သူဌေး၊ အိမ်ရှေ့မှာ သူဌေးနဲ့တွေ့ချင်လို့တဲ့၊ လူတစ်ယောက်စောင့်နေတယ်၊ သူဌေးကိုပြောစရာရှိလို့ပါတဲ့၊ သူ့နာမည်က ဦးသာထူးတဲ့. . ."

အလုပ်သမားတစ်ဦးလာပြောနေ၍ ဦးကိုကိုသည် တစ်ချက်မျှ စဉ်းစားလိုက်သည်။ မိမိ၏အသိမိတ်ဆွေထဲတွင် ဦးသာထူး အမည်မရှိသည်က သေချာနေ၏။ သို့သော်လည်း ဦးကိုကိုသည် ထိုလူအားလက်ခံတွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

"ကောင်းပြီလေ၊ ဧည့်ခန်းထဲခေါ်လိုက်ပါ. . ."

"ဟုတ်ကဲ့ သူဌေး. . ."

အလုပ်သမားဆိုရင်း ထွက်သွားသည်။ မကြာလိုက်၊ အလုပ်သမားသွားခေါ်လာ၍ ဦးသာထူးသည် ဦးကိုကိုရှိရာ ဧည့်ခန်းဆီသို့ ရောက်လာခဲ့၏။ ဦးကိုကိုနှင့် ဦးသာထူးသည် အပြန်အလှန်တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်လိုက်ကြပြီး .

"ရပြီ၊ မင်းအပြင်မှာပဲစောင့်နေပါ. . ."

"ဟုတ်ကဲ့ သူဌေး. . ."





ဦးကိုကိုဆိုတော့ အလုပ်သမားသည် အပြင်ပြန်ထွက်သွားသည်။ ဦးကိုကိုသည် ဦးသာထူး၏ရုပ်စမ်းနေဟန်မှလွဲ၍ တည်ကြည်ပြီး ရိုးဖြောင့်သည့်အသွင်ရှိသည့် ဦးသာထူးထံကြည့်ပြီး...

"ထိုင်ပါ ဦးသာထူး. . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် သူဌေး၊ သူဌေး နေကောင်းတယ်နော်. . ."

"ကောင်းပါတယ်၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ၊ ဘာကိစ္စများရှိလဲ၊ ခင်ဗျားကိုကြည့်ရတာ ကိစ္စတစ်ခုခုတော့ရှိနေပုံရတယ်၊ ကိစ္စရှိရင်တော့ အားမနာဘဲပြောလို့ရပါတယ်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ. . ."

"ဟုတ်ကဲ့ သူဌေး၊ ကျွန်တော့်မှာ ကိစ္စလေးတစ်ခုရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်သိချင်တာလေး အရင်မေးပါရစေ၊ သူဌေးက အရင် ရန်ကုန်မြို့၊ (× ×)လမ်း၊ ခြံအမှတ် (× ×)မှာ နေထိုင်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးဦးကိုကိုပဲမဟုတ်လား"

ဦးသာထူးစကားအတွက် ဦးကိုကိုသည် တစ်ချက်မျှ စဉ်းစားသလိုရှိပြီးမှ ခေါင်းကိုညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်၊ ဘယ်လိုကိစ္စများရှိလို့လဲ. . ."

"သူဌေးကိုမမျှော်လင့်ဘဲ ပြန်တွေ့ရလို့ အံ့လည်းအံ့ဩတယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ ကျွန်တော်လည်း သူဌေးကို တွေ့တာနဲ့ ချက်ချင်းမှတ်မိလိုက်တယ်၊ ခြေတစ်ဘက်နဲ့ လက်တစ်ဘက်ကလွဲရင်ပေါ့၊ ကျွန်တော့်ကို သူဌေးကတော့ မသိပါဘူး၊ ကျွန်တော်ကပဲ သူဌေးကိုကောင်းကောင်းသိနေတာပါ. . .

ကျွန်တော်က သူဌေးတို့ခြံနဲ့ နှစ်ခြံကျော်ကခြံမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ ဒရိုင်ဘာပါ၊ ဒါကြောင့် သူဌေးတို့အိမ်မှာ အလုပ်လုပ်တဲ့ ဒရိုင်ဘာကိုအောင်မြင့်ကို ကောင်းကောင်းသိပါတယ်၊ ကျွန်တော်နဲ့လည်း နည်းနည်းပါးပါးရင်းနှီးတယ်လို့ ပြောရမယ်. . ."

"ဪ အင်းပေါ့၊ အလုပ်လည်းတူတော့ သွားရင်းလာရင်းနဲ့ တွေ့ကြ သိကြ ရင်းနှီးကြမှာပေါ့. . ."

"ဟုတ်ပါတယ်၊ အဲဒီလိုနဲ့ပဲ စပြီးသိကြတာအမှန်ပါပဲ သူဌေး. . ."

ဦးကိုကိုထံကြည့်ပြီး ဦးသာထူးဆိုသည်။ ဦးကိုကို အသွင်က အောင်မြင့်အကြောင်း ဘာမှမသိသေးသည့်ပုံပေါ်နေ၍ ဦးသာထူးမှာ အံ့သြစိတ်မကောင်းလည်းဖြစ်၊ မချင့်မရဲလည်း ဖြစ်ရသည်ပါ။

"သူဌေး တကယ်ပဲ သူဌေး ဘာမှမသိဘူးလား. . ."

"ဟင်! ဘာကိုလဲ. . ."

"အောင်မြင့်ရဲ့အကြောင်းလေ. . ."

"ဒရိုင်ဘာအောင်မြင့်လား. . ."

မေးရင်း ဦးကိုကိုမှာ နားမလည်သလို ကြောင်နေမိသည်။ အသွင်၌ စိတ်ဝင်စားဟန်လည်းပေါ်လွင်နေ၍ ဦးသာထူးသည် စကားဆက်ဆိုလိုက်၏။ ဦးသာထူးစကားများအား ကြားလိုက်ရသည်တွင် ဦးကိုကိုသည် လွန်စွာမှ အံ့သြတုန်လှုပ်သွားလိုက်ရလေ၏။ တစ်ဆက်တည်းလည်း ဦးကိုကိုသည် နှုတ်ခမ်းတို့စေ့ကာ မျက်နှာထားသည် အတည်လွန်သွားရ၏၊ ပြီးတော့ အတွေးများနှင့် ငြိမ်သက်သွား၏၊ ဦးသာထူးသည်လည်း အတွေးထဲငြိမ်နေသည့် ဦးကိုကိုထံကြည့်ပြီး စကားကိုပြန်ဆက်သည်။





"တကယ်ပါ သူဌေး၊ ကျွန်တော်မလိမ်ပါဘူး၊ ကျွန်တော့်မျက်လုံးနဲ့တပ်အပ်မြင်ခဲ့တာပါ၊ ဟိုတယ်လောကတော့ ကျွန်တော်ရန်ကုန်ရောက်သွားတယ်၊ အဲဒီမှာမျှော်လင့်ဘဲ သူဌေးရဲ့ညီမနဲ့တွေ့လို့ ကျွန်တော် အဲဒီအဖြစ်အပျက်တွေကို ပြောပြလိုက်သေးတယ်. . ."

"အဟွန်း သူ့ကိုသွားပြောလို့ကတော့ အပိုပဲပေါ့ဗျာ၊ သူတို့က လင်မယားတွေပဲလေ. . ."

"ဗျာ လင်မယား. . ."

သည်တစ်ချီတော့ ဦးသာထူး အံ့သြရသည့်အလှည့်ဖြစ်သွားသည်။ ဦးကိုကိုသည် တည်ကြည်သောအသွင်ဖြင့် ဦးသာထူးထံ ကြည့်ပြီး. . .

"ဟုတ်တယ်၊ သူတို့က လင်မယားတွေ၊ သူတို့အကြံအစည်တွေကိုတော့ ကျုပ်ဘာမှမသိပါဘူး၊ ကျုပ်အနေနဲ့က စိတ်ပျက်လို့ အဲဒီကနေ ခြေရာဖျောက်ပြီး ထွက်ခဲ့လိုက်တာ၊ ကျုပ်ကို ကားနဲ့တိုက်ခဲ့ပေမယ့် ကျုပ်ကကံကောင်းတယ်၊ မသေခဲ့ဘူး၊ ဒဏ်ရာတော့ပြင်းပြင်းထန်ထန်ရသွားပါတယ်၊ ဒါကြောင့် ဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် တစ်နှစ်နီးပါးနေခဲ့ရတယ်၊ ကျုပ်ဆေးရုံကဆင်းတော့ ခြေတစ်ဘက်နဲ့ လက်တစ်ဘက်ကတော့ အကောင်းပကတိ ဖြစ်မလာတော့ဘူးပေါ့ဗျာ. . ."

"ဪ ဒါနဲ့ သူဌေးကို ဘယ်သူဆေးရုံပို့ခဲ့လဲ. . ."

"ကျုပ်ရဲ့တပည့်တစ်ယောက်ပဲ၊ ကျုပ်အဖြစ်က တကယ့်ထူးဆန်းပါတယ်၊ ကားနဲ့တိုက်တော့ ကျုပ်သတိမေ့သွားတယ်၊ ဒါပေမယ့် ကျုပ်သတိပြန်ရလာတယ်၊ သတိရလာတာနဲ့ ကျုပ်တပည့်လေးဆီကို ဖုန်းလှမ်းဆက်လိုက်တယ်၊ ကျုပ်လက်ကအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကောင်းကောင်းအသုံးချလို့ ရသေးတယ် . . .”

“ဩော် သူဌေးတပည့်က ဆေးရုံတင်ခဲ့တာပေါ့ . . .”

“ဟုတ်တယ်၊ ကျုပ်ကိစ္စတွေအားလုံး ကျုပ်ပြောသလို သူကပဲအားလုံးစီစဉ်ခဲ့တယ် . . .”

“သူဌေးရဲ့အသုဘကိစ္စကရော . . .”

“မိုင်ရှင်မဲ့တဲ့အလောင်း၊ မျက်နှာပျက်သွားတဲ့အလောင်းနဲ့ အစားထိုးခဲ့တာပါ . . .”

“ကျုပ်အိမ်ကို ကျုပ်စိတ်မျက်လွန်းလို့ အဲဒီအိမ်ကနေ အပြီးတိုင်ထွက်ခဲ့လိုက်တာ၊ ခင်မာလိုမိန်းမက စည်းစိမ်သာအဓိက၊ ကျန်တာ ဘာယ်လိုမဆိုနေလို့ တတ်တဲ့မိန်းမမျိုး၊ ကျုပ်ရဲ့သားမယား မရှိမှတော့ ကျုပ်လည်း အဲဒီအိမ်မှာမနေချင်တော့တာလည်း ပါပါ တယ် . . .”

“ဟင် သူဌေးရဲ့မိန်းမက ဘာယ်ရောက်သွားလို့လဲ . . .”

“ကျုပ်ခရီးထွက်တုန်းမှာ ကျုပ်ဇနီးနဲ့ သမီးလေးက တောဘက် အလည်သွားကြတယ်ဆိုလား၊ တောမှာ ရေနစ်ပြီးသေဆုံးကြောင်း ကျုပ်ပြန်လာတော့ သိလိုက်ရတယ်၊ ကျုပ်မယုံဘူး၊ ဒါကြောင့် ကျုပ်မိန်းမနဲ့သမီးကိုရှာတယ်၊ သူနေတဲ့အိမ်နဲ့ ကုမ္ပဏီအထိ သွားမေးတယ်၊ မရှိဘူး၊ ကျုပ်က ကျုပ်မိန်းမအကြောင်းကို အသိဆုံး၊ ကလေးငယ်ငယ်လေးနဲ့ ဘာယ်မှသွားမှာမဟုတ်ဘူး ဆိုတာ . . .

ကျုပ် ခင်မာတို လျှော့တွက်မိလိုက်တယ်၊ ဒါကလည်း ငယ်ငယ်ကတည်းက မွေးထားတယ်ဆိုတဲ့အသိနဲ့ပါ၊ ဘာဖြစ်ဖြစ် ကျုပ် သူ့ကိုမယုံဘူး၊ ကျုပ်တို့အိမ်ထောင်ရေးကိုမွှေတဲ့ အဓိက တရားခံဟာသူပဲ . . .”

“ဒါနဲ့ သူဌေးက မခင်မာနဲ့ ကိုအောင်မြိုင် လင်မယား





ဆိုတာ ဘာယ်လိုသိတာလဲ . . .”

“ကျုပ်ကလည်း ကျုပ်တပည့်လေးကို ကျုပ်အိမ်အကြောင်း အမြဲစုံစမ်းခိုင်းနေတာပဲလေ၊ ဒါကြောင့် သိတာပေါ့၊ အခု ကျုပ်တို့ အမွေခြံကြီးကိုရောင်းပြီး အိမ်ပြောင်းသွားပြီဆိုတာလည်းသိတယ်”

“ဩော် ပြောင်းသွားပြီတိုး . . .”

“ဟုတ်တယ်၊ နောက်ပိုင်း ကျုပ်လည်း ဘာမှမသိချင်တော့ ပါဘူး၊ ဒါကြောင့် ကျုပ် ဒီမှာပဲအခြေချလိုက်တယ်၊ ကျုပ်တပည့် လေးလည်း အင်္ဂလန်မှာစာသင်၊ အလုပ်လုပ်နေပါပြီ . . .”

“ဩော် . . .”

ဦးသာထူးတစ်ယောက် ဂဲတရားလုပသည့် ဦးကိုကိုအဖြစ် ကို အံ့သြစွာကြည့်နေဖြစ်ရသည်။

“ဒါနဲ့ ဦးသာထူး .ခင်ဗျားက အခုဘာယ်မှာနေလို့ ဘာတွေ လုပ်လဲ . . .”

“ကျွန်တော်လည်း ဒီအညာမှာပဲပြောင်းလာပြီးနေတာကြာ ပါပြီ၊ သားသမီးတွေလည်းကြီးလာကြပြီဆိုတော့ အလုပ်တွေဦးစီး လုပ်ကိုင်နေကြပါပြီ၊ ကျွန်တော်တို့မိသားစုတစ်ခုလုံး ပဲ၊ နှမ်းနဲ့ ရာသီပေါ်လေးတွေစိုက်ပါတယ် . . .”

“နေတော့ကော ဘာယ်မှာနေကြတာလဲ . . .”

“ကျွန်တော် ဒီမှာပဲနေပါတယ်၊ ဒါပေမယ့် ဒီနဲ့တော့ဝေးပါ တယ်၊ သူဌေးအကူအညီလိုရင်လည်း ကျွန်တော့်ကိုခိုင်းနိုင်ပါတယ်”

“ခင်ဗျားရဲ့ထွက်ကုန်တွေ ဘာယ်မှာသွင်းလဲ၊ ကျုပ်ဆီမှာ လာသွင်းလည်းရပါတယ် . . .”

“ကျွန်တော်တို့က နည်းနည်းပါးပါးပါပဲ သူဌေး၊ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီး မရှိပါဘူး. . ."

"ရပါတယ်၊ ဘယ်လောက်ပဲဖြစ်ဖြစ်ပေါ့. . ."

"ဟုတ်ကဲ့၊ သူဌေးရဲ့ဖော်ရွေမှုကို အလွန်မှကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ဗျာ . . ."

လိုက်လှဲစွာပင် ဦးသာထူးဆိုသည်။ ဦးသာထူး၏ရိုးသားပြီး ပြည့်ဝသည့် မျက်နှာဆီကြည့်ပြီး ဦးကိုကိုသည်လည်း အတွေးနှင့်ရှိနေသည်ပါ။ မှန်သည်။ လူတွင်စိတ်သည်အဓိကဖြစ်သည်။ စိတ်ထားကောင်းလျှင် အကျိုးပေးကောင်းသည်မဟုတ်ပါတကား။

x x x x x

"ချာလီ. . ."

"ရှင်. . ."

"အဟား ရှင်တဲ့၊ တကယ်နားဝင်ချိုတယ်ဗျာ၊ အဟွန်းဟွန်း. . ."

"ကိုကိုကလည်း ချာလီက မိန်းကလေးဆိုတော့ မိန်းကလေးလိုပဲပြောချင်တာပေါ့၊ ထိန်းပြောနေရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်လဲ. . ."

"သိပါတယ်ဗျာ၊ ကိုကိုကလည်း ချာလီ့ကို မိန်းကလေးတစ်ယောက်အသွင်နဲ့ လှလှပပလေးတွေ့ချင်နေပါပြီ၊ ချာလီခုလိုနေတော့ ကိုအေးကလည်း မေဇင်နဲ့သဝန်တို၊ ဒါ့အတွက် စိတ်ပင်ပန်းနေရတယ်၊ ဒါကြောင့် ချာလီ့ကိုမိန်းကလေးပါဆိုတာ လူတွေကိုသိစေချင်နေပြီ၊ ပြီးတော့. . ."





"ပြီးတော့ ဘာဖြစ်လဲဟင်. . ."

"ပြီးတော့ ကိုကိုဌေးအနေနဲ့လည်း ခုလိုတိတ်တိတ်ပုန်းနေပြီးမချစ်ချင်တော့ဘူး၊ လူတွေသိအောင် ဖော်ပြချင်ပြီ၊ လူတွေရှေ့မှာ ချစ်သူနှစ်ဦးအဝအဖြစ် ပွင့်ပွင့်လင်းလင်းနဲ့ ထင်ထင်ရှားရှားနေပြချင်တယ်၊ ခက်တာက. . ."

"ဘာက ခက်နေလို့လဲဟင်. . ."

"ခက်တာပေါ့ အချစ်ရယ်၊ မင်းလေးက အတိတ်ကိုဘာမှသတိမရတော့ ကိုကို့မှာရှေ့လည်းတိုးမရ၊ နောက်လည်းမဆုတ်နိုင်ဖြစ်နေရတာပေါ့၊ မင်းဘဝကို လူသတိမခံဝံ့သေးတော့လည်း ကိုကို့မှာ စိုးရိမ်ရ၊ သဝန်တိုနေရတာ သိပ်ခံရခိုးတယ်ကွာ. . ."

"အဟင်း ဟင်း ကိုကိုကလေ တကယ်ပဲ၊ ကိုကိုအဖြစ်သည်းနေတာနဲ့ပဲ လူတွေကသိကုန်တော့မှာ၊ ဒြော် ဒါနဲ့ ကိုကို့ကိုပြောပြရဦးမယ်. . ."

"ဟင် ဘာလဲ၊ ဘာလဲ၊ ပြောပါဦး. . ."

"ဟိုနေ့က ကိုသူရနိုင်ပြောတယ်၊ ချာလီက ယောက်ျားလေးမဟုတ်ဘူးတဲ့၊ မိန်းကလေးဆိုတာ သူသိတယ်တဲ့၊ ချာလီ့နာမည်ကချယ်ရီကိုကိုတဲ့. . ."

"ချယ်ရီကိုကို. . ."

"ဟုတ်တယ်၊ ပြီးတော့ ချာလီ့ရဲ့မေမေဆိုတာ. . ."

"ချာလီရေ့ .လာ၊ ခြံထဲဆင်းပြီး လမ်းလျှောက်ကြရအောင်"

"ဩော် မေဇင်၊ အင်း လျှောက်မယ်လေ. . ."

ချာလီတစ်ယောက် စကားဆက်ပြောမည်ပြုဆဲ မေဇင်ကတစ်ယောက်ရောက်လာ၍ ချာလီပြောလက်စ စကားကပြတ်သွားပြီး ဌေးမြင့်လတ်ရင်ခွင်ထဲမှ ကရုပ်လိုက်ရသည်။ မေဇင်ကိုမူ ဌေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



လတ်က ချာလီ့ကို ရင်ခွင်ထဲထွေးဖက်ထားသည်ကိုမြင်သော်လည်း ညီအစ်ကိုချင်းဖက်ထားသည်ဟုသာ အထင်ဖြင့် အမှတ်တမဲ့ရှိ...

"မေဇင်. . ."

ချစ်သူကိုဖက်ခေါ်သည့် အေးမြင့်လတ်ကလည်း သူတို့ အနီးရောက်လာသည်။ အေးမြင့်လတ်မှာ ချာလီနှင့်မေဇင်တို့ လက်ချင်းခွဲကိုင်ထားကြသည်ကိုမြင်တော့ မျက်နှာကမျက်သွားသည်... ညီဖြစ်ရသူကိုကြည့်ပြီး ဒွေးမြင့်လတ်ကပြုံးသည်။

"မေဇင်. .ကိုယ် မေဇင့်ကိုပြောစရာရှိသေးတယ်၊ ကိုယ်နဲ့ လိုက်ခဲ့ဦး. . ."

"ဟင့်အင်း၊ မေဇင်က ချာလီနဲ့လမ်းလျှောက်မလို့၊ လာ ချာလီ သွားမယ်. . ."

"ဟော့ကောင် ချာလီ. .မင်း. . ."

"ကိုလေးကလည်း မေဇင်က ချာလီ့ကိုခွဲတောင်ခေါ်နေတာ၊ ချာလီကလိုက်ရမှာပေါ့. . ."

"ဘာကွ၊ မင်း ဘာပြောတယ်၊ မင်း နေဦး ချာလီ၊ မင်း..."

ချာလီဆိုရင်း မေဇင်နှင့်လက်ချင်းခွဲကာ ထွက်သွားသည်တွင် အေးမြင့်လတ်သည် ဒေါသထွက်သွားရပြီး ချာလီ့ကို ဖမ်းဆွဲလိုက်သည်။ သို့သော်လည်း ချာလီ့ကိုမမိ၊ ချာလီ့နောက် ပြေးလိုက်မည်ပြင်တော့ ဒွေးမြင့်လတ်သည် ရယ်မောကာ ညီဖြစ်သူကို ဖမ်းဆွဲထားလိုက်ပြီး. . .

"ကိုအေး နေပါဦး၊ သိပ်ဒေါသမကြီးပါနဲ့ကွာ . . ."

"ကိုကိုလည်း လွန်နေပြီနော်၊ ချာလီ့ဘက်အမြဲပါတယ်၊ ကျွန်တော်သည်းမခံချင်တော့ဘူး၊ ကျွန်တော့်လည်း ချာလီ့ကို ဘယ်မှာချွဲခြားလို့လဲ၊ ကိုယ့်ညီလေးလို ချစ်တာပဲ၊ သူ့ကိုဂရုစိုက်





တာပဲ၊ တဖြည်းဖြည်းနဲ့ သူကရောင့်တက်လာပြီ၊ ကိုကိုရွေး သိလား၊ အခုလည်းကြည့် ကျွန်တော့်ချစ်သူကိုတောင်. . ."

"အဟွန်း ဟွန်း အေးပါကွာ၊ ကိုအေး စိတ်အေးအေးထားပါ၊ အားလုံးစိတ်ထဲမှာ ရှင်းလင်းသွားအောင် ကိုကိုရှင်းပြပါမယ်၊ ချာလီ့ကို ဘာမှအထင်မလွဲပါနဲ့ငါ့ညီရာ. . ."

"အထင်မလွဲနဲ့ ဟုတ်လား၊ ကိုကိုရှင်းပြမယ်ဆိုတာ ချာလီနဲ့မေဇင်တို့သွားသွားမှုလား၊ ဖယ်ဗျာ. .ကျွန်တော်အခုပဲ ဒီကောင်နဲ့ ပြတ်ပြတ်သားသား စာရင်းသွားရှင်းတော့မယ်၊ ကျွန်တော် ဒီအတိုင်း ဆက်ပြီးတော့ သည်းခံမနေနိုင်တော့ဘူး. . ."

"ကဲ ကဲ အေးပါကွာ၊ အေးပါ၊ ကိုကို ခုပဲရှင်းပြမယ်၊ ဘယ်လိုလဲ၊ လက်ခံမလား. . ."

"ပြောလေ၊ ကိုကိုဘယ်လိုရှင်းပြမှာလဲ. . ."

"စိတ်လျှော့လိုက်ပါ ငါ့ညီရာ၊ ကိုကိုတာဝန်ယူတယ်၊ ကိုကို အာမခံတယ်၊ ကဲ မကျေနပ်သေးဘူးလား. . ."

"မရဘူးဗျာ၊ ကိုကို သူ့ကိုအခုခေါ်ပြီး မေဇင်နဲ့မတွဲဖို့ ခုပဲပြောလိုက်ပါ. . ."

"အေးပါ အေးပါ၊ ကောင်းပြီ ကိုကို ခုပဲသူတို့နောက်ကို လိုက်ပြီးပြန်ခေါ်လာခဲ့ပါ့မယ်. . ."

"ကိုကို ဒီနေ့ဒီကိစ္စကို အပြတ်ရှင်းပေးပါ၊ နို့မဟုတ်ရင်တော့ ဒီကောင့်ကို ကျွန်တော်တကယ်ထိုးမိတော့မယ်၊ ကျေးဇူးမသိတဲ့ကောင်. . ."

"အေးပါကွာ၊ ငါ့ညီစိတ်လျှော့ပါလို့ ကိုကိုပြောနေတာ မဟုတ်လား၊ မင်းမျက်နှာ ဒီလိုတင်းမာမနေပါနဲ့ကွာ၊ စိတ်လျှော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ကိုကိုအခုသွားခေါ်မယ်၊ ဟုတ်ပြီလား. . ."

ဌေးမြင့်လတ်တစ်ယောက်ဆိုရင်း ညီဖြစ်သူကို ပခုံးပုတ်နှုတ်သိမ့်ကာ အိမ်ထဲမှထွက်သွားလိုက်တော့သည်။ အေးမြင့်လတ်ကား အစ်ကိုဖြစ်သူမည်သို့ရှင်းမည်နည်းဟူသော အတွေးနှင့် ဒေါသတွေနှင့် အစ်ကိုဖြစ်သူနောက်ကျောအား လှမ်းကြည့်ကျန်ရစ်ခဲ့လေ၏။

× × × × ×

အောက်ထပ်ဧည့်ခန်းကြီးတွင် လူတွေကစုံနေသည်။ မှန်သည်။ ဌေးမြင့်လတ်၊ အေးမြင့်လတ်၊ မေဇင်ကိုနှင့် အိမ်အလုပ်သမားတွေအားလုံး ဧည့်ခန်းကြီးထဲတွင် စောင့်နေကြရ၏။ ဘာလဲဟူသော စိတ်မရှည်သည့်အကြည့်တွေနှင့် အေးမြင့်လတ်က အစ်ကိုဖြစ်သူဌေးမြင့်လတ်ထံ ကြည့်သည်။ ဌေးမြင့်လတ်သည်က အေးဆေးစွာပင် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်၍နေ၏။ ထိုအခိုက်မှာပင် အပေါ်ထပ်မှ ချာလီတစ်ယောက်ဆင်းလာသည်ကို အလုပ်သမားတွေက ဦးစွာတွေ့မြင်လိုက်ကြရ၏။

"ဟာ!. . ."

"ဟင်!. . ."

အံ့ဩကုန်နိုင်ဖွယ်အောင် ဖြစ်သွားကြသည်။ ဒေါ်ချစ်၊ မတူးနှင့် ဦးထော်တို့သုံးယောက်မှာ ကြမ်းထက်ထိုင်နေကြရာမှ အလန့်တကြားလို ထရပ်ဖြစ်လိုက်ကြသည်။ တစ်ဆက်တည်းပင် အေးမြင့်လတ်နှင့်မေဇင်တို့ပါ ချာလီကိုတွေ့သွားကြသည်။

"ဟင်!. . ."





"အို ချာလီ. . ."

ဆိုဖာထက်မှ အေးမြင့်လတ်နှင့်မေဇင်တို့လည်း ပြိုင်တူထရပ်လိုက်ကြပြီး အေးမြင့်လတ်မှာ မှင်သက်နေမိ၏။ မေဇင်ကိုကမူ အံ့သြစွာဖြင့် ချာလီ့ကိုခေါ်ရင်း မှင်သက်ငေးမောသွားသည်။ ထိုအခါမှပင် ဌေးမြင့်လတ်သည် လက်ထဲမှစာအုပ်ကိုချလိုက်ပြီး ထိုင်ရာမှထကာ ချာလီ့အနီးလှမ်းခဲ့ပြီး ချာလီ့ပုခုံးလေးကို သိုင်းဖက်ထားလိုက်ရင်းက. . .

"အဟွန်း၊ ကဲ ကိုအေး. .ကိုကိုထပ်ပြီးရှင်းပြဖို့လိုသေးလား"

ဌေးမြင့်လတ်ဆိုသည့်တိုင် အားလုံးမှာ နှုတ်ခမ်းတွေဟာဟရှိသည်အထိ မှင်သက်စွာရှိနေကြပါသေး၏။ ပြီးမှ အေးမြင့်လတ်သည် ချာလီ့ထံလက်ညှိုးထိုးလာရင်း. . .

"ချာ. .ချာလီက. . ."

"ဟုတ်ပါတယ် ကိုလေး၊ ချာလီရဲ့ဘဝမှန်က မြင်တဲ့အတိုင်းပါပဲ. . ."

ချာလီဆိုရင်း ပြုံးသည်။ မှန်သည်။ ကျောလယ်ခန့်ရှိသည့်ဆံပင်တွေက လှိုင်းကလေးတွေလိုရှိပြီး ဖြာဝဲကျနေ၏။ ချောကလက်ရောင်ဖျော့ဖျော့ မိန်းမဝတ်စပို့ရှပ်နှင့် ပိုးပျော့သားထမီလေးကို ဝတ်ထားသည့် ချာလီ့အသွင်လေးသည် ကောက်ကြောင်းလေးထင်ရှားစွာ အလှကြီးလှပကျော့ရှင်းနေရတော့သည် မဟုတ်ပါတကား။

"ချာလီရယ် လှလိုက်တာ၊ သိပ်လှတာပဲ၊ လှသလောက်ချစ်စရာလည်းကောင်းတယ်၊ ခုမှ ကိုကိုဌေးကိုလည်း မေဇင် သဘောပေါက်သွားပြီ အဟင်း ဟင်း. . ."

မေဇင်ဆိုရင်း ပြုံးတော့ အေးမြင့်လတ်ပါ အံ့ဩဟန်မပျောက်သေးသည့် အပြုံးတွေနှင့်ရှိလာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ချာလီ. .မေဇင်တော့ ခုမှပဲပြီး တအားကိုပျော်သွားတာပဲ၊ မေဇင့်မှာ မိန်းကလေးအပေါင်းအသင်းမှမရှိတာ၊ ခုတော့ ချာလီရှိပြီ၊ မေမေသိရှင်လည်း အရမ်းပျော်မှာပဲ၊ ပြီးတော့ အရမ်းလည်း အံ့သြသွားမှာ၊ အဟင်း ဟင်း ချာလီ. .မေဇင်နဲ့ အိမ်ကိုလိုက်ခဲ့ဦးနော်၊ မေမေ့ကိုသိပ်အံ့သြသွားအောင် ပြလိုက်ချင်လို့၊ ပြီးတော့ ချာလီနဲ့ မေဇင်နဲ့ မိန်းကလေးချင်းအဖော်ရသွားပြီဆိုတော့ မေမေလည်း ပျော်သွားမှာပဲ၊ ကဲ လာ လာ၊ ပြောနေကြတယ်၊ မေဇင်တို့ခြံအကိသွားလိုက်ကြရအောင်. . ."

မေဇင်ဆိုရင်း ငွေမြင့်လတ်လက်ထဲမှ ချာလီ့ကိုဆွဲခေါ်သွားလိုက်တော့သည်။ အားလုံးမှာ အံ့သြခြင်း၊ ပျော်ရွှင်ခြင်းတွေနှင့် ချာလီ့နောက်ကျောလေးဆီ ငေးကြည့်ကျန်ရစ်ခဲ့ကြသည်ပါ။ ချာလီနှင့် မေဇင်တို့လည်း တစ်အကိခြံသို့ ရောက်လာခဲ့ကြသည်။

"မေမေ. .မေမေ. . ."

"ဟဲ့ သမီး၊ ဘာဖြစ်လို့လဲ၊ ဘာလဲ. . ."

"မေမေ့ကိုမျက်လှည့်ပြမလို့. . ."

"ဩော် ဒီကောင်မလေး၊ မအေကို. . ."

"တကယ်ပြောတာ မေမေရဲ့၊ ခဏလေးနော်. . ."

မေဇင်ဆိုရင်း အကွယ်လေးတွင်ရပ်ကျန်နေခဲ့သည့် ချာလီ့လက်ကလေးကို သွားရောက်ဆွဲခေါ်လိုက်သည်။ ရှည့်စန်းထဲ အရောက်မတော့. . .

"မေမေ. .ဒီမှာဘယ်သူလဲဆိုတာ ကြည့်ပါဦး. . ."

"ဟင်! ဟဲ့. . ."

ဒေါ်ခင်မာကား အံ့သြခြင်းထက် ထိတ်လန့်သွားခြင်းပါမှန်သည်။ ဒေါ်ခင်မာသည် ချာလီ့အားတွေ့မြင်ရခိုက် ရတနာမျှား





စစ်ဆေးကြည့်ရှုနေသည့် လက်ထဲမှ မှန်ဘီလူးပင် ပြုတ်ကျသွားလိုက်ရသည် မဟုတ်ပါတကား။ ဒေါ်ခင်မာမှာ မည်မျှတုန်လှုပ်ထိတ်လန့်သွားရသည်မသိ၊ ဘဝင်ကိုပင် ဖိထားလိုက်ရသည်။

"အဟင်း ဟင်း. .မေမေ သိပ်အံ့သြသွားတယ်မဟုတ်လား၊ သိတယ်၊ သိတယ်၊ မေမေလည်း သိပ်အံ့သြသွားမယ်ဆိုတာ၊ အခုမေဇင်လည်း မိန်းကလေးအဖော်ရသွားရပြီနော် မေမေ၊ မေဇင် တော့ အရမ်းကိုပျော်သွားတာပဲ အဟင်း ဟင်း. . ."

မျက်စိမျက်နှာပျက်လုခမန်း ဒေါ်ခင်မာတစ်ယောက် တုန်လှုပ်နေသမျှ မေဇင်ကိုကား မသိရှာ၊ အံ့သြနေသည်ဟူသော အထင်နှင့် စကားတွေကိုဆိုနေလေ၏။

"မင်း မင်းက. . ."

"အဟင်း ချာလီကယောကျ်ားလေးမဟုတ်ဘူး မေမေ၊ မိန်းကလေးပါ၊ တကယ့်မိန်းကလေးစစ်စစ်ပါ၊ မေမေကိုင်ကြည့်လို့ရတယ်၊ မယုံရင်ကိုင်ကြည့်. .အဟင်း ဟင်း. . ."

မေဇင်ကား ပျော်ရွှင်၍မဆုံး၊ ဒေါ်ခင်မာသည်က ချာလီ့ထံကြည့်ပြီး ထိန်းနေသည့်ကြားမှ ကတုန်ကရင်ပင်ဖြစ်လာရသည်။ နောက်ဆုံး ဒေါ်ခင်မာသည် ပစ္စည်းတွေကို သိမ်းလိုက်ပြီး. . .

"ကဲ ကဲ သမီးတို့ အေးဆေးနေကြဦးနော်၊ မေမေအပေါ်တက်ပြီး ပစ္စည်းတွေသွားသိမ်းဦးမယ်. . ."

"ဟုတ်ကဲ့ မေမေ. . ."

ဒေါ်ခင်မာသည် အပြုံးနုနုလေးနှင့်ရှိနေသည့် ချာလီ့မျက်နှာလေးဆီ မသိမသာစူးစိုက်ကြည့်လိုက်ပြီးမှ တုန်လှုပ်ရလွန်းသောစိတ်ကြောင့် ခြေလှမ်းတွေပင် မှားမတတ်ရှိကာ အပေါ်ထပ်သို့ တက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"အောင်မြိုင်. .အောင်မြိုင်၊ ဒီအကောင်. . ."

ဒေါ်ခင်မာတစ်ယောက် အခန်းထဲတွင်အိပ်နေသည့် ခင်ပွန်းသည်အား ဒေါသတွေဖြင့်ကြိမ်းဝါးရင်း အခန်းထဲသို့ပြန်ရောက်လာခဲ့လေ၏။ အခန်းထဲအရောက်မတော့ ဒေါ်ခင်မာသည် အိပ်မော ကျနေသည့် ဦးအောင်မြိုင်ကို ဆံပင်မှဆောင့်ဆွဲကာနိုးလိုက်ပြီး—

"ဟာ ဟာ အမလေး၊ မိန်းမ. .ဘာဖြစ်လာတာလဲ. . ."

"အေး ဒီမှာ အခုရှင့်ကိုပြောမလို့ပဲ. . ."

"အာလဲကွာ. . ."

"ရှင်ပြောစမ်း၊ မိစုလတ်တို့သားအမိကိစ္စ ကျွန်မခိုင်းတာ ရှင်သေချာလုပ်ခဲ့တာ အမှန်ပဲလားဆိုတာ ပြောစမ်းပါ. . ."

"ဟာ ဘာများလဲလို့ မိန်းမရာ၊ သေချာလုပ်တာပါကွ ကိုယ့်တပည့်တွေက အားလုံးလက်မရွံ့တွေချည်းပဲ၊ နှစ်တွေ ဘယ်လောက်ကြာနေပြီလဲ၊ မင်းက ခုမှဘာအိပ်မက်မက်နေတာလဲ"

"အိပ်မက်ဆိုရင်တော့ ကောင်းတာပေါ့ရှင်၊ အခု ရှင် အောက်မှာဆင်းကြည့်လိုက်ဦး၊ မိစုလတ်လိုလို ကိုကိုလိုလိုနဲ့ ယော လာတဲ့ရုပ်က တစ်ပုံစံတည်းပဲ၊ သွား သွား အခုရှင်သွားကြည့်—

ဒေါ်ခင်မာဆိုရင်း ဦးအောင်မြိုင်အား အခန်းထဲမှဆွဲထုတ် လိုက်သည်။ စိတ်ရှုပ်ရှုပ်နှင့် အောင်မြိုင်တစ်ယောက် အခန်းထဲ ထွက်သွားသည်မတော့ ဒေါ်ခင်မာသည် စိတ်မငြိမ်သက်ခြင်းတွေနှင့် တွေးတောကျန်ရစ်ခဲ့လေ၏။

"ငါတော့မယုံဘူး၊ တကယ်ဆိုရင် ဒီရုပ်ကဘာကြောင့် ဒီလောက်တူနေရမှာလဲ၊ မိစုလတ်တို့သားအမိ ရှိကိုရှိနေရမယ်





အောင်မြိုင်ဆိုတဲ့အကောင်က သူလုပ်တာမှမဟုတ်တာ၊ သူ့တပည့်တွေကို လုပ်ခိုင်းတာဆိုတော့၊ အို ဒီမိစုလတ်တို့သားအမိ ရှိကိုရှိနေစေရမယ်၊ ဒီသားအမိဘယ်မှာရှိမလဲ၊ ဟို သူ့အမေရဲ့လင်ပါသားဆိုတဲ့အိမ်မှာပဲရှိမလား၊ ဘာပဲဖြစ်ဖြစ် ငါ အဲဒီအိမ်ကို သွားကြည့်ရင်ကောင်းမယ်ထင်တယ်၊ ဟုတ်တယ်၊ ဘာဖြစ်ဖြစ် ငါသွားကြည့်မယ်. . .

ဟင်း မိစုလတ် မိစုလတ်၊ ညီးက ငါ့ဘဝကိုဒုက္ခပေးခဲ့တယ်၊ အခု ညီးသမီးက ငါ့သမီးရဲ့ဘဝကို ဒုက္ခပေးဖို့ဖြစ်လာဦးမယ်၊ ဟင်း တွေ့ကြရသေးတာပေါ့အေ. . .

ဒေါ်ခင်မာတစ်ယောက် တစ်ကိုယ်တည်းစိတ်ထဲမှ ရေရွတ်လိုက်ပြီး ဆုံးဖြတ်ချက်ကိုပါချလိုက်၏။ သည့်နောက်မတော့ ဒေါ်ခင်မာသည် မည်သူမျှမသိအောင် အိမ်မှကားမောင်းထွက်ခဲ့လိုက်လေ၏။

× × × × ×

သူရနိုင်တစ်ယောက် အရက်တွေမူးနေသည့်မှာ အလွန်အကျွံဖြစ်နေ၏။ မှန်သည်။ တကယ်တော့ သူရနိုင်သည် အရက်နှင့် လုံးဝမတည့်၊ စိတ်ရောဂါအခံရှိနေသည့် သူရနိုင်အား စိတ်ကျန်းမာရေးဆေးရုံမှ ဆရာဝန်က အရက်မသောက်ရန် မှာကြားထားသည်။ အရက်သောက်လျှင် သူရနိုင်၏အခြေအနေသည် ပို၍ဆိုးမည်ဟု ဆိုထား၏။ သို့သော် သူရနိုင်ကား ပင်ကိုယ်ကလည်း တစ်ကိုယ်ကောင်းဆန် တဇွတ်ထိုးလုပ်တတ်သည့်ညဉ်က ရှိသည်။

ပြီးတော့ သူရနိုင်သည် ငယ်စဉ်ကတည်းက မိဘများ၏ ဆိုဆုံးမမှုကို လက်မခံတတ်၍ မိဘများအား မကျေနပ်သည့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပြင်းထန်စွာရှိသည်။ ပို၍ဆိုးသည်က သူရှိန်သည် စိတ်ရောဂါအခံရှိနေ၍ ဖခင်ကြီးက မိမိသားအား စိတ်ကျန်းမာရေး ဆေးရုံကြီးသို့ ဖြစ်အောင်ပို့ပေးပြီး ဆေးကုခိုင်းခဲ့သည်။ စည်းစိမ်တွေကို နှစ်ပုံခွဲ၍ သူရှိန်နှင့် ဒေါ်စုလတ်တို့သားအမိအား အညီအမျှခွဲဝေပေးခဲ့သည်။ သို့သော် သူရှိန်၏စည်းစိမ်များအား ရှေ့နေဖြစ်သူ ချယ်ရီကိုကိုအား ထိန်းသိမ်းစောင့်ရှောက်ထားခိုင်းပြီး ရောဂါ ကုပြီး ပျောက်ကင်းမှပေးအပ်ရန်နှင့် သူရှိန်အသုံးအတွက် လိုအပ်လျှင် ချယ်ရီကိုကိုထံ လက်မှတ်ထိုးပြီးယူရန် စီစဉ်သွားခဲ့၏။

ထိုသို့သော အစီအစဉ်အတွက် သူရှိန်က လုံးဝမကျေနပ်၊ ဟိုစဉ်ကတည်းကလည်း ဖခင်၏အရေးပေးခြင်းခံရသည့် ဒေါ်စုလတ်တို့သားအမိကို သူရှိန်မကျေနပ်ခဲ့၊ ယခုကဲ့သို့ အမွေကိစ္စစီစဉ်ခဲ့တော့ သူရှိန်ပို၍ ခံပြင်းရသည်။ သည့်အတွက် သူရှိန်သည် ဒေါ်စုလတ်တို့သားအမိအား အမြဲလိုစောင်မြောင်းရန်ရှာနေခဲ့ခြင်းပါ။ နောက်ဆုံး မိဘများမရှိတော့သည့်နောက်မတော့ သူရှိန်အကြိုက် သဘောအတိုင်းဖြစ်သွားရ၏။

သူရှိန်လက်ထဲမှ သူရှိန်ပြုသမျှ ဒေါ်စုလတ်ခံနေရသည်။ ချယ်ရီကိုကိုက ပျောက်ဆုံးနေ၍ သူရှိန်သည် ပို၍ဒေါသထွက် ခံပြင်းနေ၏။ ချယ်ရီကိုကိုအား ဒေါသထွက်လေ ဒေါ်စုလတ်တစ်ယောက် ပို၍ခံရလေပင်ဖြစ်သည်။ ယခုလည်း သူရှိန်သည် ဒေါ်စုလတ်အား အော်ကြီးဟစ်ကျယ် ပြောဆိုရေရွတ်ရင်း ရိုက်နှက် ကန်ကြောက်ခဲ့ပြီးနောက် မူးနေပြီဖြစ်သော်လည်း ထပ်၍သောက်သည်။ သူရှိန်သည် မူးနေပြီဖြစ်သော်လည်း လဲတော့ဖြင့် မကျသေးပါ။

မှန်သည်။ သူရှိန်တစ်ယောက် ညွှန်ခန်းကြီးထဲ တစ်ကိုယ်





တည်း အရက်တွေသောက်နေဆဲအချိန်များ၌ ဒေါ်ခင်မာကား သူရှိန်၏ အသင့်မွှင့်နေသောခြံကြီးထဲသို့ ကားလေးအား မောင်းဝင်ခဲ့လေ၏။ ခြံထဲအရောက်၌ ဒေါ်ခင်မာသည် ခြံထဲတစ်နေရာရှိ ပန်းခြံရှေ့၌ပင် ကားကိုရပ်ခဲ့ပြီး စိတ်ကူးနှင့် တိုက်ကြီးဆီသို့ လှမ်းခဲ့၏။ ဒေါ်ခင်မာခြေလှမ်းများ ဦးတည်နေသည်က တိုက်ကြီး၏အနောက်ဘက် မီးဖိုဆောင်ရှိသည့်ဘက်သို့ဖြစ်၏။

တစ်ဆက်တည်းမှာပင် တိုက်ကြီး၏အပေါ်ထပ်ရှိ ဒေါ်စုလတ်အခန်းထဲတွင်မလည်း ဒေါ်စုလတ်သည် နာကျင်စွာငိုရှိုက်ရင်းမှ အရူးတစ်ယောက်သော့ခတ်ထားသည့် သံမန်းတံခါးဆီရောက်ပြီး ခွဲခါ လိုက်သည်။ ထိုအခါ မမျှော်လင့်ဘဲ အံ့ဩစရာကောင်းအောင် သံကြိုးနှင့် သော့ခတ်ထားသည့်သော့က ပြုတ်ထွက်သွားသည်ကို တွေ့၍ ဒေါ်စုလတ်သည်ပင် မှင်တက်ကာ ငေးကြောင်သွားရ၏။ မှန်သည်။ သူရှိန်သော့ခတ်သွားသည်မှာ မသေချာကြောင်း ဒေါ်စုလတ် သဘောပေါက်လိုက်သည်။

သည့်နောက်မတော့ ဒေါ်စုလတ်သည် အာမှဲ့စွေးမနေပါတော့၊ မိမိအားချုပ်နှောင်ထားသည့် အခန်းထဲမှ ပြေးထွက်ခဲ့လိုက်တော့သည်။ ဒေါ်စုလတ်က သူရှိန်သည် ညွှန်ခန်းထဲတွင် အရက်သောက်တတ်သည်ကိုသိထား၍ အနောက်ဘက်လှေကားမှ ဒေါ်စုလတ်ဆင်းခဲ့လိုက်၏။ တစ်ဆက်တည်းမှာပင် ဒေါ်ခင်မာသည်လည်း မီးဖိုဆောင်ဘက်သို့ ရောက်လာသည်။ ဒေါ်ခင်မာသည် မီးဖိုဆောင်တံခါးမှ မီးဖိုဆောင်ထဲသို့ ဝင်ခဲ့သည်။

"မီးဖိုဆောင်က ဒီလောက်သန့်ရှင်းနေပုံရရင် ထမင်းဟင်း ချက်ပုံမပေါ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်ထဲ ဟိုဒီကြည့်ကာ မှတ်ချက်ချပြီး ဒေါ်ခင်မာသည် ထမင်းစားခန်းထဲသို့ လှမ်းဝင်ခဲ့သည်။ သန့်ပြန့်ပြီး ရှင်းလင်းနေသည့် ထမင်းစားခန်းဆောင်ထဲ အရောက်မတော့ . . .

"ဟင်! . . ."

ခြေသံကြား၍ ဒေါ်ခင်မာတစ်ယောက် လှည့်ကြည့်လိုက်သည်မတော့ အဝတ်တွေနွမ်းရော်ကာ ဖရိုဖရဲနှင့် ဆံပင်တွေ ဖွာလန်ကျဲကာ ရုပ်မပေါ်အောင်ဖြစ်နေသည့် မိန်းမတစ်ယောက် သေပြေးရှင်ပြေး ပြေးထွက်လာသည်ကိုတွေ့လိုက်ရ၍ ဒေါ်ခင်မာလန့်သွား၏။

"အမေ့ . .ဟင် ရှင်ဘယ်သူလဲ၊ ရှင်ဒီကိုမလာနဲ့၊ ရှင်ဒီကနေမြန်မြန်ထွက်သွား၊ ထွက်သွားပါ၊ ရှင် ပြေး ပြေး အန္တရာယ်ရှိလို့ပြောတာပါ. . ."

ဒေါ်စုလတ်ကား အမောတကောဆိုရင်း မီးဖိုထဲမှ အလွတ်မင်ပြေးထွက်သွားလိုက်ပါတော့၏။

"အရူးမထင်တယ်၊ ဒီအိမ်ထဲထိ ဘယ်လိုရောက်လာလဲ မသိဘူး၊ အေးလေ ခြံတံခါးလည်းမပိတ်ထားတော့ အရူးမလည်းစွတ်ဝင်လာတယ်နဲ့တူပါတယ်. . ."

သေပြေးရှင်ပြေးလို ထွက်ပြေးသွားသည့် ဒေါ်စုလတ်နောက်ကျောဆီသို့ ရှုံ့မဲ့ကာကြည့်ပြီး ဒေါ်ခင်မာ ခေါင်းတရမ်းရမ်းရှိကာဆိုသည်။ ဒေါ်ခင်မာသည် ထမင်းစားခန်းထဲမှ စမ်းတဝါးဝါးဖြင့် ဧည့်ခန်းဆီသို့ လှမ်းထွက်လာဆဲအချိန်များ၌ အပေါ်ထပ်ဘွင်ကား ဒေါ်စုလတ်အခန်းထဲဝင်သွားသည့် သူရှိန်တစ်ယောက် ဒေါ်စုလတ်ကိုမတွေ့တော့၍ ယမ်းပုံမီးကျဒေါသတွေထွက်ပြီး အောက်ထပ်





သို့ ဖယ်ဒယိုင်ဖြင့် ပြန်ဆင်းခဲ့သည်။ အောက်ထပ်ရှိရေကူးကန်ရှိသည့် ဧည့်ခန်းထဲအရောက်မတော့ ဧည့်ခန်းထဲရောက်လာသည့် လှပသားနားနေသည့် ဒေါ်ခင်မအား သူရှိန်တွေ့လိုက်ရသည်တွင်...

"ဩော် အဟား. .ကာယ်တင်ရှင်လား၊ ခင်ဗျားက ကယ်တင်ရှင်လား၊ ပြောစမ်း. . ."

"ရှင်၊ ကိုသူရှိန်. . ."

"အေး ငါ သူရှိန်ပဲ၊ ခင်ဗျားက ဘာလဲ၊ ဘာကောင်မလဲ၊ မိစုလတ်ကိုလာပြီး ခေါ်ထုတ်သွားရအောင် ခင်ဗျားနဲ့မိစုလတ်က ဘာတော်စပ်သလဲ. . ."

"ရှင်! မိစုလတ် ဟုတ်လား၊ ဒါဆို စုန . . ."

သူရှိန်စကားကြားလိုက်မှပင် ဒေါ်စုလတ်တစ်ယောက် လောကကြီးတွင် သက်ရှိထင်ရှားရှိနေကြောင်းအား ဒေါ်ခင်မာသည် တုန်လှုပ်အံ့ဩစွာသိရှိသွားလိုက်ရပါတော့သတည်း။

"အေး မိစုလတ်၊ မိစုလတ်၊ ငါသိပ်မုန်းတဲ့မိစုလတ်ကို သားအမိ အခုနှင့်ကြောင့် ငါ့လက်ကလွတ်သွားပြီ၊ နင်ကဘာလဲ၊ ဘာကောင်မမို့လဲ၊ ကဲ လာခဲ့ ကယ်တင်ရှင်မကြီး၊ မိစုလတ်အစား နင်ပေးဆပ်ရမယ်. . ."

"အို အို မဟုတ်ဘူး၊ မဟုတ်ဘူး၊ လွှတ် လွှတ် လွှတ်"

ဒေါ်ခင်မာတစ်ယောက် အော်ဟစ်ရုန်းကန်သော်လည်း မရပါတော့။

"ဟဲ့ အရူး လွှတ်. .လွှတ်စမ်း. . ."

"ဟား ဟား ဟား. . ."

ဒေါ်ခင်မာတစ်ယောက် ခုမှသူရှိန်အကြောင်းအား ကောင်းကောင်းကြီးသိလိုက်ရပါပြီ၊ မှန်သည်။ ဒေါ်ခင်မာသည် တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလေးလိုက်ရပြီးမှ သူရှိနိုင်အကြောင်းအား သိရှိလိုက်ရခြင်းပါတည်း။

x x x x x

ဓနီးဖြစ်သူဒေါ်ခင်မာတစ်ယောက် ဘယ်ထွက်သွားမှန်း မသိ၍ ဦးအောင်မြိုင်စောင့်နေဆဲမှာပင် ဒေါ်ခင်မာသည် အိမ်သို့ပြန်ရောက်လာလေ၏။ ဆင်ဝင်အောက်၌ ကားရပ်လိုက်သည်နှင့် ဦးအောင်မြိုင်သည် ပြေးထွက်၍ကြိုသည်။

"ခင်မာ. .ခင်မာ. .မိန်းမ ဘယ်သွားနေတာလဲ၊ ခင်မာ ခင်မာ ဘာဖြစ်လို့လဲ. . ."

ကားပေါ်မှရုတ်တရက်မဆင်းဘဲ ငိုင်နေသည့် ဒေါ်ခင်မာထံကြည့်ပြီး အံ့သြစွာ တတွတ်တွတ်မေးနေဖြစ်သည်။ မှန်သည်။ ဒေါ်ခင်မာသည် ထိတ်လန့်တုန်လှုပ်ခြင်းများကြောင့် အိမ်ရောက်သည်တွင် အားအင်များပင် ဆုတ်လျော့ဟန်ရှိနေရပါသတည်း။

"မိန်းမ. .မိန်းမ၊ လာ လာ ဘာဖြစ်လို့လဲ. . ."

ဦးအောင်မြိုင်ဆိုရင်း ကားပေါ်မှ ဒေါ်ခင်မာကိုတွဲခေါ်ခဲ့သည်။ ပြီးတော့အပေါ်ထပ်အိပ်ခန်းဆီ ပွေ့ချီခေါ်ခဲ့လိုက်၏။ အခန်းထဲအရောက် အိပ်ယာထက်တွင် ဒေါ်ခင်မာကိုချလိုက်ပြီး. . .

"မိန်းမ. .ဘာတွေဖြစ်လာလဲဆိုတာ ပြောစမ်းပါဦး၊ မိန်းမကြည့်ရတာ လိပ်ပြာလွင့်လာသလိုပဲ. . ."

ခင်ပွန်းသည် ဦးအောင်မြိုင်မေးသည်။ ဒေါ်ခင်မာသည် ခင်ပွန်းသည်ထံကြည့်ပြီး အရှက်တကွဲအကျိုးနည်း ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်တွေစီးကျလာ၏။





"မိန်းမ. .မိန်းမရယ် ရင်ထိတ်လိုက်တာကွာ၊ ပြောစမ်းပါ၊ ဘာတွေဖြစ်ခဲ့လဲ၊ မြန်မြန်ပြောစမ်းပါ. . ."

ခင်ပွန်းသည်က တတွတ်တွတ်မေးသည်။ ဒေါ်ခင်မာသည် ခင်ပွန်းသည်ထံ အတန်ကြာကြည့်နေပြီးမှ. . .

"ကိုအောင်မြိုင်. . ."

"ဘာလဲ မိန်းမရယ်. . ."

"ရှင် မှန်မှန်ပြောစမ်းပါ၊ ရှင့်ကိုကျွန်မခိုင်းတဲ့အလုပ်ကို ရှင် သေချာလုပ်ခဲ့ရဲ့လားဆိုတာ. . ."

"ကိုယ်ကတော့ တပည့်တွေကို သေချာခိုင်းလိုက်တာပဲ၊ ဘာဖြစ်လို့လဲမိန်းမ. . ."

"ဘာဖြစ်ရမလဲ၊ အခုမိစုလတ်တို့သားအမိက မသေဘဲ ထင်ထင်ရှားရှားကိုရှိနေကြတယ်ရှင့်၊ ရှင် သိလား၊ သေချာသွားပြီ သိပ်ကိုသေချာသွားပြီ. . ."

"ဘာတွေပြောနေတာလဲ မိန်းမရယ်၊ သေချာလို့လားကွာ"

"ကျွန်မမျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တာ၊ ကျွန်မနားနဲ့ တပ်အပ်ကြားခဲ့တာ၊ ရှင့်ကို ကျွန်မသတ်ပစ်ချင်နေတာ ရှင်သိလား၊ ရှင်ဟာ ဘယ်လောက် အသုံးမကျတဲ့ယောကျ်ားလဲဆိုတာ တစ်နေ့ထက် တစ်နေ့ ပိုပြီးသိသိလာရလို့ ရှင့်ကို ကျွန်မသတ်မိတော့မယ်. . ."

ဒေါ်သတွေနှင့် ဇနီးဖြစ်သူက ကြိမ်းဝါးတော့လည်း ဦးအောင်မြိုင်တစ်ယောက် လန့်ရသည်တအမှန်၊ တစ်ဆက်တည်းလည်း ဦးအောင်မြိုင်သည် မိမိငွေပေးခိုင်းခဲ့သည့်အလုပ်တွေကို ပြန်စဉ်းစားသည်။ ဇနီးသည်ကလည်း ဒေါ်သတွေနှင့်ပြောဆိုနေ၍ ဦးအောင်မြိုင်မှာ စဉ်းစားမရဖြစ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ. .ကိုယ် ဟိုကောင်တွေကို ပြန်ရှာပြီး အဲဒီကိစ္စ သေချာပြန်စုံစမ်းဦးမယ်ကွာ. . ."

တော်. .ရှင် ခုမှ ဘာမှစုံစမ်းမနေနဲ့၊ ရှင်လုပ်တာ အစကတည်းက သေချာရင် ဒီလိုတွေဖြစ်မလား၊ သွား အခုရှင်ထွက်သွား၊ ရှင့်ကို ကျွန်မ မတွေ့ချင်ဘူး၊ အသုံးမကျတဲ့ယောက်ျားထွီ..."

ဒေါ်ခင်မာတစ်ယောက် ဒေါသတွေနှင့်ဆိုပြီး နောက်ဆုံးစိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် ခေါင်းအုံးနှင့်မျက်နှာအပ်ကာ ငိုရှိုက်မိတော့သည်။ ဦးအောင်မြင့်သည်လည်း မယားကိုလည်းလန့်၍ ကိစ္စတွေကိုလည်း စုံစမ်းရန်အတွက် အိမ်မှထွက်သွားလိုက်လေ၏။

× × × × ×

ညကိုးနာရီ၊ ဒေါ်စုလတ်ကား ဘယ်ကိုသွား၍သွားရမည်မှန်းမသိအောင် ရှိနေရချေ၏။ လက်ရှိမိမိရောက်နေသည့်နေရာကိုလည်း မသိ၊ အားအင်ကလည်းပြတ်၊ ဗိုက်ကလည်းဆာ၊ ရေကလည်းငတ်၊ တစ်ကိုယ်လုံးကလည်း အရူးမတစ်ယောက်ကမှ မိမိထက်စာလျှင် ကြည့်ရှု၍ကောင်းနေဦးမည့် အခြေအနေပါ။ ထိုသို့သော ရုပ်ဆင်းသဏ္ဌာန်မျိုးနှင့် ဒေါ်စုလတ်သည် ထင်ဖောင်ပေါ်ပေါ်သွားလာဝံ့၍ မှောင်ရိပ်ခိုကာ တဖြည်းဖြည်းနှင့် ခြေဦးတည့်ရာသွားနေဖြစ်လေ၏။

မှန်သည်။ ဒေါ်စုလတ်တစ်ယောက် ခြေဦးတည့်ရာလျှောက်သွားဆဲအချိန်များ၌ ဒွေးမြင့်လတ်သည်လည်း ညွှဲသည်နှင့် ညစာ





စားပြီး၍ (× ×)ဟိုတယ်မှပြန်လာခဲ့သည်။ ဒွေးမြင့်လတ်သည် ကားလေးကိုဖြေးဖြေးမြန်မြန် အေးဆေးစွာပင်မောင်းနှင်လာခဲ့ပြီး မိမိနှင့် ချာလီတို့အကြောင်းများအား တွေးတောလာဖြစ်ခဲ့၏။

ချာလီနာမည်လေးက ချွယ်ရိုကိုကိုတဲ့၊ ဟင်း ဒီလူ သူရှိန်နဲ့ ချာလီနဲ့က ဘယ်လိုများပတ်သက်ဆက်နွယ်နေမလဲလို့၊ ကြည့်ရတာ ကိုသူရှိန်ပုံစံက အသည်းအသန်ဖြစ်နေပုံထောက်ရင် ချာလီနဲ့တော့ တစ်ခုခုပတ်သက်နေမှာသေချာတယ်. . .

လွဲပါစေ ပယ်ပါစေ၊ ချာလီနဲ့သူရှိန်က ချစ်သူတွေတော့ မဖြစ်ပါစေနဲ့၊ ဟင်း ငါဘယ်လိုလုပ်ရမလဲ၊ ငါ သူရှိန်ကို မေးကြည့်ရမလား၊ ဒီလူကလည်း စကားကောင်းကောင်းပြောမှာ မဟုတ်ဘူး၊ လုပ်ကြပြီးပြောမှာပဲ. . .

ခုလို ချာလီရဲ့ဘဝမှန်ကိုလည်း အသိုင်းအဝိုင်းတစ်ခုလုံးက သိသွားပြီ။ ငါနဲ့ချာလီတို့အကြောင်းကိုလည်း အားလုံးက သိနားလည်ကြပြီ၊ ဒါပေမယ့် ခက်တာက သူရှိန်ဆိုတဲ့ကောင်က ထွက်ပေါ်လာတယ်၊ ဟူး အေးလေ ငါကိုက အဟိတ်မဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကိုမှ သွားချစ်ခဲ့မိတာကိုး. .

ဟင်း ဘာတွေဖြစ်လာဦးမလဲဆိုတာ ငါစောင့်ကြည့်ရဦးမယ်၊ ငါဘာတွေဆက်လုပ်ရမလဲဆိုတာလည်း စဉ်းစားရဦးမယ် ချာလီရယ်၊ မင်းလည်း အတိတ်ကိုမြန်မြန်သိပါတော့ကွာ၊ ဒါမှ ကိုကိုလည်း အမှန်တရားတွေကိုသိပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်နိုင်မှာမဟုတ်လား၊ ချာလီ. .ကိုကိုဒွေးရဲ့နှလုံးသားလေးရယ် ဟာ ဟာ ဟင် ဟင်၊ ကျွီး ကျွီး ကျွီး၊ ဟာ

ကားအာရုံတ်နင်းသံနှင့်အတူ ဒွေးမြင့်လတ်သည် ကားကို ရပ်ဝစ်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လတ်သည် ကားထဲ၌ဝင်ငြိမ်နေဖြစ်သည်။ ပြီးမှ သတိရသလို ပတ်ဝန်းကျင်ကို ချာလည်သွားအောင် သူကြည့်ဖြစ်သည်။ ပတ်ဝန်း ကျင်က မှောင်နေ၏။ ကားအသွားအလာနှင့် လူအသွားအလာက လည်း ရှင်းနေပြီဖြစ်၏။ ဒွေးမြင့်လတ်သည် အသက်ကိုဝဝကြီး တစ်ချက်ရှူလိုက်ပြီးမှ ကားတံခါးဖွင့်ကာ သူဆင်းလိုက်၏။ ထိုအချိန် ၌ပင် ဒေါ်စုလတ်သည်လည်း နဂိုကခွန်အားမရှိ၍ လန့်ပြီးလဲကျသွား ရာမှ ကြိုးစားပြီးထထိုင်လိုက်သည်။ ဒွေးမြင့်လတ်လာကြည့်ချိန် တွင် ဒေါ်စုလတ်သည်လည်း မော့ကြည့်လာ၍. . .

"ကျွန်တော် ခင်ဗျားကိုမတိုက်ဘူးနော်. . ."

"ဟုတ်ပါတယ်၊ ကျွန်မက လမ်းဖြတ်ကူးလို့ လန့်ပြီး လဲကျသွားတာပါ. . ."

"အခု ခင်ဗျားဘယ်နာသွားလဲ. . ."

"ကျွန်မတစ်ကိုယ်လုံး နာနေတယ်. . ."

"ဗျာ. . ."

သူ အံ့သြသွားသည်။ ဒေါ်စုလတ်ထံ သူကြည့်လိုက်သည်။ ထိုအခါမှ ဒေါ်စုလတ်အသွင်ကို သူသတိထားဖြစ်ရသည်။ ဒေါ်စု လတ်ကိုကြည့်ပြီး ဇဝေဇဝါဖြစ်သွားရရင်း. . .

"ဟို စိတ်မရှိပါနဲ့၊ ခင်ဗျား စိတ်တော့ကောင်းပါတယ်နော်"

"ကျွန်မနာမည် ဒေါ်စုလတ်ပါ၊ ကျွန်မလူကောင်းပါ၊ ဒါပေ မယ့် ကျွန်မအခုဒုက္ခရောက်လာလို့ပါ၊ ဖြစ်နိုင်ရင် ကျွန်မကိုကူညီ ပါရှင်. . ."

"အင်း ပြောပါ၊ ဘယ်လိုကူညီရမလဲ. . ."

"အခုအချိန်အနေမှာတော့ ကျွန်မဆေးရုံမှာ နေချင်ပါတယ်၊ ကျွန်မမှာ ဆွေမျိုးသားချင်းများမှာ မရှိပါဘူး၊ ဖြစ်နိုင်ရင်





ကျွန်မကို ကူညီပါနော်၊ နောက်မှ ကျွန်မအကြောင်းတွေကို ပြောပြ ပါ့မယ်. . ."

"ကောင်းပါပြီ၊ ကျွန်တော်ကူညီပါ့မယ်၊ ကဲ လာ၊ အခု ကျွန်တော်ဆေးခန်းလိုက်ပို့မယ်၊ ဆေးခန်းတစ်ခုမှာ ကျွန်တော် ခင်ဗျားကို ကောင်းကောင်းထားပေးပါ့မယ်၊ လမ်းလျှောက်နိုင်ရဲ့လား"

"ရပါတယ်၊ ကျေးဇူးတင်ပါတယ်. . ."

ဒွေးမြင့်လတ်ဆိုရင်း ဒေါ်စုလတ်ကို တွဲထူသည်။ ပြီးတော့ ဒေါ်စုလတ်ကို ကားပေါ်တင်ခေါ်ခဲ့ပြီး ဆေးခန်းတစ်ခုဆီသို့ သူ ကားကိုမောင်းခဲ့လေ၏။ မှန်သည်။ ထိုညမှစ၍ ဒေါ်စုလတ်ကား ငရဲခန်းမှ လွတ်မြောက်ခဲ့လေပြီမဟုတ်ပါတကား။ ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ်)

"ဩော် ဆရာအောင်မြိုင်၊ ဘယ်လဲ ဆရာ. . ."

"မင်းဆီပဲ၊ မင်းကိုမေးစရာရှိလို့. . ."

"ဟုတ်ကဲ့ ဆရာ၊ ထိုင်ပါ မေးပါ. . ."

"ရှာလိုက်ရတာကွာ. . ."

ဆိုရင်း အောင်မြိုင်တစ်ယောက် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခါးမြအေးက မရှိရှိသည့် လက်ဘက်၊ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းကို ပြင်ဆင်ပြီးချည့်ခဲ့သည်။

"ရေနွေးကြမ်းသောက်ပါ ဆရာ၊ ကျွန်တော်တို့လည်း သင်္ဘောကျေးအစွန်အဖျားကနေ တဖြည်းဖြည်းနဲ့ ဒီဘက်အစွန်အဖျားကို ရောက်လာခဲ့တာပဲ၊ ခုထိလည်း အိမ်ပိုင်ရာပိုင်နဲ့ မနေနိုင်သေးပါဘူး ဆရာရယ်၊ ဒီတစ်ခါတော့ မျိုးမျိုးမြက်မြက်ရရင် အခြေချမယ်လို့ ထင်လိုက်၊ ထောင်ထဲဝင်လိုက်နဲ့ပဲ ရတာလေးတွေက ကုန်သွားတော့ ဒုံရင်းကဒုံရင်းပါပဲ. . .

ဒါနဲ့ ဆရာ .အခုအလုပ်လာပေးတာလား၊ ကျွန်တော်





ဘာလုပ်ပေးရမလဲ၊ ပြောပါ ဆရာ. . ."

"မဟုတ်ပါဘူးကွာ၊ မင်းတို့ကို မေးစရာရှိလို့ ငါတကူးတကရှာပြီး လာမေးရတာ. . ."

"ဘာကိစ္စလဲ ဆရာ၊ ရေနွေးကြမ်းလည်း သောက်ပါဦး"

ရေနွေးကြမ်းထည့်ပေးရင်း မြအေး ဆိုသည်။ တစ်ချိန်က မြအေးဘဝနှင့်ထပ်တူရှိသည့် အောင်မြိုင်ကား ယခုသူဌေးမလောင်းဖြစ်နေပြီမို့ အောက်ခြေလွတ်သွားပြီဖြစ်သည်။ မြအေးနေထိုင် စားသောက်ရသည့် အနေအထားကိုကြည့်ပြီး အောင်မြိုင် မျက်နှာရှုံ့၍နေသည်။ သို့သော်လည်း မြအေးချည့်ခဲ့သည့် ရေနွေးကြမ်း၊ လက်ဘက်နှင့် ထန်းလျက်ခဲကိုတော့ အောင်မြိုင်အောင့်မနေနိုင်ဘဲ စားသောက်၏။

"ဒါနဲ့ စိန်ထွန်းတစ်ယောက်ကောကွ. . ."

"စိန်ထွန်းက ဒီမှာမရှိတော့ဘူးလေ၊ ကြားပါရောလား၊ စိန်ထွန်းက မလေးရှားမှာ ကြီးပွားသွားပြီဆရာရဲ့၊ ●လေးရှားမှာ ကြီးပွားသွားပြီ ဆရာရဲ့၊ မလေးရှားက သေဌေးက သူ့ကိုလက်စွဲဖြစ်သွားပြီ၊ စိန်ထွန်းက သူဌေးလူယုံပေါ့ ဆရာ၊ မြန်မာပြည်မှာလည်း စိန်ထွန်းက အိမ်ဝယ်ထားပြီးပြီ၊ (× ×)လမ်းမှာ သူ့မိဘနဲ့ အဒေါ်တွေနေကြတယ်. . ."

"ဟင် ဟုတ်လား၊ မင်းကိုရော သူကမခေါ်ဘူးလား. . ."

"သူခေါ်ပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော်က သူ့ဘားနေတဲ့ကြားက လောဘကြီးပြီး အလုပ်တစ်ခုကို တစ်ကိုယ်တော်လက်ခံလိုက်မိလို့ ထောင်ကျသွားတယ်၊ ဒါကြောင့် သူနဲ့မလိုက်နိုင်တော့တာပါ. . .

သူခေါ်မယ်လို့ပြောပါတယ်၊ သူမခေါ်ခင်မှာ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာငတ်ပြတ်မခံနိုင်တော့ လှုပ်ရှားနေသေးတယ်၊ ကျွန်တော်ကိုက ကံမကောင်းသေးတာပါ ဆရာရယ်. . .”

“ကဲကွာ၊ မင်း ကံမကောင်းတာ ကောင်းတာ အသာထား ဦး၊ ငါ့အခုမေးစရာရှိတယ်၊ မင်းတို့ကို ငါ ဟိုးတုန်းက ငါခိုင်းခဲ့ဖူး တဲ့ အလုပ်တစ်ခုကို မင်းတို့သေချာလုပ်ပေးခဲ့ကြရဲ့လား. . .”

“လုပ်ပေးတာပေါ့ ဆရာ၊ စိန်ထွန်းကိုယ်တိုင်လုပ်တာပါ၊ စိန်ထွန်းက တကယ်သေချာတဲ့ကောင်ပါ ဆရာရဲ့၊ ဘာဖြစ်လို့လဲ”

မြအေးက သေချာပေါက်ဆိုတော့လည်း အောင်မြိုင်မှာ ပြောရခက်သွားသည်။ အစလည်း ပြန်ဖော်မဆိုချင်တော့၍ အောင် မြိုင် ဆက်မပြောဘဲနေလိုက်တော့သည်။

“ဆရာ. .ဘာဖြစ်လို့လဲ. . .”

“ဘာမှမဖြစ်ပါဘူး၊ ငါစိတ်မချလို့ ပြန်လာမေးကြည့်တာပါ၊ ငါပြန်တော့မယ်ကွာ. . .”

“ဟင် ဆရာပြန်တော့မလို့လား. . .”

“အေး ငါကားကလည်း ငှားလာတာဆိုတော့ မြန်မြန်ပြန် ရမယ်၊ ကဲ ငါသွားတော့မယ်. . .”

အောင်မြိုင်ဆိုရင်း နေရာမှထခဲ့လိုက်တော့သည်။ အောင် မြိုင့်စိတ်ထဲမှာတော့ မြအေးပြောလိုက်သည့်စကားတွေကို လက်ခံ ယုံကြည်ဖြစ်၏။ ဇနီးဖြစ်သူ ဒေါ်ခင်မာကိုလည်း သေချာကြောင်း ပြန်ပြောပြရန်အတွက် အောင်မြိုင်တစ်ယောက် မြအေးနေထိုင်ရာ မြို့အစွန်အဖျားမှ ပြန်ခဲ့လိုက်လေ၏။

× × × × ×



စားသောက်စရာနှင့် အဝတ်အထည်တစ်ချို့ဝယ်လာပြီး ဌေးမြင့်လတ်တစ်ယောက် ဆေးရုံသို့ ရောက်လာခဲ့လေ၏။ ဆေးရုံ တွင် ဒေါ်စုလတ်တစ်ယောက်သည်လည်း ရေမိုးချိုးပြီး ဆရာမတွေ ပေးဝတ်ထားသည့် ဝတ်စုံတစ်စုံနှင့် ရှမ်ရည်သန့်ပြန့်ပေါ်လွင်နေပြီ ဖြစ်၏။ ဒေါ်စုလတ်ကို လိုအပ်သည့် ကုသမှုလေးတွေလည်း ပြုလုပ် ပေးထားသည်။ အစားအသောက်တွေလည်း ကျွေးထား၍ ဒေါ်စုလတ် သည် လတ်ဆတ်လန်းဆန်းနေရပြီက အမှန်ဖြစ်၏။

ဌေးမြင့်လတ်သည် စားသောက်စရာတွေနှင့် အဝတ်အထည် တွေထည့်ထားသည့် အိတ်တွေကိုဆွဲပြီး ဒေါ်စုလတ်ရှိရာ အခန်းဆီသို့ ဝင်ခဲ့လိုက်သည်နှင့်. . .

“ဟင်! . . .”

ရုတ်တရက်တွေ့လိုက်ရသည့် ဒေါ်စုလတ်အသွင်ကြောင့် ဌေးမြင့်လတ်အံ့ဩမှင်သက်သွားရသည်က အမှန်ပါ။ ဘာကိုအံ့ဩမှန်း ဒေါ်စုလတ်ကဖြင့် မသိ။

“သူဌေး. .ဘာဖြစ်လို့လဲ. . .”

“ကျွန်တော် အခန်းမှားလာသလားလို့. . .”

“ဘာဖြစ်လို့လဲ သူဌေး၊ ကျွန်မဒေါ်စုလတ်ပဲလေ. . .”

“ကျွန်တော် လူမှားသွားတယ်. . .”

ဒေါ်စုလတ်မျက်နှာဆီ စေ့စေ့ကြည့်ပြီး ဌေးမြင့်လတ် ဆို သည်။ မှန်သည်။ ဒေါ်စုလတ်မျက်နှာနှင့် အသွင်က ယခုမှ ထင်ထင် ရှားရှားပေါ်လာရသည်။ တကယ်တော့ ဒေါ်စုလတ်သည် အသက် အရွယ်အားဖြင့် သိပ်မကြီးသေး၊ ခုမှ လေးဆယ်ကျော်အရွယ်လောက် သာ ရှိဦးမည်ဖြစ်သည်။ ထူးခြားသည်က ဒေါ်စုလတ်မျက်နှာသည်

www.burmeseclassic.com

www.burmeseclassic.com



ချာလီနှင့်တွေ့နေရသောကြောင့်ပါတည်း။

ဌေးမြင့်လတ်သည် အုံသြရင်း သူယူလာသည့် စားသောက်စရာအိတ်တွေကို ဘီဒိုပေါ်တင်ပေးလိုက်သည်။ ပြီးမှ . . .

"ဒေါ်စုလတ် နေကောင်းတယ်မဟုတ်လား . . ."

"ဟုတ်ကဲ့ သူဌေး၊ နေကောင်းပါတယ်၊ သူဌေးရဲ့ကျေးဇူ
ကြောင့် ညကဆရာဝန်ဆရာမတွေကလည်း အားလုံးလိုလေသေ
မရှိအောင် လုပ်ပေးကြပါတယ်၊ သူဌေးကို ကျေးဇူးတင်ပါတယ်"

"ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ ကူညီထိုက်
လို့ ကူညီရတာပဲ၊ ဒီမှာ ဒေါ်စုလတ်အတွက် အဝတ်တွေလည်
ဝယ်ခဲ့တယ်၊ ကုမ္ပဏီက စာရေးအမျိုးသမီးတွေထဲမှာ ဒေါ်စုလတ်ဆို
တွေလည်းရှိတော့ သူတို့ကိုပဲ အကူအညီတောင်းရတာပေါ့ . . ."

"ကျေးဇူးတင်ပါတယ် သူဌေး . . ."

"ဒါနဲ့ ဒေါ်စုလတ်က ဘယ်ကနေဘယ်လို . . ."

"ဟို ကျွန်မ . . ."

"ကဲ ဒေါ်စုလတ် . ဆေးတစ်လုံးထပ်ချိတ်ရအောင်နော်"

ဆေးသွင်းရန် ဆရာမတစ်ဦးရောက်လာ၍ ဒေါ်စုလတ
ပြောမည့်စကားမှာ မပြောဖြစ်ဘဲ ရှိသွားရသည်။ ဌေးမြင့်လတ်သ
လည်း ဒေါ်စုလတ်ဆေးရုံကဆင်းမှပဲပြောတော့မည်ဟု ဆုံးဖြတ်
ချလိုက်၏။

"ဒေါ်စုလတ် . ဆေးပဲကောင်းကောင်းသွင်းလိုက်ပါ၊ စိတ်
ရောကိုယ်ပါ အနားယူလိုက်ပါ၊ ဆေးရုံကဆင်းတော့မှပဲ ကျွန်တေ
တို့စကားပြောကြတာပေါ့ . . ."

"သူဌေး . ကျွန်မဆေးရုံကဆင်းရင် ဘယ်သွားရမှန်း . . ."



"စိတ်ချပါဗျာ၊ ကျွန်တော် ဒေါ်စုလတ်ကို ကူညီလက်စနဲ့ ကူညီပေးမှာပါ၊ ဒေါ်စုလတ်ကို ကျွန်တော့်ကုမ္ပဏီမှာ ယာယီသန့်ရှင်းရေးသမားတစ်ယောက်အနေနဲ့ အလုပ်သွင်းပေးထားမယ်၊ ဖြစ်တယ်မဟုတ်လား . . ."

"ကျေးဇူးကြီးလှပါတယ် သူဌေးရယ် . . ."

ဆရာမက ဆေးသွင်းရန်ပြင်ဆင်နေဆဲ ဒေါ်စုလတ် ဆိုသည်။ ဌေးမြင့်လတ်သည်လည်း ဒေါ်စုလတ်အား အနားပေးဖို့ လိုဦးမည်ဟုသော နားလည်မှုနှင့် သူမဆေးသွင်းနေသည်ကို ကြည့်နေပြီးမှ သူ့လက်မှနာရီဆီ တစ်ချက်ကြည့်လိုက်ပြီး . . .

"ဒေါ်စုလတ် . ကျွန်တော့်ကိုသွားခွင့်ပြုပါဦး . . ."

"ဟုတ်ကဲ့ပါ သူဌေး . . ."

"ဩော် ဆရာမ . ဒေါ်စုလတ်ကို ဆေးရုံမှာ ဘယ်လောက်ထားရမလဲခင်ဗျာ . . ."

"ကျွန်မအထင် အနည်းဆုံး သုံးရက်လောက်တော့ထားရလိမ့်မယ်နဲ့တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုလတ်က သိပ်အားနည်းနေလို့ပါ၊ ဒါကြောင့် လိုအပ်တဲ့ဆေးတွေကို ပြည့်ပြည့်ဝဝသွင်းဖို့လိုတယ်လေ . . ."

"ဩော် ဟုတ်ကဲ့၊ သွင်းပါ ဆရာမ၊ ကျွန်တော်က မေးကြည့်တာပါ၊ လိုအပ်တာအားလုံး လုပ်ပေးပါနော်၊ ကျွန်တော်နေ့တိုင်းလာပါ့မယ်၊ ကျွန်တော်မလာနိုင်ရင်တောင်မှ ကျွန်တော့်တပည့်တစ်ယောက်ကို လွှတ်လိုက်မှာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး . . ."

"ကောင်းပါပြီရှင် . . ."

ဆရာမကိုနှုတ်ဆက်ပြီး ဒေါ်စုလတ်မျက်နှာဆီ သူ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒေါ်စုလတ်သည် ဆေးသွင်းရင်း ချွတ်လုံး

www.burmeseclassic.com



အစုံမှိတ်ထားသည်ကို တွေ့လိုက်၍ သူသည်လည်း နားလည်စွာဖြင့် ထပ်နှုတ်မဆက်တော့ဘဲ ထွက်ခဲ့လိုက်လေ၏။ သူ့စိတ်ထဲတွင်မတော့ ခေါင်းစုလက်မျက်နှာကို မြင်ယောင်ရင်း ချစ်သောချာလီနှင့်များ ပတ်သက်နေလေမလားဟု တွေးတောစဉ်းစားဖြစ်ရလေ၏။

× × × × ×

အတွေးများနှင့် တံတွေးတစ်ချက်ကိုမြိုချပြီး ဦးကိုကိုသည် ပြူတင်းတစ်ခုတွင် ရပ်နေသည်မှာ ကြာပြီဖြစ်၏။ ပြူတင်းမှ လှမ်းကြည့်လျှင် မိမိခြံကြီးနှင့် စိုက်ခင်းများအား တစ်မျှော်တစ်ခေါ် တွေ့မြင်နေရသော်လည်း ဦးကိုကိုအဖို့ကား စိုက်ခင်းတွေကိုမမြင်၊ မှန်သည်။ ဦးကိုကိုစိတ်တွေ နေ့စဉ်နှင့်အမျှ တွေးတောဖြစ်နေရသည်က မိမိ၏ချစ်လှစွာသောဇနီးနှင့် သမီးလေးတို့၏အကြောင်းများဆိုသာပါ။

သည့်နောက် ဦးကိုကိုသည် သက်မယောတစ်ချက်ကို ချလိုက်သည်။ ပြီးမှ တစ်ဆက်တည်းလည်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီးနောက် ပြူတင်းမှခွာကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်လေ၏။ အောက်ထပ်အရောက် တိုက်ရှေ့ပန်းခြံထဲသို့ ဆင်းခဲ့လိုက်ပြီး မလှမ်းမကမ်းတွင် အလုပ်လုပ်နေသည့် တပည့်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"မောင်အေးရေ. . ."

"လာပါပြီ သူဌေး. . ၊ ပြောပါ သူဌေး. . ."

"အေးကွာ၊ မင်း ဟိုစိုက်ခင်းအကျက်ကိုသွားပြီး အဲဒီက မန်နေဂျာ ဦးသာထူးကိုခေါ်ခဲ့ပါ၊ သူဌေးခေါ်တယ်လို့၊ ကိစ္စရှိတယ်





လို့. . ."

"ဟုတ်ကဲ့ပါ သူဌေး. . ."

သူ့စကားအဆုံး၌ မောင်အေးသည် စက်ဘီးလေးဆွဲကာ လှစ်ခနဲ နှင်းထွက်သွားပြီဖြစ်သည်။ ဦးသာထူးသည်ကာ ဘဝထိပေါက်သွားသကဲ့သို့ပါ။ မှန်သည်။ ဦးကိုကိုသည် ဦးသာထူးအား တွေ့ဆုံပြီးနောက်၌ ဦးသာထူး၏ သွင်ပြင်လက္ခဏာကို အကဲခတ်ကြည့်သည်။ ပြီးတော့ ဦးသာထူး၏ လုပ်ရည်ကိုင်ရည် အရည်အချင်းတွေကို အကဲခတ်ကြည့်သည်။ ဦးသာထူး၏ လုပ်ကိုင်ပုံနှင့် ပြောဆိုဆက်ဆံရေးသည်က အေးအေးပြီး သိမ်မွေ့သည်။

နောက်ဆုံး ဦးသာထူး၏ မိသားစုအားလုံးကို ဦးကိုကို ကြည့်သည်။ ဦးသာထူး၏ မိသားစုတစ်စုလုံးက အညာသူ အညာသားတွေပီပီ ရိုးသားဖြူစင်ဖြောင့်မတ်ကြသည်၊ ကြိုးစားကြသည်၊ ရည်မွန်၍ သိမ်မွေ့ကြသည်။ ကလေးတွေကအစ အောက်သက်ကြေပြီး အရည်အချင်းတွေရှိကြသည်ကို တွေ့မြင်ရ၍ ဦးကိုကိုသည် ဦးသာထူးတို့မိသားတစ်စုလုံးကို ခေါ်ထားလိုက်ပြီး လုပ်ငန်းများဘက်တွင် လူယုံမိသားစုအဖြစ် ထားလိုက်၏။ ကျောင်းနေရမည့်အရွယ် ကလေးတွေကိုလည်း ကျောင်းဆက်ထားပေးလိုက်သည်။ ဦးသာထူးတို့မိသားစုကလည်း ရိုးသားစွာ ကြိုးစားကြသည်ကိုတွေ့ရ၏။

အင်း . . လူ့ဘဝဆိုတာ တစ်သမတ်တည်းမနေဘူး၊ အချိန်က စကားပြောတယ်၊ အချိန်နဲ့လိုက်ပြီး ပြောင်းလဲတာပဲ၊ ငါ့ဘဝလည်း ပြောင်းလဲခဲ့သလို ဦးသာထူးတို့မိသားစုဘဝလည်း ပြောင်းလဲသွားတာပဲပေါ့၊ လောကမှာနေတယ်ဆိုတာ လူတစ်ယောက်အတွက် နှာမည်တစ်လုံးဟာ အဓိကပဲ၊ နှာမည်တစ်လုံးသေရင် ဒီလူ့ဘဝဟာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီပဲ. . .။

"သူဌေး. .ကျွန်တော်ရောက်ပါပြီ။ သူဌေးခေါ်တယ်ဆိုလို့ပါ"

ဦးကိုကိုတစ်ယောက် မိမိဘဝဖြစ်စဉ်နှင့် လူတွေ၏ဘဝ အကြောင်းများအား တွေးနေဆဲ ဦးသာထူးရောက်လာသည့်အသံကို ကြား၍ အတွေးမှပြတ်တောက်သွားရ၏။

"ဩော် ဟုတ်တယ်၊ မန်နေဂျာကြီးနဲ့ ကျုပ် ဆွေးနွေး တိုင်ပင်စရာရှိလို့ပါ. . ."

"ဟုတ်ကဲ့ သူဌေး၊ ပြောပါခင်ဗျာ. . ."

"အေးအေးဆေးဆေးထိုင်ပါဦး၊ ခင်ဗျားလည်း မောလာမှာ ပေါ့၊ မောင်အေးရေ. .ပန်းခြံထဲကို ဖျော်ရည်နဲ့ သစ်သီးဝလံတစ်ချို့ ယူလာပါကွာ. . ."

"ဟုတ်ကဲ့ သူဌေး. . ."

လိုအပ်တာကိုလှမ်းမှာရင်း အရိပ်ကောင်းလှသည့် ကန္တာရ သစ်ပင်ကြီးအောက်ရှိ စားပွဲနှင့်ကုလားထိုင်များတွင် ဝင်ရောက်ထိုင် လိုက်ကြသည်။ ဦးသာထူးသည် ဦးကိုကို၏ ခြေလက်တွေမသန်စွမ်း တော့ပေမယ့် လွန်စွာမှဦးနှောက်ကောင်းပြီး အမြော်အမြင်ကြီးလှသော အရည်အချင်းနှင့် အာဘက်ဘက်မှပြည့်စုံနေသည့် သူဌေးဖြစ်သူ ဦးကို ကိုအား လေးစားတရားတွေနှင့်လည်းစွက်ကာ အထင်တကြီး တရို တသေ တလေးတစားကြီး ကြည့်နေဖြစ်လေ၏။

"ဦးသာထူး. . ."

"ဟုတ်ကဲ့ ပြောပါ သူဌေး. . ."

"ဒီကနေ့အထိ ကျွန်တော့်စိတ်မှာ ဘာတွေရှိနေလဲဆိုတာ ခင်ဗျားသိမလား. . ."





"ကျွန်တော်မသိနိုင်ပါဘူး သူဌေး၊ သူဌေးပြောပြပါ. ."

"ကျွန်တော့်ရဲ့ဇနီးနဲ့ သမီးလေးရှိနေတယ်. . ."

"ဗျာ. .ဟို သေပြီဆို. . ."

"ဟုတ်တယ်၊ ခင်ဗျားနဲ့ကျုပ်မိဘတွေက ကျုပ်ဇနီးနဲ့ သမီး လေးကို သေပြီလို့ပြောကြပေမယ့် ကျုပ်မယုံဘူး ဦးသာထူး၊ ကျုပ် တကယ်မယုံဘူး၊ ဒါကြောင့်လည်း ကျုပ်ရန်ကုန်မှာရှိစဉ်တ နေ့တိုင်း ကျုပ်ဇနီးနဲ့သမီးလေးကိုလိုက်ရှာတယ်၊ စုံစမ်းတယ်၊ ကျုပ်မယုံဘူး၊ ကျုပ်သမီးနဲ့ဇနီး ရှိကိုရှိနေရမယ်. . .

ခင်ဗျားပဲစဉ်းစားကြည့်လေ၊ တစ်လသားအရွယ်လေးပဲ ရှိသေး တဲ့ ကလေးနဲ့ ကျုပ်ဇနီးဟာ အလုပ်ကိစ္စနဲ့ ခရီးထွက်နေတဲ့ အချိန်မှာ ပျင်းလို့ဆိုပြီး သူ့သူငယ်ချင်းဆီ အလည်သွားရဲလောက်အောင် ကျုပ် ဇနီးဟာ အသိတရားကင်းမဲ့တဲ့သူ မဟုတ်ပါဘူး. . .

ကျုပ်ဇနီးအကြောင်းကို ကျုပ်သိတယ်၊ ကျုပ်ဇနီးရဲ့ အရည် အချင်းတွေကိုလည်း ကျုပ်အသိဆုံးပဲ၊ ကျုပ်ဇနီးဟာ ပညာတတ် တယ်၊ စိတ်ထားပြည့်ဝတယ်၊ စိတ်ခတ်ကြံ့ခိုင်ပြီး ကျုပ်အပေါ်လည်း သစ္စာစောင့်သိတဲ့ မယားကောင်းတစ်ယောက်ဖြစ်တယ်၊ မိခင်ကောင်း တစ်ယောက်လည်းဖြစ်တယ်ဆိုတာ ကျုပ်ယုံကြည်ပြီးသားပဲ. . .

တကယ်တော့ မိခင်မ. .ကောင်းတာပါ၊ မိခင်မဟာ သိပ် ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ဆိုတာ ကျုပ်အသိဆုံးပဲ၊ မိခင်မကို ကျုပ်မယုံဘူး၊ သူဟာ အိမ်ကိုဆူအောင်လုပ်လွန်းလို့ ကျုပ်တို့မိသားစု အိမ်ပြောင်းနေခဲ့တယ်၊ ကျုပ်ရဲ့ဇနီးကိုလည်း ဟိုလူနဲ့ သမုတ်၊ ဒီလူနဲ့သမုတ်နဲ့. . .

ကြာလာတော့ သူ့စိတ်ခတ်ကို ကျုပ်မိုသိလာတယ်၊ ဒါ ကြောင့် ကျုပ်ဇနီးလည်း ခင်မာကြောင့်စိတ်ဆင်းရဲရှာမှာကိုသိပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ အိမ်ခွဲနေလိုက်ကြတယ်၊ ဒါပေမယ့် မိခင်မာကတော့ တနည်းမဟုတ် တစ်နည်းနဲ့ မွေ့တုန်းပါပဲ၊ ကျုပ်အိမ်ကိုလာလည်တယ်ဆိုပြီး ကျုပ်ဇနီးမယားကို အပြစ်ရှာသေးတယ်. . .

ဒါပေမယ့် ကျုပ်တို့လင်မယားနှစ်ယောက်စလုံးက အိမ်ခွဲနေပြီဆိုတော့ ခင်မာဘာပြောပြော အရေးမလုပ်တော့ပါဘူး၊ ပြောရရင် ကျုပ်ဟာ ခင်မာ့ကိုလျှော့တွက်ထားခဲ့မိတယ်၊ ကျုပ်ဇနီးသေဆုံးပြီ ဆိုတဲ့နောက်မှာ ကျုပ်က ခင်မာ့ရဲ့အကြံတွေကို ကောင်းကောင်းကြီး သိလာတော့တယ်၊ ဒါပေမယ့် ကျုပ်နောက်ကျသွားတယ်၊ ခင်မာတို့ ကျုပ်တို့က ယောင်ယောင်ကတည်းက မွေးစားလာတော့ သံယောဇဉ်စိတ်နဲ့ သူ့ကိုဒီလောက်ပက်စက်မယ်လို့ မထင်ခဲ့ဘူးပေါ့ဗျာ၊ ခုတော့ ကျုပ်လေ တစ်နေ့တစ်နေ့ စဉ်းစားရင်း စဉ်းစားရင်း အတွေးမှာဖြစ်ပေါ်လာတယ်. . .

ကျုပ်ဇနီးနဲ့သမီးလေးဟာ သေဆုံးရင်လည်း သွေးရိုးသားရိုး မဖြစ်နိုင်သလို ပျောက်ဆုံးနေရင်လည်း သွေးရိုးသားရိုးတော့ မဖြစ်နိုင်တော့ဘူးလို့ ကျုပ်တွေးမိလာတယ်၊ အဲဒါ အဓိကတရားခံက ခင်မာပဲလို့လည်း ကျုပ်တထစ်ချယုံကြည်လိုက်ပြီ၊ ခင်မာရဲ့ ယောက်ျား အောင်မြင့်ဟာ ကျုပ်ကိုကောင်း သေကြောင်းကြံစည်မှတော့ သူတို့နှစ်ဦးပူးပေါင်းပြီး ကျုပ်မရှိခင် ကျုပ်ဇနီးနဲ့သမီးကို ကြံစည်လိုက်တာမှ ကျုပ်မတွေးသင့်ဘူးလား၊ သူတို့နှစ်ဦးမှာ လောဘတွေ၊ ဒေါသတွေ ထကြွရမက်တွေပဲ လွှမ်းမိုးနေတော့ သူတို့နှစ်ဦးဟာ ကျုပ်မိသားစု ပျက်စီးရာပျက်စီးကြောင်းကို မဖြစ်မနေ ကြံစည်ကြမှာပဲ. . .

တကယ်ပဲ ကျုပ် သူတို့ကိုမယုံတော့ဘူး ဦးသာထူး၊ ခင်မာ တာ ကျေးဇူးကန်းတဲ့မိန်းမ၊ ကျုပ်မရှိတော့တဲ့နောက်မှာ ကျုပ်မိဘတွေ ထွယ်လွန်ထားရော သွေးရိုးသားရိုးမှုဟုတ်ရဲ့လားဆိုတာတွေ ကျုပ်





ခုမှအားယုံးတွေးတောလာမိပြီ. . ."

"သူဌေး ဒီတော့သူဌေး ဘယ်လိုဖြစ်စေချင်လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ သူဌေးကခိုင်းမယ်ဆိုရင် ကျွန်တော်တာဝန်ကျေစေရပါ့မယ်. . ."

"ဟုတ်ပါတယ်၊ ကျွန်တော် ခင်ဗျားရဲ့အကူအညီ လိုအပ်တယ်၊ ခင်ဗျား ရန်ကုန်သွားပါ၊ (× ×)ဟိုတယ်မှာနေထိုင်ပြီး ကျုပ်ဇနီးနဲ့သမီးကို စုံစမ်းပေးပါ၊ ကျုပ်စိတ်ထဲမှာ ကျုပ်ဇနီးနဲ့သမီး ရှိနေတယ်လို့ပဲ ယုံကြည်နေတယ်၊ ကျုပ်ဇနီးကိုစုံစမ်းနိုင်ဖို့အတွက် လိပ်စာတစ်ချို့ ခင်ဗျားကိုပေးလိုက်မယ်. . ."

"ဟုတ်ကဲ့ သူဌေး. . ."

"ပြီးတော့ တစ်ဆက်တည်းပဲ မိခင်မာတို့လင်မယားအကြောင်းကိုပါ စုံစမ်းပေးပါ၊ ဒါပေမယ့် သူတို့ကို ကျုပ်သက်ရှိထင်ရှားရှိနေသေးတယ်ဆိုတဲ့အကြောင်းကိုတော့ ဖွင့်မပြောပါနဲ့၊ အချိန်မကျသေးဘူး. . ."

"ဟုတ်ကဲ့ပါ သူဌေး၊ သူဌေးစိတ်တိုင်းကျဖြစ်အောင် ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်၊ ဒါနဲ့ ခုဆိုရင် သူဌေးရဲ့သမီးလေးက ဘယ်အရွယ်လောက်ရှိမလဲ. . ."

"သက်ရှိထင်ရှားရှိမယ်ဆိုရင်တော့ နှစ်ဆယ့်လေး နှစ်ဆယ့်ငါးလောက်ရှိပြီပေါ့၊ သမီးလေးသာ ကျောင်းနေရမယ်ဆိုရင်လည်း ဘွဲ့ရပြီးလောက်ပြီ၊ ကျုပ်ဇနီးစုလတ်ကတော့ လေးဆယ်နဲ့ခြောက်ခွန်လောက်ရှိပြီ၊ ကျုပ်ဇနီးကို ခင်ဗျားမြင်ဖူးလား. . ."

"ဟုတ်ကဲ့၊ ဟိုတုန်းက သူဌေးတို့လင်မယား အပြင်ထွက်ကြတာနဲ့ လေးငါးကြိမ်လောက် ဆုံဖူးပါတယ်၊ သူဌေးရဲ့ဇနီးကို



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးထဲမှာ ကျွန်တော်နည်းနည်းမှတ်မိပါတယ်၊ ရုပ်ရည်က ထူးခြား ပေါလွင်တဲ့မိန်းမချောတစ်ယောက်မို့ ကျွန်တော်မြင်တာနဲ့ သိပါတယ်၊ ကျွန်တော် ဘယ်တော့လောက် ရန်ကုန်သွားရမလဲ သူဌေး. . ."

"မနက်ဖြန်စဲသွားပါ. . ."

"ဟုတ်ကဲ့ သူဌေး၊ ကျွန်တော် သူဌေးနဲ့ ဆက်သွယ်မှု အားလုံးစုံစမ်းပါ့မယ်၊ သူဌေးဆီကို နေ့တိုင်းညဘက်ဆယ်နာရီမှာ ဖုန်းဆက်ပါ့မယ်. . ."

"ကောင်းပါပြီ၊ ခင်ဗျားကိုအားကိုးပါတယ်. . ."

"သူဌေးရဲ့အားကိုးခြင်းခံရလို့ ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူမိပါတယ်၊ သူဌေးရဲ့ကျေးဇူးလည်း ကြီးမားလှပါတယ်၊ ကဲ သူဌေး. . ကျွန်တော်ပြန်စီစဉ်ပါဦးမယ်၊ ခွင့်ပြုပါဦးခင်ဗျာ. . ."

ဦးကိုကိုခေါင်းညိတ်ပြလိုက်သည်၊ ဦးသာထူးထွက်သွားရာသို့ လှမ်းကြည့်ရင်း ဦးကိုကိုစိတ်တွင် မိမိ၏ယုံကြည်မှုတွေအတွက် ကျေနပ်နေဖြစ်ရလေ၏။ ။



(တစ်ဆယ့်တစ်)

ဒေါ်ခင်မာတစ်ယောက် အပေါ်ထပ်ရှိ ပြူတင်းတစ်ခုတွင် ရပ်ပြီး ဘယ်ရယ်မဟုတ်ကြည့်နေဖြစ်သည်။ ဒေါ်ခင်မာရင်ထဲမတော့ မိမိကိုယ်မိမိ မကျေနပ်ဖြစ်ဒေါသထွက်နေရ၏။

"ဟင်း ဒီသေချင်းဆိုးကြီးကို ငါယူလိုက်ရတာပဲ အဖတ်တင်တယ်၊ မိစုလတ်တို့သားအမိက မသေဘဲ ငါ့ရှေ့တောင် ရောက်လာကြပြီ၊ အောင်မြင့် အောင်မြင့် အသုံးမကျတဲ့လူ၊ အင်း ငါကသာ အသုံးမကျတာ၊ အောင်မြင့်က အသုံးကျလို့ စည်းစိမ်တစ်ပုံနဲ့ ငါလို မိန်းမကိုရသွားတာပေါ့၊ အောင်မြင့်က လှည်းကျိုးထမ်းလိုက်ရတာ တစ်ခုပဲ၊ လှည်းကျိုးထမ်းရတဲ့အတွက် အောင်မြင့်လိုလူက ငါ့သမီး အပေါ် ယုတ်မာဦးမှာ၊ အောင်မြင့်ကိုလည်း ငါတစ်ခုခုတော့ စီစဉ်ရမယ်၊ ငါ လက်ဦးဖို့ပဲလိုတယ်. . .

အောင်မြင့်ရှိနေရင်၊ အောင်မြင့်ကို ငါဆက်ပေါင်းနေရင် ငါ့သမီးလေးအတွက် အန္တရာယ်ပိုကြီးနေမယ်၊ ဒီတော့ ငါသ[illegible]ကို[illegible]


www.burmeseclassic.com

www.burmeseclassic.com



ငါမြန်မြန်စီစဉ်ရမယ်၊ ဟိုနေ့ကလည်း မဖြစ်မြောက်ခဲ့ဘူး၊ ဒီနေ့တော့. . .

အတွေးနှင့် ဒေါ်ခင်မာသည် တစ်ဘက်ခြံသို့ လှမ်းကြည့်လိုက်သည်။ တိုက်ဆိုင်စွာပင် အပြင်မှပြန်ရောက်လာသည့် ဒွေးမြင့်လတ်ကားလေးမောင်းဝင်လာသည်ကို တွေ့သည်တွင် ဒေါ်ခင်မာ့မျက်လုံးများသည် အကြံနှင့်စူးရှသွားလိုက်ရ၏။ တစ်ဆက်တည်းပင် ဒေါ်ခင်မာသည် ပြူတင်းမှခွာကာ အိပ်ရာအနီးလှမ်းခဲ့ပြီး ခေါင်းအုံးပေါ်တင်ထားသည့် ဟန်းဖုန်းလေးကိုကောက်ဆက်လိုက်သည်။

"ကရင်း၊ ရင်း ရင်း . . . "

ဒွေးမြင့်လတ်တစ်ယောက် တိုက်ထဲဝင်ခဲ့သည်နှင့် ဧည့်ခန်းထဲမှ ဖုန်းမြည်လာသံကြောင့် ဒွေးမြင့်လတ်သွားရောက်ကိုင်လိုက်သည်။

"ဟဲလို ကျွန်တော် ဒွေးမြင့်လတ်ပါခင်ဗျာ. . ."

"ဟဲလို မောင်ဒွေးမြင့်လတ်လား၊ အတော်ပဲကွယ်၊ ဒေါ်ဒေါ်ကို ကူညီပါဦး. . ."

"ဗျာ. အခုပြောနေတာ ဘယ်သူလဲမသိဘူး. . ."

"ဩော် ဒေါ်ဒေါ်က ဒေါ်ခင်မာပါ၊ မဇင်ကိုရဲ့မေမေပါ"

"ဩော် ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ရုတ်တရက်ဆိုတော့ ဘယ်သူမှန်းမသိလို့ပါ၊ ဒေါ်ဒေါ် ပြောပါ၊ ကျွန်တော် ဘာကူညီပေးရမလဲခင်ဗျာ. . ."

"အေးကွယ် မင်းညီမလည်း ကောက်ကာငင်ကာ ဖျားနေတယ်၊ ကိုယ်တွေအရမ်းပူနေတယ်တဲ့၊ အခုဒေါ်ဒေါ်ကလည်း အရေးကြီးတဲ့ကိစ္စတစ်ခုပေါ်လာလို့ မသွားမဖြစ် အိမ်ကထွက်ခဲ့ရတယ်၊ လမ်းရောက်မှ အိမ်ကဖုန်းလာတယ်၊ မင်းညီမ နေမကောင်းလို့တဲ့





အဲဒါ မောင်ဒွေးမြင့်လတ် မင်းညီမကို သွားကြည့်ပေးပါဦးကွယ်၊ အရာဝန်ဓါတ်ခန်းလည်း ခေါ်ထားပေးပါ၊ ဒေါ်ဒေါ်မရှိတုန်း ဂရုစိုက်ထားပေးပါဦးကွယ်. . ."

"ဩော် ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ခုပဲသွားကြည့်လိုက်ပါမယ်. . ."

"ကျေးဇူးပါပဲကွယ်. . ."

စကားအဆုံး ဒေါ်ခင်မာတစ်ယောက် ဖုန်းပိတ်လိုက်သည်။ သည့်နောက် ချက်ချင်းပင် ဒေါ်ခင်မာသည် ခေါင်းကိုက်၍ဆေးသောက်ပြီးအိပ်နေသည့် သမီးအခန်းဆီသို့ သွားချောင်းကြည့်လိုက်သည်။ ပြီးတော့ ခင်ပွန်းသည်ဦးအောင်မြင့်အား အသည်းအသန်လိုက်ရှာ၏။ အလုပ်အကိုင်မရှိ မယားခိုင်းတာတွေသာ လုပ်တတ်သည့် အောင်မြင့်တစ်မိကျစ္စနေသည်။ တီဗီကြည့်သည့်အခန်းသို့ ဒေါ်ခင်မာရောက်လာသည်။ ထင်သည့်အတိုင်း အောင်မြင့်တာ မိကျူးနေသည်ပါ။

"ကိုအောင်မြင့်. ရှင့်ကိုအခုခိုင်းမယ်၊ ဒီအလုပ်ကိုတော့ ရှင်ကောင်းကောင်းလုပ်ပါ. . ."

ရောက်ရောက်ချင်းပြောလိုက်သည့် ဒေါ်ခင်မာ့စကားအားဘာမှန်းမသိ၍ အောင်မြင့်တစ်ယောက် ကြောင်နေဆဲ ဒေါ်ခင်မာသည် အောင်မြင့်နားနားသို့ကပ်ကာ စကားတိုးဖြင့် ပြောလိုက်သည်။ ထိုအခါမှ အောင်မြင့်သည် နားလည်သွားသလို ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မပြောတာ ရှင်သဘောပေါက်တယ်မဟုတ်လား၊ ဒီကိစ္စကို ရှင် ပီပီရိရိဖြစ်အောင်လုပ်၊ အခုလာတော့မယ်တဲ့၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကောင်းကောင်းသွားပြင်ဆင်ထား၊ အိမ်ဖော်တွေလည်း မတွေ့
စေနဲ့ဦး. . . ”

“အေးပါကွာ. . . ”

“ရှင် ပိရိပါစေနော်၊ ရှင်မြန်မြန်လုပ်ပါ. . . ”

“အေးပါကွာ၊ ငါနားလည်ပါတယ်. . . ”

“ကဲ ဒါဖြင့် ရှင်သွားတော့. . . ”

စကားတွေပြောဆိုပြီး လင်မယားနှစ်ယောက် လမ်းခွဲထွက်လိုက်ကြသည်။ ဒေါ်ခင်မာသည် မီးဖိုဆောင်ဘက်သို့ဝင်ခဲ့ပြီး ထမင်းချက်ဒေါ်သောင်းကို သွားကြည့်သည်။ ဒေါ်သောင်းမှာ မီးဖိုထဲတွင်တစ်ယောက်တည်း အလုပ်တွေများနေ၏။ ဒေါ်သောင်းအတွက်စိတ်ချသွားရပြီမို့ ဒေါ်ခင်မာသည် ငွေမြင့်လတ်လာလျှင် မြင်နိုင်သည့်ပြူတင်းတစ်ခုမှ သွားရောက်စောင့်ကြည့်နေလိုက်လေ၏။

တစ်ဘက်ခြံတွင်လည်း ငွေမြင့်လတ်သည် ချာလီ့အခန်းထဲသို့ ဝင်ကြည့်သည်။ ချာလီသည် ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း ဆေးသောက်ပြီး အိပ်စက်အနားယူနေသည်ကို တွေ့လိုက်ရ၍ ငွေမြင့်လတ်သည် စိတ်ကျေနပ်စွာ ရှိသွားရ၏။ သူသည် ချာလီ့မျက်နှာလေးဆီ ကြင်နာစွာ အတန်ကြာကြည့်နေပြီးမှ အခန်းထဲမှ ပြန်ထွက်ခဲ့လိုက်သည်။ အောက်ထပ်အရောက်၌ သူသည် ချာလီနိုးလာလျှင် သိစေရန်အတွက် တစ်ဘက်ခြံသို့သွားကြောင်း စာရေးလိုက်ပြီး အိမ်မှထွက်ခဲ့လိုက်လေ၏။

ငွေမြင့်လတ်သည် တစ်ဘက်ခြံသို့ ခပ်သွက်သွက် ခြေလှမ်းတွေနှင့် လှမ်းခဲ့လိုက်သည်။ ခြံထဲသို့ ငွေမြင့်လတ်တစ်ယောက်ဝင်လာနေသည်ကို ခြံထဲရှိအကွယ်တစ်နေရာမှ ဦးအောင်မြိုင်





တစ်ယောက် ချောင်းမြောင်းနေသကဲ့သို့ တိုက်ကြီး၏အပေါ်ထပ်မှသည်း ဒေါ်ခင်မာသည် လှမ်းမြင်နေသည်ပါ။ ငွေမြင့်လတ်ကမူသိ၊ တိုက်ကြီးဆီသို့ လှမ်းခဲ့သည်။ ထိုအချိန်နှင့်တစ်ဆက်တည်းငင် ထမင်းချက်ဒေါ်သောင်းသည်လည်း ခြံထဲမှ ရွှဲယိုရွက်ခူးရန်အတွက် ခြံထဲသို့ထွက်ခဲ့သည်။ ဒေါ်သောင်းကလည်း ရွှဲယိုရွက်ခူးရန်လှမ်းသွားဆဲ ငွေမြင့်လတ်သည်လည်း တိုက်ကြီး၏ ဆင်ဝင်အောက်သို့ရောက်ခါနီး..

“ဒုတ်. . . ”

ငွေမြင့်လတ်ကား အသံပင်မထွက်၊ အောင်မြိုင်ကလည်းလက်ဆကောင်းသည်။ ငွေမြင့်လတ်သည် အောင်မြိုင်လက်ချက်နှင့်သတိမေ့သွားခိုက် အောင်မြိုင်သည် လက်ထဲမှ တုတ်ကိုလွှင့်ပစ်လိုက်ပြီး ငွေမြင့်လတ်အား ထမ်းခေါ်လာချိန်၊ အဆင်ပြေပြီမို့ဒေါ်ခင်မာကလည်း အပေါ်ထပ်မှပြေးဆင်းလာချိန်၊ ထမင်းချက်ဒေါ်သောင်းသည်လည်း ရွှဲယိုရွက်ခူးရန် အိမ်ဘေးသို့အရောက်ဆင်ဝင်အောက်မှ မြင်ကွင်းအား တွေ့မြင်သွားလိုက်ရသည့်တွင်ဒေါ်သောင်းအတွက် စပ်လည်းစပ်စုချင်သည်။ လွန်စွာမှလည်းအံ့ဩသွားလိုက်ရလေ၏။

ဟယ် ဒါဘယ်လိုဖြစ်ရတာလဲ၊ သတိမေ့နေတာထင်တယ်၊ဟင်! ဒါ ဟိုဘက်ခြံက ခပ်ချောချောညီအစ်ကိုနှစ်ယောက်ထဲကအကြီးကောင်ပဲ၊ ဘယ်လိုဖြစ်ပြီး ဒီအိမ်ကို ဒီပုံစံနဲ့ရောက်လာရတာပါလိမ့်၊ အရက်များမူးလာတာလား၊ တစ်ခါမှတော့ ဒီလိုအဖြစ်မျိုးမရှိခဲ့ဖူးပါဘူး၊ မမတို့လင်မယားက ထူးထူးဆန်းဆန်း ဟိုဘက်အိမ်ကအစ်ကိုကြီးကို ထမ်းပြီးတော့ အိမ်ထဲခေါ်သွင်းသွားတယ်၊ ငါ နောက်ကလိုက်ကြည့်ရင် ကောင်းမယ်ထင်တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သောင်းတွေးရင်း ရွှယိုရွက်ပင်မခူးဖြစ်တော့ဘဲ တိုက်
ကပျာကယာ ပြန်ပြေးဝင်ခဲ့လိုက်သည်။ နောက်ဖေးမှ ပြေးဝင်ပြ
ထမင်းစားခန်းထဲမှ ဒေါ်သောင်းချောင်းကြည့်သည်တွင် ဒေါ်ခင်မ
တို့လင်မယားနှစ်ယောက်မှာ အပေါ်ထပ်အထိ ငွေးမြင့်လတ်အာ
ထမ်းချီခေါ်သွားကြသည်ကိုတွေ့၍ ဒေါ်သောင်းသည်လည်း နောက်
လိုက်ကြည့်၏။ နောက်ဆုံး သမီးချောအခန်းထဲအထိ ခေါ်သွားသည
ကိုတွေ့၍ ဒေါ်သောင်းတစ်ယောက် အံ့သြမဆုံးရှိကာ နားမလည
နိုင်အောင်ဖြစ်ရ၏။ သည့်နောက် တစောင်းလေးအိပ်ပျော်နေသည
မေဇင်ကို၏နောက်ကျောနားတွင် ငွေးမြင့်လတ်အား ချထားလိုက
သည်။ ဒေါ်သောင်းသည်လည်း မြင်ကွင်းဆီကြည့်ကာ မျက်လုံ
ပြူး၍ ရယ်ချင်သည်ကိုထိန်းပြီး အောက်ထပ်သို့ ကပျာကယ
ပြန်ပြေးဆင်းခဲ့လိုက်ရလေ၏။

ဟား ဟား ရယ်ချင်လိုက်တာ၊ ဒါသက်သက် သမ
အတွက် လင်ဖမ်းတာ၊ လူငယ်တွေသဘောက ဘာလဲမသိသေးဘူ
ဒီလင်မယားကကြံဖန်ပေးနေတယ်၊ မိသားစုသုံးယောက်မှာ သမ
လေးဘာလွဲရင် လင်မယားနှစ်ယောက်စလုံးရဲ့ ပုံစံတွေကိုမကြိုက်ဘူ
တဓာယ်ကို ကောက်ကျစ်တဲ့လူလည်တွေ၊ နေပေစေ. .အခြေအ
ကိုကြည့်ပြီး ငါပွဲဖျက်တန်ဖျက်ရမယ်. . .

ငါသိထားတာက သမီးလေးနဲ့ ဟိုအကောင်ကြီးက အငယ
ကောင်လေးနဲ့အဆင်ပြေနေတာပါ၊ အခုဘယ့်နှယ် အကြီးကောင်နဲ
အင်း သိပြီ၊ အငယ်ကောင်နဲ့သဘောမတူလို့ ပဲဖြစ်မယ်၊ ရတယ
ရတယ်၊ အခြေအနေကိုစောင့်ကြည့်ပြီး ငါလုပ်ပြမယ်. . .။

စိတ်ကူးနှင့် ဒေါ်သောင်းတစ်ကိုယ်တည်း ပြုံးနေ၏။ မ
သည်။ ဒေါ်သောင်းသည်လည်း တစ်ကိုယ်တည်း ကိုယ့်စိတ်ကူးန





ကိုယ် ရှိနေဆဲ အပေါ်ထပ်တွင်လည်း ဦးအောင်မြင့်နှင့် ဒေါ်ခင်မာ
တို့လင်မယားနှစ်ယောက်မှာ မိမိတို့အကြံ အောင်မြင်ပြီမို့ စိတ်
ကျေနပ်စွာဖြင့် အပေါ်ထပ်မှ ဆင်းခဲ့လိုက်ကြပြီး တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်ကာ ဆက်လုပ်ရမည့် ကိစ္စများအတွက် ပြုံးလိုက်
ကြလေ၏။

× × × × ×

ဆေးသောက်ပြီးအိပ်ပျော်နေရာမှ မေဇင်ကို နိုးလာသည်။
အိပ်ယာမှနိုးသည်နှင့် မေဇင်ကိုသည် မိမိကိုယ်မိမိ ဆန်းစစ်သည်။
ခေါင်းထဲကောင်း မကောင်း၊ ကြည်လင်မှုရှိ မရှိ ဆန်းစစ်ပြီး၍
ကောင်းမွန်သက်သာသွားပြီကို မှတ်ချက်ချလိုက်သည်။ ပြီးမှ မေဇင်
ကိုသည် အိပ်ယာမှထမည်အပြု. . .

"ဟင်! အမလေး. .အို ကိုကိုငွေးပါလား၊ ဒါဘယ်လိုဖြစ်
တာလဲ၊ ဘာကြောင့် ကိုကိုငွေးက ငါ့အခန်းထဲရောက်နေရတာလဲ"

အထိတ်တလန့်ဖြစ်ကာ မေဇင် စဉ်းစားနေဆဲ ငွေးမြင့်
လတ်သည်လည်း အနည်းငယ်လှုးလွန့်၍လာသည်။ ငွေးမြင့်လတ်
လှုးလွန့်လာသည်ကို မေဇင်ကိုသည် မျက်လုံးလေးပြူးရင်းက အံ့သြ
တကြီး ကြည့်နေဖြစ်၏။ ငွေးမြင့်လတ်သည် လွန့်လှုးရင်း မျက်ဝန်း
အစုံပွင့်လာသည်။ တစ်ဆက်တည်း အသိက မိမိခေါင်းတွင် နာကျင်
နေ၍ ခေါင်းကိုစမ်းကိုင်ကြည့်လိုက်သည်။ တစ်ဆက်တည်းလည်း
အသိက မိမိရောက်ရှိနေသည့်နေရာကို သတိထားကြည့်လိုက်သည်
နှင့် မေဇင်ကိုသည် အိပ်ယာထက်မှ ရုတ်ခနဲထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ဒါ. . ."

ရွှေမြင့်လတ်သည်လည်း မိမိအခန်း မိမိအိပ်ယာမဟုတ်မှန်း သိလိုက်သည်နှင့် မျက်လုံးပြူးထိတ်လန့်ကာ အိပ်ယာထက်မှ ဗြုန်းခနဲဆင်းရပ်လိုက်၏။ ထိုအခါမှ ရွှေမြင့်လတ်သည် မေဇင်ကို တစ်ယောက် မိမိအားကြောင်ကြည့်နေသည်ကို တွေ့လိုက်ရ၍ ရွှေမြင့်လတ်မှာ ထပ်ဆင့်အံ့သြတုန်လှုပ်သွားလိုက်ရလေ၏။ တစ်ယောက်ကိုတစ်ယောက် နားမလည်စွာကြည့်နေဖြစ်သည်။ ပြီးမှ ရွှေမြင့်လတ်သည် လက်တစ်ဘက်က ခေါင်းကိုကိုင်ပြီး ကျန်လက်တစ်ဘက်က မေဇင်ကိုထံ လက်ညှိုးထိုးလိုက်၊ သူ့ရင်ဘတ်ဆီဖိကာ လက်ခါပြလိုက်နှင့် လုပ်နေ၍ မေဇင်ကိုကလည်း သဘောပေါက်သလို ခေါင်းလေးရမ်းလိုက်ပြီး. . .

"ဟင့်အင်း၊ မေဇင်လည်း ဘာမှမသိဘူး၊ မေဇင်နိုးလာတော့ ကိုကိုရွှေကိုတွေ့လို့ အံ့သြတောင်မပြေသေးဘူး၊ ကိုကိုရွှေ နိုးလာတာပဲ. . ."

မေဇင်က အလျင်စလိုရှင်းပြသည်။ ရွှေမြင့်လတ်သည် ရုတ်တရက် နားမလည်၊ ကိုယ့်ကိုယ်ကို အံ့သြနေရင်းတပင်. . .

"မေဇင်. .ကိုကိုရွှေ ဒီကိုဘယ်လိုရောက်လာတာလဲ. . ."

"မေဇင်လည်း မသိဘူးလေ. . ."

"ဟာ ဘုရားစူးချင်သလောက် စူးပါ၊ မိုးကြိုးလည်း ပစ်ချင်သလောက်ပစ်ပါ၊ ကိုကိုရွှေလည်း လုံးဝမသိပါဘူးကွာ၊ အဲ ဟုတ်ပြီ၊ ကိုကိုရွှေ သတိရပြီ၊ ကိုကိုရွှေပြောပြမယ်။ မေဇင် ယုံမလား. . ."

သူဆိုရင်း မေဇင့်အိပ်ယာပေါ် ပြန်ထိုင်လိုက်သည်။ မောင်





သည်လည်း သူ့ကိုအားနာ၍ လက်တစ်ကမ်းတွင် ဝင်ထိုင်လိုက်သည်။

"ကိုကိုရွှေ မှတ်မိပြီ မေဇင်၊ ကိုကိုရွှေ ဒီခြံကိုရောက်လာတဲ့ အကြောင်းရင်းက. . ."

"ကျိုး. . ."

"ဟင်! သမီးမေဇင်–မောင်ရွှေမြင့်လတ်. မင်းတို့ ဘယ်လို"

"အို မေမေ မဟုတ်ဘူး. . ."

"ဟာ ဒေါ်ဒေါ်. .ဟုတ်ပါတယ်၊ အဲ မဟုတ်ပါဘူး၊ ကျွန်တော်ရှင်းပြ. . ."

"အို မောင်ရွှေမြင့်လတ်. .မင်းတို့ကို ခုလိုတွေ့နေတာတောင် ဘာရှင်းပြဦးမှာလဲ၊ မင်းဟာ ပညာတတ်လူကြီးလူကောင်း တစ်ယောက်ပါကွယ်၊ မင်းဒီလိုတော့ မလုပ်သင့်ပါဘူး၊ မင်း နမချင်းစာနာပါဦး. . ."

"မေမေ. .မေမေထင်သလိုမဟုတ်ပါဘူး၊ သမီးရှင်းပြတာကို နားထောင်ပါဦး. . ."

"သမီး. .သမီးက မိန်းကလေးနော်၊ ဘာမှရှင်းပြစရာမလိုဘူး၊ ဒီမှာ မောင်ရွှေမြင့်လတ်. . ."

"ဗျာ. . ."

"မင်းနှယ်ကွယ်၊ ဒေါ်ဒေါ်က မင်းနဲ့သမီးကို ကြည်ဖြူပြီးသားပါ. . ."

"ဟာ မဟုတ်ဘူး. . ."

"မေမေ. .ထင်ရာမပြော. . ."

"ဒီမှာ မင်းတို့ဘာမှမပြောကြနဲ့၊ မောင်ရွှေမြင့်လတ်. ဒေါ်ဒေါ်က သမီးရှင်ပါကွယ်၊ ကဲ လာ အောက်ထပ်ဆင်းရဲ့ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ လူသိရှင်ကြားဆွေးနွေးပြီး မင်္ဂလာရက်ကိုပါ တစ်ခါ တည်း ရွေးလိုက်တော့မယ်. . ."

"ဟာဗျာ. . ."

"မေမေ. . ."

ဒေါ်ခင်မာစကားအဆုံး ရှုမှုတွက်သွားသည်တွင် ငွေးမြင့် လတ်ရော မေဇင်ကိုပါ တုန်တုန်လှုပ်လှုပ်နှင့် မျက်နှာတွေပျက်ပြီး ဒေါ်ခင်မာနောက်သို့ ထွက်လိုက်သွားကြရ၏။ အောက်ထပ်ရောက် သည်နှင့် ဧည့်ခန်းထဲတွင် အားလုံးထိုင်လိုက်ကြသည်။ ဒေါ်ခင်မာ က ချက်ချင်းပင် တစ်ဘက်ခြံသို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို ဟဲလို. .မောင်ငွေးမြင့်လတ်တို့အိမ်ကလား. ."

"× × × × ×"

"အခုပြောနေတာ ဘယ်သူလဲကွယ့်၊ ဒေါ်ဒေါ်က တစ်ဘက် ခြံက မေဇင်ကို့မေမေပါ. . ."

"× × × × ×"

တစ်ဘက်မှ ဖုန်းကိုင်သူမှာ ချာလီမှန်းသိ၍ ဒေါ်ခင်မာ သည် တမင်ပင် ချာလီသိအောင်ပြောတော့မည်ပါ။ ဒေါ်ခင်မာထံ ကြည့်ပြီး ငွေးမြင့်လတ်နှင့် မေဇင်ကိုတို့တလည်း စိုးရိမ်နေကြရ သည်ပါ။

"ဩော် ချာလီလား၊ ချာလီ တစ်ယောက်တည်းရှိလား၊ မောင်အေးမြင့်လတ်ကော မရှိဘူးလားကွယ့်. . ."

"× × × × ×"

"ဩော် အေးလေ၊ မောင်အေးမြင့်လတ်မရှိရင်လည်း ချာလီ ပဲ ဒေါ်ဒေါ်တို့ခြံကို အခုချက်ချင်း လာခဲ့ပါကွယ်၊ ကိစ္စကတော့ မောင်ငွေးမြင့်လတ်နဲ့ ဒေါ်ဒေါ်သမီး မေဇင်တို့ရဲ့ မင်္ဂလာကိစ္စကို





ချက်ချင်းစီစဉ်ဆွေးနွေးဖို့ပါပဲ၊ သူတို့ကိစ္စတွေကို မြန်မြန်စီစဉ်ပေးမှပဲ ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ ဒေါ်ဒေါ်တို့မရှိတဲ့အချိန်မှာ မောင် ငွေးမြင့်လတ်နဲ့ မေဇင်တို့က အတူတူနေနေကြတာ၊ အခု ဒေါ်ဒေါ်တို့ အိမ်သားတွေအားလုံး လက်ပူးလက်ကြပ်မိသွားပြီကွယ့်. . .

အေး အဲဒါ မင်းတို့အိမ်က အိမ်သားတွေလည်း သိရင် အံ့ဩမယ်ဆိုတာသိတယ်၊ ဒေါ်ဒေါ်တို့တောင် အံ့ဩနေတာ၊ ဒေါ်ဒေါ်ကသမီးရှင်လေ၊ ကိုယ့်သမီးကိုတော့ ဒီလိုပိုးစိုးပက်စက် ဘယ်အဖြစ်ခံနိုင်မလဲ၊ ကဲ ကဲ ဒီရောက်မှဆက်ပြောတာပေါ့၊ မင်းအခု ချက်ချင်းလာခဲ့ပါ၊ မင်းတို့အိမ်ရဲ့သက်သေအဖြစ်ပေါ့. . ."

တစ်ဘက်မှ ချာလီတစ်ယောက် မည်သို့ဖြစ်မည်ကိုဖြင့် မသိ၊ ဒေါ်ခင်မာကဖြင့် စကားအဆုံး ဖုန်းချလိုက်ပြီဖြစ်သည်။ ငွေးမြင့်လတ်နှင့် မေဇင်ကိုတို့မှာ စိတ်ညစ်၍မဆုံးပါ၊ ရှင်းပြလို့က လည်း မရ၊ မရခြင်းထက် ဒေါ်ခင်မာက လက်မခံခြင်းဖြစ်သည်။ ဒေါ်ခင်မာနှင့် ဦးအောင်မြင့်တို့မှာ ငွေးမြင့်လတ်ထံ မျက်နှာထား တွေနှင့်ကြည့်ရင်း ဒေါ်ခင်မာက ရေပက်မဝင်အောင် စကားတွေ ဆိုနေဆဲအချိန်များ၌ တစ်ဘက်ခြံမှ ချာလီသည်ကား. . .

အိပ်ယာမှနိုးသည်နှင့် ကိုယ်ရောစိတ်ပါ ကြည်လင်လန်း ဆန်းစွာဖြင့် အောက်ထပ်သို့ဆင်းခဲ့သည်။ အောက်ထပ်အရောက် ချာလီသည် ငွေးမြင့်လတ်ရေးထားခဲ့သည့် စာကိုဖတ်ပြီး နေ့လည်စာ ထမင်းစားရန်အတွက် တစ်ဘက်ခြံသို့သွားရောက်ကာ ငွေးမြင့်လတ် အား ခေါ်မည်ပြုဆဲ ဒေါ်ခင်မာထံမှ ဖုန်းဆက်ပြောလိုက်သော စကားများအား ချာလီသည် မယုံနိုင်အောင် အံ့ဩတုန်လှုပ်ခြင်းဖြင့် စိတ်ထိခိုက်သွားလိုက်ရလေ၏။ ထို့အတွက် ချာလီသည် တစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြံသို့ သွားရ မသွားရ ဝမ်းနည်းစွာရှိနေပြီးမှ ဘာတွေဘယ်လို ဖြစ်သည်ကို သိချင်၍ သွားရန်ဆုံးဖြတ်လိုက်၏။ တစ်ဘက်ခြံတွင်မူကား ဒေါ်ခင်မာသည် ဒွေးမြင့်လတ်အား စကားပြောခွင့်မရှိအောင် စကားတွေကို ဆက်တိုက်ပြောဆိုနေ၏။

"မင်း ဘာမှမရှင်းပြပါနဲ့တော့၊ ဒေါ်ဒေါ်လည်း ဘာမှ မသိချင်တော့ပါဘူးကွယ်၊ ဒေါ်ဒေါ်က သမီးရှင်ပါ၊ နစ်နာစရာရှိရင် ဒေါ်ဒေါ်ကပဲ နစ်နာမှာ၊ မောင်ဒွေးမြင့်လတ်အနေနဲ့ ဒီလိုကိစ္စကို ခေါင်းမရှောင်သင့်ပါဘူးကွယ်၊ မင်းကို ဒေါ်ဒေါ်တောင်းပန်ပါတယ်"

ဗွတ်ကြီးပြောနေသည့် ဒေါ်ခင်မာထံ ဒွေးမြင့်လတ်သည် အတွင်းနှုတ်ခမ်းကို ကိုက်ကာကြည့်နေမိသည်။ စိတ်ထဲကဖြင့် တော်တော်ကို မသက်သာ။ ဒွေးမြင့်လတ်တစ်ယောက် အောင့်သက်သက်နှင့် ငြိမ်၍ကြည့်နေဆဲ ထမင်းစားခန်းထဲမှလည်း ဒေါ်သောင်းသည်လည်း နားထောင်နေသည်ပါ။ ဒေါ်သောင်းမှာ ဒေါ်ခင်မာစကားတွေအတွက် အံ့ဩရင်း ခုမှခေတ်ရည်လည်သွားတော့သည်။ ထိုအခါမှပင် ဒေါ်သောင်းသည် မဲ့ရွဲ့ကာ ရယ်နေလိုက်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ တစ်ချိန်တည်းပင် ဒေါ်ခင်မာတို့အိမ်သို့ ချာလီသည် ရောက်လာ၏။ ချာလီသည် ရုတ်တရက် ဧည့်ခန်းထဲသို့မဝင်ဘဲ စကားသံတွေကို နားထောင်နေလိုက်သည်။

"ဒီမှာ မောင်ဒွေးမြင့်လတ်. .ဒေါ်ဒေါ်တို့ရဲ့ဂုဏ်သိက္ခာကိုလည်း ထောက်ထားပေးပါ၊ မောင်ဒွေးမြင့်လတ်ကိုယ်တိုင်လည်း ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်ပါကွယ်၊ အခုလို သမီးလေးရဲ့ အခန်းထဲမှာ မင်းတို့နှစ်ယောက်ကို အတူတူတွေ့လိုက်ရတော့. . ."

"အို သူတို့က ဒီအခြေအနေထိတောင် ဖြစ်နေကြတာပါ





လား၊ ဒါနဲ့တောင်မှ ဘာဖြစ်လို့များ ငါ့အချစ်ကို. .ကိုကိုဒွေးရယ် မထင်မိဘူး၊ ရက်စက်လိုက်တာ. . ."

ရင်နာစွာရေရွတ်ရင်း ချာလီသည် မျက်ရည်တွေပါ စီးဆင်းကျလာ၏။ သို့သော်လည်း ချာလီသည် မိန်းမသားတစ်ယောက်၏ မာနကဖြင့် အပြည့်ရှိသူမို့ အတွင်းသွားလေးတွေကို ချာလီ တင်းတင်းစေ့ထားဖြစ်၏။ ချာလီတစ်ယောက် မာနနှင့် ရင်နာနေဆဲအခိုက် ဒေါ်ခင်မာသည် ချာလီ့အရိပ်လေးကို လှစ်ခနဲတစ်ချက်တွေ့လိုက်ရလေ၍. . .

"မောင်ဒွေးမြင့်လတ်ရယ် မင်းတို့ကို ဒေါ်ဒေါ်အပြစ်မပြောပါဘူး၊ မင်းက သမီးကိုမေတ္တာရှိရင်လည်း ဒေါ်ဒေါ်မငြင်းပါဘူး၊ မင်းတို့ဒီအခြေအနေကိုရောက်နေမှတော့ ဒေါ်ဒေါ်သမီးကို အမြန်ဆုံးသာ လက်ထပ်ဖို့ သမီးရှင်ဖြစ်တဲ့ ဒေါ်ဒေါ်ကတော့ လုပ်ရမှာပဲ"

"ကောင်းပြီ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ပြောတာတွေ ကျွန်တော်သည်းခံပြီး နားထောင်ပါတယ်၊ ဒေါ်ဒေါ်လည်း ကျွန်တော်ဘက်က ရှင်းပြတာတွေကိုတော့ နားထောင်သင့်တာပေါ့. . ."

"ရှင်းပြဖို့မှ မလိုတော့တာ၊ ဒေါ်ဒေါ်တို့လင်မယားနှစ်ယောက်စလုံးက မျက်လုံးနဲ့တပ်အပ်မြင်. . ."

"ဒီမှာ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်က အမှန်တရားကို မစစ်ဆေးဘဲ ဗွတ်ကြီးပြောနေမှတော့ ကျွန်တော်လည်း ဗွတ်ပြောရတော့မှာပဲ၊ ကျွန်တော့်ကို မေစင်နေမကောင်းဘူးလို့ ဖုန်းဆက်လှမ်းခေါ်တာ ဘယ်သူလဲ၊ ဒေါ်ဒေါ်ပဲမဟုတ်လား. . ."

"အေးလေ. မင်းကို ကူညီဖို့. . ."

"ဒေါ်ဒေါ် မပြောနဲ့၊ ကျွန်တော်ပြောမယ်၊ ဒေါ်ဒေါ်အကူအညီတောင်းလို့ ကျွန်တော်ကလည်း ကျွန်တော့်ညီနဲ့ ပတ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလည်းဖြစ်၊ ကိုယ့်ညီမလေးတစ်ယောက်လိုလည်း သဘောထားလို့၊ ကျွန်တော် မေဇင့်ကိုကြည့်ဖို့ ဒီခြံကိုလာခဲ့တယ်၊ ဒေါ်ဒေါ်တို့က ခြံထဲရောက်ပြီး ဆင်ဝင်အောက်နားရောက်ခါနီးမှ တစ်ဦးတစ်ယောက်က ကျွန်တော့်ခေါင်းကိုရိုက်လိုက်တာ ခံလိုက်ရတယ်၊ အဲဒီမှာတင် ကျွန်တော်လည်း သတိလစ်သွားတာ၊ ကျွန်တော်သတိရလာတော့ မေဇင့်အခန်းထဲကို ရောက်နေတာပဲ. . .

"ဟုတ်တယ် မေမေ၊ ဟုတ်ပါတယ်၊ မေဇင်တို့ဘာမှမဖြစ်ကြပါဘူး၊ ကိုကိုငွေးနဲ့ မေဇင်က မောင်နှမတွေလိုချစ်ကြတာပါ"

"တိတ်စမ်း မိမေဇင်၊ ညီး ဘာမှနားမလည်ပဲနဲ့ ဝင်မပြောစမ်းနဲ့. . ."

"ဒေါ်ဒေါ်. . ကျွန်တော်နဲ့ မေဇင်တို့က တကယ့်အဖြစ်မှန်တွေကို ပြောတာပါ. . ."

"ငါမယုံဘူး. . ."

"ယုံလိုက်ပါ၊ ယုံလိုက်ပါ မမ၊ ကလေးတွေပြောတာ ဟုတ်ပါတယ်၊ တကယ်ပါ မမရယ်၊ ကျွန်မသက်သေရှိပါတယ်၊ ကျွန်မအားလုံးမြင်တယ်. . ."

"ဟဲ့ မသောင်း နင်ထွက်သွားစမ်း၊ နင့်အရာလား၊ သွား..."

ဒေါ်သောင်းတစ်ယောက် ဝင်ရောက်ပြောဆိုလာ၍ မျက်စိမျက်နှာမျက်ကာ အောင်မြိုင်က ဝင်ဟောက်သည်။ ဒေါ်သောင်းကိုတွေ့လိုက်ရ၍ ဒေါ်ခင်မာကလည်း မျက်စိမျက်နှာ အကြီးအကျယ်ပျက်နေပါပြီ။ ဧည့်ခန်းအကွယ်တွင်ရှိနေသည့် ချာလီသည်လည်း စောစောက ငွေးမြင့်လတ်နှင့် မေဇင်တို့ပြောသည့်စကားများနှင့် အခုဒေါ်သောင်းပြောလာသည့်စကားများအား အံ့ဩမှု စိတ်ဝင်စားမှုတွေဖြင့် ဧည့်ခန်းထဲသို့ လှမ်းဝင်ခဲ့လေ၏။ ဦးအောင်မြိုင်ထံ





ပေါ်တောတော ကြောင်တောင်တောင်ဖြင့် ရယ်သလို ရှုံ့သလိုဖြင့် ကြည့်ပြီး ဒေါ်သောင်းကလည်း ဖွင့်ကြီးစကားကိုဆက်ဆို၏။

"ဟုတ်ကဲ့ပါ၊ ကျွန်မပြောပြီးရင် သွားမှာပါ၊ တကယ်ပါ၊ ဒေါ်သောင်းမြင်တယ်၊ မောင်ငွေးမြင့်လတ်ခေါင်းကို ရိုက်လိုက်တဲ့သူကိုတော့ မမြင်လိုက်ဘူး၊ ဒါပေမယ့် မောင်ငွေးမြင့်လတ်ကို ဦးအောင်မြိုင်ကထမ်းချီပြီး မမနဲ့အတူတူ အိမ်ထဲခေါ်သွင်းသွားတယ်လေ၊ ပြီးတော့ သမီးလေးအခန်းထဲမှာ မမတို့ပွဲသွားထားတာ ကျွန်မမြင်တယ်၊ ကျွန်မလိုက်ချောင်းကြည့်တာလေ ဟီး ဟီး. ."

ဒေါ်သောင်းဖွင့်ပြောလိုက်သည့် စကားများအတွက် ဒေါ်ခင်မာကား နှုတ်ဆိတ်နေပါပြီ၊ ဦးအောင်မြိုင်သည်လည်း မျက်နှာကြီးမျက်ကာ ကိုးရိုးကားယားဖြစ်နေရတော့၏။ ဒေါ်သောင်းစကားကြားမှပင် ချာလီသည်လည်း မျက်ရည်တွေနှင့် ငွေးမြင့်လတ်ထံကြည့်လာရင်း ပြုံးသည်။ ချာလီအထင်လွဲမည်ကို စိတ်ပူနေသည့် ငွေးမြင့်လတ်မှာလည်း အားလုံးရှင်းလင်းသွားရပြီမို့ နေရာမှ ရုတ်ခနဲထကာ ချာလီ့ပုခုံးလေးဆီ သိုင်းဖက်ထားလိုက်တော့သည်။

မေဇင်မှာလည်း မိခင်ကြောင့် မျက်နှာလေး ရှက်သွေးနှင့်ရဲနေသည့်ကြားမှ ငွေးမြင့်လတ်နှင့် ချာလီတို့ထံ ပြုံးပျော်ကာကြည့်ဖြစ်ရသည်။ ချာလီသည်က မေဇင်ကိုအား နားလည်စွာလက်ကလေးဆွဲခေါ်ရင်း ဒေါ်ခင်မာတို့အနေခက်နေကြသည့်ရှေ့မှ အလိုက်သိစွာ ထွက်ခဲ့လိုက်ကြလေ၏။

x x . x x



www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီခွဲပြီဖြစ်သည်။ ဦးသာထူးသည် ယခင် ဒေါ်ခင်မာတို့နေထိုင်ခဲ့သည့်အိမ်မှ အိမ်ရှင်သစ်ကပေးလိုက်သည့် လိပ်စာစာရွက်လေးကိုကိုင်ကာ ဒေါ်ခင်မာတို့နေထိုင်သည့် ခြံရှေ့သို့ ရောက်လာသည်မှာ မိနစ်နှစ်ဆယ်ခန့်ရှိသွားပြီဖြစ်၏။ ယခုနေထိုင်သည့် ဒေါ်ခင်မာ၏အိမ်လိပ်စာကိုလည်း ဦးသာထူးသည် သေချာမှတ်ထားပြီဖြစ်သည်။ သို့သော်လည်း ဦးသာထူးသည် ခြံထဲမှ ဒေါ်ခင်မာပဲဖြစ်ဖြစ်၊ ဦးအောင်မြင့်ပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကိုတွေ့ပြီးမှ ပြန်ရန် ဆုံးဖြတ်ထား၍ ခြံရှေ့တွင်လမ်းလျှောက်ရင်း တမင်စောင့်ကြည့်နေခြင်းပါ။

ဦးသာထူးတစ်ယောက် လမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဒေါ်ခင်မာနေထိုင်သည့် ခြံထဲသို့ စောင့်ကြည့်နေဆဲအချိန်များ၌ ငွေမြင့်လတ်၏တိုက်ကြီးထဲတွင်မူ ဒေါက်တာဖြိုးအောင်၊ ဒေါက်တာခိုင်ဦးနှင့် တပည့်ဖြစ်သူ မောင်သောင်းတို့နှင့်အတူ ငွေမြင့်လတ်၊ အေးမြင့်လတ်နှင့် ချာလီတို့အားလုံး အေးအေးဆေးဆေးစွာ စကားတွေပြောဆိုနေဖြစ်ကြလေ၏။

"ကိုငွေး ..ခင်ဗျားကတော့လေ တော်တော်မျက်လုံးပြူးကောင်းတာပဲကိုး. . ."

"အေးဗျာ ခိုင်ဦး၊ မင်းပြောသလိုပဲ ကိုယ်လည်း ကိုယ်ကြည့်ခဲ့တဲ့ လူနာဟာ ယောက်ျားလေးလား၊ မိန်းကလေးလားဆိုတာမေ့ပြီး ဇဝေဇဝါတွေဖြစ်သွားတော့တယ်. . ."

"ဟား ဟား ဟား၊ ဒါနဲ့ အေးမြင့်လတ်ကရော တစ်အိမ်တည်းနေပြီး ချာလီကိုမသိဘူးလား. . ."

"တစ်အိမ်တည်းနေတာနဲ့လည်း မဆိုင်ပါဘူးဗျာ၊ ခင်ဗျား





တို့တောင်မှ မသိကြပဲဟာ၊ ကျွန်တော်က ကျွန်တော့်ချစ်သူရှိတော့ ဒါတွေကို ဘယ်စိတ်ဝင်စားပါ့မလဲဗျာ. . ."

"အဟွန်း ဟွန်း၊ ဟုတ်တယ် ခိုင်ဦးရေ၊ ကိုအေးက ချာလီ့ကိုသူနဲ့လုဘက်၊ ပြိုင်ဘက်လို့တောင် အမြဲထင်ပြီး ချာလီ့ကိုထိုးကြိတ်တော့မယ်တကဲကဲလုပ်နေလို့ ကိုယ့်မှာမနည်းကြီးထိန်းနေရတာ. . ."

"တကယ်ပဲဗျာ၊ ကိုကိုငွေး အဲဒါတော့မကောင်းဘူး၊ သူတို့နှစ်ယောက်က ကျွန်တော့်ကိုကြိတ်ပြီးဟားနေကြမှာပဲ၊ တကယ်ဆိုးတဲ့ကိုကိုငွေး. . ."

"ဟား ဟား ဟား. . ."

ငွေမြင့်လတ်စကားအဆုံး သူတို့အားလုံး ရယ်မောလိုက်ကြသည်။ ငွေမြင့်လတ်သည်က ကိုလူပျိုတို့ရှေ့တွင် ပိုင်ရှင်ရှိပြီးသားဟုသိသာစေရန် ချာလီ့လက်ကလေးကို ကြင်နာစွာ ဆုပ်ကိုင်ထားပြလေ၏။ ဒေါက်တာခိုင်ဦးနှင့် ဒေါက်တာဖြိုးအောင်တို့ကလည်း သဘောပေါက်စွာဖြင့် ပြုံးကြည့်နေဖြစ်ကြသည်ပါ။

"ချာလီ ..ဆေးမှန်မှန်သောက်တယ်မဟုတ်လား၊ ကျွန်တော်တို့ပြောသလို နေထိုင်တယ်မဟုတ်လား. . ."

"ဟုတ်ကဲ့ ဆရာ၊ ဆေးလည်းမှန်မှန်သောက်ပါတယ်၊ ကိုယ်ရောစိတ်ပါ အနားလည်းကောင်းကောင်းယူပါတယ်ရှင်"

"အင်း ချာလီကြည့်ရတာလည်း အနေအထားကောင်းလာသလိုမြင်ပါတယ်၊ ဒီလိုရောဂါဆိုတာကလည်း တဖြည်းဖြည်းမှပဲကောင်းလာတတ်တာပါ၊ ချာလီ့ခေါင်းထဲမှာ ထပ်ပြီးဘာတွေသိလာသေးလဲ. . ."

"ချာလီ့အတွေးထဲပေါ်နေတာက အမျိုးသမီးကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုသူရနိုင်ပါပဲ၊ အဖြစ်အပျက်တွေကိုလည်း အမြဲလို ချာလီ
မြင်နေရတယ်၊ ဒါပေမယ့် ဘာကြောင့်လဲဆိုတာတော့ ချာလီမသိဘူး
ခုထိစဉ်းစားလို့မရဘူးဖြစ်နေတယ် ဆရာ . . .”

“သိမ်မစဉ်းစားပါနဲ့ ချာလီ၊ ဦးနှောက်ရော စိတ်ပါ သိပ်ပြီး
ပိအားမပေးပါနဲ့၊ တဖြည်းဖြည်းတော့ ချာလီသိလာမှာပါ၊ ဒါကြော
အခုထပ်ပေးတဲ့ဆေးကို မှန်မှန်သောက်ပြီး ကိုယ်ခန္ဓာအား ပြည့်ဖို့
အတွက် ကိုယ်ရောစိတ်ပါ အနားယူရမယ်၊ ဟုတ်ပြီလား . .”

“ဟုတ်ကဲ့ပါ ဆရာ . . .”

“ကဲ ကိုဌေးရေ .စကားပြောတော့ကောင်းတယ်၊ ရှစ်နာ
တောင်ခွဲသွားပြီ၊ ကိုယ်တို့ကိုခွင့်ပြုဦး . . .”

ခိုင်ဦးဆိုရင်း အားလုံးနေရာမှထရပ်လိုက်ကြသည်။ ပြီးတော့
ခိုင်ဦးနှင့် ဒေါက်တာဖြိုးအောင်တို့ကို ဆင်ဝင်အောက်အထိ လိုက်
ကြသည်။ ဆင်ဝင်အောက်မှ ဒေါက်တာခိုင်ဦးတို့ဆရာတပည့်
နှစ်ယောက်ကားနှင့် ဒေါက်တာဖြိုးအောင်တို့ကားလေး မောင်းထွက်
သွားကြသည်တွင် အေးမြင့်လတ်သည်က အပေါ်ထပ်သို့ တက်သွား
လိုက်ပြီး ဌေးမြင့်လတ်နှင့် ချာလီသည်က တိုက်ရှေ့ရှိ ဒန်းပုခ
လေးပေါ်တွင် နှစ်ဦးသားပူးကပ်စွာထိုင်လိုက်ကြသည်။ ဌေးမြ
လတ်သည် ချစ်ရလွန်းသည့် ချစ်သူလှလှလေး၏ ဆံနွယ်ပျော့ပျော
လေးတွေဆီကိုင်ကာ ကြင်နာစွာနမ်းရှိုက်ရင်း . . .

“ချာလီ . . .”

“ရှင် . . .”

“ကိုကိုဌေးဖြင့် နမျောလိုက်တာကွာ . . .”

“အာကိုလဲဟင် . . .”

“အထင်လွဲသွားတဲ့ ချာလီကို မချော့လိုက်ရလို့လေ . .





“အမယ် သူကချော့ချင်သေးတယ်ပေါ့လေ . . .”

“ဒါပေါ့၊ ကိုယ့်ချစ်သူ နနယ်ငယ်လှလှလေးကို ကိုကိုက
ဟောဒီလိုထွေးပိုက်ထားပြီး ဒီလိုအကြင်နာအနမ်းလေးတွေပေးရင်းနဲ့
နှစ်သိမ့်ချော့မြူချင်သေးတာပေါ့ . . .”

“ကြည့်စမ်း ကိုလူလည်၊ အခု ချာလီ့ကို ညာဖက်ပြီး
ညာနမ်းနေပြန်ပြီ . . .”

“ညာဖက်တာမဟုတ်ပါဘူး အချစ်ရယ်၊ ကိုကို့ရင်ထဲက
သန္တတွေကို လက်တွေ့နကယ့်ပြတာပါ . . .”

“တကယ်ပဲ ကြည့်တော့ တည်တည်ကြီးနဲ့၊ ဒီလိုကလေး
သန့်တတ်မှန်း ထင်ကို မထင်ထားဘူး . . .”

“အချစ်ဆိုတာ လူကို နုပျိုနေစေတယ်တဲ့လေ၊ ကိုကိုက
ချာလီ့ကို သိပ်ချစ်နေမိတော့ . . .”

“သိပ်နုပျိုနေတယ်လို့ ဆိုလိုချင်တာလား . . .”

“ဒီ . .ကိုကိုက ရင့်ရော်နေပြီလား . . .”

“မပြောပါဘူးနော် . . .”

“ကောင်မလေးနော် .စကားတွေဝေ့လည်လည်နဲ့၊ ပြော
ကိုကို့ကို ချစ်လား . . .”

“ကိုကိုနော် လူကိုရင်ခွင်ထဲထားပြီး မေးနေရတယ်လို့..”

“ကြားချင်တယ်၊ ချစ်လား ပြောပါ . . .”

“မချစ်ဘူးပြောရင် . . .”

“ဒါဆို ဒဏ်ခတ်တယ်ကွာ၊ ကဲ ပြော မှန်မှန် . . .”

သူဆိုရင်း ချာလီ့ပါးနုနုလေးနှစ်ဘက်ဆီ ဖြတ်ခနဲနမ်းပြီး
ထပ်၍ဆိုသည်။ ချာလီသည် ရှက်မျက်နှာလေးနှင့် သူ့ကိုမေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"ချစ်လို့ပေါ့၊ ချစ်လို့ပဲ. . ."

"တော်ပြီ၊ ကျေနပ်ပြီ၊ ကဲ ဆုချမယ်. . ."

"ဟင်! အင်. . ."

ချာလီသည်လည်း ဆုချသူရင်ခွင်ဝယ် မျက်လုံးလေးဖြူးကာ ငြိမ်သက်နေဖြစ်ရပါလေသတည်း။

မှန်သည်။ ချစ်သူနှစ်ဦးသည် ပြူတင်းမှ ပြပြလေး ဖြာထွက် နေသည့် မီးရောင် လေးအောက်တွင် ချစ်ကြင်နာမှုလေးတွေနှင့် ရင်ခုန်လိုက်မောစွာ ရှိနေကြဆဲအချိန်များ၌. . .

ဦးသာထူးသည် ဒေါ်ခင်မာတို့ခြံရှေ့တွင် ဒေါ်ခင်မာနှင့် ဦးအောင်မြင့်တို့အရိပ်များအား တွေ့ရနိုးနိုးစောင့်ကြည့်နေဆဲပင် ဦးသာထူးတစ်ယောက် စိတ်ရှည်မှု၏ ရလဒ်ကောင်းအား ခံစားလိုက် ရလေ၏။

မှန်သည်။ ဒေါ်ခင်မာနှင့် ဦးအောင်မြင့်တို့သည် ည ရှစ်နာရီခွဲကျော်မှ ဘယ်သွားကြမည်မသိ၊ ဆင်ဝင်အောက်သို့ ထွက် ကြပြီး ကားထဲသို့ ဝင်ထိုင်လိုက်ကြသည်ကို တွေ့လိုက်ရသည် မဟုတ်ပါတကား။

ဦးသာထူးကား ကျေနပ်သွားပါပြီ၊ ထို့နောက် ဦးသာထူး သည် မြိုး၍ ခြံရှေ့မှလှမ်းထွက်ခဲ့ပြီဖြစ်၏။

လမ်းမကြီးဆီအရောက်၌ ဦးသာထူးသည် အငှားကား တစ်စီးကိုတား၍ မိမိတည်းခိုမည့်ဟိုတယ်သို့ ပြန်ခဲ့လိုက်သည် တစ်အောင့်ခန့်ကြာသည်တွင် ဟိုတယ်သို့ပြန်ရောက်လာသည် ရောက်သည်နှင့် ဦးသာထူးသည် ရေမိုးချိုး၊ အဝတ်အစားလဲ





ညစာကို ဟိုတယ်မှပင်မှာစားလိုက်သည်။ ညစာစားပြီး၍ တအောင့် တနား အနားယူပြီးချိန်တွင် ဆယ်နာရီထိုးပြီဖြစ်၏။

ထို့နောက် ဦးသာထူးသည် ဦးကိုကိုထံသို့ ဖုန်းခေါ်လိုက် လေ၏။ မှန်သည်။ ဦးသာထူးသည် သူ့ရွှေးမှာကြားသည့်အတိုင်း မိမိကြိုးစားလုပ်ဆောင်ပုံများနှင့် မိမိ၏တွေ့ရှိချက်များအား အသေး စိတ်ရှင်းလင်းပြောကြားပြသည်။ အားလုံးပြောဆိုပြီးသည်တွင် သူ့ရွှေး ကိုနှုတ်ဆက်ကာ ဦးသာထူးသည် တစ်နေကုန်မောပန်းထားသမျှ ကိုယ်ရော‌စိတ်ပါ အနားယူအိပ်စက်လိုက်ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်နှစ်)

'ထူးအာရှားသားစ်' ကုမ္ပဏီတွင် ဒေါ်စုလတ်တစ်ယောက် သန့်ရှင်းရေးအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်နေပါပြီ။ မှ… သည်။ သည်နေ့ဆိုလျှင် ဒေါ်စုလတ်အလုပ်ဝင်နေသည်မှာ သုံးရက် ရှိပြီဖြစ်၏။ ဒေါ်စုလတ်အနေနှင့် မိမိ၏သမီးလေးအကြောင်းနှင့် အခြားစုံစမ်းစရာအကြောင်းတွေ အများကြီးရှိနေသော်လည်း ဒေါ်… လတ်သည် သူရှိနိုင်ရန်က မအေးသေး၍ ထင်ထင်ပေါ်ပေါ်လှုံ့ကို… မစုံစမ်းနိုင်သေးပါ။

သို့သော်လည်း ဒေါ်စုလတ်သည် ကုမ္ပဏီလုပ်ငန်း… ကျွမ်းကျင်စွာလုပ်ကိုင်နားလည်နေသူတစ်ဦးမို့ ဒေါ်စုလတ်သ… သန့်ရှင်းရေးလုပ်ရင်း ကုမ္ပဏီသို့ လူဝင်လူထွက်တွေကို မသိမသာ အကဲခတ်ကြည့်ပြီး သည်ကနေ့စီးပွားရေးဈေးကွက်တွင် မည်သည့် လုပ်ငန်းတွေက ရှေ့ပြေးနေသည်ကိုလည်း ထောက်လာနေဖြစ်သည်…

ကိုးနာရီထိုးတော့မည်မို့ ကုမ္ပဏီသို့ ဝန်ထမ်းတစ်…



ဝင်ရောက်လာကြသည်။ မှရေးမနှောင်းမင် ကုမ္ပဏီဖယ်ရှိနှစ်စီးသည်လည်း ကုမ္ပဏီရှေ့တွင်ရပ်လာ၏။ ပြီးတော့ မန်နေဂျာနှင့် အတွင်းရေးမှူးကားတွေ ရပ်လာသည်။ သူဌေးဖြစ်သူဥက္ကဋ္ဌကားဖြင့် ရောက်မလာသေးသည်ကို ဒေါ်စုလတ် သတိထားဖြစ်၏။

"ဩော် သမီး. . ."

"ရှင် ဒေါ်ဒေါ်၊ ဘာကူညီရမလဲဟင်. . ."

"အကူအညီမလိုပါဘူး သမီးရယ်၊ ဒေါ်ဒေါ်က သိချင်တာ မေးမလို့ပါ. . ."

"မေးပါ ဒေါ်ဒေါ်. . ."

"သမီးက ဖယ်ရီဘာလို့မစီးတာလဲ. . ."

"ဩော် သမီးတို့အိမ်က ကုမ္ပဏီနဲ့နီးလို့ပါရှင်၊ ကုမ္ပဏီနဲ့ဝေးတဲ့သူတွေကတော့ ဖယ်ရီစီးတာပေါ့. . ."

"အင်း ဟုတ်တာပဲ၊ ဝန်ထမ်းအားလုံးကလည်း အချိန်တိကျလိုက်တာ၊ ရောက်လာကြတာ အချိန်တိကျပဲ. . ."

"ဟုတ်ကဲ့ အချိန်မှန်ဖို့ သူဌေးက အမြဲနိုးဆော်နေတာပါရှင်၊ အလုပ်ချိန်တိကျမှလည်း အလုပ်ချိန်တိကျမှလည်း အလုပ်လုပ်ရတဲ့ အချိန် လုံလောက်မှာမို့ပါ၊ တစ်ခါတစ်ရံ သိပ်အလုပ်များရင် အချိန်ပိုဆင်းရပါသေးတယ်၊ သူဌေးညီအစ်ကိုက အရမ်းကိုအလုပ်လုပ်ကြတော့ ဝန်ထမ်းတွေလည်း မခိုကပ်ရဲဘူးပေါ့. . ."

"ဒါပေါ့လေ၊ ဦးဆောင်မှုကောင်းလို့လည်း ဒီလောက်ကြီးမားတဲ့ကုမ္ပဏီကြီး တည်တံ့နေတာပေါ့ကွယ်. . ."

"ဟုတ်တယ် ဒေါ်ဒေါ်၊ တစ်ချို့ကုမ္ပဏီတွေဆိုရင် ပြုတ်ကုန်ပြီ၊ ကျွန်မသိသလောက်ဆိုရင် ကျွန်မတို့ကုမ္ပဏီက အဲ့ဒီ…



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုတော့ အကြွေးနဲ့ သိမ်းလိုက်ပြီး နောက်ကုမ္ပဏီတစ်ခုကို တော့ ဝယ်လိုက်တယ်၊ အဲဒီကုမ္ပဏီက ဝန်ထမ်းတွေပါ ကျွန်မတို့ဆီ ရောက်လာကြတယ်. . ."

"ဪ ဒါကြောင့်လည်း ကုမ္ပဏီမှာ ဝန်ထမ်းတွေ အရမ်း များနေတာကိုး. . ."

"မှုတ်ပါတယ်၊ ကဲ ဒေါ်ဒေါ်. ကျွန်မကိုခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီကွယ်. . ."

ဖော်ရွေသည့် ဝန်ထမ်းအမျိုးသမီးလေးထွက်သွားသည်တွင် ဒေါ်စုလတ်သည် သန့်ရှင်းရေးအလုပ်လုပ်ရင်း ကုမ္ပဏီထဲဝင်လာ သည့် လူတွေကိုကြည့်သည်။

"ကိုသောင်းဟန့် ဒီနေ့ ခင်ဗျား ကွန်တိန်နာတင်ဖို့သွားမှာ ဘယ်အချိန်လဲ. . ."

"အင်း သွားရမယ်၊ သူဌေးအခန်းထဲတော့ တစ်ချက် ဝင်ရဦးမယ်၊ ဆယ်နာရီခွဲလောက်တော့ ဖြစ်မယ်ထင်တယ်၊ ခင်ဗျား ကိစ္စရှိလို့လား. . ."

"ခင်ဗျားနောက်ကျမယ်ဆိုရင် ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ဖို့ခေါ်မလားလို့ပါ၊ ခင်ဗျားနဲ့ ကျွန်တော် အချိန်တူနေတော့ လည်း ကိုယ့်ဟာကိုယ်ပဲ သွားပါတော့မယ်ဗျာ. . ."

ဝန်ထမ်းနှစ်ယောက် ရယ်မောကာ စကားတွေပြောသွား သည်ကို ဒေါ်စုလတ် လှမ်းကြည့်နေဖြစ်ရင်းမှ မျက်မှောင်တွန့်သွား ရသည်။

"ဟင် ကိုသောင်းဟန်ဆိုတဲ့လူက လရောင်ကုမ္ပဏီက ဝန်ထမ်းပဲ၊ ဘာဖြစ်လို့ ဒီကုမ္ပဏီကို ရောက်နေရတာလဲ၊ ပြီးတော့





ပတ္တမြားကုမ္ပဏီက ဝန်ထမ်းလေးငါးယောက်ကိုလည်း ငါတွေ့လိုက် ရသေးတယ်၊ ဘာဖြစ်လို့ပါလိမ့်၊ ခုနကမိန်းကလေးပြောသွားတာ၊ ဝယ်တဲ့ကုမ္ပဏီနဲ့ သိမ်းတဲ့ကုမ္ပဏီဆိုတာ ပတ္တမြားနဲ့ လရောင်ကုမ္ပဏီ တွေများဖြစ်နေမလား. . .

အို မဖြစ်နိုင်ပါဘူး၊ ပတ္တမြားရော လရောင်ကုမ္ပဏီပါ ဒီလောက်ကြီးကျယ်ပြီး ခိုင်မာလွန်းတဲ့ ကုမ္ပဏီကြီးတွေဥစ္စာ ဒီအခြေ အနေကို ရောက်နိုင်ပါ့မလား၊ ကူညီတာပဲဖြစ်မယ်၊ ဒါပေမယ့် ငါ့စိတ်ထဲတစ်မျိုးပဲ၊ ငါသေချာသိရအောင် စုံစမ်းဦးမှပါ. . ."

ဒေါ်စုလတ်တွေးရင်း အလုပ်ကိုမြန်မြန်လေး အပြီးသတ် လုပ်လိုက်သည်။ ကိုးနာရီထိုးသည်တွင် ဒေါ်စုလတ်အလုပ်သည် လည်း ပြီးစီးသွားသည်။ အလုပ်တွေပြီးသည်တွင် ဒေါ်စုလတ်သည် သူဌေး၏ညွှန်ကြားချက်အရ တာဝန်ခံကိုယ်တိုင်ပေးထားသည့် အခန်းဆီသို့ ပြန်ခဲ့လိုက်လေ၏။ ဒေါ်စုလတ်နေရသည့် အခန်းသည် ကုမ္ပဏီနှင့် နမူနာပစ္စည်းသိုလှောင်ခန်းနှင့် တွဲရက်ရှိသော အခန်းပါ၊ အခန်းထဲအရောက်၌ ဒေါ်စုလတ်သည် ခြေလက်တွေဆေးပြီး လက် သုတ်နေစဉ် အခန်းထဲသို့ ဒွေးမြင့်လတ်ဝင်လာသည်ကို တွေ့လိုက် ရ၍. . .

"ဪ သူဌေးတောင် ရောက်လာပြီပဲ. . ."

"ဟုတ်တဲ့ ဒေါ်ဒေါ်၊ ဟိုရက်တွေက ကျွန်တော်လည်း မအားလို့ ဒေါ်ဒေါ်ကို လာမကြည့်ဖြစ်ဘူး. . ."

"ရပါတယ် သူဌေး၊ သူဌေးရဲ့ကိုယ်စားလှယ်က အားလုံး စီစဉ်ပေးပါတယ်. . ."

"အဆင်ပြေရဲ့လား ဒေါ်ဒေါ်. . ."

"အရမ်းကို အဆင်ပြေပါတယ်၊ သူဌေးကို ဘယ်လိုကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ရမှန်းတောင် မပြောထုတ်တော့ဘူး. . .”

“ရပါတယ် ဒေါ်ဒေါ်ရယ်၊ ကျွန်တော်လည်း ကူညီထိုက်လို့ ကူညီရတာယ်ပဲ မှတ်ပါတယ်၊ ဒေါ်ဒေါ်လည်း လိုအပ်တာရှိရင် ကျွန်တော့်ကိုပြောပါ၊ ဒါမှမဟုတ် ကျွန်တော့်ကိုယ်စားလှယ်ကို ပြောရင်လည်းရပါတယ်. . .”

“ကျေးဇူးကြီးလှပါတယ် သူဌေးရယ်၊ ကျွန်မအတွက် တခြားဘာမှမလိုအပ်တော့ပါဘူး၊ ခုလို လောလောဆယ် နေစရာ ပေးပြီး ကျွေးထားတာပဲ ကျေးဇူးကြီးလှပါပြီ။ နောက်မှ ဒေါ်ဒေါ် ကိစ္စလေးတွေရှိတာကို ဖြည်းဖြည်းလုပ်ဖို့ သူဌေးခွင့်ပြုပါနော်”

“ဒါပေါ့၊ ဒေါ်ဒေါ့်ကိစ္စတွေလည်း လုပ်ရမှာပေါ့၊ ခွင့်ပြုပါတယ်၊ ဒေါ်ဒေါ်ဟာဒေါ်ဒေါ် အဆင်ပြေသလိုလုပ်ပါ၊ လိုအပ်တဲ့ အကူအညီရှိရင်လည်း ကျွန်တော့်ကိုပြောပါ. . .”

“ဟုတ်ကဲ့ပါ သူဌေးရယ်၊ ကျေးဇူးတင်ပါတယ်၊ ဩော် ဒါနဲ့ စကားမစပ် သူဌေး ကြေးနဲ့သိမ်းတဲ့ကုမ္ပဏီနဲ့ ဝယ်လိုက်တဲ့ ကုမ္ပဏီတွေဆိုတာက ဘယ်ကုမ္ပဏီတွေလဲဟင်. . .”

“လရောင်နဲ့ ပတ္တမြားကုမ္ပဏီတွေပါ၊ ဘာဖြစ်လို့လဲ၊ ဒေါ်ဒေါ်နဲ့ ဘယ်လိုပတ်သက်နေလဲ. . .”

“ဩော် ဟို ပတ်သက်လို့တော့ မဟုတ်ပါဘူးသူဌေးရယ်၊ ဟို သိနေလို့ပါ၊ ကောင်းကောင်းကြီးသိနေလို့ပါ၊ ဒီကုမ္ပဏီနှစ်ခုစလုံးက တကယ့်ကို တောင့်တင်းတဲ့ကုမ္ပဏီကြီးတွေပဲမဟုတ်လား”

“အင်း ဒေါ်ဒေါ်ပြောသလို တောင့်တင်းတဲ့ကုမ္ပဏီတွေပါပဲ၊ ဒါပေမယ့် ဘယ်လောက်ပဲတောင့်တင်းပါစေ စည်းစနစ်မရှိ၊ စည်းကမ်းမရှိ၊ ဦးဆောင်မှုကောင်းမရှိရင် ပြိုလဲရမှာပါပဲ. . .”

“ဩော်. . .”





“လရောင်ကုမ္ပဏီဆိုတာ ကျွန်တော့်ကုမ္ပဏီထက်စောပြီး ထူထောင်အောင်မြင်တဲ့ကုမ္ပဏီကြီးပါ၊ အစက အဲဒီကုမ္ပဏီမှာ သိပ်တော်တဲ့အမျိုးသမီးမန်နေဂျာတစ်ယောက်နဲ့ အမျိုးသမီးအတွင်းရေးမှူး တစ်ယောက် ရှိတယ်တဲ့၊ နာမည်တွေတော့ ကျွန်တော်မသိဘူး၊ ဒီကုမ္ပဏီကို ကျွန်တော် ကြွေးနဲ့သိမ်းလိုက်တဲ့အချိန်မှာ အဲဒီ အမျိုးသမီးတွေ တစ်ယောက်မှမရှိကြတော့ဘူး၊ တစ်ကိုယ်ကောင်းဆန်ဆန် ကုမ္ပဏီကငွေတွေကိုယူပြီး နိုင်ငံခြားထွက်သွားကြတယ်လို့ ပြောသံ ကြားတယ်. . .”

“ဩော် ဟုတ်လား. . .”

“အဲဒီက ဒုမန်နေဂျာကလည်း ကုမ္ပဏီနဲ့လုပ်ငန်းတွေကို အကြောင်းပြပြီး ကျွန်တော့်ဆီမှာ ငွေအမြဲလာချေးတယ်၊ နောက်ဆုံး ဒီကုမ္ပဏီကို အပေါင်သဘောထားတယ်၊ ကျွန်တော်က ဘာဖြစ်လို့ အဲဒီလောက်ငွေတွေ အမြဲလိုနေရတာလဲလို့ မေးတော့ ပိုင်ရှင်သူဌေးက လိုတာပါလို့ ပြောဖူးတယ်၊ ဒါနဲ့ ကျွန်တော် လည်း မဟန့်တော့တာနဲ့ အတိုးရော အရင်းငွေတွေပါတွက်ပြီး ကုမ္ပဏီကိုသိမ်းလိုက်ရတော့တယ်. . .”

လရောင်ကုမ္ပဏီက ဝန်ထမ်းတွေက ဝန်ထမ်းကောင်းတွေပါ။ ဦးစီးဦးဆောင်မှုလူမကောင်းလို့ အားလုံး ကျွန်တော့်လက်ထဲကို ရောက်လာကြတယ်၊ တကယ်တော့ လရောင်နဲ့ ပတ္တမြားကုမ္ပဏီတွေ လျှမ်းလျှမ်းတောက်နေတဲ့အချိန်မှာ ကျွန်တော်တို့ ရုံးဘဲရုံး သေးစက ကည်တောင်ကာစလို့ပဲပြောရမယ်. . .

ဒီကုမ္ပဏီနှစ်ခုမှာ အုပ်ချုပ်မှုလျော့ရဲလာတဲ့အချိန်၊ ကျွန်တော် တို့ကုမ္ပဏီက ငွေအင်အားရော လူအင်အားပါ ပြည့်ပြည့်စုံစုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ယူနေချိန်၊ ဒီကုမ္ပဏီကြီးနဲ့ ကျွမ်းကျင်ဝန်ထမ်းတွေပါ ရလိုက်တဲ့ အတွက် ကျွန်တော့်ကုမ္ပဏီဟာ တစ်ရှိန်ထိုးအောင်မြင်ခဲ့တာ ခုချိန်ထိ ပါပဲ. . .

"ပတ္တမြားကုမ္ပဏီကရော ငွေချေးလို့ သိမ်းလိုက်တာပဲလား"

"မဟုတ်ပါဘူး၊ ပတ္တမြားကုမ္ပဏီကို ကျွန်တော်ဝယ်လိုက်တာပါ၊ ပတ္တမြားကုမ္ပဏီမှာ ဦးစီးဦးဆောင်မယ့်လူမရှိလို့၊ ကုမ္ပဏီက ကျနေပြီဆိုတဲ့သတင်းကို ကျွန်တော်ကြားရတယ်. . ."

"ရောင်းလိုက်တဲ့သူက ဘယ်သူလဲ. . ."

"ဦးကိုကိုနဲ့ ဇနီးဒေါ်ခင်မာဆိုလားပဲ၊ ဒါပေမယ့် ဇနီးဖြစ်သူက ဦးစီးပြီးရောင်းသွားတာပါပဲ၊ အဲဒီကုမ္ပဏီတလည်းပဲ ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို ကျွန်တော်ရလိုက်ပါတယ်. . ."

"ဪ အင်း ဟုတ်တာပေါ့. . ."

ဌေးမြင့်လတ်စကားတွေကို နားထောင်ရင်း၊ စဉ်းစားရင်း၊ အံ့ဩရင်း၊ စိတ်ထိခိုက်မှုတွေနှင့် ဒေါ်စုလတ်သည် ခေါင်းလေးညိတ်ကာ ဆိုဖြစ်လေ၏။

"ကဲ ဒေါ်ဒေါ်. .ကျွန်တော်လည်း အလုပ်ကိစ္စတွေရှိသေးလို့ ခွင့်ပြုပါဦး. . ."

"ဟုတ်ကဲ့ပါ၊ သူဌေးကို အားနာလိုက်တာ. . ."

"ရပါတယ် ဒေါ်ဒေါ်၊ နောက်မှတွေ့ပါဦးမယ်. . ."

နှုတ်ဆက်ပြီး ဌေးမြင့်လတ် အခန်းထဲမှ ထွက်သွားသည် တွင် ဒေါ်စုလတ်သည် လွန်ခဲ့သောနှစ်နှစ်ဆယ်ကျော်က ခင်ပွန်းသည် ဦးကိုကိုတစ်ယောက် ရုတ်တရက်သေဆုံးကြောင်းသတင်းအား သတင်း စာထဲ၌ဖတ်ရ၍ သိလိုက်ရခြင်းနှင့် မိမိမရှိတော့သည့်နောက်ပိုင်း၌





ခင်မာသည် ခင်ပွန်းသည်နှင့်ယူလိုက်သည်ကို သိလိုက်ရ၍ ဒေါ်စုလတ် သည် လွန်စွာအံ့ဩခဲ့ရပါ၏။ တစ်ဆက်တည်းလည်း ဒေါ်စုလတ် သည် ခင်မာအပေါ် ခုမှသံသယစိတ်များဝင်မိရသဖြောင့် စိတ်တွင် ဖြစ်ပေါ်နေမိရပါသတည်း။

× × × × ×

"ကောက် အောင်မကြီး၊ မိန်းမယုတ်မကြီး၊ ဘယ်နားသွား ပုန်းနေလဲမသိဘူး၊ ပုန်းထား ပုန်းထား၊ အပုန်းကောင်းထားပါ၊ တွေ့လို့ကတော့ အရေခွံဆုတ်ပစ်မယ်. . ."

သူရနိုင်တစ်ယောက် နှုတ်မှကြိမ်းဝါးဝါးကြီး ဆိုနေဖြစ်ခြင်း ပါ။ မှန်သည်။ သူရနိုင်သည် ဒေါ်စုလတ် မိမိအိမ်ထဲမှထွက်ပြေး သွားကတည်းက ဒေါ်ခင်မာလွှတ်ပေးသည်ဟုထင်ကာ ဒေါ်ခင်မာကို ကောင်းကောင်းမှညာပေးပစ်လိုက်သည်။ ပြီးတော့ ဒေါ်စုလတ်အား မနားမနေလိုက်၍ရှာသည်။ ဒေါ်စုလတ်မိတ်ဆွေဆွေအိမ်နှင့် အမျိုး သမီးဆောင့်ရောက်သည့် ဌာနများဆီပင် သွားရောက်ရှာဖွေခဲ့၏။ အချိန် ရှိတိုင်းလည်း သူရနိုင်သည် ဒေါ်စုလတ်အား ဘယ်မှာရှာရမည်ကို စဉ်းစားနေတတ်သည်ပါ။

အရက်ကြောင့် ဦးနှောက်က မှုမမှန်လှိုနေရမည်၊ သူရနိုင် သည် ဘုကဲကဖြင့်သွားသူဖြစ်၏။ တစ်နေ့တစ်နေ့ ဒေါ်စုလတ်ကို တွေ့ရေးအတွက် သူရနိုင်သည် အပြင်ထွက်လိုက်၊ ရှာလိုက်၊ မတွေ့ လျှင် ဒေါသတွေထွက်ပြီးပြန်လာလိုက်၊ အိမ်ရောက်လျှင် အရက် သောက်လိုက်၊ ဆဲဆိုကြိမ်းဝါးလိုက်၊ စဉ်းစားလိုက်၊ စဉ်းစားပြီး အပြင်ထွက်လိုက်၊ ရှာလိုက်ဖြင့် သူရနိုင်ကား သည်းကြီးမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရသူပါတည်း။

မှန်သည်။ ခုလည်း သူရရှိန်သည် အပြင်မှပြန်လာပြီး အိမ်ရောက်သည်နှင့် အရက်ပုလင်းသာတန်းကိုင်တော့သည်။ သူရရှိန် တစ်ယောက် ဒေါသတွေနှင့် အရက်ပုလင်းကိုမော့ကာ ဆဲဆိုကြိမ်းဝါး နေဆဲအချိန်များ၌ သူရရှိန်၏တံခါးဖွင့်နေသည့် မြရော[ ]င်ကား ဦးသာ ထူးသည် ခြံဝတွင်ရပ်ကာ ခြံထဲလှမ်းကြည့်လိုက်၊ ခြံထဲဝင်ရန်နီး နီး ခြံဝမှာပင်ရနေရန်းနီးဖြင့်ရှိနေပြီးမှ နောက်ဆုံးသော် ဦးသာထူးသည် ခြံတံခါးလည်းပွင့်နေမှတော့ ခြံထဲဝင်သွားတော့မည်ဟူသော ဆုံး ဖြတ်ချက်နှင့် ခြံထဲဝင်ခဲ့လိုက်ပါတော့၏။

ဆင်ဝင်အောက်အရောက်မှတော့ ဦးသာထူးသည် အိမ်ရှေ့မှ ဘဲလ်ကိုနှိပ်လိုက်သည်။ ဘဲလ်မြည်သံအား ဧည့်ခန်းထဲမှ အရက် သောက်နေသည့် သူရရှိန်သည် ကြား၏။ သို့သော်လည်း အရေး မလုပ်၊ ဦးသာထူးသည် တစ်ယောက်ယောက်ကို တွေ့ရန်ဖြင့် ဘဲလ် ကိုနှိပ်ရင်း ခြံထဲဟိုဒီလိုက်၍ကြည့်သည်။ အိမ်ရှေ့မှဘဲလ်သံကို ခဏ ခဏကြားနေရ၍ သူရရှိန်တစ်ယောက်လည်း ဒေါသပေါ်ဒေါသဆင့် သွားပြီး ပုလင်းကိုဆောင့်ချထားခဲ့ရင်းက ဘဲလ်သံကြားသည့် ဆင် ဝင်အောက်သို့ ဇလွှားလွှားလှမ်းထွက်ခဲ့လိုက်လေ၏။

"ဒီမှာ ဟေ့လူ. . ."

"အမလေးဗျာ. . ."

တစ်ဘက်လှည့်နေသည့် ဦးသာထူးကိုတွေ့သည်တွင် သူ ဆောင့်ကြီးအောင့်ကြီးခေါ်လိုက်သည်။ ဦးသာထူးမှာ တကယ်လန့် ဖြန့်သွားလိုက်ရ၏။

"လန့်မနေနဲ့၊ ဘာကိစ္စလဲပြော. . ."

"ဩော် ခင်ဗျားက ဘယ်သူလဲမသိဘူး. . ."





"ကျုပ်က သူရရှိန်၊ ဘယ်သူနဲ့တွေ့ဖို့လာတာလဲ၊ ခင်ဗျားက ဘယ်သူလဲ. . ."

"ကျုပ်က ဦးသာထူးပါ၊ ကျုပ်ကို ဒေါ်စုလတ်ရဲ့ခင်ပွန်း ဦးကိုကိုက လိပ်စာပေးလိုက်လို့. . ."

"ဘာပြောတယ်၊ ဘယ်သူ့ .မိစုလတ်ရဲ့ခင်ပွန်း ဟုတ်လား"

"ဟုတ်ပါတယ်. . ."

"တိတ်စမ်း၊ ဒီမှာ မိစုလတ်ရဲ့ခင်ပွန်းဆိုတာ ကျုပ်ပဲ၊ ကျုပ် သူရရှိန်ဆိုတာ မိစုလတ်ရဲ့ခင်ပွန်းပဲ၊ ဟုတ်တယ်၊ မယုံမရှိနဲ့၊ ဒီကောင်မ သားအမိက ကျုပ်အမွေတွေကို သိမ်းပိုက်ထား တာ၊ ဒင်းတို့ ကျုပ်အမွေတွေကို မပေးသရွေ့ ဒင်းတို့သားအမိနှစ်ယောက်စလုံး ကျုပ်မယားတွေပဲဖြစ်ရမယ်. . ."

"ဟင် ဗျာ. .ဒါဆို ဒေါ်စုလတ်တို့သားအမိက သက်ရှိ ထင်ရှားရှိကြသေးတာပေါ့ ဟုတ်လား ကိုသူရရှိန်. . ."

"ဒီသားအမိသက်ရှိထင်ရှားရှိနေလို့ ကျုပ်ကို ဒုက္ခတွေပေးနေ ကြတာပေါ့ဗျာ၊ သတ်လို့တောင်မသေတဲ့ဟာတွေ၊ သတ်ချင်နေတာ၊ သတ်ချင်နေတာ၊ အခုကျုပ်ပစ္စည်းတွေကို သိမ်းပိုက်ပြီး သားအမိ နှစ်ယောက်စလုံးပြေးပြီ၊ အဲဒါ ကျုပ်လိုက်ရှာနေတာ၊ ခင်ဗျားတွေ့ရင် ကျုပ်ကိုပြော၊ ကျုပ်သတ်ပစ်မယ်. . ."

"အစက သူတို့က ခင်ဗျားဆီမှာနေတာလား. . ."

"ဟုတ်တယ်၊ သူ့သမီးဆယ့်သုံးလေးနှစ်အရွယ်လောက်မှာ သူတို့သားအမိ ဘယ်ကဘယ်လိုထွက်လာမှန်းမသိဘဲ ကျုပ်တို့အိမ်ကို ပြန်ရောက်လာခဲ့တယ်၊ သူ့အမေလင် ကျုပ်ဖေ ဆုံးပါးသွားခေါ်လာခဲ့ တယ်လေ၊ ကျုပ်အဖေနဲ့ ဒီမိစုလတ်ဆိုတဲ့ကောင်မကလည်းမရှင်း

www.burmeseclassic.com



ကြဘူးနဲ့တူပါတယ်၊ ဟား ဟား ဟား. . .

သူရှိန်ကိုကြည့်ပြီး ဦးသာထူးမှာ သဘောပေါက်သလိုလို ရှိလာသည်။ သူရှိန်ကိုယ်မှ အရက်နံ့ကလည်း ပြင်းထန်နေ၏။ သူရှိန်သည် မူးကန်နှာပုံအမျိုးမျိုးဖြစ်နေရင်းက. . .

“မိစုလတ်သမီး ချယ်ရီကိုကိုဆိုတဲ့ ရှေ့နေကောင်မလေးက ဒီအိမ်ကထွက်ပြေးသွားတာ ခုဆိုတစ်နှစ်နီးပါးရှိတော့မယ်၊ မိစုလတ် ကတော့ လွှန်ခဲ့တဲ့တစ်ပါတ်ကျော်လောက်ကမှ ထွက်ပြေးသွားတာ၊ ပြေးလေ၊ ပြေးကြစမ်းပါစေ၊ ကျုပ်ကရှာမှာ မတွေ့ တွေ့အောင် ရှာမှာ၊ တွေ့လို့ကတော့ ကောင်းကောင်းကြီးနောင်ကျဉ်သွားစေရမယ်. . .

သူရှိန်ပြောသမျှ ဦးသာထူးသည် နားထောင်ရင်း၊ အံ့သြ ရင်း၊ စဉ်းစားနေဖြစ်ရသည်။ သူရှိန်သည် အရက်ကြောင့် ကြောင် နေသည်ကအမှန်ဖြစ်သော်လည်း သူပြောသည့်စကားတွေကဖြင့် အမှန် ဖြစ်ကြောင်း ဦးသာထူးသိလိုက်၏။

“ဟား ဟုတ်ပြီ၊ ကျုပ်သိပြီ၊ ဒီမိန်းမမိစုလတ် ကျုပ်ကုမ္ပဏီ ရှိသေးတယ်ထင်ပြီး ကုမ္ပဏီကိုသွားချင်သွားလိမ့်မယ်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ခုမှသိပြီ၊ ရှာလိုက်ရတာ နီးရက်နဲ့ဝေးနေတယ်၊ ဒီကောင်မကို ကုမ္ပဏီ မှာ သွားရှာကြည့်ရမယ်၊ ဟား ဟား ဟား. .အေ့. . .

သူရှိန်တစ်ယောက် အားရပါးရဆိုရင်း လေကျို့သံတအေ့ အေ့နှင့် မဟာနိုင်တော့၊ ပုံစံက လစ်မစ်လွှန်နေပြီမို့ သူရှိန်သည် တိုက်နံရံကိုမှီကာ တအိအိဖြင့် နေရာ၌ဖင်ထိုင်လဲကျသွားလိုက်ရပါ တော့၏။ ဦးသာထူးသည် သူရှိန်အား ထူးဆန်းအံ့သြစွာဖြင့် ငုံ့ ကြည့်နေခဲ့ပင် သူရှိန်ထံမှ ဟောက်သံထွက်ပေါ်လာသည်ကို ကြား





လိုက်ရလေ၏။ မှန်သည်။ သူရှိန်ကား အိပ်ပျော်သွားပါပြီ။

ဦးသာထူးသည်လည်း သူရှိန်စကားများထဲမှ စိတ်ကူးရတာ ဘာဆက်လုပ်ရမည်ကို နားလည်လိုက်ပြီမို့ သူရှိန်ခြံထဲမှ ပြန်ထွက် ခဲ့လိုက်ပါတော့၏။

× × × × × —

ဦးသာထူးတစ်ယောက် လရောင်ကုမ္ပဏီကိုစုံစမ်းရင်းကပင် ထူးဘရားသားစ်ကုမ္ပဏီသို့ ရောက်လာခဲ့ရလေ၏။ လရောင်ကုမ္ပဏီ အား စုံစမ်းခဲ့စဉ်ကပင် ထိုကုမ္ပဏီအား ထူးဘရားသားစ်ကုမ္ပဏီက ကြွေးနှင့်သိမ်းလိုက်ကြောင်းသတင်းကို သေချာနားလည်သိရှိခဲ့ပြီ ဖြစ်၏။

လရောင်ကုမ္ပဏီကို ထူးဘရားသားစ်ကုမ္ပဏီက ကြွေးနဲ့ သိမ်းလိုက်တာတဲ့၊ ဒီအကြောင်းတွေကို ဒေါ်စုလတ်ကတော့ ဘယ် နည်းနဲ့မှသိမှာမဟုတ်ဘူး၊ အခု ဒေါ်စုလတ်ထွက်ပြေးလာတယ်ဆို တော့ ကုမ္ပဏီကိစ္စတွေကို စုံစမ်းမှာသေချာတယ်၊ ဒေါ်စုလတ်ဟာ ထူးကုမ္ပဏီကိုသွားပြီး အကျိုးအကြောင်း ဝယနုဏသိရအောင် စုံစမ်း ကောင်းစုံစမ်းမှာပဲ၊ ဘာပဲဖြစ်ဖြစ် ထူးကုမ္ပဏီကို ငါသွားပြီးစုံစမ်း ကြည့်ရင်လည်း အမှားတော့မရှိပါဘူး. . .။

တွေးတောရင်း စဉ်းစားရင်းကပင် ဦးသာထူးသည် ထူးဘရား သားစ်ကုမ္ပဏီကြီးထဲသို့ ဝင်ရောက်ခဲ့လေ၏။ ကုမ္ပဏီထဲအရောက် မတော့ ကုမ္ပဏီကြီးက ခမ်းနားလွန်း၍ ဦးသာထူးသည် ပြုံးရွှဲပင် သွားသည်။ လူငွေ့အားလုံးကလည်း သူ့ကိစ္စကိုယ့်ကိစ္စတွေနှင့် အလုပ် ရှုပ်နေကြသည်ကိုတွေ့ရ၏။

“ဦးလေး .ဘာကိစ္စရှိလဲဟင်၊ ဘာကူညီရမလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ရတယ် သမီး၊ ဦးလေးကိစ္စ ထူးထွေး မရှိပါဘူး ကွယ်. . ."

"ဩော် ဇ၊ စောင့်နေတာလား. . ."

"အင်း အေး .ဟုတ်တယ်ကွယ့်. . ."

ဝန်ထမ်းမိန်းကလေးတစ်ယောက် လာမေးသည်တွင် ဦးသာထူးသည် အဆင်ပြေသလိုပြောလိုက်ရသည်။ အမျိုးသမီးလေးထွက်သွားသည်တွင် ဦးသာထူးသည် ကုမ္ပဏီထဲ၌ ဟိုဟိုဒီဒီလိုက်၍ကြည့်သည်။ တစ်နေရာအရောက်မတော့ ဦးသာထူးသည် သန့်ရှင်းရေး အလုပ်သမားတစ်ဦးကိုတွေ့၍ တစ်ခုခုမေးရန် စိတ်ကူးဖြစ်ပေါ်လာသည်မို့. . .

"ဒီက တစ်ဆိတ်လောက်မေးပါရစေ. . ."

"ရှင် ဩော် ဟုတ်ကဲ့၊ မေးပါရှင်. . ."

"ဒီကုမ္ပဏီပိုင်ရှင်သူဌေးက ဘယ်သူများ ..၊ ဟင်! ခင်ခင်ဗျားက ဒေါ်စုလတ်မဟုတ်လား. . ."

အလုပ်သမားအမျိုးသမီးကို ဘာရယ်မဟုတ်ကြည့်ကာ စကားပြောဆဲ ဦးသာထူးသည် ကြည့်ရင်းက အံ့သြမှုတွေဖြစ်ပေါ်လာရကာ ရုတ်တရက် မေးချဖြစ်လိုက်ရပါတော့၏။ ရုတ်တရက် အမေးခံရလိုက်သည်မို့လည်း ဒေါ်စုလတ်သည် ကြောင်သွားရသည်။ ဦးသာထူးထံ မျောစေပြန်ကြည့်သော်လည်း ဒေါ်စုလတ်မသိ၊ ဒေါ်စုလတ်သည် ဘာပြန်ပြောရမည်ကိုမသိ၊ စဉ်းစားဟန်နှယ်ရှိနေဆဲကပင်—

"ဒေါ်စုလတ်. .ဒေါ်စုလတ် မဟုတ်လား၊ ကျွန်တော် ဒါပဲ သိပါရစေ. . ."

"ကျွန်မ ရှင့်ကိုမသိပါလား. . ."

"ဟုတ်ပါတယ်၊ ဒေါ်စုလတ် ကျွန်တော့်ကိုမသိပါဘူး၊





ကျွန်တော်ကသာ ဒေါ်စုလတ်ကိုသိနေတာပါ. . ."

"ရှင် ဘယ်သူလဲ. . ."

"ကျွန်တော်က သာထူးပါ၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်လောက်က ဒေါ်စုလတ်တို့နေတဲ့ခြံနဲ့ နှစ်ခြံကျော်မှာ ကျွန်တော်က မောင်းခဲ့ပါတယ်၊ အခု ဒေါ်စုလတ်ခင်ပွန်း ဦးတိုကိုက ကျွန်တော့် ဆရာပါ. . ."

"ဒေါ်စုလတ် .သူဌေးကြီးနိုင်းက ခေါ်နေပါတယ်. ."

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်မကို သူဌေးခေါ်လို့တဲ့ သွားလိုက်ဦးမယ်နော်. . ."

"ကောင်းပါပြီ ဒေါ်စုလတ်၊ ကျွန်တော်နောက်မှပဲ လာခဲ့ပါဦးမယ်. . ."

သူဌေးခေါ်၍ ခပ်သွက်သွက်ထွက်သွားသည့် ဒေါ်စုလတ်ထံ ဦးသာထူးလှမ်းပြောလိုက်သည်။ ဒေါ်စုလတ်တာ ခေါင်းညိတ်အသိအမှတ်ပြုသွား၏။ ဦးသာထူးသည်သည်း စိတ်ထဲအလွန်အမင်း ကျေနပ်၍ကျန်ရစ်ခဲ့သည်ပါ။

ငါစိတ်ထဲမှာ တော်တော်ခက်ခဲပြီး ပင်ပန်းလိမ့်မယ်လို့ ထင်ခဲ့တာ၊ ခုတော့ မမျှော်လင့်ဘဲ အဆင်ချောနေလိုက်တာ၊ အေးလေ ဒါဟာကောင်းတဲ့နိမိတ်တွေပဲဖြစ်မယ်၊ ဒေါ်စုလတ်သတင်းကို ငါ သေချာသိပြီဆိုတော့ ငါသူဌေးကို ငါဖုန်းဆက်ခေါ်လိုက်ရုံပဲ ရှိတော့တယ်၊ အခု ငါဘာဆက်လုပ်ရဦးမလဲ၊ ဩော် ဟုတ်ပြီ၊ ဒေါ်ခင်မာကို ငါ သွားတွေ့ရင်ကောင်းမယ်၊ သူဌေးက ဒေါ်ခင်မာလင်မယားကို သံသယဖြစ်နေတယ်၊ ဒေါ်ခင်မာကို ဒေါ်စုလတ်အကြောင်းမသိမသာပြောပြပြီး ဒေါ်ခင်မာကို ငါလေ့လာကြည့်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ. .ဦးလေး. .ဦးလေးရှာတဲ့လူနဲ့ မတွေ့သေးဘူး လား. . ."

"တွေ့ပြီးပါပြီ သမီး၊ ဦးလေးသွားတော့မယ်. . ."

"ဟုတ်ကဲ့ ဦးလေး. . ."

ကုမ္ပဏီမှ ဝန်ထမ်းအမျိုးသမီးလေးကို နှုတ်ဆက်ခဲ့ပြီး ဦးသာထူးသည် ပြန်ထွက်ခဲ့လိုက်လေတော့၏။ သို့နောက် ကား တစ်စီးငှားကာ ဗိုလ်ချုပ်ဈေးသို့ ထွက်ခဲ့လိုက်သည်။ ဗိုလ်ချုပ်ဈေး အရောက်၌ ရွှေငွေရတနာဆိုင်တန်းဘက် ဦးသာထူးလျှောက်ခဲ့၏။ ရွှေဆိုင်တန်းဘက်အရောက် ဒေါ်ခင်မာဆိုင်သို့ ဦးသာထူး လျှောက် ခဲ့သည်။ ပြီးတော့ ဒေါ်ခင်မာဆိုင်ထဲသို့ ဦးသာထူးဝင်ခဲ့ပြီး. .

"ဘာကိုလဲရှင်, . ."

ဝယ်မယောင်နှင့် ပစ္စည်းတွေကို ဦးသာထူးငုံ့ကြည့်သည်တွင် ဒေါ်ခင်မာရောက်လာပြီးမေးသည်။ ထိုသို့ဖြစ်အောင် တမင်ဖန်တီး ရသည့် ဦးသာထူးသည် ဒေါ်ခင်မာထံ မထင်မှတ်သယောင် မော့ ကြည့်လာရင်းက. . .

"ဟင် ဒေါ်ခင်မာမဟုတ်လား. . ."

"ဪ. .ရှင် ဟိုတစ်ခါကတွေ့တဲ့ ဦးသာထူးဆိုတာ. ."

"ဟုတ်ပါ့ဗျာ၊ ဒေါ်ခင်မာက မှတ်မိသားပဲ. . ."

"မှတ်မိပါတယ်ရှင်၊ ဒါနဲ့ ဦးသာထူးက ရန်ကုန်ကို ထပ် လာတာလား. . ."

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ကုန်တွေရောင်းပြီး ရန်ကုန်ကို ပြန်တက်လာတာပါ၊ သမီးလေး ဘာလေးဝယ်ရင်ကောင်းမလဲဆိုပြီး ဝင်ကြည့်တာ၊ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်ခင်မာဆိုင်ဖြစ်နေတာကိုး"





"ဟုတ်ကဲ့၊ ဦးသာထူး ဘာလိုလို့လဲ၊ ကြိုက်တာကြည့်ပါ"

"သေချာတော့မသိသေးပါဘူး၊ ကြည့်တုန်းပါပဲ၊ ဪ ဒါနဲ့ စကားမစပ်. .ဒေါ်ခင်မာ့အစ်ကိုရဲ့ဇနီး ဒေါ်စုလတ်နဲ့တော့ ကျွန်တော် ဟိုတလောလေးက တွေ့ဖြစ်လိုက်သေးတယ်ဗျာ. ."

"ဟင် စုလတ် ဟုတ်လား၊ ဘယ်မှာတွေ့တာလဲ၊ သူ ဘယ်မှာနေလဲ၊ သူ့လိပ်စာသိလား၊ သူ့ကိုလည်း ကျွန်မတွေ့ချင် နေတာ. . ."

"ဒေါ်စုလတ်ဘယ်မှာနေတယ်ဆိုတာ ကျွန်တော်မသိပါဘူး၊ ခရီးသွားတုန်းလွဲ လမ်းမှာတွေ့ကြတာပါ၊ ကြည့်ရတာ သူလည်း ဦးကိုကိုဆုံးသွားတော့ အဆင်ပြေပုံမရှိရှာဘူးနဲ့တူတယ်၊ ခမျာ နွမ်းပါး ရှာပါတယ်. . ."

"ဒါနဲ့ သူ့သမီးဆိုတာရော တွေ့သေးလား. . ."

"သူ့သမီးနဲ့တော့ မတွေ့ပါဘူး၊ သူနဲ့ကျွန်တော်က လမ်း ပေါ်မှာတွေ့တာ. . ."

ဦးသာထူးပြောသမျှ ဒေါ်ခင်မာနားထောင်ရင်း စိတ်တွေ လှုပ်ရှားနေသလို၊ မကျေမနပ်ဘဲဖြစ်နေသလို၊ အကြံအစည်တစ်ခုခုပဲ ထုတ်နေသယောင် ဒေါ်ခင်မာ့မျက်နှာကဲအား ဦးသာထူး ရှေ့လာ တွေ့ရှိနေရလေ၏။ မှန်သည်။ ဒေါ်ခင်မာသည် ဒေါ်စုလတ်သားအမိ နှင့်ပတ်သက်ပြီး တစ်ခုခုလုပ်ရန်အတွက် ကြံစည်စိတ်ကူးနေသည်ကဖြင့် အမှန်ပါတည်း။

"ဦးသာထူး. .နောက်တစ်ခါ ရှင်နဲ့စုလတ်နဲ့တွေ့ရင် သူ့ လိပ်စာမေးထားပေးနော်၊ တကယ်လို့ ရှင်လာနိုင်မယ်ဆိုရင်လည်း ကျွန်မဆီလာခဲ့ပါ၊ ဒီမှာ ကျွန်မလိပ်စာကဒ်ယူသွား၊ ကျွန်မဆီ ဖုန်း ဆက်လည်းရပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒီတစ်ခါ ဒေါ်စုလတ်နဲ့တွေ့ရင် ကျွန်တော် မေးထားလိုက်ပါမယ်၊ အင်းခင်ဗျားတို့လည်း သူမီးယောင်းမချင်း တွေ့ပြီး ကူညီပေးသင့်တာပေါ့လေ. . ."

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်မ သူ့ကိုတွေ့ချင်နေတာ အဟောင်း. . ."

ဦးသာထူးရှေ့၌ မာန်လုပ်ပြုံးကာ ဒေါ်ခင်မာဆိုသည်။ ဦးသာထူးကလည်း ထိုအပြုံးအား နားလည်လိုက်သည်ပါ။

"ဪ ဦးသာထူး. .ရှင် ဘာယူမလဲ၊ ယူလေ၊ ကြည့်ပါ၊ ကြိုက်တာယူသွား၊ ပိုက်ဆံမပါသေးလည်း ဖြည်းဖြည်းမှပေးရင် ရပါတယ်. . ."

"ရပါတယ်ဗျာ၊ ကျွန်တော်ဝယ်ရင် သူတို့ကြိုက်မှာ မဟုတ်ဘူး၊ သူတို့သားအမိလာမှပဲ ကြိုက်တာဝယ်ပါစေတော့၊ ဒေါ်ခင်မာ့ လိပ်စာ သူတို့ကိုပေးပြီး ကျွန်တော် လွှတ်လိုက်မယ်၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ နောက်ကျနေပြီ. . ."

"ကောင်းပြီ ဦးသာထူး. . ."

ဒေါ်ခင်မာ့မျက်နှာဆီ ကောင်းကောင်းဖတ်ခဲ့ပြီးနောက် ဦးသာထူးသည် ဒေါ်ခင်မာကိုနှုတ်ဆက်ကာ ဆိုင်ထဲမှထွက်ခဲ့လိုက်ပါတော့၏။ မှန်သည်။ ထိုညအဖို့တော့ ဦးသာထူးသည် မိမိ၏အလုပ်ရှင် သူဌေးဦးကိုကိုအတွက် ဝမ်းသာစရာသတင်း၊ စိတ်ဝင်စားစရာကိစ္စနှင့် သတိထားရမည့်ကိစ္စများနှင့် ဦးကိုကိုအား ရန်ကုန်သို့ အမြန်ဆုံး လာရောက်ရန် ခေါ်ရတော့မည့်အတွက် ပြောဆိုပြရန် စိတ်အားထက်သန်နေရပါတော့သတည်း။ ။



(တစ်ဆယ့်သုံး)

သူရှိန်တစ်ယောက် ရှူးဘရေးသားစ်ကုမ္ပဏီသို့ ရောက်လာ၏။ သည်လိုကျတော့ သူရှိန်ဦးနှောက်ကဖြေသည်။ မှန်သည်။ တကယ်တော့ သူရှိန်သည် ဒေါ်စုလတ်အား တစ်ချိန်က မိမိတို့ ပိုင်ဆိုင်ခဲ့သည့် လရောင်ကုမ္ပဏီတွင် လာရောက်စုံစမ်းခြင်းပါ။ ဒေါ်စုလတ်တစ်ယောက် ကုမ္ပဏီသို့ ရောက်လာ မလာ စုံစမ်းကြည့်လေမှ လရောင်ကုမ္ပဏီအား ဈေးနှင့်သိမ်းလိုက်သည့် သည်ကနေ့သူဌေးသည် ဌေးမြင့်လတ်ဖြစ်ကြောင်း သူရှိန်တစ်ယောက် ကောင်းစွာ သိရှိသွားလိုက်ရလေ၏။

သည်တော့မှ သူရှိန်အာရုံသည် ဒေါ်စုလတ်ထံမှ ချာလီထံသို့ ပြောင်းသွားရသည်။ ဌေးမြင့်လတ်ပိုင်သည့် ထူးဘရားသား ကုမ္ပဏီတွင် ချာလီလည်း ရှိကောင်းရှိနေနိုင်သည်ဟူသော အတွေးနှင့် သူရှိန်တစ်ယောက် ရောက်လာခဲ့ရခြင်းပါတည်း။ သူရှိန်သည် ခပ်တည်တည်ပင် ကုမ္ပဏီထဲသို့ ဝင်ခဲ့ပြီး မသိမသာ ဟိုဟိုဒီဒီရှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

မသိသည့်သူအဖို့တော့ သူရနိုင်အသွင်သည် ဟိတ်တစ်လုံး ဟန်တစ်လုံးဖြင့် တကာယ်လူတွေရှိန်သွားရသည်။ တကယ်သိလျှင်တော့ သူရနိုင်သည် အရူးတစ်ယောက်မှာ ရိုင်းရိုင်းကြီးဆိုနိုင်သည်။ မည်သို့ဖြစ်စေ သူရနိုင်၏ဝတ်ဆင်ပုံနှင့် တကာယ်ချောမောသည့်ရုပ်သွင် ဇည်ထည်ဝါဝါကြောင့် မသိသည့်လူတွေက ရှိန်သွားရသည်က အမှန်ပါ။ ခုလည်း သူရနိုင်အား ကုမ္ပဏီဝန်ထမ်းမိန်းကလေးတွေမှာ သွားရောက်စကားပြောရန် ရှိန်နေကြရသည်ကပင် သူရနိုင်အတွက် အခွင့်အရေးတစ်ရပ်လိုဖြစ်သွားရ၏။

မှန်သည်။ သူရနိုင်သည် ဝန်ထမ်းတွေကို ဂရုစိုက်၊ ဝန်ထမ်းတွေမျက်လုံးရှေ့မှ ခပ်တည်တည်နှင့် ကုမ္ပဏီထဲဝင်ခဲ့ပြီး ရုံးခန်းတွေကို တစ်ခန်းပြီးတစ်ခန်းလိုက်ကြည့်သည်။ နောက်ဆုံး သူရနိုင်သည် နမူနာချုပ်ရုံးသို့ရောက်သည့်အခန်းရှေ့အရောက်မတော့ သန့်ရှင်းရေးလုပ်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၏။ မှန်သည်။ ဒေါ်စုလတ်သည် တွေးစရာတွေအများကြီးနှင့် မိမိအလုပ်ကိုလုပ်ကိုင်နေသည်မို့ သူရနိုင်တစ်ယောက် မိမိအနီးရောက်လာသည်ကို မမြင်မိဘဲရှိနေရသည်။

သူရနိုင်သည် ဆံပင်တွေကပိုကရိုနှင့် မျက်နှာခပ်ငုံ့ငုံ့ရှိနေသည့် သန့်ရှင်းရေးအမျိုးသမီးထံ ဇာစ်စုတစ်ရာ မေးစမ်းကြည့်ရန်အတွက် သေချာကြည့်လိုက်သည်။ တစ်ချိန်တည်းပင် ဒေါ်စုလတ်ကလည်း မျက်နှာအမောနှင့် သူတို့မျက်နှာချင်းတန်းဆုံသွားကြသည်။ ထိုအခါ နှစ်ဦးစလုံးသည် အံ့အားသင့်တက်သွားဖြင့် တစ်ဦးကိုတစ်ဦး ကြည့်နေပြီးမှ ဒေါ်စုလတ်သည် ဦးစွာသတိရသည်နှင့် ထိတ်လန့်





ကြောက်ရွံ့စွာဖြင့် သူရနိုင်ရှေ့မှ လျင်မြန်စွာထွက်ပြေးပါတော့၏။

တစ်ချိန်တည်း၌ပင် ဒွေးမြင့်လတ်၏တိုက်ကြီးတွင်မလည်း ချာလီသည်နံနက်စာစားပြီး၍ ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း ကိုးနာရီထိုးသည်တွင် ဆေးသောက်ပြီး ပြန်၍အိပ်ပျော်သွားသည်။ ချာလီအိပ်ပျော်သွားပြီဖြစ်၍ ဒွေးမြင့်လတ်သည်လည်း စိတ်အေးစိတ်ချစွာဖြင့် ကုမ္ပဏီသို့ ထွက်သွားလိုက်ပြီဖြစ်၏။ အိပ်ပျော်သွားသည့် ချာလီသည်က နာရီဝက်ခန့်ကြာသည်တွင် မျက်ဝန်းအစုံ ဖွင့်ခန် ပြန်မွင့်လာသည်။

"သမီး. .ပြေး ပြေး၊ ဒီအိမ်က မြန်မြန်ထွက်သွားတော့၊ ပြေး ပြေး သမီး ပြေး၊ ဖြန်း. .အား . . ."

"မေမေ. . ."

"သမီး မလာနဲ့၊ သွား သွား. .မြန်မြန်ထွက်သွားဝါ. . ."

"ဟင်!. . ."

မျက်လုံးထဲမှ လှုပ်ရှားနေသော ပုံရိပ်တွေနှင့် ငိုယိုအော်ဟစ်ရိုက်နှက်ကာ တွန်းထိုးရုန်းကန်နေသည့် အသံတွေကို ကြားလိုက်ရသည်တွင် ချာလီသည် အိပ်ယာထက်မှ ဖျတ်လတ်စွာ ထရပ်လိုက်သည်။ ထရပ်ရင်းမှလည်း ချာလီသည် မျက်လုံးလေးအကြောင်သားနှင့် ရှိနေဆဲပါ။ မှန်သည်။ ချာလီသည် မြင်ယောင် ကြားယောင်လာရသည့် ပုံရိပ်များနှင့် အသံဗလံများအား တွေးတောစဉ်းစားဆဲ၊ မြင်ယောင်ကြားယောင်ရဆဲ ရှိနေသယောင်ရှိသည်မဟုတ်ပါတကား။

"ဟော့. .ချယ်ရီ၊ နင် မပြေးနဲ့၊ ငါ့ပစ္စည်းတွေကို အပိုင်မသိမ်းနဲ့၊ ငါ့ပစ္စည်းတွေလိုချင်ရင် နင် ငါ့ကိုယူရမယ်၊ နင်မပြေးနဲ့ ချယ်ရီ၊ လာခဲ့၊ နင်ပြန်လာခဲ့၊ နင်လက်မှတ်လာထိုးပေးပါ ငါ့ပစ္စည်းတွေကို နင်ကဘာလို့ ဆိမ်းသိမ်းရမှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ..ပြေး ပြေး ပြေးပါ၊ သူ့လက်ကလွတ်အောင်ပြေးပါ၊ မေမေ့ကိုထားခဲ့၊ သမီးသာလွတ်အောင်ပြေးပါ. . ."

"ဖြန်း. . ."

"ကောင်မ. .နင်က အားပေးတယ်ဟုတ်လား၊ မှတ်ထား နင်တို့သားအမိနှစ်ယောက်စလုံး ငါ့လက်ကမလွတ်စေရဘူး၊ နင်တို့နှစ်ယောက်စလုံးကို ငါယူမယ်၊ မိစုလတ်. .နင် ငါ့ကိုလွတ်စမ်း၊ ဆွဲမထားနဲ့၊ လွတ် လွတ်. .၊ ဖြန်း ဖြန်း. . ."

"အား. . ."

"မေမေ. .မေမေ. . ."

"သမီး. .ပြေးပါ၊ မလာနဲ့၊ ပြေး. .ပြေး. . ."

"မေမေ မေမေ မေမေ. . ."

ချာလီ့နှုတ်မှ မိခင်ကိုတတွတ်တွတ် ရေရွတ်ခေါ်နေမိသည်။ မိခင်ကိုခေါ်ရင်းမှလည်း ချာလီသည် မိမိမှတ်မိစအရွယ်မှစပြီး အဘိုး၊ အဘွားအိမ်ပေါ်ပြန်ရောက်၍ ဦးသူရနိုင်၏ရန် မသေးခဲ့ပုံစသည်ဖြင့် အကြောင်းအရာများအားလုံးကို ပြန်လည်မြင်ယောင် အမှတ်ရ သိရှိလိုက်ရပါတော့သတည်း။

"မေမေ. .မေမေ၊ ဦးသူရနိုင်စိတ်က မမှန်ဘူး၊ အိုးအိုးက မသေခင်မှာ ဦးသူရနိုင်ကို စိတ်ကျန်းမာရေးဆေးရုံကို ပို့ဖြစ်အောင် ပို့ဖို့ ရာတွတ်တွတ်မှာခဲ့တာ၊ မေမေ. .မေမေ၊ ငါ့ရဲ့မေမေ၊ သိပ်သနား စရာကောင်းတဲ့မေမေ၊ သိပ်တော်တဲ့မေမေ၊ ငါ့အတွက်သိပ်ကြိုးစားခဲ့တဲ့ မေမေ၊ ဟုတ်တယ် ငါသိတဲ့အရွယ်မှာ မေမေနဲ့ငါနှစ်ယောက်တည်း သူများအိမ်သေးနားမှာ အဖီလေးချပြီး သားအမိနှစ်ယောက် နေခဲ့ကြတာ. . .

ဆင်းရဲချို့တဲ့ပေမယ့် မေမေက ငါ့ကိုအကောင်းဆုံးထားခဲ့





တယ်၊ ငါကျောင်းနေနိုင်ဖို့အတွက် မေမေက သူများကလေးတို့ ထိန်းပေးတယ်၊ ကလေးတွေကို စာသင်ပေးတယ်၊ အကျီချုပ်တယ်၊ ရတဲ့ငွေတွေကို မေမေ့ကစုတယ်၊ ငါ့ကို ကျောင်းကောင်းကောင်း ထားပေးတယ်. . .

နောက်တော့ ရုတ်တရက်ကြီးပေါ်လာတဲ့ အိုးအိုးနဲ့ ဘွားဘွား ဆိုတာတွေက ငါတို့သားအမိကို လာခေါ်တယ်၊ ငါတို့သားအမိ သိပ်ကိုလှပတဲ့ တိုက်ကြီးပေါ်ကိုရောက်သွားတယ်၊ ဒါပေမယ့် ငါ မပျော်ရပါဘူး၊ ဦးသူရနိုင်ဆိုတဲ့လူကြီးက ငါတို့သားအမိကို အမြဲ ရန်ရှာသလို စောင်မြောင်ပြီးနေတယ်. . .

ဒီလိုနဲ့ပဲ ငါကျောင်းပြီးသွားတယ်၊ ငါကျောင်းမပြီးခင် ကတည်းက အိုးအိုးက ငါ့ကို မေမေနဲ့အတူတူ ကုမ္ပဏီမှာ ဦးစီး လုပ်ကိုင်ခိုင်းတယ်၊ ငါကျောင်းပြီးတာနဲ့ အိုးအိုးက ချက်ချင်းနေရာ ပေးတယ်၊ ဦးသူရနိုင်ကိုလည်း စောင့်ရှောက်ဖို့မှာတယ်. . .

ဘွားဘွားက ငါကျောင်းမပြီးခင် ဆုံးသွားတယ်၊ အိုးအိုးက ငါကျောင်းပြီးလို့ အလုပ်ဝင်လုပ်နေတဲ့အချိန်မှဆုံးတယ်၊ အိုးအိုးရော ဘွားဘွားပါ ဆုံးပုံခြင်းကတူတယ်၊ မထင်မှတ်ဘဲ ရုတ်တရက်သေဆုံး ကုန်ကြတယ်၊ ငါ့ရဲ့စိတ်ထဲမှာ ဦးသူရနိုင်ကို မသင်္ကာခဲ့ဘူး၊ သူ့ ပရောဂမကင်းဘူးလို့ ငါထင်တယ်၊ အိုးအိုးဆုံးတော့ ငါတို့သားအမိ လည်း တိုက်ကြီးပေါ်ကနေ တခြားပြောင်းဆင်းတော့မယ်အလုပ်မှာ—

အို. .ဘုရားရေ. .ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအိမ်မှာ ငါ့မေမေကျန်ခဲ့တယ်၊ ငါသိပ်ချစ်တဲ့ ငါ့မေမေကျန်ခဲ့တယ်၊ ငါ ငါ့ မေမေကို အခုသွားပြန်ခေါ်ရမယ်၊ ငါ တိုက်ကြီးပေါ်ကပြေးဆင်းခဲ့ တုန်းက ငါ့အမေကျန်ခဲ့တယ်၊ ဦးသူရနိုင်လက်ထဲမှာ ငါ့အမေကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အို ဒုက္ခပဲ၊ ဦးသူရနိုင်က ငါ့အမေကို သတ်လိုက်ပြီးလား မသိဘူး၊ မဖြစ်ဘူး မဖြစ်ဘူး၊ ငါ ငါ့အမေကို အခုသွားမြန်ခေါ်ရမယ်. . ."

မျက်လုံးထဲမှ ပုံရိပ်တွေကို မြင်ယောင်ရင်း နှုတ်မှလည်း ချာလီသည် ရေရွတ်ဆိုနေမိ၏။ နောက်ဆုံးမတော့ ချာလီသည် မိခင်ကြီးအား ကောင်းမွန်စွာသတိရလိုက်သည်မတော့ ချက်ချင်းပင် စိုးရိမ်ထိတ်လန့်စိတ်တွေဖြင့် အခန်းထဲမှပြေးထွက်ခဲ့လိုက်ပါတော့၏။

"ဟင် ချာလီ၊ သမီးဘာဖြစ်လို့လဲ. . ."

"ဟင် ရှင်. .ချာလီ ဟုတ်လား. . ."

"ဟင် သမီးချာလီ ဘာဖြစ်နေတာလဲ၊ အခုက ဘယ်သွားမလို့လဲ၊ ခုနကတင် မောင်ငွေးမြင့်လတ်ဆီက ဖုန်းလာသေးတယ်၊ သမီးနိုးပြီလားတဲ့. . ."

"ငွေးမြင့်လတ်. . ."

"ဟောတော်. . ."

ချာလီ၏ဘာမသိဘာမသိပြောဟန် စကားလေးတွေအတွက် ဒေါ်ချစ်တစ်ယောက် အံ့ဩသွားလိုက်ရ၏။ ချာလီမှာ ဒေါ်ချစ်တစ်ယောက် မီမီအားနားမလည်ဖြစ်နေသည်ကိုမသိ၊ မီမီသိသည်က မိမိ မိခင်ကိုသာ စိုးရိမ်နေလေ၏. . .

"ကျေးဇူးပဲ ဒေါ်ဒေါ်၊ ချယ်ရီသွားတော့မယ်. . ."

"အို ချာလီ၊ ဘယ်ကိုသွားမှာလဲ သမီး. . ."

"ဟိုအိမ်မှာ ချယ်ရီ့ရဲ့မေမေ ကျန်ခဲ့တယ်၊ အဲဒါ ချယ်ရီ မြန်မြန်သွားခေါ်မှဖြစ်မှာမို့လို့ပါ၊ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ ချယ်ရီသွားတော့မယ်နော်. . ."





စကားအဆုံး၌ ချာလီကား တိုက်ထဲမှပြေးထွက်သွားလိုက်ပါတော့၏။

"ဟောတော်. .၊ ချာလီ. .အဲ မဟုတ်ဘူး၊ သူပြောသွားတာ သူ့ကိုယ်သူချယ်ရီတဲ့၊ ပြီးတော့ ဟိုအိမ်မှာ သူ့အမေကျန်ခဲ့တယ်တဲ့၊ သွားခေါ်ရမယ်တဲ့၊ ဒါဆို ချာလီသတိပြန်ရပြီထင်တယ်. . ."

ဒေါ်ချစ်တစ်ယောက် စဉ်းစားရင်း အံ့ဩနေခဲ့အချိန်များ၌ ငွေးမြင့်လတ်သည် ပလာဇာတစ်ခုထဲသို့ဝင်ရောက်ကာ ဝယ်ချင်တာလေးတွေဝယ်ပြီးမှ ကုမ္ပဏီသို့ရောက်လာခဲ့၏။ ငွေးမြင့်လတ် တစ်ယောက် ကုမ္ပဏီထဲသို့ဝင်လိုက်သည်နှင့်. . .

"သူဌေး. .သူဌေး. . ."

သူ့ထံ ဝန်ထမ်းအမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်ပြေးလာပြီး ခေါ်လာ၍. . .

"ဘာကိစ္စလဲ. . ."

"ဟို သန့်ရှင်းရေးလုပ်တဲ့အဒေါ်ကြီးကို လူကြီးတစ်ယောက်က စတိုခန်းထဲအတင်းဆွဲခေါ်သွားတယ်. . ."

"ဟင် အဲဒီလူက ဘယ်လိုပုံစံလဲ. . ."

"သူဌေးတို့လိုပဲ ခပ်ချောချော၊ အရပ်လည်းမြင့်မြင့်. . ."

"သိပြီ၊ သိပြီ. . ."

အံ့ဩခြင်း၊ စိုးရိမ်ခြင်းနှင့် ဒေါသတွေဖြင့် ငွေးမြင့်လတ်သည် စတိုခန်းရှိရာသို့ မပြေးယုံတမယ် လှမ်းထွက်ခဲ့လေ၏။ သူ့နောက်မှ ဝန်ထမ်းတွေကလည်း လိုက်ခဲ့ကြသည်။ ထိုအချိန်၌ စတိုခန်းထဲတွင်ကား. . .

"ဟဲ့ မိစုလတ်. .ပြောစမ်း၊ နင့်သမီးလည်း ဒီမှာပဲရှိတယ် မဟုတ်လား၊ နင်တို့သားအမိက အယုတ်တမာမတွေ၊ မြန်း မြန်း—"



www.burmeseclassic.com

www.burmeseclassic.com



"အား သူရနိုင် မဟုတ်ပါဘူး၊ ငါသမီးကိုတွေ့တဲ့အခါ နင်ကောင်းကောင်းခွေးနွေးရင် ရပါတယ် . . ."

"အခု နင့်သမီးဘယ်မှာလဲ ပြော . . ."

"အဲ့ဒါတော့ ငါလည်းမသိဘူး၊ ငါနဲ့လည်းမတွေ့သေးဘူး"

"ဖြန်း . . ."

"အား . . ."

"လိမ်ဦး၊ အတူတူနေပြီးမှ မသိဘူးလို့ညာဦး၊ နင်မြန်မြန်ပြောစမ်း၊ နင့်သမီးဘယ်မှာလဲ၊ နင်မပြောရင် ငါ နင့်ကိုအခုသတ်ပစ်မယ် . . ."

သူရနိုင်ဆိုရင်း ဒေါ်စုလတ်လည်ပင်းဆီ လက်နှင့်ညှစ်ထားလိုက်လေ၍ ဒေါ်စုလတ်မှာ စကားမပြောနိုင်အောင်ဖြစ်သွားရ၏။

"ဒိုင်း . . ."

ထိုအချိန်၌မှ ငွေးမြင့်လတ်သည် ဝန်ထမ်းကသော့ဖွင့်ပေးမည်ကိုမစောင့်ဘဲ အခန်းတံခါးကို ကိုယ်နှင့်တိုက်ဖွင့်လိုက်သည်။ ဒေါသပါနေရ၍ အခန်းတံခါးမှာ ဒိုင်းခနဲပွင့်သွားရပြီး ငွေးမြင့်လတ်သည် သူရနိုင်အားတွေ့သည်နှင့် အဆက်မပြတ်ထိုးကြိတ်ပစ်လိုက်ပါတော့၏။ ငွေးမြင့်လတ် ဘယ်လောက်ပဲထိုးထိုး သန်မာသည့် သူရနိုင်သည် နှုတ်ခမ်းမှသွေးတွေကိုသုတ်ကာ ပြန်ထလာပြီး ငွေးမြင့်လတ်ထံ လက်သီးနှင့်ထိုးလာရင်းက . . .

"မှတ်ထား၊ မင်း ငါ့အကြောင်းသိမယ်၊ ဒါမင်းပိုင်နက်မို့ ငါသွားမယ်၊ မင်းသာ နောက်တစ်ခါ ငါ့ပိုင်နက်ထဲရောက်မလာစေနဲ့၊ ရောက်လာလို့ကတော့ မင်းအသေပဲမှတ် . . ."

သူရနိုင်စကားအဆုံး စတိုခန်းထဲမှ ထွက်သွားလိုက်တော့သည်။





"ကဲ မင်းတို့လည်းသွားကြတော့၊ ဒီကိစ္စတွေ ကိုအေးရှုံးခန်းက မသိစေနဲ့ . . ."

"ဟုတ်ကဲ့ သူဌေး . . ."

သူဆိုလိုက်၍ ဝန်ထမ်းအားလုံးလည်း ထွက်သွားလိုက်ကြသည်။ ဝန်ထမ်းတွေထွက်သွားမှပင် ငွေးမြင့်လတ်သည် ဒေါ်စုလတ်၏ ဖရိုဖရဲဖြစ်နေသည့်အသွင်ဆီကြည့်ပြီး သူ့ကုတ်အင်္ကျီကိုချွတ်ကာ ခြုံပေးလိုက်ရင်း . . .

"ကဲ ဒေါ်ဒေါ်. .ဘယ်လိုဖြစ်လဲဆိုတာ ကျွန်တော့်ကို ပြောပြပါဦး၊ လာ ဒေါ်ဒေါ်အခန်းဆီသွားရအောင် . . ."

ဒေါ်စုလတ်အဝတ်လဲရန်နှင့် စကားပြောရန်အတွက် ငွေးမြင့်လတ်သည် ဒေါ်စုလတ်ကို ဖေးမခေါ်ကာ စတိုခန်းထဲမှ ထွက်ခဲ့လိုက်ကြလေ၏။

x x x x x

"မေမေ မေမေ မေမေ . . ."

ချာလီတစ်ယောက် သူရနိုင်အိမ်သို့ ရောက်လာသည်တွင် ခြံတံခါးရော အိမ်တံခါးတွေပါပွင့်နေ၍ အံ့သြကာ အိမ်ထဲပြေးဝင်ပြီး မိခင်ကိုအလောတကြီးခေါ်နေဖြစ်သည်။

"မေမေ မေမေ . . ."

မိခင်ကိုအော်ခေါ်ရင်း ချာလီသည် အပေါ်ထပ်တွင် ရှိနိုးနိုး၊ အောက်ထပ်တွင်ရှိနိုးနိုးဖြင့် အပေါ်နှင့်အောက်သို့ တက်လိုက်ဆင်းလိုက်ဖြင့် မိခင်ကိုလိုက်၍ရှာဖွေနေ၏။

"မေမေ မေမေ မေမေ . . ."



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင် ဧည့်ခန်းနှစ်ခုစလုံးနှင့် စာဖတ်ခန်း၊ အလုပ်ခန်း၊ အိပ်ခန်းနှစ်လုံး၊ စတိုခန်း၊ ထမင်းစားခန်းနှင့် မီးဖိုခန်းတွေအနှံ့ ချာလီ ရှာသည်။ သို့သော်လည်း မိခင်ကိုမတွေ့၍ ချာလီသည် အပေါ်ထပ်သို့ ပြန်ပြေးတက်ခဲ့ပြီး မိခင်ကိုပြန်ရှာပြန်၏။

"မေမေ. .မေမေရေ၊ မေမေ ဘယ်မှာလဲ၊ သမီးချယ်ရီပါ၊ ချယ်ရီ မေမေ့ကိုလာခေါ်တာ၊ မေမေ. .မေမေ. . ."

မိခင်ကိုအော်ခေါ်ရင်း အပေါ်ထပ်တွင်ရှိသည့် အခန်းတွေအားလုံးဆီ ချာလီလိုက်ရှာသည်။ ဘယ်အခန်းမှာမှမတွေ့၍ ချာလီသည် စိတ်ပူသွားရ၏။

"ဒုက္ခပါပဲ မေမေရယ်၊ မေမေဘယ်ရောက်သွားပြီလဲ၊ ဦးသူရနိုင် မေမေ့ကိုဘာလုပ်လိုက်ပြီလဲ၊ မေမေ မေမေ. . ."

စိုးရိမ်စိတ်၊ ဝမ်းနည်းစိတ်တွေနှင့် ချာလီစဉ်းစားကာ အပေါ်ထပ်တွင် ဟိုဒီပြေးလွှားကာ ရှာကြည့်နေဆဲ ဟင်းလင်းပွင့်နေသည့် အခန်းတစ်ခန်းကို ခုမှ ချာလီ သေချာကြည့်ဖြစ်ရတော့၏။ စောစောက ထိုအခန်းအား ချာလီသည် စိတ်ထဲမထင်ခဲ့၍ ဝင်မကြည့်ဖြစ်ခဲ့၊ တံခါးကပွင့်နေသည်မို့လည်း မေမေ့အခန်းမဖြစ်နိုင်ဟု ချာလီထင်ခဲ့သည်။ ထို့အတွက် ချာလီသည် ထိုအခန်းအားမြင်ပါလျက်နှင့် ဖြတ်ကျော်၍သွားသည်။ ခုမှ ထိုအခန်းကို ချာလီသတိထားမိ၍ ဝင်ကြည့်ရန်ဆုံးဖြတ်လိုက်၏။

"ဟင် အခန်းတံခါးက အထဲမှာလည်း သံတံခါးတစ်ထပ်လုပ်ထားသေးပါလား. . ."

အခန်းထဲဝင်လိုက်သည်နှင့် တံခါးနှစ်ထပ်ကိုတွေ့လိုက်ရ၍ ချာလီအံ့ဩသွားသည်။ အံ့ဩရင်း ချာလီသည် အခန်းထဲဝင်ကြည့်





လိုက်သည်မတော့. . .

"အို အခန်းကလည်း နံလိုက်တာ၊ ထမင်းပန်းကန်တွေကလည်း မဆေးမကြော၊ မသိမ်းမဆည်းနဲ့ ဒီအတိုင်းပဲ၊ နံလိုက်တာ၊ အိပ်ယာကလည်း ဒီလောက်ရှုပ်ပွနေတာ ဘယ်သူနေတာလဲ၊ ဟင် ဒီကုတင်ခြေထောက်မှာ ချည်ထားတဲ့သံကြိုးတစ်ချောင်းက ဘာလုပ်တာလဲ. . ."

ချာလီစဉ်းစားရင်း ရေချိုးခန်းထဲဝင်ကြည့်လိုက်သည်။ ထိုအခါမှ ချာလီသည် အံ့ဩထိတ်လန့်သွားရရင်း. . .

"အို ဒီရေချိုးခန်းထဲမှာရှိနေတဲ့ အဝတ်တစ်စုံက ငါ့မေမေဝတ်တဲ့ အဝတ်ပဲ၊ ဘုရားရေ. .ဒီလူ ငါ့မေမေကို ဒီလိုချောင်ထားတယ်၊ အို ရက်စက်လိုက်တာ၊ မဖြစ်ဘူး မဖြစ်ဘူး အခု ငါ့မေမေဘယ်မှာလဲ. . ."

"မေမေ မေမေ. .ဒုက္ခပဲ၊ မဖြစ်ဘူး၊ ဒီလူကို ဒီလိုထားလို့မဖြစ်တော့ဘူး၊ မေမေ မေမေ. . ."

ထိတ်လန့်လှုပ်ရှားမှုတွေနှင့် ချာလီ အော်ခေါ်ရင်း အပေါ်ထပ်မှ ပြန်၍ပြေးဆင်းခဲ့တော့သည်။

"မေမေ မေမေရေ. .ဟင် အို ဦးသူရနိုင်. . ."

ချာလီတစ်ယောက် ကံဆိုးပြီထင်သည်။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် ချာလီသည် မိခင်ကိုအော်ခေါ်ရင်း အပေါ်ထပ်လှေကားမှပြန်ဆင်းလာဆဲ သူရနိုင်ကလည်း ဈေးမြင့်လတ်အား ခေါ်သွားရာမှ ပြန်ရောက်လာ၍ ခေါ်သတွေနှင့် တိုက်ထဲသို့ဝင်လိုက်သည်နှင့် သူရနိုင်ကား ရေကန်အသင့် ကြာအသင့်ဖြစ်သွားရပါတော့၏။

"ဪ ဟား ဟား၊ နင်က ဒီကိုရောက်နေတာကိုး၊ ငါက အပင်ပန်းခံပြီး နင့်ကိုလိုက်ရှာနေလိုက်ရတာ. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဦးသူရနိုင်...ချယ်ရီ့မေမေ အခုဘယ်မှာလဲ..."

"အခုတော့ နင်မလိမ်နိုင်တော့ဘူးမဟုတ်လား၊ လိမ်ဦးလေ၊ နင့်ကိုယ်နှင့် ချာလီပါဆို၊ ငါ့ကိုလိမ်ဦးလေ...."

ချာလီ...

သူရနိုင်ပြောသည့် ချာလီဆိုသည့်အမည်ကို ရေရွတ်ရင်း ချာလီသည် မိမိအား ခေါ်ချစ်ခေါ်လိုက်သည့် ချာလီအမည်ကို ပြန်လည်ကြားယောင်ဖြစ်လိုက်ရသည်တွင် ဇဝေဇဝါစဉ်းစားဖြစ်သွားရသည်။

"ဘယ့်နှယ့်လဲ၊ အခုတော့ နင် ငါ့ကိုလိမ်လို့မရတော့ဘူး မဟုတ်လား..."

"ဦးသူရနိုင်...ချယ်ရီ့မေမေ အခုဘယ်မှာလဲ..."

"နင့်အမေ ငါ့ဆီကထွက်ပြေးသွားပြီ။ ငါ့ကိုမပေါင်းနိုင်တော့ဘူးတဲ့၊ ဒါပေမယ့် နင့်အမေဘယ်မှာရှိတယ်ဆိုတာတော့ ငါသိတယ်၊ လာ နင်နဲ့ငါ အပေါ်ထပ်သွားမယ်၊ အခန်းထဲရောက်မှ နင့်ကိုငါပြောပြမယ်..."

သူရနိုင်ဆိုတော့ ချာလီသည် အခန်းထဲမှ မိမိမြင်ခဲ့ရသည့် မြင်ကွင်းကို ပြန်မြင်ယောင်လိုက်သည်။ သူရနိုင်ကိုကြည့်သည်တွင် သူ့အသွင်က မူမမှန်သည့် ကျားရူးအသွင်ပေါက်နေ၍ ချာလီသည် ကြောက်ရွံ့သော်လည်း ကြောက်ရွံ့ဟန်ကိုမပြဘဲ တိုက်ထဲမှ ထွက်ပြေးနိုင်ရန် ပြေးပေါက်ကိုရှာဖွေကြည့်လိုက်၏။

"သွားလေ၊ နင် အိမ်ပေါ်ပြန်တက်၊ ဘာလဲ နင်က ထွက်ပြေးဖို့ချောင်းနေတာလား၊ ဘယ်ရမလဲ၊၊ ငါ့လက်ထဲရောက်လာပြီးမှ နင့်ကိုဘယ်လွှတ်တော့မလဲ၊ နင်အပေါ်ပြန်တက်..."

"ဦးသူရနိုင်...ရှင့်အိမ်မှာနေဖို့ ကျွန်မလာကာမဟုတ်ဘူး၊





ကျွန်မအမေကို ကျွန်မပြန်လာခေါ်တာ၊ ရှင်ဖယ်ပါ၊ ကျွန်မသွားတော့မယ်..."

"ဘယ်ရမလဲ၊ ငါက လွှတ်ပေးရမှာလား..."

"အို ဦးသူရနိုင်၊ ရှင် လွှတ်...လွှတ်...လွှတ်ပါ..."

ချာလီတစ်ယောက် အော်ဟစ်ရုန်းကန်သော်လည်း သူရနိုင်လက်မှ မလွှတ်ပါတော့။ မှန်သည်။ သူရနိုင်ကား ချာလီအား ပုခုံးထက် သာသာလေးမင် မွေ့ချီထမ်းခေါ်ကာ အခန်းတစ်ခုထဲသို့ ခေါ်ခဲ့လိုက်သည်။ အခန်းထဲအရောက်မှာတော့ သူရနိုင်သည် ချာလီ၏ ခြေလက်တွေကို ကြိုးနှင့်ချည်ထားလိုက်ပြီး ချာလီမအော်နိုင်အောင်လည်း ချာလီ့ပါးစပ်ကို တိတ်နှင့်ကပ်ထားလိုက်ပါတော့၏။ ထို့နောက်မှာတော့ သူရနိုင်သည် အခန်းထဲမှထွက်ခဲ့ပြီး အပေါ်ထပ်ညှို့ခန်းတွင်ပင် ယစ်ရွှေရည်ကို ခိမ့်နှင့်သောက်နေလိုက်ပါတော့သတည်း။

× × × × ×

(× ×)ဟိုတယ်ကြီးရှေ့တွင် ဦးသာထူးသည် နာရီကိုတကြည့်ကြည့်နှင့် တစ်ဦးတစ်ယောက်ကိုစောင့်နေလေ၏။ မှန်သည်။ သည်နေ့သည် မိမိကဖုန်းဆက်ခေါ်ထား၍ သူဌေးဦးကိုကိုတစ်ယောက် ရောက်လာတော့မည်မဟုတ်ပါလား။ ရန်ကုန်ကိုရောက်နေပြီ၊ မကြာခင် ဟိုတယ်သို့ရောက်လာတော့မည်ဟု ဦးကိုကိုထံမှ ဖုန်းဆက်ထား၍ ဦးသာထူးသည် (× ×)ဟိုတယ်အမြင်ဘက်တွင်ထွက်၍ စောင့်ကြိုနေခြင်းပါ။

မကြာလိုက်ပါ။ (× ×)ဟိုတယ်ကြီး၏ပေါ်တီကို အောက်


www.burmeseclassic.com

www.burmeseclassic.com



သို့ နောက်ဆုံးပေါ်လန်နံစရူဆာကားတစ်စီးသည် ညင်သာစွာ ထိုးရပ်လာသည်နှင့် ဟိုတယ်မှဝန်ထမ်းများနှင့် ဦးသာထူးသည် တာဝန်ကျေပွန်စွာ ဧည့်သည်ကိုဆီးကြိုကြလေ၏။

"သူဌေး နေကောင်းတယ်နော်၊ လမ်းခရီးမှာ ပင်ပန်းလာမှာပဲ"

"ရပါတယ်၊ ခရီးတွေက သွားနေကျပါ. . ."

"သူဌေး ကျွန်တော်အားလုံးစီစဉ်ထားပြီးပါပြီ။ အခန်းကိုသွားကြရအောင်. . ."

ဦးသာထူးဆိုသည်တွင် ဟိုတယ်ဝန်ထမ်းက ခရီးဆောင်သေတ္တာကိုသယ်ခဲ့ပြီး အခန်းရှိရာသို့ တက်ရန် ဓာတ်လှေကားဆီ လှမ်းခဲ့လိုက်ကြသည်။

"ဪ ကိုသာထူး ဒရိုင်ဘာအတွက် နေရာချဖို့. . ."

"ဟုတ်ကဲ့ သူဌေး၊ ကျွန်တော်နောက်တော့ဆင်းလာပြီး စီစဉ်ပါမယ်. . ."

စကားတွေဆိုရင်း အခန်းရှိရာသို့ တက်ခဲ့လိုက်ကြသည်။ အခန်းထဲအရောက် ဝန်ထမ်းသည် ခရီးဆောင်သေတ္တာကို အခန်းထဲ ချထားပေးခဲ့ပြီး ပြန်ထွက်သွားသည်တွင် ဆရာတပည့်နှစ်ယောက်သည် လွတ်လပ်စွာစကားတွေပြောဖြစ်ကြလေ၏။

"ဒါနဲ့ ကိုသာထူး ကျွန်တော့်ဇနီးကို ခင်ဗျားတွေ့တယ်ဆိုတာ အမှန်ပဲလား၊ ကျုပ် နှစ်ပေါင်းများစွာ သွားရှာခဲ့တာတောင် မတွေ့ဘူး. . ."

"ဒါကတော့ သူဌေးရယ်၊ တိုက်ဆိုက်မှုမရှိသေးလို့ ဖြစ်မှာပါ။ ကံမဆုံသေးတဲ့အခိုက်အတန့်လေး ဖြစ်နေလို့ပါ၊ ကျွန်တော်ကျတော့လည်း ခက်ခဲလိမ့်မယ်လို့ထင်ခဲ့တာ၊ ရှာမတွေ့နိုင်တော့ဘူးလို့ ထင်ခဲ့





တာ၊ ဘယ်လိုမှမျှော်လင့်မထားမိလောက်အောင် လွယ်ကူခဲ့တယ်။ ဒါကလည်း သူဌေးတို့ဇနီးမောင်နှံအတွက် အချိန်ကျလာလို့ဖြစ်မှာပါ"

"ဒါနဲ့ ကျွန်တော့်သမီးကရော. . ."

"ဒါတော့ ကျွန်တော်လည်းမသိဘူး သူဌေး. . ."

"ကျွန်တော့်ဇနီးကို ခင်ဗျားကဘယ်မှာတွေ့တာလဲ. . ."

"ထူးဘရားသားစ်ကုမ္ပဏီမှာပါ သူဌေး၊ ကျွန်တော် စုံစမ်းလို့ သိထားတာက ဒေါ်ခင်မာက သူဌေးမရှိတော့တဲ့နောက်မှာ ကုမ္ပဏီလုပ်ငန်းကိုနားမလည်တာလည်းပါတယ်၊ မလုပ်နိုင်တာလည်းပါမယ်၊ ဒါကြောင့် ပတ္တမြားကုမ္ပဏီကို ထူးဘရားသားစ်သူဌေးဆီ ရောင်းလိုက်တာဖြစ်မယ်. . ."

"ဪ ရောင်းလိုက်တာလား. . ."

"ဟုတ်တယ် သူဌေး၊ ရောင်းလိုက်တာပါ၊ ထူးဘရားသားစ်သူဌေးက ညီအစ်ကိုနှစ်ယောက်ပဲရှိတယ်၊ လူငယ်လေးတွေချည်းပဲ၊ ခုဆိုရင် ကုမ္ပဏီလောကမှာ ထူးဘရားသားစ်က ထိပ်ဆုံးကပဲ၊ ဒေါ်ခင်မာကတော့ ဗိုလ်ချုပ်ဈေးမှာ စိန်ရွှေရတနာဆိုင်ဖွင့်ထားတယ်၊ ဒေါ်ခင်မာနဲ့ ဦးအောင်မြင့်တို့မှာ သမီးလေးတစ်ယောက်လည်း ရှိတယ်. . ."

"ဪ ကျုပ်လည်း ဒီအထိတော့ သူတို့အကြောင်းကို မသိတော့ဘူး၊ ကဲ အခု ကျုပ်ဇနီးနဲ့သမီးကို ဘယ်လိုဆက်သွယ်လို့ရမလဲ. . ."

"နေပါဦး သူဌေး၊ ဒီနေ့မှရောက်တာဆိုတော့ အေးအေးဆေးဆေး အနားယူပါဦး၊ ကျွန်တော်ပဲ ဒေါ်စုလတ်နဲ့ထပ်တွေ့ပြီး စကားပြောနိုင်ဖို့ ကြိုးစားလိုက်ပါဦးမယ်၊ ကျွန်တော် သူ့နဲ့စကားပြောပြီးတာနဲ့ သူဌေးကိုဖုန်းဆက်ပြီး ချက်ချင်းခေါ်လိုက်ပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုဒေါ်စုလတ်ရှိတဲ့ကုမ္ပဏီကို သွားလိုက်မယ်. . ."

"အင်း ဒီအစီအစဉ်လည်း ကောင်းပါတယ်၊ ဒါနဲ့ ထူးသာရားသားစ်ကုမ္ပဏီမှာ စုလတ်ကဘာလုပ်လဲ. . ."

"သန့်ရှင်းရေးအလုပ်သမားတစ်ယောက်ပဲ. . ."

"ဟင် ဘယ်လို. . ."

"ဟုတ်တယ် သူဌေး၊ ဘယ်လိုအခြေအနေတွေကိုတော့ ကျွန်တော်လည်းနားမလည်ဘူး၊ ဒေါ်စုလတ်နဲ့ စကားပြောကြည့်မှပဲ သိမှာပါ. . ."

ဦးကိုကိုမှာ ဇနီးသည်အခြေအနေကိုသိလိုက်ရ၍ အံ့ဩစိတ်ထိခိုက်ဖြစ်သွားရသည်။ ဖြစ်နိုင်လျှင် ဇနီးနှင့်သမီးကို ခုပင်တွေ့လိုက်ချင်နေရသည်။

"သူဌေး ကျွန်တော့်ကိုခွင့်ပြုပါဦး၊ အခုနေ့လည်ထမင်းစားချိန်ရောက်ပြီဆိုတော့ ကုမ္ပဏီမှာ လူလည်းရှင်းမယ်၊ ဒေါ်စုလတ်လည်း အားနေလိမ့်မယ်ဆိုတော့ စကားပြောချိန်ရတာပေါ့. . ."

"အင်း. . ခင်ဗျားအဆင်ပြေအောင် ကားယူသွားပါ. . ."

အင်းချရင်း ဦးကိုကိုခေါင်းညိတ်ပြလိုက်သည်။ ဦးသာထူးသည် ကျေပွန်စွာ သူဌေးအတွက်စီစဉ်ခဲ့ပြီးနောက် (x x )ဟိုတယ်မှ ထွက်ခဲ့လိုက်လေ၏။

x x x x x

"ဟင် ဘယ်လို. . ချယ်ရီကိုကို၊ သူရနိုင်၊ ဒါဆို ဒေါ်ဒေါ်က ချယ်ရီကိုကိုရဲ့ မိခင်ပေါ့. . ."

"ဟုတ်ပါတယ်၊ အခု သမီးလေးကို လိုက်ရှာနေတာပါ၊ သူရနိုင်လက်က ထွက်ပြေးခဲ့တာ သမီးလေးသိရင် သိပ်ဝမ်းသာလိမ့်





မယ်. . ."

"အို ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်က လရောင်ကုမ္ပဏီနဲ့ ပတ္တမြားကုမ္ပဏီတွေကိုလည်း သိနေတယ်ဆိုတော့. . ."

"ဟုတ်ပါတယ် သူဌေးရယ်၊ ကျွန်မပြောတာယုံပါ၊ ပတ္တမြားကုမ္ပဏီဆိုတာ ကျွန်မခင်ပွန်း ဦးကိုကိုရဲ့ ကုမ္ပဏီပါ၊ လရောင်ကုမ္ပဏီဆိုတာ ကျွန်မကိုယ်တိုင် ဦးစီးလုပ်ကိုင်ခဲ့တဲ့ကုမ္ပဏီပါ သူဌေးရယ်၊ ကျွန်မ မညာရဲပါဘူး. . ."

"မဟုတ်ပါဘူးဗျာ၊ မယုံလို့မဟုတ်ပါဘူး၊ မမြင်ဖူးခဲ့ပေမယ့် ကြားဖူးထားပါတယ်၊ လရောင်ကုမ္ပဏီမှာ ဒေါ်ဒေါ်ကအတွင်းရေးမှူး အမျိုးသမီးဆိုတာ၊ ပြီးတော့ နောက်တစ်ယောက်. . ."

"ဟုတ်ပါတယ်၊ မန်နေဂျာက ဒေါ်ဒေါ့်သမီးလေး ချယ်ရီကိုကိုပါပဲ၊ အခုသမီးလေးပျောက်နေတယ်၊ သမီးလေးကို ကျွန်မရှာနေတာ မတွေ့သေးဘူး၊ သမီးကိုကျွန်မအမြန်ဆုံးရှာတွေ့မှဖြစ်မယ်၊ သူရနိုင်နဲ့တွေ့သွားရင် သမီးလေး ဒုက္ခရောက်သွားလိမ့်မယ်၊ သူရနိုင်က စိတ်ပုံမှန်မဟုတ်ဘူး. . ."

ဒေါ်စုလတ်ပြောသည့်စကားများအတွက် ငွေမြင့်လတ်သည် လွန်စွာမှ အံ့သြစိတ်မကောင်းဖြစ်သွားရသည်။ တစ်ခဏတည်းလည်း သူသည် ဒေါ်စုလတ်လက်ကို ဆွဲခေါ်လိုက်ပြီး. . .

"လာ ဒေါ်ဒေါ် သွားကြမယ်၊ ဘာမှစိတ်မပူနဲ့၊ ချာလီရှိပါတယ်၊ ကျွန်တော့်အိမ်မှာပဲ ဒေါ်ဒေါ့်သမီး ချယ်ရီကိုကိုဆိုတာ ရှိပါတယ်၊ နောက်မှ ကျွန်တော်အားလုံးရှင်းပြမယ်၊ အခုသွားကြရအောင်"

ငွေမြင့်လတ်ဆိုရင်း ဒေါ်စုလတ်လက်ကို ဆွဲခေါ်ခဲ့သည်မှာ ကုမ္ပဏီရှေ့ ကားရပ်ထားရာဆီသို့ပင် ရောက်လာခဲ့ပြီဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ လူးဘရားသွားစက်ကုမ္ပဏီရှေ့၌ ဦးသာထူးမောင်းလာသည့် ကားကလည်း ရပ်လာ၍ ဦးသာထူးသည် ဒေါ်စုလတ်အား ငွေမြင့် လတ်ကခွဲခေါ်သွားပြီး ကားပေါ်တက်သွားသည်ကို တွေ့လိုက်ရ၍—

"ဟင် ဟိုမှာ ဒေါ်စုလတ် ကားပေါ်တက်သွားပြီ၊ ဟိုလူရှယ် က ဘယ်သူလဲ၊ ဘယ်သွားကြမလို့လဲ၊ ကြည့်ရတာ များနေပုံထောက် ရင် တစ်ခုခုပဲ၊ သိရအောင် ငါ သူတို့နောက်ကိုလိုက်သွားကြည့်ရင် ကောင်းမယ် . . ."

ငွေမြင့်လတ်နှင့် ဒေါ်စုလတ်တို့ထံလှမ်းကြည့်ရင်း ဦးသာထူး တွေးဆဲ ငွေမြင့်လတ်သည် ကားလေးကို လျင်မြန်စွာမောင်းထွက်သွား သည်တွင် ဦးသာထူးသည်လည်း ဆုံးဖြတ်ချက်ဖြင့် နောက်မှလိုက်ပါ သွားလိုက်ပါတော့။

တစ်အောင့်ခန့်ကြာသည်တွင် ငွေမြင့်လတ်မောင်းလာသည့် ကားလေးသည် သူနေထိုင်သည့်ခြံရှေ့သို့ ရောက်လာချိန်၊ တစ်ချိန် တည်းပင် ဒေါ်ခင်မာတို့ခြံမှလည်း အပြင်သွားရန် ဒေါ်ခင်မာသည် ခင်ပွန်းသည်ဦးအောင်မြိုင်နှင့်အတူ ကားမောင်းထွက်အလာ ဒေါ်ခင် မာသည် ငွေမြင့်လတ်ကားထဲမှ ဒေါ်စုလတ်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်တွင် ဒေါ်ခင်မာသည် လွန်စွာအံ့ဩရင်း မနာလိုစိတ် မကျေနပ်စိတ်၊ ဒေါသစိတ်တွေနှင့် လိုက်ကြည့်နေမိသည်။ ဒေါ်ခင်မာ ၏အကြည့်နှင့် မျက်နှာထားအား လမ်းတစ်ဘက်တွင်ရပ်ထားသည့် ကားထဲမှဦးသာထူးသည် သေချာပင်မြင်တွေ့နေရသည် မဟုတ်ပါ တကား။

သည့်နောက် ငွေမြင့်လတ်သည် ခြံထဲသို့ကားလေးမောင်း ဝင်သွားသည်တွင် ဒေါ်ခင်မာသည်လည်း ခင်ပွန်းသည်အောင်မြိုင်ထို့





ဘာပြောလိုက်သည်မသိ၊ အောင်မြိုင်သည် ကားကိုခြံထဲသို့သာ ပြန်၍ မောင်းဝင်သွားလိုက်သည်ကို ဦးသာထူးတွေ့ရ၏။ ခြံထဲအရောက် မတော့ ဒေါ်ခင်မာသည် ချက်ချင်းပင် ခြံစည်းရိုးနားပြေးသွားပြီး အုတ်တံတိုင်းပေါက်ကလေးတွေထဲမှ တစ်ဘက်ခြံသို့ ချောင်းကြည့် လိုက်သည်။ တိုက်ထဲသို့ ဒေါ်စုလတ်အားခေါ်ဝင်သွား၍ ဒေါ်ခင်မာ သည် ဘာမှမမြင်ရဘဲဖြစ်နေ၏။

ဘာမှမမြင်ရ၍ ဒေါ်ခင်မာသည် ဒေါသတွေနှင့်စဉ်းစားရင်း တစ်ခုခုအတွက် အကြံအစည်တွေထုတ်နေဆဲအချိန်များ၌ ခြံပြင်တွင် ကား ဦးသာထူးသည်လည်း ခြံထဲပဲဝင်လိုက်သွားရမလား၊ ဘာဆက် လုပ်ရင်ကောင်းမလဲဟူသော အတွေးနှင့် ခြံပြင်တွင်ပင် စောင့်ကြည့် နေဆဲ၊ ငွေမြင့်လတ်၏တိုက်ကြီးထဲမတော့ . . .

"ချာလီ. .ချာလီ. .ချာလီရေ. . ."

တိုက်ထဲဝင်လာသည်နှင့် ငွေမြင့်လတ်သည် ချာလီကို ခေါ်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။ ဒေါ်စုလတ်သည်က ဧည့်ခန်းတွင် ဇဝေဇဝါဖြင့်လိုက်ကြည့်ကျန်ရစ်ဆဲ ငွေမြင့်လတ်အသံ ကြား၍ ဒေါ်ချစ်သည်လည်း မီးဖိုဆောင်ထဲမှ ခပ်သွက်သွက်ထွက်ခဲ့ လိုက်၏၊ အိမ်ရှေ့အရောက်၌ ဒေါ်စုလတ်ကိုတွေ့သည့်တွင် ဒေါ်ချစ် သည် အံ့ဩသလိုရှိသွားရရင်း . . .

"ဩော် ဧည့်သည်ရောက်နေတာကိုး၊ ချာလီများလားလို့၊ ချာလီနဲ့တော်တော်တူတယ်၊ ထိုင်ပါရှင်၊ ဒါနဲ့ ခုနက သူ့ငွေရဲ့အသံ လိုလိုကြားမိသလားလို့ . . ."

"ဩော် ဟုတ်တယ်၊ သူ့ငွေ အပေါ်ထပ်တက်သွားသည်

သူတို့စကားပြောဆဲပင် အပေါ်ထပ်မှ ငွေမြင့်လတ်သည် ကမျာကယာပြန်ပြေးဆင်းခဲ့ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ချစ်. .ချာလီရော. . ."

"ခြော် သူဌေး. .အဲဒါအဒေါ်ပြောမလို့ပါပဲ၊ ချာလီကြည့်ရတာ သူ့အတိတ်ကိုပြန်သတိရသွားပြီနဲ့တူတယ်၊ သူ့အမေ ဟိုအိမ်မှာကျန်ခဲ့တယ်တဲ့၊ သူမြန်မြန်သွားခေါ်ရမယ်တဲ့၊ အဒေါ့်ကိုကျေးဇူးတင်တယ်ပြောပြီး ချာလီ ချက်ချင်းပြေးထွက်သွားလိုက်တာပါပဲ၊ ဒေါ်ဒေါ်လည်း ဘယ်လိုမှတောင် တားလို့မရလိုက်ဘူး. . ."

"ဟင်! . . ."

"ဗျာ ဘယ်အိမ်ကို . . ."

စိုးရိမ်စိတ်တွေနှင့် ဒေါ်စုလတ်ရော ဒွေးမြင့်လတ်ပါ ပြိုင်တူမေးဖြစ်လိုက်သည်။

"ဟိုအိမ်လို့လည်းပြောတယ်၊ သူရန်ကုန်အိမ်ဆိုလားလည်းပြောတယ်. . ."

"အို ဒါဆိုဒုက္ခပါပဲ သူဌေးရယ်. . ."

"သူ့ရန်ကုန်အိမ်ကိုသွားတယ်၊ ဟုတ်လား . . ."

"ကျွန်မရှိတယ်ထင်ပြီး သွားတာဖြစ်မယ် သူဌေး. ."

"ဟုတ်တယ်၊ ချာလီက အတိတ်မေ့နေရှာတာပါ၊ ဒေါ်ဒေါ့်ကို သူ့ ခုမှပြန်သတိရတာ. . ."

"အိုး ဖြစ်ရလေ သမီးလေးရယ်၊ အခုဘယ်လိုလုပ်. ."

"ဒေါ်ဒေါ် စိတ်အေးအေးထားပါ၊ စိတ်မပူပါနဲ့၊ ကျွန်တော် အခုလိုက်သွားမယ်. . ."

"ကျွန်မလည်းလိုက်မယ်. . ."

"ဒေါ်ဒေါ်နေခဲ့ပါ၊ ကျွန်တော်ရအောင် သွားခေါ်ခဲ့ပါ့မယ်"

"မဖြစ်ဘူး၊ ကျွန်မလည်းလိုက်မှကိုဖြစ်မှာမို့ပါ. ."

"ကောင်းပြီလေ၊ ဒါဖြင့်လည်း ဒေါ်ဒေါ်လိုက်ခဲ့ပါ၊ သွားကြ





ရအောင်၊ ခြော် ဒေါ်ချစ်. . ."

"ရှင် သူဌေး. . ."

"ကိုအေးဆီက ဖုန်းဆက်ပြီး ကျွန်တော့်ကိုမေးရင် ကျွန်တော် ပြန်မရောက်သေးဘူးဘဲပြောနော်၊ ဒီကိစ္စတွေ ဘာမှမပြောပါနဲ့. ."

"ဟုတ်ကဲ့ပါ သူဌေး. . ."

ဒေါ်ချစ်ကိုမှာခဲ့ပြီး ဒွေးမြင့်လတ်သည် ဒေါ်စုလတ်လက်ကိုဆွဲကာ ကားရှိရာသို့ပြန်ထွက်ခဲ့ပြီး ကားကိုဆင်ဝင်အောက်မှ မောင်းထွက်သွားလိုက်ပါတော့၏။ ဒွေးမြင့်လတ်ကားလေး မောင်းထွက်သွားသည်ကို စဉ်းစားရင်းဆောင့်ကြည့်နေသည့် ဒေါ်ခင်မာတစ်ယောက် မြင်တွေ့သွားလိုက်ပြန်၍. . .

"ဟော သူတို့ကားပြန်ထွက်သွားပြန်ပြီ။ မိစုလတ်. .သိပ် လည်နေတယ်၊ ကြည့်ရသေးတာပေါ့. . ."

သွားတို့စေကာကြိုးဝါးဆိုရင်း ဒေါ်ခင်မာသည် ခင်ပွန်းကိုပင် မခေါ်အားတော့ဘဲ ကားပေါ်ပြေးတက်မောင်းထွက်သွားလိုက်ပါတော့၏။ ကားမောင်းထွက်ခဲ့ပြီးမှ ဒေါ်ခင်မာသည် ခင်ပွန်းသည်ထံ ဖုန်းလှမ်းဆက်လိုက်သည်။

"ကိုအောင်မြင့်. .အခုကျွန်မထွက်သွားပြီ၊ နောက်မှ ရှင့်ကို ဖုန်းထပ်ဆက်မယ်. . ."

ထိုမျှသာဆိုပြီး ဒေါ်ခင်မာသည် ဆိုမာထက်ဖုန်းကိုပစ်ချကာ ကားကို ခြံထဲမှကပျာကယာမောင်းထွက်ခဲ့၏။ ခြံတံခါးပိတ်အရောက် ဒွေးမြင့်လတ်ကား ဘယ်ဘက်ကိုမောင်းသည်ကို ရှာဖွေကြည့်လိုက်သည်။ ထိုအချိန်၌ ဒွေးမြင့်လတ်တို့ကားနောက်သို့ လိုက်တော့မည့် ဦးသန့်သည် ဒေါ်ခင်မာကားထွက်လာသည်ကို မြင်သည်တွင် စေ့စေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်သည်။ ဒေါ်ခင်မာ၏ကားသည် ငွေမြင့်လတ်နှင့် ဒေါ်စုလတ်တို့ကားနောက်သို့ မောင်းလိုက်သွားသည်ကို တွေ့ရသည်တွင် ဦးသာထူးသည်လည်း စိတ်ဝင်စားမှုတွေဖြင့် ဒေါ်ခင်မာကားနောက်မှ မောင်းလိုက်သွားဖြစ်ပါတော့၏။

ကားမောင်းရင်း ဦးသာထူးသည် ရှေ့ဆုံးမှ ငွေမြင့်လတ်ကားကိုလည်း မျက်ခြေမပြတ်စေရန်ကြည့်ရင်း ကားကိုလည်း သတိထားမောင်းရင်းမှ သူဌေးဦးကိုကို့ကိုသတိရ၍ ဖုန်းလိုက်ဆက်လိုက်သည်။

"ဟဲလို သူဌေး ..ကျွန်တော်သာထူးပါ. . ."

"အင်း ပြောပါ ဦးသာထူး၊ အခြေအနေဘယ်လိုလဲ၊ ကျုပ်ဇနီးနဲ့တွေ့ပြီးပြီလား၊ စကားပြောပြီးပြီလား. . ."

"သူဌေး ..အခြေအနေတွေကတော့ စိတ်ဝင်စားစရာဖြစ်နေပါတယ်၊ ဒေါ်စုလတ်ကိုတော့ ကျွန်တော်တွေ့နေတယ်၊ စကားတော့မပြောဖြစ်သေးဘူး၊ အခု ဒေါ်စုလတ်နဲ့ ထူးဘရားသားစ်ကုမ္ပဏီသူဌေးတို့နှစ်ယောက် ကားတစ်စီးနဲ့ထွက်သွားတဲ့နောက်ကို ကျွန်တော်လိုက်နေတယ်၊ ထူးခြားချက်က ဒေါ်စုလတ်တို့ကားနောက်ကို ဒေါ်ခင်မာလည်း လိုက်နေဘာ ကျွန်တော်တွေ့ရတယ်. . ."

"ဟင် မိခင်မာလည်းလိုက်နေတယ် ဟုတ်လား၊ ဒါဆိုဘယ်နည်းနဲ့မှ မရှိးသားနိုင်ဘူး. . ."

"ကျွန်တော်လည်း ဒီလိုပဲထင်လို့ စောင့်ကြည့်နေပါတယ်၊ အခု ကျွန်တော်တို့လမ်းပေါ်မှာ၊ နောက်မှ သူဌေးဆီ ကျွန်တော်ဖုန်းပြန်ဆက်လိုက်ပါမယ်၊ ဒါပဲနော် သူဌေး. . ."

"ကောင်းပြီလေ. . ."





သူဌေးနှင့်ဖုန်းပြောပြီးနောက်၌ ဦးသာထူးသည် ရှေ့မှ ကားနှစ်စီးကို မျက်ခြေမပြတ်ကြည့်ရင်း ကားကိုလည်း ဂရုစိုက်၍ မောင်းနေဖြစ်ပါသတည်း။

× × × × ×

ကောင်းကောင်းအကြောင်းပြလိုက်မည်ဟု ကြုံးဝါးစိတ်၊ ဒေါသစိတ်နှင့် မကျေနပ်စိတ်တွေနှင့် သူရှိန်ကား အရက်တွေသောက်နေသည်မှာ တစ်ခွက်ပြီးတစ်ခွက်ပါ။ သူရှိန်နှင့်အရက်က နည်းနည်းလေးမှမတည့်၊ အရက်ဝင်သွားလျှင် သူရှိန်သည် လူစိတ်ပျောက်သွားသည်ဟုပင်သိရမည်ဖြစ်သည်။ ဘာဖြစ်ဖြစ် သူရှိန်သည် အရက်ကိုကြိုက်သည်၊ သောက်သည်။ ယခုဒေါ်စုလတ်တစ်ယောက် မိမိလက်တွင်မရှိတော့ပေမယ့် သမီးဖြစ်သူ ချယ်ရီကိုကိုသည် မိမိလက်ထဲရောက်နေပြီမို့ သူရှိန်သည် ကျေနပ်စိတ်တွေနှင့် မှဲ့ရွှဲကာ အရက်ကိုစိမ်ပြေနပြေပင်သောက်နေ့ဖြစ်လေ၏။

မှန်သည်။ မိမိအတွက် ချယ်ရီကိုကိုသည်အဓိကမို့ သူရှိန်သည် အရက်ကိုအေးဆေးစွာသောက်နေဆဲ အပြင်ဘက်တွင်ကား ငွေမြင့်လတ်မောင်းလာသည့်ကားလေးသည် သူရှိန်ခြံရှေ့သို့ရောက်လာပြီဖြစ်၏။ ခြံရှေ့ရပ်လိုက်သည်နှင့် ခုမှခြံတံခါးက အသေအချာပိတ်ထားသည်ကို တွေ့လိုက်ကြရ၍ ငွေမြင့်လတ်ရော ဒေါ်စုလတ်ပါချာလို့အတွက် စိုးရိမ်သွားလိုက်ကြရသည်။

"ဒေါ်ဒေါ် ..ခြံတံခါးပိတ်ထားတယ်၊ ဒီတစ်ပေါက်ပဲရှိလား"

"နောက်ဖေးလမ်းကြားထဲမှာ မလွယ်ပေါက်ရှိတယ်၊ သွားကြည့်ရအောင်၊ မလွယ်ပေါက်လည်းပိတ်ထားရင် ခြံတံခါးကိုသာ ဖျက်ရမှာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုလတ်ဆိုရင်း ဌေးမြင့်လတ်နှင့်အတူ နောက်ဆောလမ်း ထဲဝင်ခဲ့ကြသည်။ မလွယ်ပေါက်တံခါးဆီအရောက် တံခါးကသော့ မခတ်ထား၍ လွယ်ကူစွာပင် ခြံထဲသို့ဝင်ခဲ့ကြ၏။

"ဒီဘက်ကသွားမယ် သူဌေး. . ."

ဒေါ်စုလတ်ဦးဆောင်၍ ဌေးမြင့်လတ်ကိုခေါ်ခဲ့သည်။ ရေကူးကန်ရှိသည့်ဆင်ဝင်အောက်အရောက်မတော့ ဖိနပ်ချွတ်တွင်ချွတ်ထားသည့် ချာလီ့ဖိနပ်ကလေးကို ဌေးမြင့်လတ်မြင်တွေ့လိုက်ရ၏။

"ဒေါ်ဒေါ်. . .အဲဒါချာလီ့ဖိနပ်ပဲ၊ ကျွန်တော်ကိုယ်တိုင် ဝယ်ပေးထားတဲ့ဖိနပ်. . ."

"ဟင် ဒါဆို ကျွန်မသမီး. . ."

"ဒေါ်ဒေါ်. . .လာ. . ."

ဒေါ်စုလတ်ကိုဆွဲ၍ ဌေးမြင့်လတ်သည် တိုက်ထဲသို့ ဝင်ခဲ့လိုက်သည်။ နှစ်ဦးသားသည် ခြေကိုဖွ၍ဝင်ခဲ့ကြသည်တွင် ဧည့်ခန်းမကြီးထဲအရောက်၌ ရေကူးကန်၏တစ်ဘက်ရှိစားပွဲတစ်လုံးတွင် သူရှိန်တစ်ယောက် အရက်သောက်နေသည်ကို တွေ့လိုက်ရ၍ ဌေးမြင့်လတ်သည် ဒေါ်စုလတ်ထံ နှုတ်ခမ်းပေါ်လက်ညှိုးတင်ပြလိုက်ပြီး ဒေါ်စုလတ်အား ဒီနေရာတွင်ပင်နေခဲ့ရန် လက်ဟန်နှင့် သူလုပ်ပြသည်။ ဒေါ်စုလတ်က ခေါင်းညိတ်ပြသည်တွင် ဌေးမြင့်လတ်သည် အပြင်သို့ ပြန်ထွက်ခဲ့ပြီး တစ်ခုခုကိုရှာသည်။

ရှာဖွေဆဲ သစ်ပင်တစ်ပင်တွင်ထောင်ထားသည့် တုတ်ပိုင်းတစ်ပိုင်းကိုမြင်သည့်တွင် ဌေးမြင့်လတ်သည် ကိုင်ကြည့်လိုက်ပြီး ကျေနပ်သွား၏။ သည့်နောက် ဌေးမြင့်လတ်သည် တိုက်ထဲသို့ပြန်ဝင်ခဲ့ပြီး အခြေအနေကိုကြည့်၍ ခြေကိုဖွကာ သူရှိန်နောက်ကျောဆီသို့ ချဉ်းကပ်လှမ်းခဲ့၏။ ဒေါ်စုလတ်သည်က ဌေးမြင့်လတ်ထံသို့ ရင်ထိတ်





ဖွာလှမ်း၍ကြည့်နေဖြစ်သည်။ ဌေးမြင့်လတ်သည် တုတ်ပိုင်းကိုကိုင်ကာ သူရှိန်နောက်သို့အရောက် သူရှိန်ကလည်း ရေချိုးကိုက်နေပြီမို့ ချာလီ့ထံသို့သွားရန် နေရာမှအထ ဌေးမြင့်လတ်သည် မျက်လုံးပြူးသွားရရှင်း လက်ထဲကိုင်ထားသည့်တုတ်နှင့် သူရှိန်အား ကပျာကယာရိုက်ချပစ်လိုက်ရပါတော့၏။

"ဒုတ်. . ."

"အင့်. . ."

ဘယ်ထိသွားမှန်းမသိသည့် သူရှိန်ကား အင့်ခနဲကမြည်ကာ သတိလစ်မှောက်ကျသွားရပါတော့၏။ သူရှိန်မှောက်သွားမှ ဒေါ်စုလတ်သည်လည်း ဌေးမြင့်လတ်အနီး ပြေးထွက်လာရင်း. . .

"သူဌေး. . .ကျွန်မသမီးလေး အပေါ်မှာရှိလိမ့်မယ်၊ လာ"

ဒေါ်စုလတ်ခေါ်တော့ ဌေးမြင့်လတ်သည် လက်ထဲမှတုတ်ကို ပစ်ချခဲ့ပြီး ဒေါ်စုလတ်နှင့်အတူ အပေါ်ထပ်သို့ ကပျာကယာ ပြေးတက်သွားလိုက်လေ၏။ အပေါ်ထပ်အရောက်၌ ဒေါ်စုလတ်နှင့်အတူ ဌေးမြင့်လတ်သည် ချာလီအားလိုက်ရှာနေကြဆဲအချိန်များ၌ ခြံပြင်တွင် မတော့ ဒေါ်ခင်မာနှင့် ဦးသာထူးတို့ကားသည် မရှေးမနှောင်းပင် သူရှိန်ခြံရှေ့သို့ ရောက်လာခဲ့ပြီး ဌေးမြင့်လတ်ရပ်ခဲ့သည့်ကားနှင့်မနီးမဝေးတွင် ဒေါ်ခင်မာသည် ကားကိုရပ်လိုက်သည်။ ဦးသာထူးကလည်း ဒေါ်ခင်မာကားနှင့် မလှမ်းမကမ်းတွင်ရပ်လိုက်သည်။

ဒေါ်ခင်မာသည် ဌေးမြင့်လတ်ကားဆီကြည့်ပြီး ဌေးမြင့်လတ်နှင့် ဒေါ်စုလတ်တို့ ခြံထဲဝင်သွားကြမည်ကို အတပ်သိလိုက်၍ မိမိလည်း ခြံထဲလိုက်ဝင်ရန် ဆုံးဖြတ်ချက်နှင့် ဝင်ပေါက်ကိုလိုက်ရှာသည်။ ထို့အတူပင် ဦးသာထူးကလည်း ဒေါ်ခင်မာလှုပ်ရှားသမျှကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှုကြည့်နေဖြစ်၏။ ဒေါ်ခင်မာတစ်ယောက် နောက်ဖေးလမ်းကြား မလွယ်ပေါက်တံခါးကို ရှာတွေ့ပြီး ခြံထဲဝင်သွားသည်ကိုတွေ့သည် တွင် ဦးသာထူးသည်လည်း ခြံထဲလိုက်ဝင်ခဲ့၏။

ဒေါ်ခင်မာသည် တိုက်ဘေးအကွယ်မှ တိုက်ရှေ့ဆင်ဝင် အောက်ဆီသို့ ချောင်းကြည့်သည်။ ဒေါ်ခင်မာ၏လှုပ်ရှားမှုမှန်သမျှ ဦးသာထူးကလည်း မလှမ်းမကမ်းမှစောင့်ကြည့်သည်။ ဒေါ်ခင်မာသည် အခြေအနေကိုကြည့်ကာ စဉ်းစားလိုက်ပြီးနောက် လက်ထဲမှဖုန်းကို ဖွင့်လိုက်ပြီး ခင်ပွန်းသည်အောင်မြိုင်ထံလှမ်းဆက်လိုက်သည်။

"ဟဲလို . .ကိုအောင်မြိုင်၊ အခု ရှင်လိုက်လာခဲ့တော့၊ (× ×) လမ်း၊ ခြံနံပါတ်(× ×)ကိုလိုက်ခဲ့၊ ပြီးတော့ နောက်ဘက်မလွယ်ပေါက် ကနေဝင်ခဲ့၊ ကျွန်မအကြံရှိတယ်၊ ရှင်လာသာလာခဲ့ပါ၊ ဒါပေမယ့် ရှင်က ကျွန်မနားကိုမလာခဲ့နဲ့၊ ကျွန်မနဲ့သူရှိန်ဆိုတဲ့လူ စကားပြော နေတာကိုပဲ ရှင်စောင့်ကြည့်နေပါ. . .

တကယ်တော့ သူရှိန်နဲ့မိစုလတ်တို့ သားအမိကပတ်သက်မှု ရှိတယ်၊ သူရှိန်က သူ့လက်ထဲကနေ မိစုလတ်တို့သားအမိ ထွက် ပြေးသွားတာကို လိုက်ရှာနေတာ၊ ဒီကိစ္စတွေကို ရှင်မသိဘူး၊ ကျွန်မပဲ သိတယ်၊ ဒါကြောင့် အခုကျွန်မက မိစုလတ်တို့သားအမိ ဘယ်မှာ ရှိတယ်ဆိုတာကို သူရှိန်သိအောင် လာပြောပြတာ. . .

ဒါပေမယ့် အခုမိစုလတ်နဲ့ ငွေမြင့်လတ်တို့နှစ်ယောက်က သူရှိန်တိုက်ထဲဝင်သွားကြတာ ကျွန်မတွေ့တယ်၊ သူတို့ဘာလုပ် ကြလဲဆိုတာ ကျွန်မစောင့်ကြည့်နေတာ၊ ရှင်အခုချက်ချင်းလာခဲ့နော်၊ ရှင်လာလို့ ခြံထဲမှာကျွန်မကိုမတွေ့ရင် ရှင်ချက်ချင်းတိုက်ထဲဝင်လာခဲ့၊ ပြီးတော့ ကျွန်မနဲ့သူရှိန်တွေ့ပြီး စကားပြောတာကို ရှင်စောင့်ကြည့်





နေ ကြားလား၊ ကဲ ဒါပဲ ကျွန်မပြောသလို ရှင်လုပ်. . ."

စကားအဆုံး၌ ဒေါ်ခင်မာ ဖုန်းပိတ်လိုက်သည်။ ဦးသာထူး သည် ဒေါ်ခင်မာစကားတွေကို အတိုင်းသား ကြားလိုက် အံ့သြသော် လည်း နားမလည်သောကြောင့် စဉ်းစားနေဖြစ်ရလေ၏။ မှန်သည်။ ဒေါ်ခင်မာသည် တိုက်ရှေ့ရှိဆင်ဝင်အောက်များဆီ အခြေအနေကို စောင့်ကြည့်နေဆဲ ဒေါ်ခင်မာအားလည်း ဦးသာထူးကစောင့်ကြည့် နေဆဲအချိန်များ၌ တိုက်ကြီးထဲတွင်ကား အောက်ထပ်တွင် သူရှိန် သည် သတိလစ်ဆဲရှိပြီး တိုက်ကြီး၏အပေါ်ထပ်တွင်မတော့ ငွေမြင့် လတ်နှင့် ဒေါ်စုလတ်တို့သည် တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ချာလီအား ရှာဖွေနေကြသည်ပါ။

"သမီး သမီး ချစ်ရီ ချယ်ရီ, .သမီး သမီးလေး သမီးဘယ်မှာလဲ. . ."

"ချာလီ. .ချာလီ ဘယ်မှာလဲ၊ ချာလီ ချာလီ. . ."

တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ချာလီကိုလိုက်ရှာရင်း ငွေမြင့် လတ်ရော ဒေါ်စုလတ်ပါ ချာလီကိုအသံပြုခေါ်သည်။ ချာလီသည်က မိခင်နှင့်ငွေမြင့်လတ်ခေါ်သံတွေကို ကြားသော်လည်း အသံပြန်မပြု နိုင်။ မှန်သည်။ ချာလီသည် ခြေနှင့်လက်တွေကို ကြိုးတုပ်ခံထားရ ပြီး [illegible]းစပ်ကိုပါ ပလာစတာနှင့် အပိတ်ခံထားရသည် မဟုတ်ပါ တ[illegible]။ ချာလီသည် မချင့်မရဲဖြစ်ကာ ရုန်းရင်း၊ တအီးအီး အသံ ပြန်[illegible]သော်လည်း ငွေမြင့်လတ်တို့ကမကြား။

တကယ်တော့ ချာလီအား သူရှိန်သည် အမှောင်ခန်းထဲ တွင် [illegible]ထားသည်။ ငွေမြင့်လတ်နှင့် ဒေါ်စုလတ်တို့က အမှောင် ခန်းမှ ဝင်မသွားဘဲ အမှောင်ခန်းထဲ အသံသာပြုပြီး အမှောင်[illegible] ကျော်၍သွားကြသည်မို့ အမှောင်ခန်းမှ ရှိနေသည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းကြောက်ရွံ့ခြင်းများစွာနှင့် မချင့်မရဲရှိနေရှာသည်ပါ။

"ဒေါ်ဒေါ်. .ဘယ်လိုလဲ၊ အပေါ်ထပ်မှာမရှိဘူးနဲ့တူတယ်"

"ဟုတ်တယ်၊ အောက်ထပ်အခန်းတစ်ခုခုထဲမှာနဲ့ တူတယ်"

"ဒါဖြင့် လာ၊ အောက်ထပ်ဆင်းရှာရအောင်. . ."

"အင်း အင်း အင်း. . ."

သူတို့စကားပြောသံတွေကို အမှောင်ခန်းထဲမှ ချာလီက အတိုင်းသားကြားနေရ၍ ချာလီသည် သူတို့အောက်ထပ်ဆင်းသွားမည်ကို စိုးကြောက်စိတ်ဖြင့် ဟာအင်းအင်း အသံပေးနေသော်လည်း သူတို့ကမကြား။

"သူဌေး. .ဒီအနောက်ဘက်လှေကားက ဆင်းမယ်"

ဒေါ်စုလတ်ဆိုသည်တွင် ငွေမြင့်လတ်သည် အမှောင်ခန်းရှေ့မှဖြတ်ကာ အနောက်ဘက်လှေကားမှ ဆင်းတော့မည်အပြု. .

"အင်း အင်း အင်း. . ."

အမှောင်ခန်းထဲမှချာလီသည် ချွေးသီးကလေးများပင် သီးနေအောင် အားကုန်သုံး၍ အသံပြုလိုက်သည်။

"ဒေါ်ဒေါ်. .ခဏနေဦး၊ ကျွန်တော့်နားထဲ အသံတစ်မျိုးကြားမိလိုက်သလိုပဲ၊ ဒေါ်ဒေါ်နားထောင်ကြည့်ပါဦး. . ."

"အင်း အင်း အင်း. . ."

အသံကြားသည်ဆိုသဖြင့် ချာလီက အဆက်မပြတ်ထပ်၍ ဖြစ်ညှစ်အော်ပြသည်။

"ဟင် ဟုတ်တယ်၊ ဟုတ်တယ်၊ သူဌေး၊ ဒါဆို ဒီအမှောင်ခန်းထဲကမဲ့ဖြစ်မယ်. . ."

"ဟုတ်တယ်၊ အသံလာတာ ဒီအခန်းထဲကလို့ပဲ. . ."

ဆိုရင်း ငွေမြင့်လတ်နှင့်ဒေါ်စုလတ်သည် လှေကားထိပ်မှ





အမှောင်ခန်းရှိရာပြန်၍ ပြေးခဲ့လိုက်ကြသည်။

"ချာလီ. .ချာလီ. . ."

"သမီး. .သမီးလေးချယ်ရီ၊ ချယ်ရီ သမီး. . ."

"အင်း အင်း အင်း. . ."

"ဟော ရှိတယ်၊ ရှိတယ်၊ သမီးလေးရှိတယ် သူဌေး၊ လုပ်ပါဦး. . ."

"ဒေါ်ဒေါ် မြူတင်းတံခါးပေါက်တစ်ခုဖွင့်လိုက်. . ."

ငွေမြင့်လတ်ဆိုသည်တွင် ဒေါ်စုလတ်သည် ဘေးမျက်နှာ မြူတင်းပေါက်တစ်ခုကို သွားဖွင့်လိုက်သည်။ ထိုအခါမှပင် ပုံအလုံးလုံးနှင့် ကြမ်းထပ်တွင်တွေးတွေးလေးရှိနေသည့် ချာလီအား တွေ့လိုက်ကြရပါတော့၏။

"ချာလီ. . ."

"သမီး. . ."

ငွေမြင့်လတ်ရော ဒေါ်စုလတ်ပါ ချာလီ့အနီးပြေးသွားကြပြီး ကြိုးတွေကိုဖြည်ပေးသည်။ ပလာစတာကိုခွာပေးသည်။ ချာလီသည် ကြိုးတွေပြေသည်နှင့် မီးခင်ကို မျက်ရည်အရွှဲသားနှင့်ကြည့်ကာ ဖက်လိုက်ပြီး. . .

"မေမေ မေမေ. . ."

"သမီး. . ."

သားအမိနှစ်ယောက်မှာ တစ်ဦးကိုတစ်ဦး မျက်ရည်တွေနှင့် ခမ်းသာအားရဖက်ထားလိုက်ကြသည်။ ငွေမြင့်လတ်သည် မိမိအား ချက်လုံးစိမ်းနှင့်အကြည့်ခံလိုက်ရ၍ ရိုးရိုးမကြောင့်ကျစိတ်တွေဖြင့် သားအမိနှစ်ယောက်ထံ ကြည့်နေဖြစ်လိုက်ရလေ၏။ ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်. .ကျွန်တော်တို့ ဒီကမြန်မြန်သွားကြရအောင်"

"အို ဟုတ်တယ်၊ သမီး လှာ၊ မေမေတို့မြန်မြန်သွားကြမယ်. . ."

ဆိုရင်း သမီးလက်ကိုဆွဲကာ အခန်းထဲမှအထွက် ချာလီသည် ငွေမြင့်လတ်ထံ မသိတသိလို မျက်စနှိုးရွှဲလေးနှင့် တစ်ချက်အကြည့်ချင်းဆုံကာ သူတို့သည် အပေါ်ထပ်မှဆင်းခဲ့လိုက်ကြလေ၏။ မှန်သည်။ ငွေမြင့်လတ်၊ ချာလီနှင့် ဒေါ်စုလတ်တို့ အနောက်ဘက်လှေကားမှ အခြေအနေကိုကြည့်ကာ ဆင်းလာကြချိန်၌ တိုက်နံဘေးမှ ချောင်းကြည့်နေသည့် ဒေါ်ခင်မာသည် အားမလို အားမရဖြစ်ကာ တိုက်ထဲသို့ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ဒေါ်ခင်မာတစ်ယောက် တိုက်ထဲသို့ လှမ်းဝင်သွားသည်နှင့် ဦးသာထူးသည်လည်း နောက်မှလိုက်၍ဝင်ခဲ့သည်။

တစ်ဆက်တည်းပင် အောင်မြိုင်သည်လည်း ရောက်လာပြီး မလွယ်ပေါက်မှ ခြံထဲသို့ရောက်လာခဲ့၏။ ခြံထဲအရောက်၌ အောင်မြိုင်သည် ဟိုဒီကြည့်ပြီး ဇနီးဖြစ်သူ ဒေါ်ခင်မာကိုရှာဖွေကြည့်သည်။ ဇနီးကိုမတွေ့တော့၍ အောင်မြိုင်သည်လည်း တိုက်ထဲသို့ဝင်ခဲ့လိုက်လေ၏။ အောင်မြိုင်တစ်ယောက် တိုက်ထဲဝင်ရောက်သွားချိန်တွင် နောက်ဘက်လှေကားမှ ဆင်းလာကြသည့် ငွေမြင့်လတ်၊ ချာလီနှင့် မိခင်ဒေါ်စုလတ်တို့သည် ထမင်းစားခန်းထဲရောက်ခဲ့ကြပြီး မီးဖိုဆောင်ဘက်တံခါးမှ ခြံထဲသို့ထွက်သွားလိုက်ကြပြီဖြစ်လေ၏။

တိုက်ကြီးထဲတွင်မတော့ သတိလစ်နေသည့် သူရနိုင်သည် သတိရပြန်လာပါပြီ၊ အရက်မူးမပြေတပြေရှိကာ သူရနိုင်သည် ရှုံ့မဲ့ကာ စက်ပိုးဆိနှိပ်ရင်း ထထိုင်သည်။ ထိုအချိန်များ၌ ဒေါ်ခင်မာသည်





တစ်ဘက်ဧည့်ခန်းကြီးထဲမှ ရေကူးကန်ရှိသည့် ဧည့်ခန်းကြီးဆီသို့ စဉ်းစားရင်း လှမ်းခဲ့သည်။ ဆိုဖာကြီးများကြားမှ ဦးသာထူးသည် ဒေါ်ခင်မာထံလှမ်းကြည့်နေဆဲ တိုက်ထဲသို့ လှမ်းဝင်လာသည့် အောင်မြိုင်ကိုပါ ဦးသာထူးလှမ်းမြင်တွေ့လိုက်ရ၏။ တိုက်ထဲအရောက် အောင်မြိုင်သည် ဒေါ်ခင်မာ့နောက်ကျောအား လှမ်းမြင်လိုက်သည်တွင်. . .

"ရှူး. .ခင်မာ. . ."

"ရှူး. . ."

အောင်မြိုင်လှမ်းခေါ်လိုက်၍ ဒေါ်ခင်မာသည် ဖြတ်ခနဲလှည့်ကြည့်ပြီး နှုတ်ခမ်းပေါ်လက်ညှိုးတင်ကာ တိတ်တိတ်နေရန်၊ တစ်နေရာတွင် ကွယ်၍ချောင်းကြည့်နေရန် လက်ဟန်နှင့်စကားပြောလိုက်သည်ကို ဦးသာထူးတွေ့မြင်နေရ၏။ ဒေါ်ခင်မာပြောသလိုပင် အောင်မြိုင်သည် ဒေါ်ခင်မာနှင့်မလှမ်းမကမ်းအကွယ်တွင် ပုန်းပြီးစောင့်ကြည့်နေလိုက်သည်။ ဒေါ်ခင်မာသည် တစ်ဘက်ဧည့်ခန်းဆီသို့ ကူးရန်ခြေကိုဖွ၍ တစ်လှမ်းချင်းလှမ်းလာနေဆဲ. . .

သူရနိုင်သည် မိမိစက်ပိုးဆီကိုင်ကာ ငုတ်တုပ်ထိုင်၍ စဉ်းစားနေဆဲ မိမိနံဘေးမှတုတ်ပိုင်းကိုမြင်သွားသည်တွင် သူရနိုင်သည် သဘောပေါက်သွားသလို တုတ်ပိုင်းကိုကောက်ကိုင်ကာ နေရာမှထရပ်လိုက်ပြီး တိုက်ကြီးထဲဟိုဒီကြည့်ကာ နားစွင့်ထားလိုက်သည်။

"ဟိုလူ သိမယ်၊ ဒီလူ တော်တော်သူရဲကောင်းလုပ်ချင်တဲ့လူငါ့အကြောင်းသိမယ်. ."

ဒေါသတွေနှင့်ကြုံးဝါးရင်း သူရနိုင်သည် တုတ်ကိုကျစ်ကျစ်ကိုင်ကာ အပေါ်ထပ်သို့ပြေးတက်သွားလိုက်သည်။ သူရနိုင်အပေါ်ထပ်သို့ပြေးတက်သွားသည့်အရိပ်နှင့် ခြေသံကို ဖြတ်ခနဲတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ခေါ်ခင်မာသည် နောက်မှပြေးတက်လိုက်သွားသည်။ ခေါ်ခင်မာ အပေါ်ထပ်ပြေးတက်သွားသည့်တွင် နောက်မှ ဦးအောင်မြင်နှင့် ဦးသာထွေးတို့သည်လည်း တစ်ဆင့်တစ်ဆင့် စောင့်ကြည့်ရင်း တက်လိုက်သွားကြ၏။

အပေါ်ထပ်အရောက်၌ သူရနိုင်သည် ချာလီအား သူထားခဲ့သည့်အခန်းထဲ၌ ရှာမတွေ့တော့၍ ရူးသွပ်အောင်ပင် ခေါ်သတွေ တွက်နေရပါပြီ။

"လာထား ဒီကောင်၊ ဒီကောင့်ကို ငါသတ်မယ်၊ သေအောင် သတ်မယ် . . ."

ကြိုးဝါးရင်း တုတ်ပိုင်းကို ကျစ်ကျစ်ဆုပ်ကိုင်ပြီး အောက်ထပ်သို့ဆင်းရန် သူရနိုင်လှမ်းခဲ့သည်။ လှေကားရှိရာလှမ်းလာဆဲ အကွယ်တစ်နေရာအရောက်မတော့ သူရနိုင်သည် အသံလိုလိုကြားလိုက်မိ၍ တုတ်ပိုင်းကိုရွယ်ကာ သတိနှင့်စောင့်နေလိုက်သည်။ တစ်ဘက်အကွယ်မှ ခေါ်ခင်မာသည် ဆက်သွားရန် နားစွင့်လိုက်သည်။ အသံတွေတိတ်ဆိတ်နေ၍ ခေါ်ခင်မာသည် အကွယ်မှထွက်လိုက်သည်မတော့ . . .

"သေပေတော့ . . ၊ ဒုတ် . . ."

"အင့် . . ."

"ကဲ ကဲ မင်းသေတော့၊ ဒုတ် . ဒုတ်၊ ဖား ဖား . . ဖား ဖား . . ."

ခေါ်ခင်မာကား တစ်ချက်ဆို တစ်ချက်တည်းနှင့် မှောက်နေသည့်ကိုပင် သူရနိုင်ကား အရူးခေါ်သစိတ်တွေနှင့် သုံးလေးချက်ဆက်ရိုက်ပစ်လိုက်၍ ခေါ်ခင်မာတစ်ယောက် ကြမ်းထက်တွင် ဖွဲ့ခိုက်ကြီးနယ်ဖြစ်သွား၏။





"ဟင် ဟာ . . ."

"ဟာ ဟာ ခင်မာ . . ခင်မာ . . ."

မြင်တွေ့လိုက်ရသည့် ဦးသာထွေးသည် လွန်စွာတုန်လှုပ်ထိတ်လန့်သွားလိုက်ရသကဲ့သို့ ဦးအောင်မြင်သည်လည်း မိမိချစ်လှန်းလှသည့် ချစ်ဇနီးအဖြစ်ကို တွေ့လိုက်ရသည့်တွင် လွန်စွာမှ အံ့ဩထိတ်လန့် မှင်တက်သွားလိုက်ရလေ၏။

"ချယ်ရီ . ချယ်ရီ . ချယ်ရီ . . ."

သူရနိုင်သည် ချယ်ရီကိုရှာမတွေ့တော့၍ အသံနက်ကြီးနှင့် အော်ဟစ်ခေါ်ရင်း အခန်းတွေဆီ တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ပြေးလွှားလိုက်ရှာနေသည့် သူရနိုင်ကား တကယ်ရူးသွပ်ပါပြီ။

"ခင်မာ . ခင်မာ၊ အမလေး လုပ်ကြပါဦးဗျာ၊ ကျုပ်မိန်းမ ခင်မာ ခင်မာ . . ."

မှင်သက်ရာမှ သတိရသည့်တွင် အောင်မြင်သည် သွေးအိုင်ထဲလဲနေသည့် ဇနီးသည်ထံပြေးပွေ့ပြီး အော်ဟစ်နေတော့သည်။ ထိုအခါမှပင် ဦးသာထွေးသည်လည်း သတိရပြီး ရဲစခန်းသို့ဖုန်းကောက်ဆက်လိုက်ပါတော့၏။

"ဟဲလို ဟဲလို . ရဲစခန်းကလား၊ (× ×)လမ်း၊ ခြံနံပါတ် (× ×)ကို အမြန်လာကြပါခင်ဗျာ၊ အမြန်လာပါ၊ ဒီမှာ လူသတ်မှု ဖြစ်နေပါတယ်၊ အမြန်လာပါခင်ဗျာ . . ."

အလောတကြီးဖုန်းဆက်ပြီး ဦးသာထွေးသည် မိမိသူဌေးထံသို့ ကပျာကယာ ဖုန်းထပ်ဆက်လိုက်၏။

"ဟဲလို သူဌေး . သူဌေး . မကောင်းတော့ဘူး၊ အခြေအနေ ဆိုးကတော့ မမျှော်လင့်တာတွေဖြစ်ကုန်ပြီ၊ ခေါ်ခင်မာတော့ ပြုထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူဌေးအမြန်လာခဲ့ပါ၊ (× ×)လမ်း၊ ခြံနံပါတ်(× ×)ကို သူဌေးခုပဲအမြန်လာခဲ့ပါ၊ ကျွန်တော်လည်း အဲဒီမှာပဲရှိတယ်. .

ဦးသာထူးတစ်ယောက် ဖုန်းဆက်ပြီးသည်တွင် ရဲဝါယာလက်စ်အသံတွေကို ကြားလိုက်ရသည်။ မှန်သည်။ သူရနိုင်ခြံသို့ ရဲတွေရောက်လာပါပြီ။ ခြံတံခါးပိတ်ထား၍ ရဲတွေအားလုံးမှာ ခြံထဲကျော်ဝင်ခဲ့ကြရသည်။ ဖုန်းဆက်ပြီး၍ ဦးသာထူးသည်လည်း အောင်မြင်နှင့် ဒေါ်ခင်မာအနီးသို့ သွားရောက်လာကြ၍လိုက်သည်။

"ဟာင် ခင်ဗျား ကိုသာထူး. . ."

"ဟုတ်တယ် ကိုအောင်မြင်၊ ကျုပ် သာထူးပဲ၊ ဒါပေမယ့် ကျုပ်ကအရင်က သာထူးတော့မဟုတ်တော့ဘူး၊ အခုကျုပ်က ခင်ဗျားသက်လို့မသေတဲ့ သူဌေးဦးကိုကိုရဲ့တပည့်ရင်း သာထူးဖြစ်နေပါပြီ၊ အခု ကျုပ် ရဲစခန်းကို ဖုန်းဆက်လိုက်လို့ ရဲတွေလည်းရောက်လာပါပြီ. . ."

"ဟာင် ဘာ. .ခင်ဗျား. . ."

အောင်မြင်တစ်ယောက် ဟိုဒီကြည့်ကာဆိုရင်း မလုံမလဲရှိစိတ်တွေနှင့် ဒေါ်ခင်မာကိုချထားရစ်ပြီး ခြံတွင်းမှခြံထဲသို့ သွားရောက်ကြည့်သည်။ ခြံထဲ၌ ရဲအရာရှိများဝင်ရောက်လာပြီကိုတွေ့သည်တွင် အောင်မြင်သည် လွန်စွာတုန်လှုပ်သွားရပြီး. . .

"ဟာ ရဲတွေ၊ မဖြစ်ဘူး၊ ငါ ဒီမှာဆက်နေလို့မဖြစ်ဘူး"

ထိတ်လန့်တုန်လှုပ်စွာဆိုရင်း အောင်မြင်သည် ဓနီးသည် ခင်မာထံတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မိမိကိုယ်ကို ပြန်ငုံ့ကြည့်သည်။ မိမိ၏လက်နှစ်ဘက်နှင့် အကျီမှုများတွင် ဒေါ်ခင်မာထံမှ သွေးတွေကွက်ခွန်းထင်းနေလေ၏။ အောင်မြင်သည် တုန်လှုပ်စွာဖြင့်





ထွက်ပြေးမည်ပြင်တော့. . .

"ကိုအောင်မြင်. .ခင်ဗျားအဖမ်းခံလိုက်ပါ. . ."

"မခံဘူး၊ ဒီကိစ္စတွေက အနှစ်ပဲနှစ်ဆယ်ကျော်လာပြီပဲ. . ."

"ဘယ်လောက်ကြာကြာ ဖြစ်မှုဟာဖြစ်မှုပဲဗျာ၊ ပြီးတော့ ခင်ဗျားလုပ်ကြံခဲ့တဲ့ ခင်ဗျားရဲ့သူဌေးဦးကိုကိုဟာလည်း ဒီကနေ့အထိ သက်ရှိထင်ရှားရှိနေသေးတယ်၊ အခု ကျုပ်ဖုန်းဆက်ခေါ်ထားတယ်၊ မကြာခင်ရောက်လာတော့မယ်. . ."

"ကြာတယ်ကွာ၊ ဘာဖြစ်ဖြစ် ကျုပ်ပြေးမယ်၊ လွတ်အောင်ပြေးမယ်. . ."

အောင်မြင်ဆိုရင်း အပေါ်ထပ်မှပြေးဆင်းရန် ကြိုးစားလိုက်သည်။

"ချယ်ရီ. .ချယ်ရီ၊ နင်တို့သားအမိ ငါ့လက်ကမလွတ်စေရဘူး၊ နင်တို့ကိုလာကယ်တဲ့သူတိုင်းကို ငါသတ်ပစ်မယ်၊ ငါသတ်မယ်၊ လွတ်မယ်မထင်နဲ့၊ ဟား ဟား. .၊ ဟာင် ဧည့်သည် နောက် တစ်ယောက်လာပြန်ပြီလား၊ ငါကလည်းအသင့်ပါပဲ. . ."

"ဟာင်! ခင်ဗျားက ဘယ်သူလဲ. . ."

ထွက်ပြေးရန်ကြိုးစားနေသည့် အောင်မြင်တစ်ယောက် လှေကားထိပ်အရောက် မကျေနပ်မှုများနှင့် ဒေါသဆိပ်များ ငယ်ထိပ်မှ ကျွံကာ အဝီရူးသွပ်သွားပြီဖြစ်သည့် သူရနိုင်နှင့် ပက်ပင်းတွေ့ဆုံသွားရသည်တွင် သူရနိုင်အသွင်ဆိုကြည့်ပြီး သွေးမျက်ခမန်းထိတ်လန့်သွားလိုက်ရသည်။ မှန်သည်။ သူရနိုင်ကလည်း ချာလီအား လာခေါ်သည့်သူအထင်နှင့် လက်ထဲမှတုတ်ပိုင်းကို ကျစ်ကျစ်ကိုင်ပြီး အောင်မြင်ထံပြေးလာနေသည်မို့ အောင်မြင်သည် ကြောက်လန့်စွာဖြင့် လှေကားမှပြေးအဆင်း. . .



www.burmeseclassic.com

"ဟော့ ရပ်၊ အားလုံးရပ်. . ."

အပေါ်ထပ်သို့ တက်လာနေသည့် ရဲတွေနှင့်ဆုံသွားရ၍ အောင်မြင်အတွက် လမ်းမရှိတော့၊ အောင်မြင်ကို ရဲတွေလက်ထိပ်ခတ် ဖမ်းထားလိုက်သည်။ သူရနိုင်မှာ အောင်မြင်ကိုလက်ထိပ်ခတ်ဖမ်းနေသည်ကို လှေကားထိပ်မှ ကြောင်၍ရပ်ကြည့်နေမိသည်။

"ဟော့လူ. .ခင်ဗျား ဘယ်သူလဲ၊ ဆင်းလာစမ်း၊ ဘာရပ်ကြည့်နေတာလဲ. . ."

ရဲအရာရှိသည် လှေကားထိပ်တွင် ဇာတ်ပိုင်းကိုင်ကာရပ်နေသည့် သူရနိုင်ကို သေနတ်နှင့်ချိန်ပြီး လှမ်းပြောလိုက်သည်တွင် ရပ်ကွက်လူကြီးသည် သူရနိုင်ထံအံ့သြစွာကြည့်ရင်း. . .

"စခန်းမှူးကြီး. .သူကအိမ်ရှင်သူရနိုင်ဆိုတဲ့သူပါပဲ၊ ဒီလူက ဟိုးအစကတည်းက သိပ်မှုမမှန်ဘူးလို့ သတင်းကြားထားတယ်၊ အသက်နည်းနည်းငယ်စဉ်က စိတ်ကျန်းမာရေးဆေးရုံကိုလည်း တစ်ခေါက်ရောက်ထားဖူးသလိုကြားမိတယ်. . ."

"ဟာ ဟိုလူပြေးပြီ. . ."

ရပ်ကွက်လူကြီးက စခန်းမှူးအားပြောပြနေခဲ့ သူရနိုင်ကား ရဲများကိုမြင်၍ လှည့်၍ပြေးထွက်သွားပါပြီ။

"ကဲ ဆရာတို့. .ဒီလူ့ကို လက်ထိပ်ခတ်ဖမ်းနိုင်အောင် ကြိုးစားပါ. . ."

"ဟုတ်ကဲ့ စခန်းမှူးကြီး. . ."

စခန်းမှူးကြီးစကားအဆုံး ရဲတွေအားလုံး အပေါ်ထပ် ပြေးတက်သွားလိုက်ကြသည်။ ထိုအချိန်၌ပင် ရဲတွေမှင်အားသည့် ဂိတ်တံခါးမှ ဦးကိုကိုတစ်ယောက် အားငှားပြီး ရောက်ရှိလာ၏။ တစ်ဆက်တည်းပင် အပေါ်ထပ်မှ ဒေါ်ခင်မာသည် သတိတစ်ချက်ရလာသည်။

"အင်း အင်း. . ."

"ဟင် ဒေါ်ခင်မာ၊ စခန်းမှူးကြီး. .ဒေါ်ခင်မာ သတိရလာတယ်. . ."

အံ့သြစွာဖြင့် ဦးသာထူးဆိုသည်တွင် အားလုံးက ဒေါ်ခင်မာထံကြည့်နေလိုက်သည်။ ဦးသာထူးသည် ဒေါ်ခင်မာထံ အံ့သြစွာကြည့်ရင်း. . .

"ဒေါ်ခင်မာ. .ခင်ဗျားတို့အဖြစ်တွေကို ကျုပ်အားလုံးမြင်တယ်၊ ခင်ဗျား အမှန်အတိုင်း စခန်းမှူးကြီးကို ပြောင်ရှက်ပေးပါ"

ဦးသာထူးဆိုတော့ ဒေါ်ခင်မာသည် စကားပြောရန် ခက်ခဲစွာ အားယူနေဆဲအချိန်၌ ဦးကိုကိုသည် ဒေါ်ခင်မာ၏နောက်ဆုံးမြင်ကွင်းထဲ၌ ထွက်ပေါ်လာလေ၏။ ဒေါ်ခင်မာသည် မိမိတစ်ဘက်သတ် ချစ်ခဲ့ရသည့် ဦးကိုကိုထံ အံ့သြဝမ်းသာစွာဖြင့် ကြည့်နေခဲ့ သူရနိုင်ကား ရဲများလိုက်ဖမ်းနေ၍ ရဲများလက်မှလွတ်မြောက်ရန် ဖွတ်ထွက်ပြေးနေသည်မှာ ပေါ်တီကိုအမိုးထက်မင် ရောက်ရှိနေပြီဖြစ်၏။

"ဟော့လူ မပြေးနဲ့၊ ရပ်ပါ၊ ခင်ဗျားကျသွားလိမ့်မယ်. ."

ရဲတွေကလှမ်းအော်သော်လည်း ပုံမှန်စိတ်မရှိတော့သည့် သူရနိုင်ကား ရဲတွေကိုထိတ်လန့်ကြောက်ရွံ့စိတ်ဖြင့် လှည့်၊ လှည့်ကြည့်ရင်း ခေါင်မိုးကိုလက်နှင့်တွယ်တာ ခက်ခဲစွာရွေ့လျားနေခဲ တစ်ချိမတော့ သူရနိုင်သည် ပေါ်တီကိုခေါင်မိုးစောင်းစောင်းအားကိုင်ထားသည့်လက်နှစ်ဘက်သည် မဟန်နိုင်တော့၍ လျှောကျသွားလိုက်ရပါတော့သတည်း။

"ခွပ်. . ."

www.burmeseclassic.com



ကြောင်ကျမကျ၊ ခွေးကျ ကျသွားသည့် သူရှိန်သည် ဆင်ဝင်အောက်တွင် ခင်းထားသည့် ကျောက်ပြားများထက် ကျောနှင့်ကျပြီးမှ ခေါင်းနှင့်ပြန်ရိုက်မိသွားသည်တွင် ခွပ်ခနဲအသံနှင့်အတူ ကျောက်ပြားများထက်၌ သွေးတို့သည်တစိမ့်စိမ့်ယိုစီးနေဖြစ်ရပါတော့သတည်း။ ရဲအရာရှိများလည်း အလုပ်ရှုပ်သွားရတော့သည်။ ဆေးရုံကားခေါ်သူခေါ်၊ မှတ်တမ်းရေးသူရေးနှင့် အောက်ထပ်တွင်ရှိသဲ အပေါ်ထပ်တွင်မလည်း ဒေါ်ခင်မာတစ်ယောက်သည် ထွက်ရန်ခက်ခဲနေသည့်အသက်နှင့်အတူ ဦးကိုကိုအား ခက်ခဲပင်ပန်းစွာတောင်းပန်ရင်း မိမိကျူးလွန်ခဲ့သည့်အပြစ်များနှင့် မိမိ၏တစ်ဦးတည်းသောသမီးလေး မေဇင်ကိုအကြောင်းအား ဖွင့်ဟဝန်ခံကာ ထပ်တလဲလဲတောင်းပန်ဆို၏။

ဒေါ်ခင်မာထံမှကြားလိုက်ရသည့် စကားများနှင့်အတူ ဦးကိုကိုသည်လည်း လွန်စွာမှအံ့သြတုန်လှုပ်သွားရသည်ပါ။ တစ်ဆက်တည်းပင် စိတ်တွင်ဖြစ်ပေါ်သွားရသည်က မိမိ၏ချစ်သမီးနှင့် ချစ်ဇနီးအားတွေ့ချင်နေသကဲ့သို့ ယခု ခင်မာပြောပြသည့် မိမိ၏သမီးလေး မေဇင့်ကိုပါ သနားကြင်နာစွာဖြင့် တွေ့မြင်ချင်နေရသည်ပါ။

"ကိုကို. .ကိုကိုရယ်၊ ခွင့်လွှတ်ပေးပါ၊ သ သမီးလေးကို ပစ် ပစ်မထားဘဲစောင့် စောင့်ရှောက်ပေး ပေး. . ."

သည်တစ်ချိုဖြင့် ဒေါ်ခင်မာစကားမဆုံးတော့ပါ။ မှန်သည်။ ဒေါ်ခင်မာကား ဆုံးပါပြီ။

× × × × ×





"မေမေ. .ချယ်ရီ အိပ်မက်များမက်နေတာလား မေမေရယ်"

မိခင်ကိုအငမ်းမရကြည့်ရင်း ချာလီ ဆိုသည်။ ငွေမြင့်လတ်သည်လည်း ချာလီ့ထံ အငမ်းမရမင်ကြည့်နေဖြစ်သည်ပါ။ မှန်သည်။ ချာလီသည် ခုတိုင် သူ့ကိုအလေးထား၍ ကြည့်ခြင်းမရှိသေးပါတကား။

"သမီးလေးရယ်. .အိပ်မက်မဟုတ်ပါဘူး၊ သမီးမေမေမှ သမီးမေမေပါ. . ."

"သမီးဝမ်းသာတာ ပြောလို့တောင်မတတ်တော့ဘူး မေမေရယ်. . ."

"အေး မေမေ့ကိုပြောလို့မတတ်ရင်တောင် တော့ဒီက သမီးကိုကိုငွေးကိုတော့ ပြောတတ်အောင်ပြောရမယ်ကွယ့်. . ."

"ရှင်. .ကိုကိုငွေး. . ."

ဆိုရင်း ချာလီသည် ခုမှ သူ့ထံစိတ်ဝင်တစားနှင့် အံ့သြဟန်နယ်ကြည့်လာသည်။ ချာလီ့အကြည့်တွေထဲ၌ ဒီလူနဲ့ဘယ်လိုမတ်သက်နေပါလိမ့်ဟူသော မေးခွန်းတွေကို သူတွေ့မြင်နေရလေ၏။

"ချာလီ. .ကိုကိုငွေးကို မမှတ်မိတော့ဘူးလားဟင်. . ."

"ရှင်. . ."

ဒေါ်စုလတ်မှာ မျက်နှာမကောင်းဖြစ်နေသည့် ငွေမြင့်လတ်ထံ နားလည်စွာကြည့်လိုက်ပြီး. . .

"သမီး. .သမီးချယ်ရီ. .သမီးကို မေမေရှင်းပြမယ်နော်၊ သမီးလေး သေချာနားထောင်၊ ဒီက ကိုငွေးမြင့်လတ်လို့ခေါ်တယ်၊ သူက ထူးဘရားသားစ်ကုမ္ပဏီပိုင်ရှင်သူဌေးပဲ၊ ပြီးတော့ သမီးရဲ့ ကျေးဇူးရှင်ဖြစ်သလို မေမေ့ရဲ့ကျေးဇူးရှင်တစ်ယောက်လည်းဖြစ်တယ်"

ချာလီသည် မိခင်စကားတွေကိုနားထောင်ရင်း ငွေမြင့်လတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဆိုးမျက်နှာဆီ ပြည့်ပြည့်သည့်။ ငွေးမြင့်လတ်သည်လည်း ချာလီ့ မျက်နှာမှုံမှုံလေးဆီ စိုးရိမ်စိတ်တွေနှင့် သံယောဇဉ်မျက်ဝန်းညိုတွေနှင့် ငေးမောကြည့်နေဖြစ်သည်ပါ။ ကြားနေရသည့် မိခင်စကားတွေကြောင့် ချာလီသည် အုံ့သြရိပ်သွင်ဖြင့် နှုတ်ခမ်းလေးဟဟာရှိလာ၏။ ထို့မှ ချာလီသည် စဉ်းစားရင်း ငေးမောသွားသယောင်ရှိသည်။ ချာလီ့ အသွင်လေးသည် စဉ်းစားရင်းမှ အတိတ်ပုံရိပ်များအား တစ်စတစ်စ သိမြင်ယောင်လာသကဲ့သို့ ပါတည်း။ မှန်သည်။ ချာလီသည် မိခင်စကားများအား နားထောင်ဆဲမှ တွေးတောစဉ်းစားကာ အတိတ်ပုံရိပ်ကလေးများအား တဖြည်းဖြည်းမြင်ယောင်လာခဲ့အချိန်များ၌. .

× × × × ×

ခုမှအလုပ်ကိစ္စတွေပြီးပြတ်ပြီမို့ (× × )ဟိုတယ်မှ အေးမြင့်လတ်နှင့် မေဇင်ကိုတို့ နှစ်ဦးသည် ထွက်ခဲ့လိုက်ကြ၏။

"ကဲ မေဇင်ရေ. .ကိုယ်တို့ ကုမ္ပဏီမသွားတော့ဘူး၊ အိမ်ပဲ တစ်ခါတည်း တန်းပြန်ကြရအောင်၊ မေဇင့်ကြည့်ရတာလည်း သိပ်နွမ်းနေပြီ၊ အနားယူတော့နော်. . ."

"ဟုတ်ကဲ့ပါ ကိုလေး. . ."

သူတို့စကားတွေဆိုရင်း ကားပေါ်တက်လိုက်ကြသည်။ ကားပေါ်အတက် အေးမြင့်လတ်သည် ချစ်သူကိုသေချာကြည့်လာရင်းက. . .

"မေဇင်. .ဘာဖြစ်လဲ၊ မျက်နှာလည်းမကောင်းပါလား. ."

"ဟို မေဇင်ဘယ်လိုပြောရမလဲမသိပါဘူး အစ်ကိုလေးရယ်၊ မေဇင့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ လေးနေသလိုလို၊ မေဇင် မပျော်ဘူး၊





ပင်ပန်းသွားလို့ ပဲဖြစ်မှာပါနော်. . ."

"ဒါပဲဖြစ်မှာပါ. . ."

စကားတွေဆိုရင်း အေးမြင့်လတ်သည် ကားကိုမောင်းထွက်ခဲ့လိုက်သည်။

"ကရင်း. .ရင်း. . ရင်း. . ."

(× × )ဟိုတယ်ရှေ့မှ အေးမြင့်လတ်ကားကို မောင်းထွက်ခဲ့သည်တွင် မေဇင်ကိုဖုန်းလေးကမြည်လာသဖြင့် မေဇင်ကိုသည် ဖုန်းလေးကိုနားထောင်လိုက်၏။

"ဟဲလို မေဇင်ကိုပါ၊ ဘယ်သူလဲမသိဘူး. . ."

"× × × × ×"

"ရှင် ဦးသာထူး ဟုတ်လား၊ ဘာကိစ္စများလဲရှင်. ."

"× × × × ×"

"ရှင်. .အမလေး မေမေ မေမေသေပြီ ဟုတ်လား၊ အခု ရဲ-ရဲစခန်းကိုလာရမယ်၊ အို မေမေ. . ."

"ဟင်. .မေဇင်၊ ဘယ်လို. .ကျွီး. . ."

ကြားလိုက်ရသည့် မေဇင့်စကားများကြောင့် အေးမြင့်လတ်ပင် အံ့သြတုန်လှုပ်ကာ ကားကိုလမ်းဘေးထိုးရပ်ရင်း မေးဖြစ်လိုက်ရသည်။

"အီး ဟီး ဟီး. .အဟင့် အဟင့် ဟင့် ကိုလေးရယ်၊ လုပ်ပါဦး၊ မေဇင့်မေမေသေပြီတဲ့၊ အခု(× × )မြို့နယ်က ရဲစခန်းကို သွားရမယ်တဲ့ အဟင့် ဟင့် ဟင့်၊ မေဇင် ဘယ်လိုလုပ်ရမလဲ ဒါကြောင့် မေဇင့်စိတ်တွေသိမ့်ငေးနေတာ အဟင့် ဟင့် ဟင့်. ."

"ကဲ မေဇင်ရယ် တိတ်ပါနော်၊ အစ်ကိုတို့အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိအောင်တော့ သွားလိုက်ကြရအောင်နော်. . .”

“အဟင့် ဟင့် ဟင့် . . .”

မေဇင်ကား ဘာမှစကားမဆိုနိုင်ပါတော့၊ ယူကြုံးမရ ရှိုက်၍သာ ငိုနေတော့၏။ အေးမြင့်လတ်မှာ မေဇင့်လက်ကလေးကို တစ်ချက်ဆုပ်ကာ နှစ်သိမ့်ရင်း ရဲစခန်းသို့ ကားကို မောင်းခဲ့လေ၏။ တစ်အောင့်ခန့် ကြာသည်တွင် (× ×)မြို့နယ် ရဲစခန်းသို့ ရောက်ခဲ့သည်။ အေးမြင့်လတ်နှင့် မေဇင်တို့သည် လက်ချင်းဆွဲကာ စခန်းမှူးရုံးခန်းထဲဝင်လိုက်သည်နှင့် လှမ်းကြည့်လိုက်သည့် လူကြီးနှစ်ယောက်၏အကြည့်များကြောင့် မေဇင်ကိုသည်လည်း ပြန်ကြည့်နေလိုက်သည်။ အထူးသဖြင့် မေဇင့်အကြည့်တွေက စခန်းမှူးရှေ့တွင်ထိုင်နေသည့် ဦးကိုကိုဆီသို့ ပို၍ရောက်နေရသည်ပါ။

ဦးကိုကိုသည်လည်း ဝမ်းနည်းခြင်း၊ အံ့သြခြင်း၊ စိတ်ထိခိုက်ခြင်းများစွာဖြင့် သမီးဖြစ်သူထံ အတန်ကြာကြည့်နေပြီးမှ ဦးကိုကိုသည် စခန်းမှူးကြီးထံ ပြန်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြသယောင်ရှိ၏။

“မေဇင်ကိုဆိုတာ. . .”

“အဟင့် ဟင့်. .ဟုတ် ဟုတ်ကဲ့ အဟင့် ဖင့်. . .”

“ဟုတ်ပါတယ်ခင်ဗျာ၊ သူက မေဇင့်ကိုပါပဲခင်ဗျာ. . .”

မေဇင်တစ်ယောက် စကားပြောမထွက်နိုင်အောင် ငိုရှိုက်နေ၍ အေးမြင့်လတ်သည် ကြားဝင်ဆိုလိုက်ရခြင်းပါ။ အေးမြင့်လတ်ထံသို့ ဦးကိုကို၊ ဦးသာထူးနှင့် စခန်းမှူးကြီး၏ အကြည့်တွေကရောက်လာသည်။

“ကဲ ထိုင်ကြပါ၊ ဒီက မေဇင်ကိုနဲ့ ဘယ်လိုတော်စပ်လဲ၊





ဘယ်သူလဲဆိုတာ ပြောပြပါဦး. . .”

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်က အေးမြင့်လတ်ပါ၊ ထူးဘရားသားစီကုမ္ပဏီက ညီပါ၊ မေဇင်ကိုက ကျွန်တော့်ကုမ္ပဏီက ဝန်ထမ်းလည်းဖြစ်၊ ကျွန်တော်နဲ့လက်ထပ်မယ့်သူလည်းဖြစ်လို့ မေဇင့်ကိစ္စတွေအတွက် ကျွန်တော်ဦးဆောင်ပေးနိုင်ဖို့အတွက် လာတာပါခင်ဗျာ. . .”

“အင်း ဩော် ဒီလိုလား. . .”

ပွင့်လင်းစွာပြောလာသည့် အေးမြင့်လတ်စကားတွေကြောင့် ဦးကိုကိုအား မေဇင်ကို၏ဖခင်မှန်းသိနေသည့် စခန်းမှူးကြီးမှာ ဘယ်လိုဆက်ပြောရမည်မှန်း မသိဖြစ်သွားရ၍ ဦးကိုကိုထံကြည့်လိုက်သည်။ ဦးကိုကိုသည်က အေးမြင့်လတ်ထံသို့ အေးဆေး၍ ငြိမ်သောအကြည့်တွေနှင့် ကြည့်နေပြီးမှ. . .

“စခန်းမှူးကြီးကပဲ ဆက်ပြောပြပေးပါခင်ဗျာ. . .”

“ဟုတ်ကဲ့ ဦးကိုကို. . .”

အေးမြင့်လတ်နှင့် မေဇင်ကိုသည် ဦးကိုကိုထံကြည့်လိုက်ကြသည်။ စခန်းမှူးကြီးက စကားကိုဆက်ဆိုလာ၏။

“အခု ဒီကသမီးမေဇင်ကိုရဲ့ အမေကတော့ ဆုံးသွားပါပြီကွယ်၊ ပြီးတော့ ဒေါ်ခင်မောရဲ့ခင်ပွန်း ဦးအောင်မြိုင်ဆိုတဲ့လူကတော့ ပြေးမလွတ်တဲ့ ရာဇဝတ်မှုတွေကြောင့် ဦးတို့က ဖမ်းဆီးထားလိုက်ပါပြီ. . .”

“အဟင့် ဟင့် မေမေ မေမေ မေဇင့်မေမေက ဘယ်လိုဖြစ်ပြီး. . .”

“ဦးပြောပြပါမယ်၊ ဒေါ်ခင်မောသေဆုံးပုံကို မပြောမီခင် သမီးရဲ့မေမေ မသေဆုံးခင်က မှာသွားပြောသွားတဲ့စကားတွေကို ဦး

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံးပြောပြချင်ပါတယ်၊ ဟောဒီမှာထိုင်နေတဲ့ လူကြီးမင်းက ဦးကိုကိုလို့ခေါ်ပါတယ်၊ တကယ်တော့ ဦးကိုကိုဟာ သမီးမေဇင်ကို ရဲ့ ဖခင်ပါပဲ. . ."

"ရှင်. .မေဇင့်ရဲ့ဖေဖေ. . ."

"ဟုတ်ပါတယ် သမီးရယ်၊ ဖေဖေက သမီးလေးရဲ့ ဖေဖေ ပါပဲကွယ်၊ သမီးမေမေပြောခဲ့တာ သမီးမယုံရင် မီးခံသေတ္တာထဲမှာ သမီးတွေ့ချင်နေတဲ့ သမီးဖေဖေဓာတ်ပုံရှိတယ်တဲ့၊ အဲဒါ သမီးယူကြည့် လိုက်ပါ၊ မေမေ့ကိုသော့နံပါတ်ပေးသွားတယ်၊ သော့နံပါတ်က ဖေဖေရဲ့ မှတ်ပုံတင်နံပါတ်ပဲ. . ."

"ရှင် ဖေဖေရယ်. . မေဇင်မယုံလို့မဟုတ်ပါဘူး၊ မေဇင် သိပ်အံ့ဩနေလို့ပါ. . ."

ဦးကိုကိုမျက်နှာချောချောကြီးဆီ အေးမြင့်လတ်တစ်ယောက် အံ့ဩအားနှာစွာကြည့်နေဖြစ်ရတော့သည်။

"သမီး. .သမီးမေမေမရှိတော့ပေမယ့် သမီးဘာမှအားငယ် စရာမလိုဘူး၊ သမီးမှာ ဖေဖေရှိတယ်၊ ပြီးတော့ သိပ်တော်ပြီး သိပ် ပြည့်ဝတဲ့မိခင်နဲ့အစ်မတစ်ယောက်လည်း ရှိသေးတယ်၊ ဒါတွေဟာ မီးအတွက် အင်အားတွေဖြစ်သလို ဖေဖေ့အတွက်လည်း အင်အားတွေ ပါပဲကွယ်. . ."

"ရှင်. .မိခင်နဲ့အစ်မတစ်ယောက်. . ."

ကြေကွဲဝမ်းနည်းနေသည့်ကြားမှ အံ့ဩမှုတွေထပ်ဆင့်ပြီး မေဇင်မေးသည်။ အေးမြင့်လတ်သည်က ပွဲကြည့်ပရိသတ်တစ်ယောက် သာ ဖြစ်နေ၏။

"ကဲ စခန်းမှူးကြီး. .ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး၊ ကျွန်တော့်သမီးလေး နားလည်ဖို့အတွက် ကျွန်တော်အားလုံးကို





သေချာရှင်းပြဖို့လိုပါတယ်. . ."

"ဟုတ်တာပေါ့ ဦးကိုကို၊ ကလေးနားလည်သွားအောင် အားလုံးရှင်းရှင်းလင်းလင်း ပြောပြလိုက်ပါ၊ လိုအပ်တဲ့အကူအညီ လိုရင်လည်းပြောပါ. . ."

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် စခန်းမှူးကြီး၊ ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဦးကိုကို. . ."

"ကဲ သမီး. .မေမေနေတဲ့ဟိုတယ်ကို ခဏလိုက်ခဲ့ပါ၊ ဒီက လူလေးလည်းလိုက်ခဲ့ပါ၊ သမီးနဲ့အိမ်ဝေးလား. . ."

"ခြံချင်းကပ်ပါခင်ဗျာ. . ."

"ဒါဖြင့် လာ သွားကြရအောင်၊ ဟိုတယ်ရောက်မှ အနားလည်းယူရင်း သမီးကိုရော လူလေးကိုပါ ဖေဖေတို့အကြောင်းတွေ အဝါအဝင် သမီးမေမေသေဆုံးပြီး အောင်မြင်ဆိုတဲ့လူ အဖမ်းခံရတဲ့ အထိ အကြောင်းစုံကို မေမေနဲ့အတူ ဟောဒီက ဦးသာထူးကပါ ပြောပြမယ်. . ."

သမီးလက်ကလေးကို ဆုပ်ကိုင်ဆွဲခေါ်ရင်း ဦးကိုကိုဆိုကာ ရဲစခန်းမှ ထွက်ခဲ့လိုက်ကြလေ၏။

× × × × ×

ဌေးမြင့်လတ်နှင့်ချာလီသည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေဖြစ်ကြသည်။ မိခင်စကားတွေနားထောင်ပြီး၍ ချာလီသည် လည်း အတိတ်၏ပုံရိပ်ကလေးများ မြင်ယောင်သတိရလာဝါပြီး ထိုအခါ ချာလီမျက်နှာလှလှလေးတွင် ရှက်သွေးလေးများ လွှမ်းလာ သည်ကို ဌေးမြင့်လတ်ရော မိခင်ဒေါ်စုလတ်ပါ တွေ့လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး . .မေမေပြောတဲ့စကားတွေကို သမီးလက်ခံလား၊ သမီးရဲ့ကျေးဇူးရှင် ကိုကိုငွေးကို သမီးကောင်းကောင်းပြန်မှတ်မိပြီလား . . ."

"ဟုတ်ကဲ့ မေမေ၊ သမီးပြန်မှတ်မိပါပြီ၊ ပြီးတော့ သမီးသိနေတဲ့သူ နှစ်ယောက်ရှိနေသေးတယ် မေမေ၊ သူတို့ကတော့ ကိုသောင်းနဲ့မမိုးတဲ့. . ."

"ဟာ ဝမ်းသာလိုက်တာ ချာလီရယ်၊ ချာလီတကယ်ပဲ ရှေ့ဖြစ်နောက်ဖြစ်တွေအားလုံး ပြန်သတိရပြီနော်၊ ကိုကိုငွေး ဝမ်းသာလိုက်တာဗျာ. . ."

ငွေးမြင့်လတ်တစ်ယောက် မည်မျှအထိ ပျော်ရွှင်သွားရသည် မသိ၊ ဒေါ်စုလတ်ရှေ့တွင်ပင် စိတ်လွှတ်သွားရပြီး ချာလီ့လက်ကလေးကို ဆုပ်ကိုင်ကာ ဝမ်းသာအားရနှင့် အားပါးတရကြီး သူဆို၏။ ဒေါ်စုလတ်သည်က မိမိသမီးချောလေးအပေါ်တွင် ချစ်ကြည်ဖြူကြင်နာလွန်းသည် ငွေးမြင့်လတ်၏ပွင့်လင်းရှင်းသန့်သောအသွင်ဆီ ကြည့်ကာ ချမ်းမြေ့နေရသည်ပါ။

"ဟုတ်တယ် ဒေါ်ဒေါ်၊ ဟုတ်တယ်၊ ချာလီပြောတာမှန်တယ်၊ ဒေါ်ဒေါ်ကို မနက်ကကျွန်တော်ပြောပြတဲ့စကားတွေထဲမှာ ချာလီ့ရဲ့ ပထမဆုံးကျေးဇူးရှင်တွေဖြစ်တဲ့ ကိုသောင်းနဲ့မမိုးတို့မောင်နှမအကြောင်းတွေ မပါသေးဘူး. . ."

"အေး ဒေါ်ဒေါ်တို့စကားကောင်းနေရင်လည်း၊ သမီးလေးဆီသွားဖို့နောက်ကျသွားရင် မတွေ့ရဲ့စရာပဲ၊ သမီးလေးရဲ့ကျေးဇူးရှင်တွေကိုသိရလို့ ဒေါ်ဒေါ်ဖြင့် ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး သူငွေးရယ်. . ."





"ဟို ဒေါ်ဒေါ်. .ကျေးဇူးပြုပြီး ကျွန်တော့်ကို သူငွေးလို့ မခေါ်ပါနဲ့ဗျာ၊ ချာလီ. .ပြောပေးပါဦး. . ."

"မခေါ်စေချင်ရင် မခေါ်ပါဘူးကွယ်၊ ဒေါ်ဒေါ့်စိတ်ထဲမှာကတော့ မောင်ငွေးမြင့်လတ်က ဒေါ်ဒေါ်တို့သားအမိရဲ့ ကျေးဇူးရှင်လည်းဖြစ်၊ ဂုဏ်သိက္ခာကလည်း ကြီးမြင့်တော့ ဒေါ်ဒေါ့်အနေနဲ့ တကယ့်ကို အထင်ကြီးလေးစားမိတာအမှန်ပါပဲ. . ."

"ဒါကတော့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ချင်း အကျိုးအကြောင်းဆက်နွယ်တဲ့ ကံတရားတွေပါလာကြလို့ ကျွန်တော်တို့ ခုလိုတွေ့ဆုံကြရတယ်လို့ပဲမှတ်ပါဗျာ. . ."

"ဒါပေါ့ကွယ်၊ လူတစ်ဦးနဲ့တစ်ဦး တွေ့ဆုံကြရတယ်ဆိုတာ ရေစက်တွေရှိခဲ့ကြလို့ပေါ့ကွယ်. . ."

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ တစ်ဆက်တည်းပဲပြောပါရစေ၊ ကျွန်တော်ခွင့်တောင်းတာပါ၊ နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ၊ ကျွန်တော့်ကို ချာလီနဲ့လက်ထပ်ခွင့်ပြုပါလို့ ကျွန်တော် မိသားဖသားမိဘ ဒေါ်ဒေါ့်ဆီမှာခွင့်ပန်ပါတယ်ခင်ဗျာ. . ."

"ဒေါ်ဒေါ်နားလည်ပါတယ်ကွယ်၊ သမီးရှင်ဖြစ်တဲ့ ဒေါ်ဒေါ်ကသမီးလေးအတွက် ဘယ်လိုဂုဏ်ယူဝမ်းသာရတယ်ဆိုတာ ပြောလို့ဆောင်မတတ်တော့ပါဘူးကွယ်၊ သမီးလေးခမျာ ငယ်ငယ်ကတည်းကစာဆိုးလေးမို့ ဒေါ်ဒေါ်ဟာ သမီးလေးကို ဘဝမှာမျက်နှာမငယ်ရအောင် အကောင်းဆုံးပြုစုပျိုးထောင်ခဲ့ပါတယ်၊ အခုအရွယ်ရောက်လာတော့ သမီးလေးထက်ကြီးမြတ်တဲ့ မောင်ငွေးမြင့်လတ်လိုလူနဲ့ ရေစက်ဆုံရဖို့ဖြစ်လာတော့ ဘယ်လိုမိခင်က ဝမ်းမသာဘဲနေပါ့မလဲကွယ်၊ ဒေါ်ဒေါ်ဂုဏ်ယူစွာခွင့်ပြုပါတယ် သားရယ်. . ."

"ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ဒါဆို ကျွန်တော်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲကို ဒေါ်ဒေါ်ကိုယ်တိုင်ပဲ အမြန်ဆုံးဦးစီး. . ."

"ကာရင်း ရင်း ရင်း. . ."

ဝမ်းသာအားရပြောနေသည့် ငွေမြင့်လတ်စကားပင်မဆုံး၊ ငွေမြင့်လတ်၏ ဟဲန်းဖုန်းလေးမြည်လာလေ၍ ငွေမြင့်လတ်သည် ဖုန်းလေးကိုမချင့်မရဲဖြင့် နားထောင်လိုက်ရလေ၏။

"ဟဲလို ညီလား ပြော၊ အခုဘယ်မှာလဲ. . ."

"× × × × ×"

"ဟင်! (× ×)ဟိုတယ်မှာ ဘာသွားလုပ်နေလဲ၊ အလုပ်ကိစ္စတွေရှုပ်ပြီးရဲ့လား၊ အခုငါးနာရီပဲရှိတော့မယ်၊ မပြန်လာသေးဘူးလားကွာ၊ ကိုအေးမြန့်လာမှ ကိုအေးကို ကိုကိုပြောပြစရာတွေရှိသေးတယ်၊ ညီ မြန်မြန်ပြန်လာနော်. . ."

"× × × × ×"

"ဟင် ဘယ်လို၊ ကိုအေးကလည်း ပြောစရာရှိတယ် ဟုတ်လား၊ ဒါဖြင့်လည်း အိမ်ရောက်မှပဲပြောတော့၊ အခုပြန်လာတော့မယ် မဟုတ်လား. . ."

"× × × × ×"

"ညီကတော့လုပ်ပြီ၊ ကဲ ကဲ ပြော ဘာကိစ္စတွေလဲ၊ ဒီ လောက်လောနေရတာ၊ ဟင် ဘာလဲ. . .ကုမ္ပဏီမှာသန့်ရှင်းရေးလုပ်တဲ့ အမျိုးသမီးကြီးဟုတ်လား၊ အင်း ဒေါ်စုလတ်လို့ခေါ်တယ်၊ အင်း အဲဒါဘာဖြစ်လို့လဲ၊ ဟုတ်တယ် အဲဒါတို့ကိုပဲအလုပ်ပေးထားတယ်၊ ညီက ဘာဖြစ်လို့ ဒေါ်စုလတ်အကြောင်းတွေကို မေးနေရတာလဲ"

တစ်ဘက်မှ အေးမြင့်လတ်ပြောနေသည့် စကားတွေကြောင့် ငွေမြင့်လတ်တစ်ယောက် အံ့သြနေသကဲ့သို့ ဒေါ်စုလတ်နှင့်ချာလီတို့မှာလည်း ငွေမြင့်လတ်ထံကြည့်ပြီး အံ့သြနေဖြစ်ကြသည်ပါ။





"ဟင် ဘာ ဘယ်လို ညီ၊ ဦးကိုကိုနဲ့ဦးသာထူး ဟုတ်လား၊ တွေ့ချင်နေတယ် ဟုတ်လား၊ ဒေါ်စုလတ်က ဦးကိုကိုရဲ့ဇနီး ဟုတ်လား. . ."

"ဟင်! ဦးကိုကို. . ."

ဘာမှနားမလည်၍ ပြန်မေးနေသည့် ငွေမြင့်လတ်စကားတွေကြောင့် ဒေါ်စုလတ်မှာ ခင်ပွန်းသည်အမည်ကို ရေရွတ်ရင်း အံ့သြနားမလည်ဖြစ်နေရ၏။

"ဟာ ဘယ်လို ညီ၊ ဟိုဘက်ခြံက မေဇင်ကိုရဲ့အမေ ဒေါ်ခင်မာလည်းဆုံးပြီဟုတ်လား၊ ဟင် သူရနိုင်လည်း ဆုံးပြီ၊ ဟာ ဘယ်လိုဖြစ်ကြတာလဲ. . ."

"ဟင် မခင်မာနဲ့သူရနိုင်တို့ဆုံးပြီ ဟုတ်လား၊ ဘယ်လို ဖြစ်လို့လဲတဲ့. . ."

တုန်လှုပ်အံ့သြတကြီးဖြင့် ဒေါ်စုလတ် မေးသည်။ ချယ်ရီမှာလည်း အံ့သြလွန်း၍ မျက်ဝန်းလေးများဝိုင်းကာ နှုတ်ခမ်းလှလှသည် ဟဟလေးရှိနေတော့၏။

"ကျွန်တော်လည်းမသိဘူး ဒေါ်ဒေါ်၊ အခုကျွန်တော့်ညီက ဖုန်းဆက်နေတာ၊ သူတို့ပြန်လာမှ အားလုံးပြောပြမယ်တဲ့၊ ပြီးတော့ (× ×)ဟိုတယ်မှာ ကျွန်တော့်ညီနဲ့ ဦးကိုကိုဆိုတဲ့လူကြီးနဲ့ တွေ့နေတယ်တဲ့. . ."

"ဟင်. . ."

ဒေါ်စုလတ်မျက်မှောင်တွန့်သွားသည်။

"အဲဒီ ဦးကိုကိုက ဒေါ်ဒေါ်ရဲ့ခင်ပွန်းလို့ပြောတယ်၊ ဒေါ်ဒေါ်ကိုစုံစမ်းရှာဖွေနေတာ ကြာပြီတဲ့၊ အခုသူ့တပည့် သာထူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူကစုံစမ်းပေးလို့ ဒေါ်ဒေါ်ဘယ်မှာရှိတယ်ဆိုတာ သိသွားတာတဲ့"

"ဟင်. . ."

ဒေါ်စုလတ်ကား အံ့သြပြီးရင် အံ့သြ၍သာ ရှိနေပါတော့၏။ ချာလီမှာလည်း ဘာပြောရမှန်းမသိ၍ မိခင်ကိုသာ ငေးကြည့်နေမိပါတော့၏။

"ဪ အင်း လာလေ လာပေါ့၊ ညီကခေါ်လာပါ၊ ကောင်းပြီ ကောင်းပြီ ကိုကိုတို့စောင့်နေမယ်၊ အင်း အင်း. . ."

စကားအဆုံး ဒွေးမြင့်လတ်ဖုန်းပိတ်လိုက်သည်။ ပြီးတော့ သုံးဦးသားမှာ အံ့သြမယုံနိုင်စိတ်တွေနှင့် တစ်ဦးကိုတစ်ဦးကြည့်ကာ မှင်သက်တိတ်ဆိတ်နေဖြစ်ကြလေ၏။

× × × × ×

ညနေခြောက်နာရီထိုးပြီဖြစ်၏။ ဧည့်ခန်းထဲတွင် ဒွေးမြင့်လတ်၊ ချာလီနှင့် ဒေါ်စုလတ်တို့သုံးယောက်လုံးမှာ စိတ်တွေလှုပ်ရှားစွာနှင့် စောင့်နေကြဆဲ ဆင်ဝင်အောက်သို့ ကားလေးနှစ်စီးသည် ညင်သာစွာ ထိုးရပ်လာလေ၏။ ဒွေးမြင့်လတ်သည် နေရာမှထကာ ဆင်ဝင်အောက်သို့ ထွက်၍ဆီးကြိုသည်။ ဒေါ်စုလတ်နှင့် ချာလီသည်က ဧည့်ခန်းတွင်ပင်ရပ်ရင်း ချာလီသည် မိခင်ကိုဖက်ထားလျက်မှ ဆင်ဝင်အောက်သို့ လှမ်းကြည့်နေဖြစ်လေ၏။

ဆင်ဝင်အောက်တွင်မတော့ ဦးကိုကိုသည် သမီးဖြစ်သူ မေဇင်ကိုနှင့်အတူ ကားပေါ်မှဆင်းလိုက်သည်။ ဒွေးမြင့်လတ်က ဦးကိုကိုနှင့်ဦးသာထူးတို့ကို တလေးတစားစောင့်၍ဖိတ်ခေါ်၏။





"ဪ ကိုကို. . ."

တိုက်အဝင်ဝ၌ အစ်ကိုဖြစ်သူကို တွေ့လိုက်ရသည်တွင် ဦးကိုကိုနှင့် ဒွေးမြင့်လတ်မိတ်ဆက်ပေးသည်။

"ဪ ဦး၊ ဒါကျွန်တော့်ရဲ့ကိုကို ဒွေးမြင့်လတ်ပါခင်ဗျာ"

"တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ ညီအစ်ကိုတွေက ကကယ်လှုံချောတွေချည်းပါပဲလား. . ."

"ကျေးဇူးတင်ပါတယ် ဦး၊ အိမ်ထဲကြွပါခင်ဗျာ. . ."

လူခန့်ချောကြီးဦးကိုကိုထံကြည့်ပြီး ဒွေးမြင့်လတ်အိမ်ထဲ ဖိတ်ခေါ်ကာ ဦးဆောင်ဝင်ခဲ့၏။

"ဟင် အို အစ်ကို၊ အစ်ကိုပါပဲ. . ."

"စုလတ်. . ."

"အစ်ကိုရယ် မယုံနိုင်အောင်ပါပဲလားရှင်. . ."

ချာလီမှာ မိခင်ကိုဖက်ထားရာမှ လွှတ်လိုက်သည်။ ဒေါ်စုလတ်သည်လည်း ခင်ပွန်းသည်အနီးတိုးကပ်သွားရင် အံ့သြဝမ်းနည်း ထိခိုက်မှုတွေဖြင့်ဆို၏။

"အစ်ကိုတို့ဒီကာလတွေမှာ ဝဋ်ကြွေးရှိခဲ့တယ်လို့ပဲ မှတ်လိုက်ပါတော့၊ ခုတော့ ဝဋ်ကြွေးတွေပြေပါပြီ စုလတ်ရယ်. . ."

"အစ်ကိုရယ် ဘယ်လိုဖြစ်သွားရတာလဲဟင်. . ."

ခင်ပွန်းသည်၏ခြေထောက်နှင့် လက်တစ်ဘက်ဆီကြည့်ပြီး ဒေါ်စုလတ်မေးသည်။

"ဒါလည်း အစ်ကို့ဝဋ်ကြွေးပဲပေါ့ စုလတ်ရယ်. . ."

စကားသာပြောနေရသည်၊ ဦးကိုကိုအကြည့်တွေက မိမိတို့ထံ လှမ်းကြည့်နေသည့် ချာလီ(သို့)ချယ်ရီကိုကိုထံသို့သာ ရောက်ရှိနေရသည်ပါ။ ဒေါ်စုလတ်သည်လည်း ခင်ပွန်းသည်နှင့်သမီးချောလေးထံ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစွာကြည့်နေမိလေ၏။

"စုလတ်. .တို့မှာ အစ်ကိုတို့ရဲ့သမီးလေးလား. . ."

ဦးကိုကိုမေးတော့ ဒေါ်စုလတ် မျက်ရည်တွေစီးကျလာသည်။ ပြီးတော့ ခေါင်းညိတ်ပြရင်းက. . .

"ဟုတ်ပါတယ် အစ်ကို၊ အမေကိုသေပြီလို့သိထားတဲ့ သမီးလေးပါ. . ."

ဒေါ်စုလတ်ဆိုတော့ ဦးကိုကိုသည် ချာလီ့ထံမျက်ရည်တွေစီးကျရင်း ကြည့်သည်။ ဦးကိုကိုသည် လက်တစ်ဘက်က ဇနီးဖြစ်သူ ဒေါ်စုလတ်ကိုကိုင်ထားပြီး ကျန်တစ်ဘက်က သမီးဖြစ်သူ မေဇင်အား ကိုင်ထား၏။ ချာလီသည် ငြိမ်သောအကြည့်လေးတွေနှင့် အားလုံးထံ ကြည့်နေမိသည်။ ဒွေးမြင့်လတ်တို့ညီအစ်ကိုအပါအဝင် ဦးသာထူးတို့အားလုံးကလည်း မတ်မတ်ကလေးရပ်နေသည့် ချယ်ရီ့ထံ ကြည့်နေကြသည်ပါ။ အတန်ကြာမှ ဒေါ်စုလတ်သည် မျက်ရည်တွေသုတ်ကာ ချစ်သမီးထံလှမ်းကြည့်လာရင်း. . .

"သမီး. .ဒါ သမီးဖေဖေပါပဲကွယ်၊ သမီးဖေဖေဆီလာလေ"

"ဖေဖေ. . ."

"သမီး. . ."

မိခင်ဆိုတော့ ချာလီသည် ဖခင်အနီးလှမ်းခဲ့သည်။ ဖခင်၏ နွေးထွေးသည့်မျက်လုံးတွေဆီကြည့်ပြီး ချယ်ရီသည် ဖခင်ကိုဖက်ကာ ခေါ်ဖြစ်ရ၏။ ဦးကိုကိုသည်လည်း ချစ်သမီးအား မိမိ၏မသန်သည့် လက်တစ်ဘက်နှင့် ကြေကွဲစွာဖက်ထားဖြစ်လေ၏။

"သမီး. .သမီးလေးရယ်၊ ဖေဖေတို့ပြန်ဆုံကြရသေးတယ်နော်၊ ဖေဖေရင်နာမဆုံးပါဘူး သမီးရယ်. . ."

"ဖေဖေရယ် ဒီအချိန်မှာပြန်ဆုံတာလည်း နောက်မကျသေးပါ





ဘူး. . ."

"သမီးရယ်. .ဖေဖေတို့မိသားစုမှာ ဝဋ်ကြီးတယ်လို့ပဲဆိုရ မလားပဲ၊ ဒါပေမယ့် ဖေဖေတို့ကံကောင်းကြပါတယ်လေ၊ အခု ဖေဖေတို့မိသားစုတွေ ပြန်ဆုံကြရပြီမဟုတ်လား၊ သမီးလေးကတော့ ဘာမှမသိရှာဘူးပေါ့၊ ဟုတ်ပါတယ်၊ ပြောရရင် ဘယ်သူမှမသိကြ ပါဘူး၊ သမီးမေမေလည်း ဘာမှမသိခဲ့သလို၊ ဖေဖေလည်း ဘာမှမသိ ခဲ့ပါဘူးကွယ်. . ."

"သူဌေး. .ဒီစကားတွေကို အေးအေးမှပဲပြောပါလား သူဌေး ရယ်၊ အခုမိသားစုတွေ့ရတဲ့အချိန်မှာ စိတ်ချမ်းသာအောင်ပဲနေပါ သူဌေးရယ်. . ."

"ဟုတ်ပါတယ် ဦးရယ်၊ အခုလောလောဆယ် စိတ်ချမ်းသာ အောင်ပဲနေပါလားခင်ဗျာ. . ."

မိသားစုတွေဆီကြည့်ပြီး ဦးသာထူးနှင့်အေးမြင့်လတ်တို့က ဆိုသည်။ ဒွေးမြင့်လတ်က ပွဲကြည့်ပရိသတ်ဖြစ်နေ၏။

"အင်း ဟုတ်ပါတယ်လေ၊ နောက်တဖြည်းဖြည်းမှပဲ ဖေဖေ တို့မိသားစုရဲ့ ပုံပြင်ဆန်တဲ့ဇာတ်လမ်းလေးကို ပြောကြတာပေါ့၊ အခု လောလောဆယ်တော့ သမီးတို့သားအမိနဲ့ တစ်ယောက်ကို ဖေဖေကို မိတ်ဆက်ပေးပါရစေ. . ."

ဦးကိုကိုဆိုရင်း မေဇင့်ပုခုံးလေးမှသိုင်းဖက်ကာ ချာလီတို့ သားအမိနှင့် နီးကပ်စွာရှိစေလိုက်သည်။ မေဇင်သည်က ချာလီ့ထံ ကြည့်ပြီး အံ့သြမှင်သက်နေမိတော့၏။ မှန်သည်။ မိမိသည် ချာလီ ကိုတွေ့စက တည်းကပင် မောင်နှမအရင်းကဲ့သို့ ချစ်ခင်တွယ်တာခဲ့ရ သူမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ချယ်ရီ. . ."

"ရှင် မေမေ. . ."

"ဟောဒါသမီးရဲ့ညီမအရင်းလေးပဲ၊ မေဇင်ကိုဟာလည်း မေမေ ဘယ်လိုမှမျှော်လင့်မထားခဲ့တဲ့ မေမေ့ရဲ့သမီးလေးတစ်ယောက် ပါပဲကွယ်. . ."

"ဟုတ်ကဲ့ပါ မေမေရယ်၊ မေဇင့်ကို သမီးစတွေ့ကတည်းကပဲ ချစ်ခင်တွယ်တာခဲ့တာပါ၊ ခုလို သမီးရဲ့ညီမလေးတစ်ယောက်ဆိုတာ သိရတော့ သမီးသိပ်ဝမ်းသာမိတာအမှန်ပါပဲ မေမေ. . ."

ဖခင်ကိုပွင့်လင်းစွာဆိုရင်း ချာလီသည် မေဇင့်လက်ကလေးကို ဆွဲကာ ပုခုံးမှသိုင်းဖက်ထားလိုက်သည်။ ညီအစ်မနှစ်ယောက်ထံကြည့်ပြီး ဒွေးမြင့်လတ်တို့ညီအစ်ကိုနှစ်ယောက်မှာလည်း ကြည်နူးစွာ ပြုံးဖြစ်ကြရပါ၏။

"စုလတ်. . ."

"ရှင် အစ်ကို. . ."

"စုလတ်ကို အစ်ကိုတောင်းပန်ရဦးမယ်. . ."

ဦးကိုကိုနှင့်ဒေါ်စုလတ်တို့ စကားတွေဆိုတော့ ဒွေးမြင့်လတ်နှင့် အေးမြင့်လတ်တို့သည် ဦးသာထူးထံကြည့်လိုက်ကြပြီးနောက် ကိုယ်စီဆိုင်ရာပိုင်ရာတွေကို ဆွဲခေါ်သွားလိုက်ကြပါတော့၏။ ထိုအခါ မှပင် ဦးကိုကို၊ ဒေါ်စုလတ်နှင့် ဦးသာထူးတို့သည် ဧည့်ခန်းတွင် ဝင်ထိုင်ဖြစ်ကြပြီး အေးဆေးစွာစကားတွေဆိုဖြစ်ကြပါတော့၏။

"အစ်ကို စုလတ်ကိုတောင်းပန်ပါရစေ. . ."

"ဘာအတွက်များလဲ အစ်ကိုရယ်. . ."

"သမီးမေဇင်ကိုအတွက်ပါ၊ မေဇင်ကိုဟာ အစ်ကို့ရဲ့သမီး





အရင်းပါပဲ၊ တကယ်တော့ ခင်မှာဆီမှာ သမီးလေးကိုယ်ဝန်ရှိတာ အစ်ကိုလည်းမသိပါဘူး၊ အေးလေ ခင်မာလည်းမဲ့ သူ့အကုသိုလ်နဲ့သူ ဘဝဇာတ်သိမ်းသွားပါပြီ၊ သူ့အကြောင်းတွေပြောရင်တော့ ရှည်လျား မယ်၊ သူ့အကြောင်းကိုလည်း မပြောချင်တော့ဘူး. . ."

"မပြောဘဲနဲ့တော့ မနေပါနဲ့သူငွေး၊ သူငွေးကတော်နားလည် အောင် ပြောမပြထားဘူးဆိုရင် သူငွေးကတော်က သူငွေးနဲ့ဒေါ်ခင်မာ တို့အကြောင်းကို ရိုးရိုးသားသားပဲမှတ်ယူနေမှာပေါ့ သူငွေးရယ်"

"ကျုပ်ကရှက်တယ် ကိုသာထူး၊ ဒီကိစ္စတွေကိုပြောဖို့ ကျုပ် ပါးစပ်ကတကယ်ရှက်တယ်၊ မကောင်းမှုလုပ်တဲ့သူတွေလည်း သူ့ဟာသူ သွားကြပြီပဲဗျာ၊ ကောင်းတဲ့လူတွေက အကောင်းဆုံးတွေပဲ ဆက်လုပ် သွားဖို့ကြိုးစားနေထိုင်သွားကြဖို့ပဲ ရှိပါတယ်လေ. . ."

"ဒါတော့ ဒါပေါ့သူငွေးရယ်၊ အင်းလေ သူငွေးက မပြောချင် ဘူးဆိုလည်းနေပါ၊ ကျွန်တော်ပဲနောက်မှ အေးအေးဆေးဆေး သူငွေး ကတော်ကိုပြောပြရမယ်. . ."

"အဟင်း ရပါတယ် ကိုသာထူးရယ်၊ ကျွန်မခင်ပွန်းကို ကျွန်မကအစကတည်းက ယုံကြည်အားကိုးခဲ့တာပါ၊ ခုနက ကျွန်မ ခင်ပွန်းပြောတဲ့စကားကို ကျွန်မလက်ခံတယ်၊ မကောင်းမှုလုပ်တဲ့သူ တွေလည်း ကိုယ်စီဇာတ်သိမ်းကုန်ကြပြီပဲ၊ ကျွန်မတို့က အကောင်း ဆုံးတွေဖြစ်အောင်ပဲ ဆက်ပြီးနေထိုင်သွားကြရပါမယ်. . ."

"သဘောထားကြီးပါ့ဗျာ၊ လိုက်ဖက်တဲ့ဇနီးမောင်နှံပါပဲ၊ ကျွန်တော့်သူငွေးတွေဖြစ်တဲ့အတွက် ကျွန်တော် လေးစားဂုဏ်ယူပါ တယ်ဗျာ. . ."

"ဖေဖေ မေမေ. ညစာစားကြရအောင်. . ."

လူကြီးတွေစကားကောင်းဆဲ ချာလီနှင့်မေဇင်တို့က ထခင်း



www.burmeseclassic.com

www.burmeseclassic.com



စားရန် လာခေါ်ကြသည်။ ဦးကိုကိုနှင့် ဒေါ်စုလတ်သည် ငွေးမြင့်လတ်တို့ညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး မိမိတို့သမီးလေးတွေအတွက် နားလည်မှုရှိစွာချမ်းမြေ့ရသည်က အမှန်ပါတည်း။ မှန်သည်။ ထိုည၏ ညစာစားပွဲလေးသည်က ပြီးပြည့်စုံသော မိသားစု၏သုခနှင့်ပြည့်စုံသော ပထမဦးဆုံးသော မိသားစုလက်ဆုံထမင်းစားပွဲလေးပင် မဟုတ်ပါတကား။ ။



(တစ်ဆယ့်လေး)

ဆယ့်ငါးရက်ခန့်ကြာသော် . . .

"ကဲ သားတို့ကို မေမေတို့ အားလုံးအပ်သွားပြီနော်"

"ဟုတ်ကဲ့ပါ မေမေ၊ မေမေ မေမေတို့လည်း တော်တော်ပင်ပန်းသွားကြပါပြီ၊ ကောင်းကောင်းအနားယူပါတော့ခင်ဗျာ၊ ဒါပေမယ့် နောက်လဆယ့်ငါးရက်နေ့ကျရင်တော့ မေမေတို့ကြီးပြီးပြန်လာကြပါနော် အဟွန်း . . ."

"အေးပါကွယ်၊ စိတ်ချပါ . . ."

"မေမေ . ဟောဒီမှာ မေမေ့သမီးအငယ်က ကျွန်တော့်ကို ခုကတည်းကဆန့်ကျင်နေပြီ၊ စားသောက်ဆိုင်ဖွင့်ဖို့စီစဉ်ထားတဲ့ ဦးသူရနိုင်ခြံကို သွားကြည့်ပြီး ကွပ်ကဲရမယ်ဆိုတာ မသွားဘူးတဲ့"

"အို ကြည့်စမ်း ကိုလေးနော်၊ မဟုတ်ဘဲနဲ့၊ မေမေ မဟုတ်ဘူး၊ ချာလီသိတယ်၊ မေဇင်က ခဏနေပါဦး၊ ဟိုမှာလည်း ကိုကြီးတို့မောင်နှမဦးစီးနေတာပဲလို့ပဲ ပြောတာကို၊ ဒီကိုလေးတွေ့သိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား. . ."

မေဇင်တစ်ယောက် မျက်နှာလေးမျက်ကာဆိုရင်း အေးမြင့်လတ်ကိုလိုက်ရိုက်ပါတော့သည်။ အေးမြင့်လတ်မှာ ပန်းခြံကိုပတ်ပြေးရင်း တဟားဟားအော်ရယ်ပါတော့၏။ အားလုံးမှာ သူတို့ထံကြည့်ပြီး အေးငြိမ်းစွာ ပြုံးကြရ၏။

"ကဲ သမီးချယ်ရီ. . ."

"ရှင် ဖေဖေ. . ."

"ညီမလေးကိုလည်း စောင့်ရှောက်ပါနော်. . ."

"စိတ်ချပါ ဖေဖေရယ်၊ ဖေဖေတို့စီမံခန့်ခွဲပေးသွားသမျှကိစ္စတွေအားလုံး သမီးနဲ့ကိုကိုဈေးဦးစီးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ထားပါမယ်. . ."

"အေး ငါ့သမီးက အဖေတူသမီး၊ ဖေဖေ သမီးစိတ်ကို သိတယ်၊ ဖေဖေကလည်း အညာမှာ ဖေဖေလုပ်ထားတဲ့အလုပ်တွေကို သမီးမေမေကိုကြွားချင်လို့ ခေါ်သွားတာပါ၊ အခြေချနေထိုင်ဖို့ကတော့ သမီးမေမေဆုံးဖြတ်တဲ့အတိုင်းပါပဲ. . ."

"သူဌေး. .အားလုံးအဆင်သင့်ဖြစ်ပါပြီ. . ."

ဦးသာထူးက သွားရန်လာပြောသည်။ အေးမြင့်လတ်နှင့် မေဇင်တို့လည်း မိဘများအနီးပြန်ရောက်လာကြသည်။

"ဖေဖေ. .မေမေ. .သွားတော့မလား. . ."

"သွားတော့မယ် သမီးလေး၊ ဖေဖေ့သမီးတွေက အားလုံး လိမ္မာကြလို့ ဖေဖေဂုဏ်ယူတယ်ကွယ်. . ."

ဆိုရင်း သမီးတွေကိုဖက်၍ ဦးကိုကိုနှုတ်ဆက်သည်။ ဒေါ်စုလတ်ကိုလည်း သမီးနှစ်ဦးအား တရှုံ့ရှုံ့နမ်းကာနှုတ်ဆက်၏။





"မေမေ. .မြန်မြန်ပြန်လာနော်. . ."

မေဇင်ဆိုသည့်တွင် ဒေါ်စုလတ်သည် မေဇင့်ဘဝလေးကို သနားကရုဏာကြီးစွာဖြင့် ပိတ်တွေးကာ ဆံပင်လေးတွေကို ပွတ်သပ်ရင်း. . .

"ပြန်လာမှာပါ သမီးရယ်၊ မေမေပြန်လာပြီး သမီးတို့နဲ့ပဲ မခွဲမခွာနေမှာပါ၊ သမီးဖေဖေလည်း ဒီလိုပါပဲ၊ အခုလောလောဆယ် ဟိုကလုပ်ငန်းတွေကိုလည်း သွားကြည့်ပြီး စီစဉ်စရာရှိတာတွေ သွားစီစဉ်ရမယ်မဟုတ်လား. . ."

"ဟုတ်ကဲ့ပါ မေမေ. . ."

"သမီးတို့လည်း မင်္ဂလာဆောင်ခါနီး အသွားအလာတွေ ဆင်ခြင်ကြနော်၊ တစ်ယောက်နဲ့တစ်ယောက်လည်း ဂရုစိုက်ကြကွယ့်၊ ပြီးတော့ ဝတ်စုံတွေအပ်ထားတာလည်း မမေ့ကြနဲ့၊ အထည်တွေ ခတ်ထားတာလည်း သေချာစာရင်းအင်းတိုက်ကြ. . ."

"ဟုတ်ကဲ့ မေမေ၊ စိတ်ချပါ. . ."

"ကဲ သားတို့သမီးတို့ရေ. .မေမေတို့သွားမယ်. ."

"သားတို့ကို ဖေဖေစိတ်ချပါရစေ. . ."

"ဟုတ်ကဲ့ စိတ်ချပါခင်ဗျာ. . ."

ဦးကိုကိုနှင့် ဒေါ်စုလတ်တို့ ကားပေါ်တက်လိုက်ကြသည်။ ပြီးတော့ အားလုံးကိုနှုတ်ဆက်ပြီးသည်တွင် ဦးသာထူးသည် ဆင်ဝင်အောက်မှ ကားကိုမောင်းထွက်ခဲ့လိုက်သည်။

"ကိုကိုရေ. .ကျွန်တော်နဲ့မေဇင်တို့ ဟိုခြံကိုသွားလိုက်ဦးမယ်နော်. . ."

"ကောင်းပြီ ကိုအေး၊ ကိုကိုတို့လည်း ကုမ္ပဏီကိုသွားမှာပါ"

သူတို့ကိုနှုတ်ဆက်ပြီး မေဇင်ကိုလက်ကလေးကိုဆွဲကာ အေး



www.burmeseclassic.com

www.burmeseclassic.com



မြင့်လတ်တစ်ယောက် ကားပေါ်ကက်မောင်းထွက်သွားကြသည့်တွင် ခြံထဲတွင် ငွေမြင့်လတ်နှင့် ချာလီတို့နှစ်ဦးသာ ကျန်ခဲ့ကြလေ၏။

"ချာလီ. . ."

"ရှင်. . ."

"အဲဒီလို ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ကိုကိုငွေးကို စကားမပြော ပါနဲ့ကွာ. . ."

"ဟင် ဒါဆို ဘယ်လိုပြောရမလဲ. . ."

"ဟိုလေ ချာလီ ယောက်ျားလေးလို နေစဉ်ကပုံစံမျိုးလို နေကွာ. . ."

"အောင်မယ် ဟွန်း .အဲဒီတုန်းက သူ လူကိုကားမောင်းသင် ပေးတယ်ဆိုပြီး တမင်ညာညာဖက်ပြီးတော့. . ."

"အဟွန်း ချာလီကလည်း ကိုကိုကချစ်တာကိုး. . ."

"တော်ပါ၊ အစကတော့ မျက်နှာထားကြီးနဲ့ နေပြီးတော့များ၊ ပြီးတော့ သူ့လောက်အလုပ်များတဲ့လူရှိမယ်တောင်မထင်ဘူး၊ ဟွန်း နောက်တော့. . ."

"အဟွန်း နောက်တော့ ဘာဖြစ်လဲ. . ."

"မပြောဘူး သွား. . ."

"သွားမယ်၊ လာ အတူတူသွားမယ်. . ."

"မသွားဘူး၊ ကိုယ့်ဟာကိုယ်သွား၊ ခုတော့ ဘယ်မှ မသွား တတ်မလာတတ်တော့ဘူး မဟုတ်လား. . ."

"ဟုတ်တယ်၊ ချာလီမပါရင် ဘယ်မှကို မသွားမလာချင်တော့ တာ. . ."

"ဒါကြောင့်ပေါ့၊ ကိုကို့သူငယ်ချင်းဆရာဝန်တွေနဲ့ ကိုသောင်း တို့မောင်နှမက ကိုကို့ကိုရုပ်မိနေကြတာ၊ အစကတော့ အလုပ်တွေ





လုပ်လိုက်တာ၊ နေရာတကာ သူလုပ်မှကိုဖြစ်နေတော့တာပဲ၊ ချာလီ ဘဝမှန်ကိုလည်း မြင်သွားရော အလုပ်ကိုမသွားတော့ဘူး၊ ဘာမဖြစ် ဖြစ် ကိုလေးကိုပဲလွှတ်နေတော့တာပဲ. . ."

"ဒါပေါ့ ကိုယ့်ချစ်သူနား ကိုယ်မကပ်မနေရင် သူများတွေက ကပ်နေတာ မကြိုက်ပါဘူး. . ."

"ကြည့်တော့ မျက်နှာကြီးက ရှုတည်တည်နဲ့၊ နောက်မှ ကလေးဆိုးကြီးမှန်းသိတော့တယ်. . ."

"ဒါပေါ့ ကိုကိုကအချစ်နဲ့တွေ့ရင် ကလေးလေးပဲ. . ."

"ဘာကလေးလဲ၊ ကလေးဆိုး. . ."

"ဟုတ်တယ်၊ ချစ်တတ်မှဆိုးသွားတာ၊ ဟဲ တစ်ချိန်လုံး ချစ်တာကို အပြစ်ပဲတင်နေလို့ အချစ်ဆိုးဆိုးတော့မယ်နော်. . ."

"ဘယ် မလုပ်နဲ့. . ."

ချာလီဆိုရင်း မပြီးမည်ဖြစ်တော့ မရတော့ပါ၊ မှန်သည်။ ငွေမြင့်လတ်သည် ချာလီအား ပွေ့ဖက်ကာဖေးလိုက်ပါတော့ သတည်း။

ချစ်သူနှစ်ဦးကို အားကျပြီး လိပ်ပြာလေးတွေလည်း ပန်းဝတ်ရည်ကလေးများအား ရှူးရှူးသောက် သုံးနေကြသည်မှာ အချစ်ဘေးကဗျာများနှယ် ရှိတော့သည်တကား။

ကြိုးစားခြင်း
စောမြည့်ချမ်းသာ
သိင်္ဂါရရာသအပေါင်းနှင့် မြည့်ဝနိုင်ကြပါစေ



www.burmeseclassic.com